7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၁၀)　　၂၀၀၂ မတ် ဂ တွင် စတင်ထုတ်ဝေသည်　　၁၃ဂ၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် ၊ ဗုဒ္ဓဟူး ၊ (မေ ၁၄ ၊ ၂၀၁၄)

LIVES BRILLIANTLY



# အဆိပ်သင့်ချောင်း ပြုန်းတီးနေသော သယံဇာတ

မရန်

ဆောင်းပါးအပြည့်အစုံ စာ ၁၃ ››

*တရုတ်နိုင်ငံသို့ သယ်ဆောင်နေသော သစ်လုံးနှင့်သစ်မြစ်တင် ကားကြီးများကို ယခုနှစ် ဧပြီလက တွေ့ရစဉ်*　ဓာတ်ပုံ-မရန်

## ဘောလုံးလောကအတွက် အကြီးမားဆုံးတော်လှန်ရေး

စာမျက်နှာ ၄၂ ››

## ရွေးကောက်ပွဲကော်မရှင် ဒီချုပ်မနိုင်အောင် ညစ်မှာလား

**ရန်မျိုးနိုင်**

ရွေးကောက်ပွဲကော်မရှင်သည် ကွင်းလယ်ဒိုင်လူကြီးနှင့်တူပြီး မည်သည့်ဘက်ကိုမျှ ဘက်မလိုက်ရန် အရေးကြီးသည်။ လူပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုတည်းကိုဦးတည်၍ ကန့်သတ်သော စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခြင်းမှာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ပေါ်စေမည် မဟုတ်ကြောင်း နိုင်ငံရေးသမားများကပြောသည်။ အချပ်ပို A8 ››

## သင့်ကလေး ဘယ်ကျောင်းမှာထားမလဲ

**နေလင်းထွန်း**

သမ္မတဦးသိန်းစိန်အစိုးရသက်တမ်းတွင် ကောင်းမွန်သောပညာရေးမူဝါဒသစ်များ ချမှတ်နိုင်တော့မည်လားဟု ကျောင်းသားမိဘအားလုံး မျှော်လင့်ခဲ့ကြသည်။ သို့သော် သက်တမ်းသုံးနှစ်ကျော်လာချိန်အထိ စစ်အစိုးရလက်ထက်ကတည်းက ကျင့်သုံးခဲ့သော ပညာရေးစနစ်ဆိုးကို ပြင်ဆင်နိုင်ခြင်းမရှိသေးသည့်အတွက် မိမိ၏သားသမီးကို ဘယ်ကျောင်းပို့ရမည်မသိသော မိဘများစွာရှိနေသည်။ အချပ်ပို A5 ››



## အမြန်လမ်းပေါ်မှ အကျွတ်အလွတ်ပွဲ

စာမျက်နှာ ၅ ››

## ကုသဖို့ ခက်နေဆဲ ပဲလောကမှ ရောဂါ

**သိမ့်သိမ့်စိုး၊ ပြည်သိမ်း**

ပဲဈေးကွက်တွင် ပဲကုမ္ပဏီများက လေရောင်းလေဝယ် (ကြိုပွဲ့ငွ)ဖြင့် ရောင်းဝယ်ထားပြီး ငွေကြေးပြဿနာတက်ကာ မရှင်းနိုင်လျှင် ထွက်ပြေးသော ဖြစ်စဉ်က မထူးဆန်းတော့ပါ။ ထူးဆန်းနေသည်က မကြာခဏဖြစ်ပွားနေသော ပြဿနာကို မတားဆီးနိုင်ခြင်းဖြစ်သည်။ မိုးသက်ကုမ္ပဏီကဲ့သို့ပင် ငွေကြေးပြဿနာတက်နိုင်သော ပဲကုမ္ပဏီများ ရှိနေသေးသည်ဟု တိုင်ကြားမှုများ ရှိနေပြန်သည်။ စာမျက်နှာ ၁၈ ››



7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# ပျဉ်းမနားမြို့ သည် လွန်ခဲ့သော နှစ် ၅၀-၆၀ ကျော်က စင်ကာပူနှင့် တူကြောင်း လီရှန်လွန်းမှတ်ချက်ချ

**ထွန်းခိုင်**

**ရန်ကုန်၊ မေ-၁၂**

အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းသည် နေပြည်တော်ပျဉ်းမနားမြို့ အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၅၀၊ ၆၀ ကျော်က စင်ကာပူ(သို့) ပီနန်၏ အငွေ့အသက်မျိုး ခံစားရကြောင်း မှတ်ချက်ပြုခဲ့သည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ်သည် မေလ၁၀ရက်က မြန်မာနိုင်ငံ၏ မြို့တော်သစ်နေပြည်တော် အနီးတွင်ရှိသည့် ပျဉ်းမနားမြို့သို့ သွားရောက်လည်ပတ်ခဲ့သည်။


*စင်ကာပူဝန်ကြီးချုပ်၏ ယာဉ်တန်း ပျဉ်းမနားမြို့တွင်းဖြတ်သန်းနေသည်ကို ဒေသခံများကြည့်ရှုနေစဉ်*

အိမ်ဆိုင်များ၊ လူများနှင့် ပြည့်ကျပ်နေသည့် လမ်းမများသည် ၁၉၅၀ နှင့် ၁၉၆၀ နှစ်များဆီက စင်ကာပူ(သို့) ပီနန်းနှင့် ဆင်တူကြောင်း ၎င်းက မှတ်ချက်ပြုခဲ့ပြီး ခြွင်းချက်အနေဖြင့် ဒေသခံများက ၎င်းတို့အဖွဲ့ကို စမတ်ဖုန်းများဖြင့် ဓာတ်ပုံရိုက်ကူးခြင်းဖြစ်ကြောင်း မစ္စတာလီရှန်လွန်းက ရေးသားခဲ့သည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်ရုံးမှ တရားဝင်လွှင့်တင်ထားသည့် ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အထက်ပါအတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်။

မစ္စတာလီရှန်လွန်းသည် နေပြည်တော်ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် သီးသန့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေး၊ အသက်မွေးပညာသင်ကျောင်းဖွင့်လှစ်ရေး၊ ဥပဒေရေးရာအပါအဝင် နည်းပညာဆိုင်ရာအကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း မြန်မာအစိုးရက ထုတ်ပြန်ခဲ့သည်။

# သရက်နယ်အတွင်း ရေနံမော်အသစ်များ ထပ်မံတွေ့ရှိ

**လင်းသက်နိုင်**

**အောင်လံ၊ မေလ-၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ သရက်နယ်အနောက်ဘက်စခန်းကြီးကျေးရွာအနီးတွင် ရေနံမော်အသစ်တစ်ခု ထပ်မံတွေ့ရှိ၍ လွန်ခဲ့သော တစ်လခွဲခန့်က စတင်တူးဖော်လျက်ရှိကြောင်း သတင်းရရှိသည်။

"အခုစခန်းကြီး ရေနံမော်နေရာက ပေတစ်ထောင်အလွန်ဆုံးပဲ တူးရတယ်။ လျှံတွင်းလည်းထွက်ကြတယ်။ ကျင်းအများစုကတော့ ပေခြောက်ရာဝန်းကျင်တွေပါပဲ။ တစ်နေ့ကို ပီပါခုနစ်လုံး၊ ရှစ်လုံးထွက်တယ်"ဟု ရေနံမော်တွင် လက်ရှိတူးဖော်လျက်ရှိသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပီပါအလုံး လေးဆယ်ဝန်းကျင်ခန့်ထွက်သော ကျင်းလည်းရှိပြီး ကျင်းအများစုမှာ ဆယ်လုံးဝန်းကျင်ထွက်ရှိသော ကျင်းတိမ်များဖြစ်ကြောင်း ၎င်းက ပြောသည်။ ယခုအခါ သရက်နယ်အတွင်း ရေနံမော်သုံးခုရှိလာပြီး ပိတောက်ပင် ရေနံမော်နှင့် ငါးခုအိုင်ရေနံမော်တို့မှာ အသစ်တူးဖော်ကျင်းများမရှိသလောက်နည်းပါးလာပြီး ခပ်ကျင်းများသာရှိတော့ကြောင်း အဆိုပါရေနံမော်များမှ ရေနံတွင်းတူးစက်အများစုမှာ စခန်းကြီးရေနံ မော်သို့ ပြောင်းရွှေ့တူးဖော်လာနေကြကြောင်း ယင်းရေနံမော်မှ လုပ်ငန်းရှင်များကပြောသည်။

သရက်နယ်အတွင်းရှိ ရေနံမော်တွင် လုပ်ကိုင်နေကြသော ရေနံတူးဖော်သူများသည် အသင့်တူးပြီး ရေနံထွက်ကျင်းများဝယ်ယူကာ ရေနံခပ်ရောင်းချသူများရှိစုဖြစ်ပြီး ကိုယ်တိုင်တူး ကိုယ်တိုင်ခပ်သူများလည်းရှိသည်။ ရေနံကျင်းနေရာများကိုမူ သက်ဆိုင်ရာလယ်ယာမြေပိုင်ရှင်များထံမှ ဝယ်ယူတူးဖော်မှုများရှိပြီး ကုမ္ပဏီများသို့ ရေနံပြန်လည်ရောင်းချပေးသောစနစ်ဖြင့် တူးဖော်သူများလည်းရှိကြောင်း ရေနံလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။





*ကျပ်သိန်း ၃၀၀၀ ကျော်သော မာစီးဒီးဘင့်ဇ် S-Class ဇိမ်ခံကား* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)




*ကျပ်သိန်း ၃၅၀၀ ကျော်သော ချက်ဗလက် Corvette ပြိုင်ကား* ဓာတ်ပုံ – မိုးညို

# ဈေးအကြီးဆုံးနှင့် ရောင်းကောင်းနေသော ကားသစ်များ

**မိုးညို**

ကမ္ဘာကျော် ကားအရောင်းပြခန်းများ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်မှစတင်၍ ကုမ္ပဏီတစ်ခုပြီးတစ်ခု လာရောက်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ကမ္ဘာကျော် ကားကုမ္ပဏီ အရောင်းပြခန်း ကိုးခုရှိလာပြီဖြစ်သည်။

ပြီးခဲ့သည့် အစိုးရလက်ထက်က လူတန်းစားတစ်ရပ်သာ ဇိမ်ခံကားကောင်းကားသန့်များကို ကိုယ်တိုင်စိတ်ကြိုက်မှာယူ စီးနင်းခဲ့ကြသော်လည်း ယခုအစိုးရလက်ထက်တွင် ကားတင်သွင်းခွင့် မူဝါဒများ ဖြေလျှော့ပေးခဲ့ပြီးနောက် ရန်ကုန်တွင် ကမ္ဘာနှင့်တစ်ပြေးညီ နောက်ဆုံးပေါ် နာမည်ကြီးကားများကို ချက်ချင်းဝယ်စီးနိုင်ပြီဖြစ်သည်။

ကမ္ဘာကျော်ကုမ္ပဏီများက နိုင်ငံတကာတွင်ပေးသည့် ဝန်ဆောင်မှုများအတိုင်း မြန်မာနိုင်ငံမှ ကားဝယ်ယူသူများအားပေးကာ နိုင်ငံခြားကားဈေးကွက်က အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်လာနေသည်။ မြန်မာနိုင်ငံတွင် ရောင်းနေသော ကားများထဲမှ ဈေးအကြီးဆုံးနှင့် လူကြိုက်အများဆုံးကားအချို့ကို စာဖတ်သူများအတွက် တင်ဆက်လိုက်ပါသည်။

တစ်ချိန်က နာမည်ကြီး Grand Royal အရက်ဖြင့် မြန်မာပြည်တွင် လူသိများခဲ့သည့် IBTC ကုမ္ပဏီသည် cycle and carriage automobile အမည်ဖြင့် မာစီးဒီးဘင့်ဇ်ကား အရောင်းပြခန်းကို ရန်ကုန်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းပြခန်းမှ လက်ရှိနာမည်ကြီးပြီး အထက်တန်းလွှာများထဲမှ အများ

စာမျက်နှာ ၁၄ »






# CROWN

# ဘိလပ်မြေ








**CROWN** ဘိလပ်မြေကုမ္ပဏီလီမိတက် မှ
ထုတ်လုပ်သော
မြန်မာပြည်တွင်းထုတ်
**CROWN** အမှတ်တံဆိပ် ဘိလပ်မြေ
ဖြန့်ဖြူးရောင်းချခြင်း
(၁)နှစ်ပြည့် အထိမ်းအမှတ်
**Annual Dinner Party**
နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို
မန္တလေးမြို့ ရွှေပြည်သာဟိုတယ်တွင်
(၉.၅.၂၀၁၄)နေ့ ကျင်းပခြင်းအခမ်းအနား





















Life
7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# အမြန်လမ်းပေါ်မှ အကျွတ်အလွတ်ပွဲ

ဥတ္တာကိုကို

"ကျွန်တော်ကျွန်မတို့ ကျွေးမွေးတဲ့အစားအစာများကိုလည်း သိသိသာသာ အားရပါးရ လာရောက်ယူငင်စားသုံးကြပါရန် ရိုသေလေးမြတ်စွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျာ"

မေလ ၁၀ ရက် ည ၁၀နာရီကျော်တွင် ရန်ကုန်–မန္တလေး အမြန်လမ်း ၁၁၆ မိုင် လမ်းဘေး၌ ယာယီတည်ဆောက်ထားသည့် မဏ္ဍပ်အတွင်းမှ ထွက်ပေါ်လာသော ဖိတ်ကြားသံ။ ထပ်တလဲလဲခေါ်ယူနေသည့် ထိုအသံက မလှမ်းမကမ်းရှိ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းအတွင်း ညစာစားသောက်နေကြသော ခရီးသွားပြည်သူများနားသို့ပင် ကျယ်လောင်စွာ ပျံ့နှံ့ရိုက်ခတ်လျက်။

အစားအသောက်များ ကျွေးမွေးမည်ဖြစ်သည့်အတွက် လာရောက်စားသုံးကြပါရန် ဖိတ်ကြားနေခြင်းဖြစ်သော်လည်း သက်ရှိထင်ရှား လူပုဂ္ဂိုလ်များကို ဖိတ်ခေါ်နေခြင်းတော့မဟုတ်။ သေဆုံးသွားပြီး မကျွတ်မလွတ်ဖြစ်နေကြသည့် မြန်မာပြည်တစ်နံတစ်လျားရှိ သရဲ၊ တစ္ဆေ၊ ပြိတ္တာအပေါင်းတို့ကို ဖိတ်ခေါ်နေခြင်းသာဖြစ်သည်။




*(၁၁၆)မိုင်တွင် အကျွတ်လွတ်ပွဲကျင်းပရာ ပြိတ္တာများ ရေစက်ချရန်ဆိုသောနေရာကို တွေ့ရစဉ်*

ဓာတ်ပုံ – ဥတ္တာကိုကို

၁၁၆ မိုင် သုညဖာလုံ ဘေးတည့်တည့်တွင် သဲပုံစေတီတစ်ဆူ တည်ထားသည်။ အဆိုပါ သဲပုံစေတီကို ရာဇမတ်ကာထားပြီး အတွင်းသို့ မည်သူမှမဝင်ရဘဲ ဘုရားဖူးလာရောက်သည့် ပြိတ္တာများ နားနေရန်အတွက်ဟု သတ်မှတ်ထားသည်။ အနီးရှိ မဏ္ဍပ်အတွင်းမှာတော့ သံဃာတော်သုံးပါးနှင့် အကျွတ်အလွတ်ပွဲသို့ လာရောက်ကြသူများ အလုပ်ရှုပ်နေကြသည်။

ပြိတ္တာများကို အစာကျွေးမွေးမည့် အကျွတ်အလွတ်ပွဲကျင်း ပသည့်နေရာမှာ ပြီးခဲ့သည့် ဧပြီ လ ၁၂ ရက်သန်းခေါင်ကျော် နံ နက် ၂ နာရီကျော်က ခရီးသည်တင်ယာဉ်ကြီးနှင့် အိမ်စီးကားတစ်စီးတို့တိုက်မိ၍ မီးလောင်ရာမှ လူ ၁၂ ဦးသေဆုံးခဲ့ရသည့်နေရာနှင့် နှစ်ဖာလုံခန့်သာ ကွာဝေးသည်။

ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ယာဉ်မတော်တဆမှုများကြောင့် လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။ လမ်းပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့်ဖြစ်စေ၊ ယာဉ်မောင်းအိပ်ငိုက်၍ဖြစ်စေ၊ ယာဉ်ချို့ယွင်းမှုကြောင့်ဖြစ်စေ မတော်တဆဖြစ်ရပ်များစွာ ဖြစ်ပျက်ခဲ့ရသည်။ ရိုးရာယုံကြည်သူများကတော့ မကျွတ်လွတ်သေးသည့် ဝိညာဉ်များကြောင့်ဟုလည်း မှတ်ယူမှုများရှိသည်။

အမြန်လမ်းတစ်လျှောက် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ရသူများသည် မကျွတ်မလွတ်ကြဘဲ အဆိုပါ လမ်းပိုင်းနေရာများတွင်သာ တဝဲဝဲလည်လည်ဖြစ် နေကြရသည်ဟု မှတ်ယူသူများလည်းရှိသည်။ ယခုတော့ မကျွတ်မလွတ်သေးဟု ယူဆထားကြသူများက ဝိညာဉ်များအတွက် အကျွတ်အလွတ်ပွဲကြီးကို အမြန်

စာမျက်နှာ (၇) သို့



7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# အပျော်တမ်းကားဝါသနာရှင်များအဖွဲ့ ကားပြိုင်ပွဲများ ကျင်းပရန်စီစဉ်

မိုးညို

ရန်ကုန်၊ မေ-၁၂

အပျော်တမ်းပြိုင်ကား ဝါသနာရှင်များဖြင့်ဖွဲ့စည်းထားသည့် MMSA အဖွဲ့သည် ၂၀၁၄ ခုနှစ်အတွက် ကားပြိုင်ပွဲများ စတင်ကျင်းပရန် စီစဉ်နေကြောင်းသတင်းရရှိသည်။

MMSA 2014 Season ပြိုင်ပွဲပြုလုပ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ မေလ ၁၁ရက်က ဆွေးနွေးခဲ့ပြီး ပြိုင်ပွဲအမျိုးအစားများကိုလည်း ယင်းအစည်းအဝေးတွင်ပင် ခွဲခြားသတ်မှတ်ခဲ့သည်ဟု MMSA မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြိုင်ပွဲကာလကိုမူ ပေးမည့်ကုမ္ပဏီစပွန်ဆာနှင့်အရေးအတွက်ပေါ်မူတည်ပြီး မေလနှောင်းပိုင်းမှသာ ကျင်းပမည့်ရက်ကို ထုတ်ပြန်ကြေညာမည်ဟုဆိုသည်။

ပြီးခဲ့သည့်နှစ်ကမူ ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းအနီး TOP Ruby Land ပြိုင်ကားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဓိကစပွန်ဆာအဖြစ် စက်ဆီချောဆီကုမ္ပဏီMOTUL က ပံ့ပိုးကူညီပေးခဲ့သည်။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

*၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော အပျော်တမ်းကားမောင်းပြိုင်ပွဲတစ်ခုကို တွေ့ရစဉ်*

လက်ရှိတွင် ပြိုင်ကားအမျိုးအစားများအလိုက် Super Car Class၊ Race Car Class၊ Performance Car Class၊ Eco Car Class၊ Drift Race ဟူ၍ လတ်တလောခွဲခြားသတ်မှတ်ထားပြီး နိုင်ငံတကာ ကားပြိုင်ပွဲပုံစံများ အတိုင်း ကျင်းပရန် ရည်ရွယ်ထားကြောင်း MMSA မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ပြိုင်ပွဲများပြုလုပ်နေသည့် ပြိုင်ကားကွင်းမှာ နိုင်ငံတကာတွင် ပြိုင်ကားအသေးစားများ ယှဉ်ပြိုင်မောင်းနှင်သည့် ကွင်းငယ်လေးသာဖြစ်ပြီး ပြိုင်ပွဲတွင် အသုံးပြုနေသည့်ကားများနှင့် သင့်လျော်မှုမရှိဘဲ Street Race ကားပြိုင်ပွဲများဖြင့်ယှဉ်ပြိုင်နေရသဖြင့် အခက်အခဲများရှိကြောင်း ပြိုင်ကားဝါသနာရှင်လူငယ်တစ်ဦးကပြောသည်

"သူများနိုင်ငံက Racerတွေက ဒီပွဲတွေကိုကြည့်ပြီး ရယ်နိုင်တယ်။ ကျွန်တော်တို့မှာက ကွင်းကောင်းကောင်းမရှိဘူး"ဟု အထက်ပါလူငယ်က ရှင်းပြသည်။

ရန်ကုန်မြို့မှ ပြိုင်ကားကလပ်အသင်းများစွာဖြင့် စုစည်းလုပ်ဆောင်နေသည့် Myanmar Motor Sport Association (MMSA) သည် ပြီးခဲ့သည့်နှစ်က စတင်ပြီး အပျော်တမ်းကားပြိုင်ပွဲများကျင်းပခဲ့ခြင်းဖြစ်သည်။



# တီလားဗီးယားသရက်သီးအစပ်

ဒီတစ်ပတ်ဟင်းအတွက်ကတော့ အနေတော် တီလားဗီးယားတစ်ကောင်၊ သရက်သီးစိမ်းတစ်ခြမ်း၊ ငရုတ်သီးစိမ်း၊ နံနံပင်တို့ပဲ လိုပါတယ်။

ပထမဆုံး တီလားဗီးယားကို ရေစင်အောင်ဆေး၊ အတုံးလေး တွေတုံး၊ ဆား၊ နနွင်းနယ်ပြီး နှပ်ထားပါ။

ကြက်သွန်ဖြူနီကို နနွင်းမှုန့် လေးနည်းနည်းနဲ့ ဆီသတ်ပါမယ်။ ပြီးရင် ငရုတ်သီးစိမ်း ထောင်းထားတာတွေထည့်ပါ။

မွှေးလာပြီဆိုရင်တော့ တီလားဗီးယားထည့်ပြီး ဆုံဆေးရေ ထည့်အုပ်ထားလိုက်ပါ။

တစ်ရေခန်းသွားရင် သရက်သီးစိမ်းပါးပါးလှီးထားတာလေး ထည့်ပြီး နောက်တစ်ရေထပ်ထည့်ပါ။

ရေခန်းသွားပြီဆိုရင် နံနံပင်လေးအုပ်ပြီး ချလို့ရပါတယ်။









စာမျက်နှာ (၅) မှ

## အမြန်လမ်းပေါ်မှ အကျွတ်အလွတ်ပွဲ

လမ်းပေါ်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်သည်။

"ဉာတိပေတ ဥဒ္ဒိဿဒါန အကျွတ်အလွတ်ပွဲ" ဟု ဗီနိုင်းကပ်ထားသည့် မဏ္ဍာပ်ကြီးအတွင်း သက်န်းပရိက္ခရာအစုံများ စီတန်းထားသည်။ မဏ္ဍာပ်၏ သုံးပုံတစ်ပုံနေရာလေးကိုရာဇမတ်ကာရံထားပြီး အထဲတွင် ပိုက်ဖျာများ ခင်းကျင်းထားသည်။ ဖျာပေါ်တွင် ရေစက်ချရန် ရေစက်ခွက် ၁၂ ခွက်ကို စီရီထားသည်။ ထိုအတွင်းသို့ လူအများဝင်ရောက်ခြင်း မပြုရဘဲ ဆွေမျိုးပြိတ္တာများ ရေစက်ချရန်နေရာဟု ရေးသားထားသည်။

သဲပုံစေတီကို ကာရံထားသည့် ရာဇမတ်ဝင်းခြံတွင်တော့ ပရလောကမှ လာကြသည့် ညှော်ပရိသတ်များ တည်းခိုရန် နေရာဟု စာကပ်ထားသည်။ ရာဇမတ်အတွင်းမြေနေရာကို သဲဖြင့်ခင်းကျင်းထားပြီး ညီညာအောင် ပြုလုပ်ထားသည်။ ရာဇမတ်အပြင်ဘက်တွင် လူပရိသတ်များက အတွင်းသို့ စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသည်။ ဓာတ်မီးဖြင့် သဲမြေနေရာကို ခဏခဏထိုးကြည့်နေသူများက သဲပေါ်တွင် ပြိတ္တာတို့၏ ခြေရာတစ်စုံတစ်ရာများ ပေါ်လာလေမလားဟု ဇွဲကောင်းစွာ ကြည့်ရှုနေကြခြင်းပင်။

"သူတို့လာပြီဆိုရင် ခြေရာပေါ်လာတတ်တယ်။ အဲဒါကြောင့် သဲခင်းပေးထားတာ" ဟု ဖြူးမြို့နယ်မှ ပွဲကျင်းပရေး အဖွဲ့ဝင်တစ်ဦးက ဆိုသည်။ ခြေရာပေါ်၊ မပေါ် ဓာတ်ပုံရိုက်သူများ၊ ဓာတ်မီးဖြင့် ထိုးကြည့်နေသူများက သဲပုံစေတီခြံဝင်းနံဘေး ရစ်သီရစ်သီ။ ဒေသခံများလိုပင် ပွဲသို့ရောက်ရှိလာသည့် ရန်ကုန်နှင့် မန္တလေးမှ သတင်းမီဒီယာသမားများကလည်း ခြေရာပေါ်လိုပေါ်ငြား ဓာတ်ပုံတဖျတ်ဖျတ်ရိုက်လျက်။

ဤအကျွတ်အလွတ်ပွဲကို မေလ ၁၀ ရက် ညနေက စတင်ခဲ့သည်။ ဘုန်းတော်ကြီးများထံမှ တရားနာယူခြင်းကို စတင်ပြုလုပ်ကြပြီး ည ၁၀ နာရီတွင် ပထမအကြိမ် အစာကျွေးခြင်းကို ဆောင်ရွက်ကြသည်။ မြေစောင့်နတ်၊ မြေဖုတ်ဘီလူး၊ သုသာန်စောင့်နတ်များကို အသားဟင်းနှင့် ထမင်း၊ သက်သတ်လွတ်ထမင်း၊ ရေသန့်စသည်တို့ဖြင့် အစာကျွေးကြသည်။ အပင်ငယ်တစ်ပင်အောက်တွင် ကျွေးမွေးခြင်းဖြစ်ပြီး ခင်းကျင်းထားသည့် အစာထုပ်တစ်ဝိုက်တွင် ဖယောင်းတိုင်ငါးတိုင်နှင့် အမွှေးတိုင်များ ပတ်လည်ထွန်းညှိထားသည်။

ထို့နောက် ဘုန်းတော်ကြီးများက ပြိတ္တာတို့ လာရောက်စားသုံးကြရန် ဖိတ်ခေါ်ကြသည်။ ထိုသို့ နေရာများစွာကို လိုက်လံကျွေးမွေးပြီးသော်လည်း ကျွေးမွေးထားသည့်နေရာတွင် အစာထုပ်ကို ဓာတ်ပုံရိုက်သူများမစဲပေ။ ဓာတ်ပုံထဲတွင် ပြိတ္တာအရိပ်အယောင်တစ်စုံတစ်ရာ ပေါ်လိုပေါ်ငြား မျှော်လင့်ချက်ဖြင့် ရိုက်ကူးနေကြခြင်းဖြစ်သည်။ သို့တည်းမဟုတ် အစာထုပ်ရှိ ထမင်းပေါ်တွင် လက်ချောင်းရာပေါ်လာမည်လား၊ ရေသန့်ဘူးတစ်ဝက်လျော့သွားမည်လားဟု မျှော်လင့်သူများကလည်း စောင့်ကြည့်လျက်ရှိသည်။

ပွဲစီစဉ်သည့် အဖွဲ့ဝင်များနှင့် အနီးအနားမှ ဒေသခံများက ၁၁၆ မိုင် လမ်းဘေးဝဲယာတစ်ဝိုက်တွင် ဆီမီးတိုင်နှင့် အမွှေးတိုင်များကို လိုက်လံထွန်းညှိကြသည်။ လမ်းဘေးဝဲယာရှိ ချုံများ၊ တောများအတွင်းလည်း ဆီမီးထွန်းညှိကြသည်။ ထို့နောက် မန္တလေး ဗြဟ္မစိုရ်ဆရာတော်ကြီးက အကျွတ်အလွတ်ပွဲသို့ လာရောက်သည့် ပြိတ္တာများကို အမျှဝေခြင်း ပြုလုပ်သည်။ "ဟိုနောက်က ပြိတ္တာတွေ စကားမများကြနဲ့" ဟု ဆရာတော်က လှမ်းမိန့်သည်။

ခေါ်ယူရာတွင် အကြောင်းကြောင်းကြောင့် သေဆုံးသွားခဲ့ရသူများ၊ ကြွရောက်လာသူတို့၏ ကွယ်လွန်သွားသော မိဘဆွေမျိုး၊ ဇနီး၊ လင်သားများ၊ အမြန်လမ်းတွင် သေဆုံးသွားသူများ၊ တာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားရသည့် စစ်သည်များ၊ မြန်မာပြည်တစ်ဝန်းရှိ မကျွတ်လွတ်သေးသူများအား ထည့်သွင်းဖိတ်ကြားခြင်းဖြစ်သည်။

"ထပ်တလဲလဲ ဖိတ်ကြားရတယ်။ ခရီးလွန်တာတွေရှိတယ်။ သာသနာစောင့်နတ်မင်းကြီးလေးပါးနဲ့ နတ်ကောင်းနတ်မြတ်တွေက ပြိတ္တာတွေ သာဓုခေါ်နိုင်အောင် ကူညီစောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံရတယ်" ဟု အကျွတ်အလွတ်ပွဲ ဦးဆောင်ကျင်းပသူ နတ်ရေကန်ဆရာတော် ဦးသောဘဏက မိန့်ကြားသည်။

ဖိတ်ကြားရာတွင်လည်း ပြိတ္တာ၊ တစ္ဆေသရဲများအနေဖြင့် ကြောက်လန့်ဖွယ်ရာ ရုပ်အဆင်းကို မပြကြရန်၊ ဆိုးရွားသည့် အနံ့အသက်များမပေးကြရန်၊ ထိတ်လန့်စရာများ မပြုလုပ်ကြရန်နှင့် အကျွတ်အလွတ်ပွဲကို လှူဒါန်းကြသည့် စေတနာရှင်များကို မနှောင့်ယှက်ကြရန် ကြိုတင်မေတ္တာရပ်ခံခြင်းကို အကြိမ်ကြိမ်ပြုလုပ်ကြသည်။

"ကြွရောက်တော်မူကြပါ။ ကြွရောက်တော်မူကြပါ။ ကြွရောက်တော်မူကြပါ" ဟု ဆွေမျိုး ပြိတ္တာများ လာရောက်သုံးဆောင်ကြရန် ဖိတ်ခေါ်ပြီး အစာကျွေးပွဲကို စတင်လိုက်သည်။

ကျွေးမွေးမည့် အစားအစာများကို လူငယ်များက ပြင်ဆင်ကြသည်။ ဝါးဖြင့် ယက်လုပ်ထားသည့် ခြင်းပေါ်တွင် ငှက်ပျောဖက်အုပ်ပြီး ထမင်းဖြူများကို ထည့်ကြသည်။ ချက်ပြုတ်ထားသည့် ဆိတ်သားဟင်းကို ခပ်ထည့်သည်။ အခွံနွှာပြီးသား ငှက်ပျောသီး၊ ပေါင်မုန့်ချက်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကွမ်းယာ၊ ဆေးပေါ့လိပ် စသည်တို့ကို ခြင်းထဲသို့ ထည့်သည်။ ထိုသို့ ပြင်ဆင်ပြီးသည့် ခြင်းများကို ကားပေါ်တင်ဆောင်လျက် ၁၁၆ မိုင်မှစ၍ အမြန်လမ်းတစ်လျှောက် နီးစပ်ရာ မိုင်တိုင်များသို့ သယ်ဆောင်ကာ လမ်းဘေးတွင်ချ၍ ကျွေးမွေးခြင်း ပြုလုပ်ကြသည်။

အနီးအနား ကျေးရွာများမှ ဒေသခံများလည်း အသီးသီး ရောက်ရှိလာပြီး ကျွေးမွေးထားသည့် ထမင်းထုပ်များအနီး ရစ်သီရစ်သီလုပ်ကာ ဓာတ်ပုံရိုက်ကြပြန်သည်။ ရာဇမတ်အနီးကပ်၍ ခြေရာပေါ်လိုပေါ်ငြား ရှာဖွေကြပြန်သည်။

အမြန်လမ်းပေါ်တွင် ပထမဆုံးပြုလုပ်သည့် အကျွတ်အလွတ်ပွဲကို မန္တလေးဗြဟ္မစိုရ်ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော်ကြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကထိကဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒနှင့် ဖြူးမြို့မှ နတ်ရေကန်ကျောင်းတိုက်ဆရာတော် ဦးသောဘဏတို့က ဦးဆောင်၍ ဖြူးမြို့အခမဲ့ နာရေးကူညီမှုအသင်း၊ ဝါဆိုဦး လူမှုရေးအသင်း၊ ဖိုးလမင်း လူမှုကူညီရေးအသင်း၊ စေတနာရှင် မေတ္တာရှင်အဖွဲ့၊ ပဲနွယ်ကုန်း ကျေးရွာ၊ တောကျွဲအင်းကျေးရွာတို့မှ ရွာသူရွာသားများက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အကျွတ်အလွတ်ပွဲတစ်ခု ပြုလုပ်မည်ဆိုပါက ခုနစ်ရက်၊ ငါးရက်၊ သုံးရက်စသည်ဖြင့် ကြိုတင်၍ ပြုလုပ်မည့်နေရာ၊ အချိန်၊ နေ့ရက်တို့ကို တိတိကျကျ လိုက်လံဖိတ်ကြားရသည်။ ပြုလုပ်မည့်နေရာတွင် သဲပုံစေတီတစ်ဆူကို တည်ထားပေးရသည်။ သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထားရှိပေးရသည်။ ပရလောကမှ ညှော်

စာမျက်နှာ (၈) သို့



စာမျက်နှာ (၇) မှ

## အမြန်လမ်းပေါ်မှ အကျွတ်အလွတ်ပွဲ

သည်များ လာရောက်နားနေနိုင်ရန် နေရာတစ်ခု သတ်မှတ်ပေးထားရသည်။ အဆိုပါနေရာကို ရာဇမတ်ကာရံ၊ သဲခင်းလျက်၊ သောက်ရေအိုးကို အဖုံးဖွင့်လျက် သောက်သုံးနိုင်ရန် ထားရှိပေးရသည်။ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ၊ အစားအသောက်များကို ပြင်ဆင်ထားပေးရသည်။ ဆီမီးနှင့် အမွှေးတိုင်များကို နေရာအနှံ့ထွန်းညှိပေးထားရသည်။ ခရီးလွန်နေသူများရှိသည်အတွက် ထပ်တလဲလဲ ဖိတ်ကြားခြင်းကို ပြု လုပ်ရသည်။

ညဉ့်သန်းခေါင်ယံအချိန်တွင် အစာကျွေးမွေးခြင်းကိစ္စများကို ဆောင်ရွက်ကြပြီး အစာကျွေးမွေးနေချိန်အတွင်း မီးများအားလုံးကို ပိတ်ပေးထားရသည်။ ထို့နောက် နောက်တစ်နေ့နံနက် ၈ နာရီတွင် အမျှအတန်းပေးဝေ၍ သာဓုခေါ်နိုင်ရန် တရားပွဲပြုလုပ်ပေးရသည်။ ဒါက အကျွတ်အလွတ်ပွဲများ၏ အစီအစဉ်ဖြစ်သည်။ အကျွတ်အလွတ်ပွဲများကို အထူးသဖြင့် မန္တလေးရှိ သုသာန်များ၊ ပြင်ဦးလွင်သုသာန်၊ ဖြူးမြို့ရှိ သုသာန်များတွင် နှစ်စဉ်ပြုလုပ်လေ့ရှိသည်။

“အကျွတ်အလွတ်ပွဲ လုပ်တယ်ဆိုတာ အမှောင်ထဲမှာ တိုင်ထောင်ပြီး ခဲနဲ့ပစ်ရသလိုပါပဲ။ မှန်ချင်လည်း မှန်မယ်။ မမှန်ချင်လည်း မမှန်ဘူး။ ဘုန်းကြီးအနေနဲ့ကတော့ ဒီအမြန်လမ်းမကြီးက သတ္တဝါတွေ ကျွတ်ချိန်တန်လို့ လာလုပ်ပေးရတယ်လို့ပဲ ယုံကြည်ထားတယ်။ ပုဂ္ဂိုလ်စွဲမပါဘူး။ လူမျိုးဘာသာမရွေးဘူး။ တစ်ဦးတစ်ယောက်တော့ ကျွတ်တမ်းဝင်သွားကြမှာပေါ့” ဟု နတ်ရေကန်ဆရာတော် ဦးသောဘဏက မိန့်ကြားသည်။

ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် မိုင်တိုင် ၄၅၊ ၉၀ မှစတင်ကာ မိုင်တိုင် ၁၀၀ မှ မိုင်တိုင် ၁၇၀ အကြားတွင် ယာဉ်တိမ်းမှောက်မှုများ အမြဲဖြစ်ပွားလေ့ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း အန္တရာယ်ဖြစ်စေနိုင်သည့် အမြန်လမ်းနေရာများကို စာရင်းထုတ်ပြန်ခဲ့ရာ မိုင်တိုင်အမှတ် ၇၅ (၅ ဖာလုံ ၆ ဖာလုံကြား)၊ မိုင်တိုင်အမှတ် ၉၀ (၆ ဖာလုံနှင့် ၇ ဖာလုံကြား)၊ မိုင်တိုင်အမှတ် ၁၀၃ (၃ ဖာလုံနှင့် ၄ ဖာလုံကြား)၊ မိုင်တိုင်အမှတ် ၁၅၀ (၃ ဖာလုံနှင့် ၄ ဖာလုံကြား)၊ မိုင်တိုင်အမှတ် ၁၂၅ (၃ ဖာလုံနှင့် ၄ ဖာလုံကြား)၊ မိုင်တိုင်အမှတ် ၁၆၈၊ မိုင်တိုင်အမှတ် ၁၇၀ (၁ ဖာလုံနှင့် ၂ ဖာလုံကြား) နေရာများကို အထူးသတိပြုကြရန်ဖြစ်သည်။

ယာဉ်တိမ်းမှောက်ခြင်း၊ တံတားကိုဝင်တိုက်ကာ ချောင်းအတွင်းထိုးကျခြင်း၊ အမြန်လမ်းပေါ်တွင် လူသေအလောင်းတွေ့ခြင်း၊ ယာဉ်နှင့်ဆိုင်ကယ်တိုက်မိခြင်း စသည့် ဖြစ်ရပ်များစွာ ဖြစ်ပွားခဲ့ပြီး သေဆုံးဦးရေမှာလည်း မြင့်မားနေသည်။

အမြန်လမ်းကို ၂၀၀၉ ခုနှစ်မှစတင်အသုံးပြုခဲ့ရာ ၂၀၁၃ ခုနှစ်အထိ ယာဉ်မတော်တဆမှုပေါင်း ၅၉၀ ကျော် ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၂၉၀ ရှိခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၁၁၀၀ ဦးအထိ ရှိခဲ့သည်။ စာရင်းများကို ပြန်ကြည့်ပါက ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပိုများလာခဲ့သည်။

၂၀၀၉ ခုနှစ်တွင် သေဆုံးသူ ၄၇ ဦး၊ ၂၀၁၀ ခုနှစ်တွင် သေဆုံးသူ ၃၈ ဦး၊ ၂၀၁၁ ခုနှစ်တွင် သေဆုံးသူ ၄၇ ဦး၊ ၂၀၁၂ ခုနှစ်တွင် သေဆုံးသူ ၅၄ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် သေဆုံးသူ ၁၀၉ ဦးအထိ ရှိလာသည်။ ၂၀၁၄ ဇန်နဝါရီလမှ ဧပြီလကုန်အထိ လေးလအတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၆၈ ဦးရှိသည်။

ယခုနှစ် ပြီးခဲ့သည့် ဧပြီလ ၁၂ ရက်က ၁၁၆ မိုင်တွင် ယာဉ်မတော်တဆမှုကြောင့် ယာဉ်မီးလောင်ကျွမ်းကာ ပွဲချင်းပြီးသေဆုံးသူ ၁၂ ဦးရှိခဲ့သည့်အတွက် အမြန်လမ်းတွင် အများဆုံးသော လူသေမှုဖြစ်ခဲ့သည်။ တစ်ဦးကတော့ ဆေးရုံသို့ရောက်ပြီးမှ ကွယ်လွန်ခဲ့သည့်အတွက် ၁၃ ဦး ဆုံးရှုံးခဲ့ရမှုဖြစ်သည်။

“သတိနဲ့အသိလိုတာပေါ့။ ဘာသာရေးကလည်း လိုပါတယ်။ ၂၀၀၉ ခုနှစ် မတ်လစဖွင့်ကတည်းက အခုထိဆိုရင် ဒါကအဆိုးရွားဆုံးယာဉ်တိမ်းမှောက်မှုနဲ့မီးလောင်မှုပေါ့။ အခုအကျွတ်အလွတ်ပွဲကတော့ ကောင်းတဲ့ဟာကို ဘာသာရေးအရ လုပ်တာပါပဲ။ ဒီလိုလုပ်နေသလို ဒီလမ်းမှာသွားတဲ့ လူတွေကလည်း အသိနဲ့သတိထားမယ်ဆိုရင် အန္တရာယ်ကင်းကြမှာပါ” ဟု အကျွတ်အလွတ်ပွဲသို့ တက်ရောက်လာသည့် ဒေသခံတစ်ဦးက ပြောသည်။

“ဒီလမ်းကြီးကို သွားမယ်ဆိုကီလိုမီတာ တစ်ရာထက် ပိုမမောင်းရဘူးလို့သတ်မှတ်ထားတာကို လိုက်နာမယ်ဆိုရင် အန္တရာယ်ကင်းမှာပါ။ လမ်းကို သွားနေကျမဟုတ်တဲ့လူတွေ။ ဘယ်နေရာမှာ အကွေ့ရှိတယ်ဆိုတာ မသိတဲ့သူတွေ။ အရှိန်က အရမ်းပြင်းတဲ့အချိန်မှာ ပါသွားတာပေါ့နော်။ အရှိန်မထိန်းနိုင်တော့ အရက်သေစာသောက်စားတယ်။ အိပ်ငိုက်တယ်။ စက္ကန့်ပိုင်းလေးငိုက်လိုက်တဲ့အငိုက်က လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေပါတယ်။ လမ်းကြောင့်က ရာခိုင်နှုန်းနည်းပါတယ်။ နောက်တစ်ခုက ယာဉ်တွေရဲ့ ကြံ့ခိုင်မှု။ ကားအသစ်တွေတာယာတွေကွဲတယ်။ ဒီမှာ ရာသီဥတုက ပူတယ်။ ကွန်ကရစ်ခင်းထားတယ်။ ကားတွေက ပူရင်လေပေါင်က တိုးလာမှာပဲ။ လူတွေက အသိနဲ့ ထိန်းသိမ်းမယ်ဆိုရင် အန္တရာယ်ကို လျှော့ချနိုင်မှာပေါ့။ နောက်အရှိန်နှုန်းတိုင်းတဲ့ ကိရိယာရှိပါတယ်။ ကားမောင်းတဲ့ ယာဉ်မောင်းတွေက အရှိန်နှုန်းတိုင်းတဲ့ ကိရိယာနားရောက်ရင် အရှိန်လျှော့ချလိုက်တယ်။ အဲဒါကိုကျော်ရင် ဆက်မောင်းတာပဲ။ ကျွန်မတို့အမြင်နဲ့ပြောရင် လမ်းကြောင့်ဆိုတာထက် လူတွေရဲ့အသိအမြင်နဲ့ စည်းကမ်းတွေ လိုက်နာဖို့လိုပါတယ်” ဟု အမြန်လမ်းအရေးပေါ်ကြက်ခြေနီစခန်းတာဝန်ခံ ဒေါ်သန်းသန်းမြင့်က မှတ်ချက်ပေးသည်။

အမြန်လမ်းသည် အကွေ့အကောက်ပေါ်များ၍ကွန်ကရစ်လမ်းပိုင်း လှိုင်းထခြင်းများ ဖြစ်ပေါ်သည့်အတွက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှု များဖြစ်ပေါ်လေ့ရှိသည်။ တစ်နာရီလျှင် ကီလို ၁၀၀ နှုန်းဖြင့်သာ မောင်းနှင်ရန်သတ်မှတ်ညွှန်ကြားထားသော်လည်း ကီလို ၁၀၀ အထက် ပိုမိုမောင်းနှင်မှုများက အသက်အန္တရာယ် ဆုံးရှုံးရမှုတို့၏ အကြောင်းရင်းတစ်ရပ်လည်း ဖြစ်လာသည်။ ခါးပတ်ပတ်ကြရန် ညွှန်ကြားထားသော်လည်း အချို့က လိုက်နာမှုမရှိပေ။

ယာဉ်တိမ်းမှောက်မှုများမှာ လမ်းပိုင်းဆိုင်ရာ ပြဿနာကြောင့်ဟု လက်ညှိုးထိုးခဲ့ကြသော်လည်း ယာဉ်မောင်းအိပ်ငိုက်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းများကြောင့် ဖြစ်ပွားသည့် မတော်တဆမှုများကတော့ ယာဉ်မောင်းတွင် တာဝန်ရှိပါသည်။

“အရင်အစိုးရတုန်းက ရတဲ့ငွေနဲ့ လမ်းရှည်ရှည်ရဖို့ပဲ စိတ်ကူးခဲ့တယ်။ လမ်းလုံခြုံရေးအတွက် ဦးစားပေးလုပ်ခဲ့တာ မရှိဘူး။ အခုတော့ လမ်းလုံခြုံရေးအတွက် အဓိက ဦးစားပေးလုပ်သွားမယ်။ အရင်က ပိုက်ဆံရရင် လမ်းရှည်ရှည်ရဖို့ပဲ စိတ်ကူးတယ်။ သတ်မှတ်ချိန်အတွင်း အမြန်ပြီးအောင်လည်း လုပ်ရတယ်” ဟု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်လင်းက ပြောသည်။

လက်ရှိ ရန်ကုန်–နေပြည်တော်လမ်းကို USAID အမေရိကန်အစိုးရ၏ အကူအညီပေးရေးအစီအစဉ်မှ နည်းပညာအကူအညီပေးနိုင်ရေးအတွက် သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ယာဉ်မတော်တဆမှုဖြင့် လူသေဆုံးမှုများလာခြင်းအပြင် ညဘက်မောင်းနှင်သူအချို့၏ နာနာဘာဝပရလောက ဖြစ်ရပ်ကြုံတွေ့ရသည်ဟူသည့် ပါးစပ်စကားသတင်းများစွာလည်း ပေါ်ထွက်လာခဲ့သည်။ အမြန်လမ်းတွင် မကျွတ်မလွတ်သေးသည့် ပုဂ္ဂိုလ်များ ရှိနေသည်ဟု ယုံကြည်သူလည်း ပေါ်များလာခဲ့သည်။

ထို့အတွက် အမြန်လမ်းတစ်လျှောက်တွင် မော်တော်ယာဉ်များဖြင့် မောင်းနှင်လျက် ပရိတ်ရွတ်ဖတ်ခြင်းကို သံဃာတော်များက ပြုလုပ်ပေးခဲ့ကြရသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်လက တောင်ငူမြို့မှ သံဃာတော် ၁၈ ပါးက အန္တရာယ်ကင်းပရိတ်တရားတော်များကို ၁၄၆ မိုင်မှစ၍ မိုင်တိုင် ၈၄ အထိ ရွတ်ဖတ်ပေးခဲ့ကြသည်။ ယာဉ်မတော်တဆမှုကြောင့် လူ ၁၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည့် ၁၂၅ မိုင် ၄ ဖာလုံတွင် ရပ်နား၍ အမျှဝေခဲ့ကြသည်။

ယခု အကျွတ်အလွတ်ပွဲ မပြုလုပ်မီကလည်း သံဃာတော်များသည် အမြန်လမ်းတစ်လျှောက် ပရိတ်တရားတော်များကို တတိယအကြိမ်မြောက် လှည့်လည်ရွတ်ဖတ်ခဲ့ကြသေးသည်။

၁၁၆ မိုင် အကျွတ်အလွတ်ပွဲသို့ ည ၁၁ နာရီခန့်တွင် အနီးအနားမှ ဒေသခံများ တဖွဲဖွဲရောက်ရှိလာကြသည်။ လူပေါင်း ၃၀၀ ခန့် လာရောက်သည့် ပွဲတစ်ပွဲဖြစ်ခဲ့သည်။ အမြန်လမ်း ရဲတပ်ဖွဲ့ဝင်များကလည်း လာရောက်ကူညီပေးခဲ့ကြပြီး အနီးအနားရဲစခန်းတစ်ခုက ၎င်းတို့စခန်းဝင်းအတွင်းမှ မကျွတ်မလွတ်သည့် ပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားခေါ်ယူပေးရန် တောင်းဆိုမှုရှိခဲ့သည်။ လူမှုရေးသင်းအဖွဲ့များကလည်း ထမင်းထုပ်များကို တက်ကြွစွာ ထုပ်ပိုးလျက်ကားဖြင့် လမ်းတစ်လျှောက်ချထားပေးလျက်ရှိသည်။

ညနေပိုင်းက လူမဝင်ရောက်ရဟု စာကပ်ထားသည့် သဲပုံစေတီရာဇမတ်ကာ ခြံဝင်းအတွင်းသို့ ဦးဆောင်သူအဖွဲ့ဝင်အချို့က ဝင်ရောက်ကာ ဆီမီးနှင့် ပန်း၊ ရေချမ်း၊ အမွှေးတိုင်များ ထွန်းညှိခဲ့ကြသည်။ ညပိုင်းတွင်မှ ရောက်ရှိလာကြသည့် လူပရိသတ်များကတော့ ညနေပိုင်းက ဝင်ထွက်ခဲ့ကြသည့် ခြေရာများကို လက်ညှိုးထိုးကာ နာနာဘာဝပြိတ္တာတို့ရောက်ရှိ၍ ဘုရားဖူးသွားကြသည့် ခြေရာများဟု ယုံကြည်မှတ်ယူကာ အထူးအဆန်း ဓာတ်ပုံရိုက်ကူးလျက်ရှိကြသည်။


မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းကိစ္စကို ဝင်ရောက် ရှင်းလင်းခြင်းမရှိပါ။ ဖြူးမြို့မှ လူမှုကူညီရေးအဖွဲ့ဝင်တစ်ဦးကတော့ “အမှောင်ထဲကို ဓာတ်ပုံရိုက်ရင် အလုံးတွေ အစက်အပြောက်တွေ ပေါ်လာတယ်။ အဲဒါ ပြိတ္တာတွေ ရောက်နေပြီဆိုတာကိုပြတာ” ဟု ဆိုပါသည်။

ပွဲသို့လာရောက်သတင်းယူသည့်ဓာတ်ပုံသတင်းထောက်တစ်ဦးကတော့ “ဒါက ကင်မရာ လှည့်စားမှုကြောင့်ပါ။ ဘာမှမရှိတဲ့အမှောင်ထဲကို ရိုက်ရင် အဲဒီလို ဖြစ်တတ်တယ်”ဟုမှတ်ချက်ပေးသည်။

မေလ ၁၀ ရက် ည ၁၂ နာရီအချိန်ကို နီးကပ်လာပါပြီ။ အစာကျွေးမွေးခြင်းများလည်း ပြီးစီးသလောက် ဖြစ်နေသည်။ တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံခဲ့သည့်အတိုင်း ထိတ်လန့်ဖွယ်ရာများလည်း မဖြစ်ခဲ့ပါ။ ဆိုးရွားသည့် အနံ့အသက်များလည်း မရခဲ့ပါ။ ကြောက်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန်များလည်း မပြသခဲ့ကြပါ။ ထူးခြားမှုလည် တစ်စုံတစ်ရာမတွေ့ခဲ့ရပါ။ “လူအရမ်းများတော့ ပြိတ္တာတွေက အနားမကပ်ရဲကြဘူး။ လူတွေရှင်းမှ လာကြမှာ” ဟု ဖြူးမြို့မှ ဒေသခံတစ်ဦးက သူ၏ယုံကြည်ချက်ကို ပြောပြသည်။

၁၂ နာရီခန့်တွင် ဒေသခံ ပရိသတ်များ၊ သတင်းမီဒီယာများနှင့် ပွဲစီစဉ်သူ အဖွဲ့ဝင်အချို့ ပြန်သွားကြပြီဖြစ်သည့်အတွက် အကျွတ်အလွတ်ပွဲကြီး ကျင်းပနေသည့် မဏ္ဍပ်တွင် လူအတော်အတန်ရှင်းလင်းသွားသည်။ ညဉ့်သန်းခေါင်ကျော် ၁၂ နာရီခွဲခန့်တွင် လူရှင်းလင်းသွားသည့် မဏ္ဍပ်တစ်ခုလုံး ကို မီးအမှောင်ချလိုက်သည်။ မဏ္ဍပ်အတွင်းနှင့်အပြင်ဘက်တွင် ကျန်ရှိနေသည့် လူများအားလုံး အသံတိတ်ဆိတ်သွားကြသည်။

ထို့နောက် မဏ္ဍပ်အတွင်းမှ ဆရာတော်များက နာနာဘာဝပြိတ္တာများကို တရားဟောသည့် အသံ ခပ်အုပ်အုပ် ညအမှောင်ထုထဲမှာ စတင်ထွက်ပေါ်လာပါတော့သည်။



## ၂၀၁၄ မေလ ၁၄ မှ ၂၀ ရက်ထိ
### မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ် ပင်လယ်ပြင်အခြေအနေ**

အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနဲ့ ယင်းနဲ့ဆက်စပ်နေတဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းအတွင်းသို့ စတင်ဝင်ရောက်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနဲ့ ယင်းနဲ့ ဆက်စပ်နေသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်လာရာမှ ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

ရခိုင်–မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး၊ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါတယ်။ လှိုင်းအမြင့် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါတယ်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေဟာ တစ်နာရီလျှင် ၃၅–၄၀ မိုင်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေမှ ၃ ပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များဟာ မကွေးတိုင်းဒေသကြီးတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေ့အပူချိန်များအား ၄၀–၄၁ ဒီဂရီစင်တီဂရိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေ့အပူချိန်များဟာ ၃၅–၃၉ ဒီဂရီစင်တီဂရိတ်ခန့်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းတို့တွင် ၂၈–၃၃ ဒီဂရီစင်တီဂရိတ်ခန့် ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ချည်အညွှန်းကိန်းအခြေအနေ**

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း အမြင့်ဆုံးတန်ဖိုးဖြစ်သောလွန်ကဲအဆင့်ရှိသည့် ၁၁ ထက်ကျော်လွန်နေသော တန်ဖိုးများကို မြန်မာတစ်နိုင်ငံလုံးကျရောက်နိုင်ပါသည်။ အထူးသဖြင့် ကော့သောင်းမြို့ ၁၃ ဒသမ ၄–၁၃ ဒသမ ၈၊ ထားဝယ် ၁၃ ဒသမ ၅–၁၄ ဒသမ ၀၊ မော်လမြိုင် ၁၃ ဒသမ ၀–၁၃ ဒသမ ၅ ၊ ရန်ကုန် ၁၃ ဒသမ ၀–၁၃ ဒသမ ၈၊ နေပြည်တော် ၁၃ ဒသမ ၅–၁၄ ဒသမ ၀၊ မကွေး ၁၃ ဒသမ ၅ –၁၄ ဒသမ ၅၊ မန္တလေး ၁၃ ဒသမ ၀ – ၁၃ ဒသ ၅ နဲ့ မြစ်ကြီးနား ၁၂ ဒသ ၀–၁၂ ဒသမ ၈ တို့တွင်လည်းကောင်း ရောက်ရှိနေနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေရာကွက်ပြီး မွန်းလွဲညနေပိုင်းအချိန်များတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများကို တိုးလာနိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ နေပြည်တော်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့် နေရာကွက်ကျားမှ ကျဲကျဲမိုးထစ်ချုန်းရွာနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် တိမ်အနည်းငယ်မှ အသင့်အဆင့် ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

# Health

7DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014


## တစ်နေ့လျှင် ဘီယာလေးခွက်ထက် ပိုသောက်ပါက အသည်းပျက်စီးမှုနှုန်း မြန်နိုင်

**ယမင်း**

**ရန်ကုန်၊ မေ-၁၀**

တစ်နေ့လျှင် ဘီယာလေးခွက်ထက် ပိုမိုသောက်သုံးပါက ခန္ဓာကိုယ်အတွင်း အသည်းပျက်စီးမှုနှုန်းများမြန်ဆန်ပြီး အသည်းကင်ဆာရောဂါအပြင် သတိမမူမိပါက အသက်ဆုံးရှုံးနိုင်သည်အထိ နောက်ဆက်တွဲ ဆိုးကျိုးများစွာ ဖြစ်ပွားနိုင်ကြောင်း ဆေးပညာအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"အစာအိမ်မှာ အနာရှိတဲ့သူ ဘီယာများများ သောက်ရင် အစာအိမ်ပေါက်သွားပြီး အသက်အန္တရာယ်ရှိနိုင်တယ်။ အမူးလွန်အန်ပြီး ပက်လက်အိပ်ရင် အန်ဖတ်ဆို့သေနိုင်တယ်။ အယ်လ်ကိုဟောပါတော့ ရေရှည်သောက်ရင် အသည်းရောဂါနဲ့ ကင်ဆာဖြစ်ပွားနိုင်ပါတယ်" ဟု ရန်ကင်းမြို့နယ်ရှိ အထွေထွေရောဂါအထူးကုဆရာဝန်ဒေါက်တာစိုးဝင်းက ပြောသည်။

ဘီယာသည် ဘာလီစေ့ကို ကစော်ဖောက်ထားသည့် အရက်တစ်မျိုးဖြစ်ကာ ယင်း၌ပါဝင်သော အရက်ပမာဏသည် ၄ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ပါဝင်သဖြင့် အသည်းရောင်ရမ်းစေခြင်း၊ ပန်ကရိယရောင်ရမ်းစေခြင်း၊ အစာအိမ်ရောင်ရမ်းစေခြင်း၊ သည်းခြေအိတ် ရောင်ရမ်းစေခြင်းများ ဖြစ်စေနိုင်သည်။

ထို့ပြင် အချိုဓာတ်ပါဝင်နှုန်းများခြင်းကြောင့် ဆီးချိုရောဂါဖြစ်စေခြင်း၊ သွေးတိုးရောဂါအခံရှိသူများမှာ သွေးတိုးပြီးလေဖြတ်နိုင်ခြင်း၊ အစာခြေအိတ်များ ပေါက်ထွက်၍ မုန့်ချိုအိတ်ရောင်ရမ်းကာ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း အမူးလွန်ပြီး အိပ်မောကျသွားပါက အာရုံကြောများညပ်ကာ အကြောသေနိုင်ခြင်း၊ ကားမောင်းနေစဉ် မျက်စိဝေဝါးကာ ယာဉ်မတော်တဆမှုများဖြစ် ပွားနိုင်ခြင်းစသည့် ဆိုးကျိုးများစွာရှိကြောင်း သိရသည်။

"ဘီယာထဲမှာ အရက်ကပါတော့ နေ့စဉ်ရက်ဆက် ဘီယာသောက်တာများလာတယ်ဆိုရင် ကျန်းမာရေးက အလိုလိုထိခိုက်လာမှာပဲ။ ဒါကြောင့် ဆေးဖြစ်ဝါးဖြစ် မှီဝဲမယ်ဆိုရင်တောင် တစ်နေ့ကို သုံး၊ လေးခွက်အပြင် ပိုမသောက်သင့်ဘူး။ အလွန်အကျွံသောက်တာကို ရှောင်ကြဉ်ဖို့ လိုပါတယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းမှ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးက ပြောသည်။

ဘီယာအလွန်အကျွံသောက်သုံးပါက ဖြစ်ပေါ်တတ်သော ဗိုက်စူ(ဘီယာဗိုက်)လာသည့်လက္ခဏာသည် ဘီယာမြံ့သောက်ရင်းဖြင့် အစားများစွာ စားမိခြင်းကြောင့် ခန္ဓာကိုယ်တွင်းရှိ အဆီဓာတ်များမှာ ဗိုက်ပတ်လည်တွင် စုစည်းကာ အဝလွန်ကဲလာခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် အခြားရောဂါများသို့ ပိုမိုကူးစက်လွယ်နိုင်ခြင်းကြောင့် သောက်သုံးသူများအနေဖြင့် ဂရုပြုဆင်ခြင်သင့်သည်ဟု ဆရာဝန်ကြီးများက အကြံပြုပြောဆိုကြသည်။

"အရင်ကဆို တစ်နေ့ကို သုံးခွက်လောက် ပုံမှန်သောက်ဖြစ်တယ်။ သိတဲ့အတိုင်းပဲ ဗိုက်ကနည်းနည်း ထွက်လာတယ်။ နေရထိုင်ရလည်း အဆင်မပြေဘူး။ ဟိုရောဂါဖြစ် ဒီရောဂါဖြစ်ဖြစ်လာတော့ ဖြတ်လိုက်တယ်။ အခုဆိုဘီယာရဲ့ဆိုးကျိုးလားမသိဘူး။ ဆီးချိုရောဂါနဲ့ အစာအိမ်တော့ ကိုယ်တွေ့ကြုံလာခဲ့ရတယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းမှ အသက် (၂၀)ကျော်အရွယ် ကိုတိုးက ပြောသည်။

ဘီယာသည် ကမ္ဘာတစ်ဝန်းရေပန်းအစားဆုံး ယမကာတစ်မျိုးဖြစ်၍ တစ်နှစ်လျှင်ဂါလန်ပေါင်း ၃၅ ဘီလီယံကျော် ရောင်းချနေရသည်ဟု အင်တာနက်စာမျက်နှာများတွင် ဖော်ပြထားပြီး လက်ရှိတွင် ကမ္ဘာပေါ်၌ ဘီယာကို အမျိုးသားများသာမက အမျိုးသမီးများပါ သောက်သုံးမှုများပြားလာသည်ဟု ဖော်ပြထားသည်။

## အရေးပေါ်လူနာများ လမ်းခရီးတွင် ကြန့်ကြာပါက လေးမိနစ်အတွင်း အသက်ဆုံးရှုံးနိုင်



*ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လူနာတင်ယာဉ်များပေါ်တွင် လိုက်ပါလာသည့် လူနာများ၏ အသက်အန္တရာယ်စိုးရိမ်ဖွယ် ဖြစ်သည်။*

ဓာတ်ပုံ – ကျော်ဇင်သန်း

**ရှင်းရှင်း**

**ရန်ကုန်၊ မေ-၁၀**

အရေးပေါ်လူနာများ လမ်းခရီးတွင် ကြန့်ကြာမှုများရှိပါက နှလုံးနှင့်ဦးနှောက်ထိခိုက်မှုရှိလာနိုင်ပြီး လေးမိနစ်အတွင်း အသက်ဆုံးရှုံးနိုင်ကြောင်း ဆေးပညာဆိုင်ရာပညာရှင်များက ပြောသည်။

အရေးပေါ်လူနာများကိုသယ်ဆောင်သည့် လူနာတင်ယာဉ်များ၌အောက်ဆီဂျင်နှစ်လုံးသာပါရှိ၍ လူနာ၏ရောဂါ အခြေအနေပေါ်မူတည်ပြီး အချိန်အတိုင်းအတာတစ်ခုအထိသာ အသုံးပြုနိုင်သည်။ ယခုလက်ရှိ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့သည့်အခြေအနေများကြောင့် ထိုသို့အသက်အန္တရာယ်ထိခိုက်မှုများ ရှိလာနိုင်ခြင်း ဖြစ်သည်။

"လမ်းမှာကြာတာနဲ့အမျှ လူနာမှာ အောက်ဆီဂျင်ပြတ်ခဲ့ရင် အရိုးနဲ့ ကြွက်သားက ၂၄ နာရီနဲ့ မသေနိုင်ပေမယ့် နှလုံးနဲ့ဦးနှောက်ကတော့ လေးမိနစ် အောက်ဆီဂျင်ပြတ်တာနဲ့တင် သေနိုင်တယ်" ဟု စမ်းချောင်းမြို့နယ်ရှိ နာမည်ကြီးပုဂ္ဂလိကဆေးရုံကြီးမှ ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

ကားတင်သွင်းခွင့် မပြုမီ ယာဉ်ကြောမပိတ်ခင် ကာလများထက် ယခုလက်ရှိ အခြေအနေတွင် လမ်းပေါ်၌ ကုန်ဆုံးရသည့် အချိန်များမှာ ယခင်ကထက် အချိန်နှစ်ဆပေးနေရပြီး မောင်းနှင်ရာတွင်လည်း အခက်အခဲများစွာ ရှိလာသည်ဟု လူနာတင်ယာဉ်မောင်းနှင်သူအချို့က ဆိုသည်။

"မနက်တည်းက လဲနေတဲ့ လူနာတစ်ယောက် သေလုဖြစ်နေတာ။ ယာဉ်ကြောပိတ်နေတာနဲ့ ဘယ်လိုမှ မတတ်နိုင်တော့တဲ့အတွက် လမ်းပြောင်းပြန်မောင်းပြီး လိုက်ပို့ခဲ့ရတယ်" ဟု နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဦးရဲလင်းမြင့်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

နိုင်ငံတကာ၌ အရေးပေါ်ကားလမ်းကြောင်း ရှိသည့်အပြင် ထိုသို့သော လူနာများအတွက် ရဟတ်ယာဉ်များ စီစဉ်ပေးထားခြင်းများရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရေးပေါ်လူနာများ လမ်းခရီးတွင် ကြန့်ကြာမှု မရှိစေရန် ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းပေးစေလိုသည်ဟု အရေးပေါ်လူနာကို ဆေးရုံသို့ ပို့ပေးခဲ့သည့် လူနာရှင် ကိုလင်းက ၎င်း၏အမြင်ကို ပြောသည်။

"နိုင်ငံတကာကလို တခြားလမ်းကြောင်းတွေ ရှိနေရင် တစ်မျိုးပေါ့။ ခုက လူနာပို့မယ်ဆိုရင် ကားကိုပဲ အဓိကအားကိုးပြီး သုံးနေရတာဆိုတော့ မလိုအပ်ဘဲ ကြန့်ကြာနေရင် လူနာဘာဖြစ်မလဲဆိုပြီး စိတ်ပူနေရတယ်" ဟု ၎င်းကပြောသည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# အခြေခံပညာကျောင်းများ အစားအသောက် ဘေးကင်းရေး ယခုစာသင်နှစ်တွင် စတင်မည်

**ရဲနောင်**

**ရန်ကုန်၊ မေ-၁၀**

အခြေခံပညာကျောင်းများတွင် ကျောင်း ကျန်းမာရေးအတွက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်ကိုယခုနှစ်ကျောင်းဖွင့်ရာသီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးခုနစ်ခု၌ စတင်မည်ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှသတင်းရရှိသည်။

"လာမယ့်စာသင်နှစ်မှာ ပထမအဆင့်အနေနဲ့ ကျွန်တော်တို့က ပြည်နယ်နဲ့ တိုင်းဒေသကြီး ခုနစ်ခုမှာ ကျောင်းပတ်ဝန်းကျင် တွေမှာရှိတဲ့ အစားအသောက်တွေကို ကွင်းဆင်းပါမယ်။ စစ်ဆေးပါမယ်။ နမူနာယူပြီး ဓာတ် ခွဲစစ်ဆေးပါ့မယ်။ တကယ်လို့များ တွေ့ရှိချက်အရ တကယ်ကို ကလေးတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်လို့ သိရင် အများပြည်သူသိရှိအောင် မီဒီယာကနေ အသိပေးသွားမယ်" ဟု မေလ ၇ ရက် နေပြည်တော်၌ ပြုလုပ်ခဲ့သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ကျောင်းမုန့်ဈေးတန်းအစားအသောက်ဘေးကင်းရေး စီမံချက် အကြိုညှိနှိုင်း အစည်းအဝေးတွင် FDA မှ ညွှန်ကြားရေးမှူးတစ်ဦးက နိုင်ငံပိုင်ရုပ်သံမီဒီယာအား ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း နေပြည်တော်လယ်ဝေး၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျောင်းများ ပတ်ဝန်းကျင်ရှိဈေးကွက်နမူနာ ၅၉၃ ခုအား FDA က စစ်ဆေးခဲ့ရာတွင် နမူနာ ခုနစ်မျိုးမှာ အစားအသောက်များတွင် သုံးစွဲရန် ခွင့်မပြုထားသော ဆိုးဆေးများ အသုံးပြု ထားသည်ကို တွေ့ရှိခဲ့သည်ဟု သိရသည်။

လာမည့် ပညာသင်နှစ်တွင် ရန်ကုန်တိုင်းအတွင်း ကျောင်းများ၌ ဓာတုဆိုးဆေးပါ မုန့်များရောင်းချခြင်းကို တားမြစ်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းက ပြောကြားထားပြီး စည်းကမ်းဖောက်ဖျက်သူများကို အမျိုးသားအစားအသောက်ဆိုင်ရာဥပဒေအရအရေးယူသွားမည်ဟု ပြောကြားသွားသည်။

ကျောင်းမုန့်ဈေးများတွင် ရောင်းချနေသော မုန့်အများစုသည် ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးရက်စွဲနှင့် မည်သည့်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို မပါရှိကြောင်း တွေ့ရှိနေရသည်ဟု မန္တလေးတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ယခုနှစ်အတွင်း အနာကြီးရောဂါပပျောက်ရေးစီမံချက် ၁၂ ခု ဆောင်ရွက်မည်

**ရဲနောင်**

**ရန်ကုန်၊ မေ-၁၀**

အနာကြီးရောဂါ ကင်းစင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် စီမံချက် ၁၂ ခု ရေးဆွဲချမှတ်၍ လုပ်ဆောင်သွားမည်ဟု နိုင်ငံတကာအနာကြီးရောဂါပပျောက်ရေးစီမံချက် (မြန်မာ)က သတင်းထုတ်ပြန်သည်။

ရောဂါဖြစ်ပွားသည့် လူနာသစ်များကို စစ်ဆေးရှာဖွေခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အနာကြီးရောဂါသည်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဟု နိုင်ငံတကာ အနာကြီးရောဂါပပျောက်ရေးစီမံချက်(မြန်မာ)မှ ဒေါက်တာ ဇော်မိုးအောင်ကပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ သတ်မှတ်ချက်အရ လူတစ်သောင်းလျှင်ရောဂါဖြစ်ပွားမှု တစ်ဦးအောက်နှုန်းရှိရမည် ဖြစ်ပြီး မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် လူတစ်သောင်းလျှင် ၀ ဒသမ ၅ ဦးအောက်နှုန်းသို့ ရောက်ရှိခဲ့သော်လည်း ပြည်တွင်းစစ်နှင့် ပဋိပက္ခဖြစ်ပွားရာဒေသများ၌ ရောဂါပပျောက်ရေးစီမံချက်များမှာ အားနည်းချက်များစွာ ရှိနေသည်ဟု WHO ကပြောကြားသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်အတွင်း အနာကြီးရောဂါဖြစ်ပွားသူ ၂၉၅၀ ဦးကို စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၄၂၃ ဦးမှာ ကိုယ်လက်အင်္ဂါချို့ယွင်းမှုဖြစ်ခဲ့သည်ဟု WHO ကဖော်ပြခဲ့သည်။

"အရေပြားမှာအကွက်လေးတွေပေါ်လာမယ်။ ထိကြည့်လိုက်ရင် ထိလို့ထိမှန်းမသိဘူး။ အဲဒီအချိန်မှာ မသင်္ကာလို့ စောစောစီးစီးသတိထားမိပြီး စစ်ဆေးမယ်။ ကုသမယ်ဆိုရင်ရမယ်။ နောက်ကျရင်တော့ ဒုက္ခိတဘဝကို ရောက်သွားနိုင်တယ်"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ ဝေဖြိုးကပြောသည်။

အနာကြီးရောဂါဖြစ်ပွားပါက ခန္ဓာကိုယ်တွင် အဖြူကွက် (သို့) အနီရောင်၊ ပန်းရောင်အကွက်များဖြစ်ပေါ်ခြင်း၊ အရေပြားများ နာကျင်နီမြန်းခြင်း၊ အာရုံကြောများ ပျက်စီး၍ ထုံကျဉ်ခြင်း၊ ကြွက်သားများ အားနည်းပျော့ဖတ်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်တတ်ပြီး ဆောလျင်စွာမကုသပါက ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့ယွင်းသည့်အထိ နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နိုင်သည်ဟုသိရသည်။

၂၀၁၀ ခုနှစ်တွင် အနာကြီးရောဂါဖြစ်ပွားမှုကြောင့် မသန်စွမ်းဘဝသို့ ရောက်ရှိမှုသည် လူဦးရေတစ်သန်းလျှင် တစ်ဦးအောက်နှုန်းသာရှိရမည်ဟု မြန်မာ အပါအဝင် ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများက ၂၀၁၃ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အစည်းအဝေးပြုလုပ်၍ ရည်မှန်းချက်ချမှတ်ခဲ့သည်။







Regional
7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# ဝမ်းတွင်းချည်ထည် လုပ်ငန်းများကို ရေဆိုးသန့်စင်စနစ် မဖြစ်မနေသုံးရန် ညွှန်ကြား

**အေးမွန်ရာပြည့်**

**မန္တလေး၊ မေ- ၁၁**

ချည်ထည်လုပ်ငန်းဖြင့် ကျော်ကြားသော ဝမ်းတွင်းမြို့နယ်ရှိ ချည်ထည်ဆိုးဆေး လုပ်ငန်းရှင်များအား ရေဆိုးသန့်စင်သည့် နည်းစနစ်များကို ဩဂုတ်လနောက်ဆုံးထား၍ အသုံးပြုရန် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်မှ စက်ရက်ကန်းလုပ်ငန်းများနှင့် ချည်ထည်ဆိုးဆေးလုပ်ငန်းများသည် ရေဆိုးများကို မသန့်စင်ဘဲ ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ပစ်ခြင်းမှာ မိရိုးဖလာဖြစ်နေသည်။ထို့ကြောင့်ယခုနှစ်မေလမှ ဇူလိုင်အထိ သုံးလအတွင်း ရေဆိုးသန့်စင်သည့် နည်းပညာများ ပြောင်းလဲအသုံးပြုရန် အသိပေးထားပြီး ညွှန်ကြားချက်များကို လုပ်ငန်းရှင်များ လိုက်နာမှုရှိ၊ မရှိကိုလည်း ဩဂုတ်အတွင်း ပြန်လည်စစ်ဆေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ သတင်းရရှိသည်။

တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းဝတ်ဆင်ရန်လုံချည်များထုတ်လုပ်နေသည့် ဝမ်းတွင်းမြို့မှာ ဆိုးဆေးရေ စွန့်ပစ်မှုအများဆုံးဖြစ်နေသောကြောင့် တာဝန်ရှိသူများ ကိုယ်တိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ယခုကဲ့သို့ ပြုလုပ်ပေးနေရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်အောင်မိုးက ပြောသည်။

"အထည်လုပ်ငန်းတွေစလုပ်ကတည်းက ဘာမှမသန့်စင်ဘဲ ဒီအတိုင်းပစ်လာတာ အခုအချိန်ထိပဲ အနားက ဝမ်းတွင်းဆည်ဆို ဘယ်လိုမှ မကောင်းတော့ဘူး။ အနံ့အသက်ရော ရေတွေရော" ၎င်းက ပြောသည်။

ချည်ဆိုးဆေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများ သန့်စင်ရမည့် နည်းလမ်းသုံး ခုကို ဦးစီးဌာနက ပြသထားပြီး နှစ်သက်ရာနည်းလမ်းများဖြင့် လုပ်ကိုင်ခွင့်ပေးထားကြောင်း ယင်းနည်းလမ်းသုံးခုမဟုတ်ဘဲ မြန်မာနည်းပညာများဖြစ်သော သဲကန်များ၊ ကျောက်မီးသွေးကန်များထားရှိ၍ သန့်စင်သည့်နည်းများကိုလည်း အသုံးပြုနိုင်ကြောင်း ဦးစီးဌာန၏ ရည်ရွယ်ချက်မှာ ရေဆိုးများ ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ပစ်မှု မရှိစေရေးပင်ဖြစ်ကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ သတင်းရရှိသည်။

ဝမ်းတွင်းမြို့နယ်ရှိ ချည်ဆိုးဆေး လုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ် လိုက်နာမှုရှိ၊ မရှိစောင့်ကြည့်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စက်ရက်ကန်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် စည်ပင်သာယာမှ တာဝန်ရှိသူများပါဝင်သည့် စောင့်ကြပ်ကြည့်ရှုရေး အဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ယင်းဌာနမှ သတင်းရရှိသည်။

အမရပူရမြို့၊ တောင်သမန်အင်းပတ်ဝန်းကျင်ဒေသတွင်လည်း ဆိုးဆေးရေများကို သန့်စင်ခြင်း မရှိဘဲ စွန့်ပစ်လျက်ရှိသည်။



ဇင်ရွှေးပင်စိုက်ခင်းတစ်ခင်းကိုတွေ့ရစဉ်

ဓာတ်ပုံ – မျိုးမင်းဦး

# တိုင်းရင်းဆေးဖော်ရန် အဝယ်လိုက်သဖြင့် ဇင်ရွှေးပင်စိုက်သူများလာ

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၁၁**

တိုင်းရင်းဆေးဝါးဖော်စပ်ရန်ဟုဆိုကာ ဇင်ရွှေးအရွက်ခြောက်များကို တရုတ်နိုင်ငံမှ အဝယ်လိုက်နေသဖြင့် ဈေးကောင်းရကာ ဇင်ရွှေးပင်စိုက်ပျိုးသူပိုများလာကြောင်း အရာတော်မြို့နယ် ကံသာရွာမှ ဒေသခံများကပြောသည်။

တရုတ်နိုင်ငံသို့ မန္တလေးဈေးကွက်မှတစ်ဆင့်တင်ပို့နေသဖြင့် ဇင်ရွှေးရွက်ခြောက်တစ်ပိဿာလျှင် ကျပ် ၃၅၀၀ အထိဈေးပေးဝယ်ယူလျက်ရှိသည်။ ထိုသို့ အဝယ်လိုက်သဖြင့် အရာတော်မြို့နယ် ကံသာကျေးရွာတွင် ဇင်ရွှေးပင်စိုက်ဧက လေးထောင်ကျော်အထိရှိလာပြီဖြစ်ကြောင်း ဒေသခံတောင်သူများကပြောကြားသည်။

"အရင်တုန်းက ဇင်ရွှေးပင်ကအလေ့ကျပေါက်တဲ့အပင်ပါ။ ဒီဒေသမှာနွယ်ဆွဲပင်လို့လည်းခေါ်တယ်"ဟု ဇင်ရွှေးစိုက်တောင်သူ ဦးပြည်ငြိမ်းကပြောသည်။

ဇင်ရွှေးပင်ကို ဇူလိုင်လတွင် စတင်စိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်စိုက်ရကာ ၁၀ လ ကြာလျှင် အရွက်ခူးဆွတ်နိုင်သည်။

"ဈေးမကောင်းတဲ့နှစ်တွေမှာ တစ်ဧက ၁၀ သိန်းဝန်းကျင်ရတယ်။ ဈေးကောင်းရင် ၁၅ သိန်းအထိရတယ်"ဟု ဇင်ရွှေးစိုက်တောင်သူတစ်ဦးကပြောသည်။

ဇင်ရွှေးပင်စိုက်ဧကတစ်ဧကလျှင် ဇင်ရွှေးရွက်ခြောက်ပိဿာလေးရာထွက်ရှိပြီး တစ်နှစ်လျှင် သုံးကြိမ်ရိတ်ရသည်။ ဇင်ရွှေးရွက်များကိုမန္တလေးမှကုန်သည်များကရွာများအထိဆင်း၍ ဈေးကောင်းပေးဝယ်ယူလျက်ရှိသည်။

အရာတော်မြို့နယ်အတွင်း တောင်တန်းများတွင် အလေ့ကျပေါက်သော နွယ်ပင်တစ်မျိုးဖြစ်သည့် ဇင်ရွှေးပင်အရွက်များသည် လွန်ခဲ့သောရှစ်နှစ်ကပင် ဈေးကွက်ရှိခဲ့ပြီး ယခုနှစ်များတွင် ဈေးကောင်းပေးဝယ်ယူလာခြင်းဖြစ်သည်။ ထိုသို့ဝယ်လိုအားရှိလာသဖြင့် ယာမြေများတွင် စမ်းသပ်စိုက်ပျိုးခဲ့ရာမှ စိုက်ဧကများပြားလာခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# ထားဝယ်နှင့် မြိတ်မှ သ/မအသင်းသားများအား ချေးမည်

**စိုးမိုးအောင်**

**ထားဝယ်၊ မေ- ၁၀**

မိုးရာသီစိုက်ပျိုးစရိတ်အတွက် ထားဝယ်နှင့် မြိတ်ခရိုင်အတွင်းရှိ သမဝါယမအသင်းသားများအား ချေးငွေများနှင့် လယ်ယာသုံးပစ္စည်းများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တရုတ်နိုင်ငံ ပို့ကုန်နှင့် သွင်းကုန်ဘဏ်(Exim)မှ ရရှိသော ချေးငွေများဖြင့် တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ်နှင့် မြိတ်ခရိုင်အတွင်းရှိသမဝါယမအသင်းသားများအား မိုးရာသီစိုက်ပျိုစရိတ်များနှင့် လယ်ယာသုံးပစ္စည်းများ ပံ့ပိုး ပေးသွားမည်ဖြစ်ကြောင်း သမဝါယမပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကပြောကြားသည်။

မေလ ၁၁ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းချေးငွေများဖြင့် ဆောင်းရာသီသီးနှံများအတွက် ချေးငွေ ၁၁၅ သန်းကျော်နှင့် ပံ့ပိုးငွေ ၁၁၀ သန်းကျော်ပံ့ပိုးပေးခဲ့ပြီး ယခုမိုးရာသီစိုက်ပျိုးစရိတ်အတွက် ထားဝယ်နှင့် မြိတ်ခရိုင်အတွင်းမှ သမဝါယမအသင်း ၃၆ သင်းမှ အသင်းသားများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ယင်းသို့ထုတ်ချေးရာတွင် အသင်းသား ၂၁၁၂ ဦး၏ စိုက်ပျိုးဧက ၁၁၀၅၃ ဒသမ ၉ ဧကအတွက် ကျပ်သန်းပေါင်း ၂၁၁ ဒသမ ၂ သန်းနှင့် ပံ့ပိုးငွေ ၂၀၀ ဒသမ ၇၁၂ သန်းဖြင့်လည်းကောင်း၊ သမဝါယမအသင်းမှ တစ်ဘီးတပ်ထွန်စက်၊ ရေစုပ်စက်၊ ထိုင်စက်၊ ထွန်စက် (JN အစုံ) အပါအဝင် လယ်ယာသုံးစက်ပစ္စည်းများ၊ အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်များအပါအဝင် စီးပွားရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို အရစ်ကျရောင်းချပေးသွားမည်ဖြစ်သည်။


သမဝါယမအသင်းအနေဖြင့် လယ်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်မြှင့်တင်ခြင်း၊ ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်အောင် ဆောင်ရွက်စေပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်အောင် တိုးမြှင့်နိုင်ရေးအတွက် ယခင်နှစ်များက အသင်းသားတစ်ဦးအား တစ်သိန်းနှုန်းဖြင့် ချေးငွေများ ချထားပေးပြီး ယခုနှစ်စကာ ငါးသိန်းနှုန်းဖြင့် ချေးပေးရန် စီစဉ်နေသည်။ အမှန်တကယ်လိုအပ်နေသော ဒေသခံများ လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်သတ်မှတ်ထားသည်ထက် ချေးပေးသွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ချေးငွေများကို ယခင်က ဝန်ဆောင်စရိတ်(အတိုး)နှစ်ကျပ်ခွဲနှုန်းဖြင့် ချေးပေးထားပြီး ယခုအခါ တစ်ကျပ်ခွဲနှုန်းဖြင့် ချေးပေးမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး သမဝါယမအသင်းက ကျေးရွာပေါင်း နှစ်သောင်းကျော်အား ချေးငွေများ အကူအညီပေးနေကြောင်း သိရသည်။

# ဈေးကွက်ကောင်းလာသဖြင့် ပြောင်းဖူးခက်ခွာသူများရှိလာ

**မျိုးမင်းဦး**

**ရန်ကုန်၊ မေ-၁၀**



ဓာတ်ပုံ – မျိုးမင်းဦး

ဆေးလိပ်လုပ်ငန်းများမှ ပြောင်းဖူးဖက်ဝယ်လိုအား မြင့်တက်လာသဖြင့် ဈေးကွက်အနေအထားအရ ပြောင်းဖူးဖက် တစ်ပိဿာလျှင် ကျပ် ၅၀ အထိ မြင့်တက်လာသဖြင့် ပြောင်းဖူးဖက်ခွာသူများရှိလာကြောင်း ချင်းတွင်းရေဝင်ဒေသ ပြောင်းဖူးစိုက် တောင်သူများက ပြောသည်။

"ဒီရက်ပိုင်းပြောင်းဖူးဖက်ဝယ်လိုအားရှိတဲ့အတွက် ပြောင်းဖူးဖက်ခွာသူတွေ ရှိလာတာ။ ပြောင်းဖူးဖက်ခွာတဲ့ သူတွေရှိတော့ ပြောင်းဖူးစိုက်တောင်သူတွေဖက်ခွာခသက်သာလာပြီ" ဟု မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ ပြောင်းဖူးစိုက်တောင်သူ ဦးမောင်တာလေးကပြောသည်။

"စောစောပိုင်းက ပြောင်းဖူးဖက်ဝယ်လက်မရှိလို့ ဖက်မခွာကြဘူး။ အဲဒီအချိန်တုန်းက ပြောင်းဖူးဖက်တစ်ပိဿာ ကျပ်သုံးရာပဲရှိတယ်။ အခုပြောင်းဖူးဖက်ဝယ်လိုအားရှိလာတော့ တစ်ပိဿာကျပ်ငါးရာဝန်းကျင်အထိ ဝယ်တယ်" ဟု မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသ ပြောင်းဖူးဖက်ခွာသူတစ်ဦးကပြောသည်။

ချင်းတွင်းရေဝင်ဒေသတွင် အများဆုံးစိုက်ပျိုးသော ကြက်စာပြောင်းဖူးစိုက်ပျိုးရေးလုပ်ငန်းများတွင် ပြီးခဲ့သည့် ဧပြီလဆန်းပိုင်း၌ ပြောင်းဖူးဖက်ဝယ်ယူသူမရှိသဖြင့် ပြောင်းဖူးအစေ့ထုတ်စက်ဖြင့် ခြွေလှေ့ရာတွင် ဖက်ခွာပြီး ပြောင်းဖူးတင်းတစ်ရာလျှင် စက်ခြွေခတစ်တင်းနှုန်း၊ ဖက်မခွာရသေးသော ပြောင်းဖူးတင်းတစ်ရာလျှင် သုံးတင်းနှုန်းအထိ ပေးရသည်။ ဖက်ခွာသူမရှိချိန်တွင် ဖက်ခွာသူတစ်ဦးလျှင် တစ်ရက် ကျပ်သုံးထောင်ဝန်းကျင်အထိ လုပ်အားခပေးရကြောင်း သိရှိရသည်။ မေလဆန်းတွင် ပြောင်းဖူးဖက်ဝယ် ယူသူများကြောင့် ပြောင်းဖူးဖက်ခွာယူသူများပြားခဲ့သည့်နောက်ပိုင်း ပြောင်းဖူးဖက်ခွာခကုန်ကျစရိတ်သက်သာရကြောင်း သိရှိရသည်။


## ဝန်ထမ်းအလိုရှိသည်

INFORMATION MATRIX Co., Ltd မှ ထုတ်ဝေသော မြန်မာ People မဂ္ဂဇင်းတွင် တာဝန်ထမ်းဆောင်ရန် ရိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

- **Marketing Executive** မ (၄) ဦး
  - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။
  - သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
  - ရုပ်ရည်အသင့်အတင့် ရှိရမည်။
  - ကွန်ပျူတာ အသုံးပြုနိုင်သူဖြစ်ပြီး အင်္ဂလိပ်စာပြောဆိုနိုင်ရမည်။
  - ဈေးကွက်ရှာဖွေရေးအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိပြီး Target ပြည့်မီအောင်လုပ်ဆောင်နိုင်ရမည်။
- **Assitant Editor(အလုပ်သင်)** မ (၂) ဦး
  - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ပြီး အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။
  - သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။
  - ရုပ်ရည်အသင့်အတင့် ရှိရမည်။
  - ကွန်ပျူတာအသုံးပြုနိုင်သူဖြစ်ပြီး အင်္ဂလိပ်စာပြောဆိုနိုင်ရမည်။
  - အလှအပနှင့် ဖက်ရှင်ပိုင်းဆိုင်ရာများကို စိတ်ပါဝင်စားသူဖြစ်ရမည်။
  - စာရေးသားခြင်းကို ဝါသနာပါသူဖြစ်ရမည်။
- **Graphic Designer** ကျား (၁) ဦး
  - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။
  - သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
  - ရုပ်ရည်အသင့်အတင့် ရှိရမည်။
  - ကွန်ပျူတာအသုံးပြုနိုင်သူဖြစ်ပြီး အင်္ဂလိပ်စာပြောဆိုနိုင်ရမည်။
  - Adobe InDesign နှင့် Photoshop ကိုကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
  - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
  - ပြုလုပ်ထားသောဒီဇိုင်းနမူနာများ ပူးတွဲတင်ပြရမည်။

အထက်ပါရာထူးများ အတွက် အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်ခေါင်းစာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (30.5.14) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ပထမထပ် ၊ တိုက် (E)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၅၁၂၈၈၇, ၅၁၃၅၁၅~၅၁၉ဖက်(စ်) - ၅၁၃၅၁၉ Email: marketing@informationmationmatrix.com



## UD Group
## ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900



## အပုရိုန်အညွန်းကိန်းများ မြင့်တက်နေချိန်တွင် အပြင်မထွက်လိုပါက ခိုင်ခိုင်ကျော် ထမင်းဗူး/ထမင်းချိုင့် များကို မှာယူသုံးဆောင်နိုင်ပါပြီ။




ခိုင်ခိုင်ကျော်
မြန်မာထမင်းဆိုင် နှင့် ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဧဘာတ်ဘော၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen၊ ရန်ကုန်တက္ကသိုလ် ။
ကျိုက်ထိုဆိုင်ခွဲ - ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း၊ မိုင်တိုင် (၁၀၆)မိုင် (၅)ဖာလုံ၊ အေးရိပ်မြိုင်ရပ်။

# အဆိပ်သင့် ချောင်း၊ ပြုန်းတီးနေသော သယံဇာတ

**မရန်**



*ကော်ဖီရောင် ချောင်းရေထနေသော ငေါ်ချန်းခချောင်းကို တွေ့ ရစဉ်* ဓာတ်ပုံ – မရန်

ရွာနှင့်တစ်ဖက်ကမ်းရှိ ကုန်းမြင့်မြင့်ကို ဆက်သွယ်ထားသော ခနော်နီခနော်နဲ့ ဝါးတံတားပေါ်တွင်ဓားကိုစလွယ်သိုင်းလွယ်ထားသော အသက် (၇၀)အရွယ် အဘိုးအိုတစ်ဦး ဖြတ်လျှောက်လာနေသည်။

ဝါးတံတားအလယ်သို့ အရောက်တွင် ခေတ္တမှုရပ်တန့်လိုက်ကာ တံတားအောက်တွင် တသွင်သွင်စီးဆင်းနေသောကော်ဖီရောင်ပေါက်ကာ နောက်ကျိနေသည့် ချောင်းရေကို ငေးစိုက်ကြည့်နေရာမှ တစ်စုံတစ်ခုကိုလွမ်းဆွတ်သွားလေဟန်တွေတွေငေးငေးဖြစ်သွားသည်။

သူ၏နှုတ်မှ ရေရွတ်လိုက်သည်မှာ "ဒီချောင်းရေအခုညစ်ပတ်နေတာ ရှစ်နှစ်လောက်ရှိပြီ။ အရင်ကဆို အဘိုးတို့တစ်ရွာလုံး ဒီရေပဲ ခပ်သောက်ကြတာ"ဟုဖြစ်သည်။

ထိုချောင်းအနီးတွင် ကချင်မျိုးနွယ်စုတစ်စုဖြစ်သော ငေါ့ချန်းလူမျိုးများနေထိုင်ပြီး ငေါ့ချန်းဒေသအထက်ပိုင်းမှ မြစ်ဖျားခံကာ အင်မိုင်ခမြစ်အတွင်းစီးဝင်သွားသဖြင့် ငေါ့ချန်းခချောင်းဟုခေါ်တွင်သည်။

လွန်ခဲ့သော ရှစ်နှစ်ခန့်မှ စတင်ကာ ထိုနယ်တစ်ဝိုက်တွင် ပေါ်ပေါက်လာခဲ့သော သတ္တုတူးဖော်ရေးလုပ်ငန်းများက ကချင်ပြည်နယ်အတွင်းရှိအဘိုးအိုတို့ရွာနှင့် ဆော့လော်ဒေသတစ်ဝိုက်မှ ချောင်းများကိုနောက်ကျိသွားစေခဲ့ရုံမျှမက ပတ်ဝန်းကျင်တစ်ခွင်လည်းညစ်ညမ်းသွားခဲ့သည်။

ကချင်ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခုခုန်တိန့်ယိန်းအပါအဝင် အခြားသော လုပ်ငန်းရှင်များက ထိုဒေသတွင် သတ္တုတူးဖော်ရန်အတွက် မျက်စိကျလာခဲ့ရာမှစတင်ကာ ထိုဒေသတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများက မဖိတ်ခေါ်ဘဲရောက်ရှိလာခဲ့သည်။

"အရင်က အဘိုးတို့ရွာမှာ ပွဲလမ်းသဘင်ဆုတောင်းပွဲတွေမှာ ကျွေးဖို့ငါး ဒီချောင်းကဖမ်းပြီးပဲ ကျွေးကြတာ။ အခုတော့ သတ္တုဒဏ်ခံနိုင်တဲ့ငါးတစ်မျိုးပဲရှိတော့တယ်"ဟု ထိုအဘိုးအိုက သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချရင်းပြောပြနေသည်။

ငေါ့ချန်းခချောင်းသည် အနီးတွင်မှီတင်းနေထိုင်သောအဘိုးတို့လိုဒေသခံများအတွက် အသက်သွေးကြောတစ်ခုဖြစ်သည်။ ထိုချောင်းရေကိုသောက်သည်။ သုံးသည်။ ဟင်းစားလိုလာလျှင် ငါးဆင်းဖမ်းသည်။ ယခင်က ထိုချောင်းသည် ဒေသခံများအတွက် သဘာဝကပေးသောလက်ဆောင်မွန်ဖြစ်ခဲ့ပြီး ယခုတော့ အဆိပ်အတောက်များစီးဆင်းရာအဖြစ်သို့ ပြောင်းလဲသွားလေပြီ။

ငေါ့ချန်းခချောင်းရေသောက်သုံးမိသည့်ကျွဲ၊ နွားများဝမ်းပျက်ပြီး အကောင်နှစ်ရာကျော်သေဆုံးခဲ့ဖူးကြောင်းလည်းဒေသခံများကပြောသည်။ မသေသည့်ကျွဲ၊ နွားများသည်လည်း ထိုရေ သောက်ပြီး ဖွံ့ထွားမလာဘဲ ပိန်လှီ သွားကြသည်ဟု ဒေသခံများကပြောကြသည်။

"သတ္တုအညစ်အကြေးကို ငေါ့ချန်ခမှာ ဆေးတယ်ဆိုတော့ တစ်နိုင်ငံလုံးကို အဆိပ်ခတ်နေတာပဲ။ ငေါ့ချန်းခက အင်မိုင်ခကို ဆင်းတယ်။ အင်မိုင်ခက ဧရာဝတီမြစ်ကို ဆင်းတယ်"ဟု မြစ်ကြီးနားမြို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်ဆရာဦးလဆီဘောက်ကပြောသည်။

ငေါ့ချန်းခချောင်း ယခင်လိုပြန်လည်သန့်ရှင်းအောင် လုပ်ဆောင်ပေးရန် ဒေသခံများက ကချင်အထူးဒေသ(၁) ဒုဥက္ကဋ္ဌ ဦးဂူလောင်ဟောင်းခေါင်နှင့် ဆော့လော်မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ စာဖြင့်၊ နှုတ်ဖြင့် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဘာမှ အကြောင်း ထူးမလာခဲ့ပေ။

"ငေါ့ချန်းခညစ်ပတ်တာက အခြားကုမ္ပဏီတွေကြောင့်ဟုတ်တယ်။ ကျွန်တော်တို့ ကုမ္ပဏီက အဲဒီထဲမှာမဆေးတော့ဘူး။ အခြားကုမ္ပဏီတွေကိုလည်း ဒီငေါ့ချန်းခမှာမဆေးဖို့ သတိပေးပြီးသားဖြစ်တယ်"ဟု ပြည်နယ်လွှတ်တော် အမတ် ဦးဇခုန်ယိန်းဆောင်က ပြောသည်။

ထိုသို့သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဒဏ်ခံနေရသော ငေါ်ချန်းခအတွက် ပြဿနာ အသစ်တစ်ခုထပ်မံပေါ်လာပြန်ပါသည်။ ထိုချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းလုပ်ရန်ကုမ္ပဏီတစ်ခုက ပြင်ဆင်နေခြင်းဖြစ်သည်။ထိုသို့တည်ဆောက်မည်ကို ဒေသခံများက စိုးရိမ်ပူပန်ပြီး မည်သူမျှမလိုလားကြပေ။ ငေါ့ချန်းခအား ဒီထက်ပိုပြီး မဆုံးရှုံးလိုတော့သည့်အတွက် အားလုံးဝိုင်းကန့်ကွက်နေကြသည်။

ကချင်အထူးဒေသ (၁)နယ်မြေတွင် သတ္တုလုပ်ငန်းများကို ဒေသရှိလက်တစ်ဆုပ်စာလုပ်ငန်းရှင်များနှင့် တရုတ်လုပ်ငန်းရှင်များ ပူးပေါင်းကာ ထုတ်လုပ်နေကြခြင်းဖြစ်သည်။ ဒေသခံများအတွက် အကျိုးခံစားခွင့်ကတော့ နတ္ထိပင်။

ကချင်အထူးဒေသ (၁)တွင် ချီဖွေမြို့နယ်ခွဲနှင့် ဆော့လော်မြို့နယ်ခွဲတစ်ခွင်တွင် သတ္တုလုပ်ငန်းများကို ဘာဖူးခူးသတ္တု၊ကန်ဖန်သတ္တု၊ လယန်(ထယ်ဟောင်)သတ္တု၊ မူဟောင်သတ္တု၊ လုံနော်ဂျန်(ဖီမော်) သတ္တုနှင့် အမှတ်(၆) သတ္တုစသည် သတ္တုလုပ်ကွက်ခြောက်ခုဖြင့် လုပ်ကိုင်နေကြောင်းလည်း သတ္တုလုပ်ငန်းတွင်အလုပ်လုပ်ကိုင်ဖူးသူ ဒေသခံတစ်ဦးက ဆိုသည်။

သတ္တုတူးဖော်ရေးနှင့် ပတ်သက်၍လည်း ဦးဇခုန်ယိန်းဆောင်က အောက်ပါအတိုင်း ပြောသည်။

"သတ္တုတူးတဲ့ကုမ္ပဏီ (၅)ခုလောက်တော့ရှိတယ်။ ကျွန်တော်တို့ဆန်းလင်းကုမ္ပဏီအပါအဝင် ကုမ္ပဏီသုံးခုလောက်က သတ္တုတွင်းဝန်ကြီးဌာနက တရားဝင်ထုတ်လုပ်ခွင့်နဲ့ လုပ်နေတာဟုတ်တယ်။ တချို့ကုမ္ပဏီတော့ ကျွန်တော်မသိဘူး။ ကျွန်တော်တို့ကုမ္ပဏီ ကျွန်တော်အာမခံရဲတယ်"

မူဟောင်သတ္တုတွင်းသည် အလွန် တန်ဖိုးရှိသည့်အတွက် အလုပ်သမားများ၏အိတ်ထောင်များတွင် ထိုမူဟောင်းစ တွေ့ရှိပါက ကုမ္ပဏီ၏အရေးယူ အပြစ်ပေးခြင်းခံရသည်များရှိကြောင်း ဒေသခံတစ်ဦးကရှင်းပြသည်။

"တကယ်ဆိုရင် EITI နဲ့ သွားရမှာ။ အခုသူတို့ လုပ်စားနိုင်တဲ့ သူတွေပဲ လုပ်စားနေကြတော့ EIA (environmental impact asses–sment)လည်းမရှိဘူး။ နောက် EIA (environmental impact asses–sment) တွေလည်း မရှိတော့ အခုလိုဖြစ်နေကြတာ။ ဥပဒေစိုးမိုးရေး မရှိရင်တော့ မလွယ်ပါဘူး"ဟု ဦးလဆီဘောက်ကဆက်ပြောသည်။

သတ္တုများကို သယ်ယူနေသည့် ဆယ်ဘီးကား၊ ဆယ့်နှစ်ဘီးကားများသည် လွန်ခဲ့သည့် ရှစ်နှစ်လောက်ကပင် သတ္တုတူးဖော်သည့်နေရာများမှ တရုတ်ပြည်နယ်စပ်စကျီမြို့ဘက်သို့ နေ့စဉ်ကားအစီးရေရာနှင့်ချီကာ ဖြတ်သန်းသွားလာလျက်ရှိကြသည်။

"လမ်းကကျဉ်း သတ္တုကား၊ သစ်ကားကများတော့ ဒီလမ်းမှာ ခဏခဏယာဉ်တိုက်မှုဖြစ်တယ်။ အန္တရာယ် အရမ်းများတယ်" ဟု ဆော့လော်မြို့ကချင်နှစ်ခြင်း အသင်းတော်မှ ဘာသာရေးဆရာ ဆရာဒိန်က ရှင်းပြသည်။

ထိုသို့ သတ္တုများတင်ဆောင်ထားသည့် ကားများတဝေါဝေါ ဖြတ်သန်းသွားလာနေသလို ကချင်အထူးဒေသ(၁)မှ သစ်များကို သစ်တင်ကားများဖြင့် နယ်စပ်မျဉ်းကိုဖြတ်ကျော်ကာ တရုတ်နိုင်ငံအတွင်းသို့ တင်ပို့နေကြသည်မှာလည်း ထိုဒေသတွင် မဆန်းတော့သည့် မြင်ကွင်းပင်ဖြစ်သည်။

သတ္တုလုပ်ငန်းများနှင့် သစ်လုပ်ငန်းများကို ကာကွယ်ပေးရန် ဒေသခံများ တာဝန်မထမ်းမနေရ စနစ်ဖြင့် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းထားသည်။ ထိုသို့အမျိုးသားများပြည်သူ့စစ်အဖွဲ့တွင်အမှုထမ်းနေရသည့်အတွက် မိသားစုစားဝတ်နေရေး၊ ပညာရေးတို့တွင် များစွာအခက်အခဲများကြုံတွေ့နေကြရသည်ဟုဒေသခံများက ညည်းတွားကြသည်။

ထိုဒေသတွင် အစိုးရတပ်မတော်၊ ကေအိုင်အေ၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် စသည့်လက်နက်ကိုင်တပ်ဖွဲ့များ ခြေရှုပ်နေကြသည့်အတွက်လည်း ဒေသခံများ မလုံခြုံသကဲ့သို့ ခံစားရကြောင်းလည်း ဒေသခံများကရင်ဖွင့်သည်။

ထိုသို့လက်နက်ကိုင်တပ်ဖွဲ့များနေပြီး ဒေသတွင်း မတည်ငြိမ်မှုမှာ ထိုဒေသရှိ သယံဇာတများ မြန်မြန်ဆန်ဆန်ပြုန်းတီးလာခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ ယခုဒေသကဲ့သို့ပင် မတည်ငြိမ်သော မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများတွင် သယံဇာတပြုန်းတီးမှုများ ပိုတွေ့ရသည်။

ဦးစခုန်တိန့်ယိန်း၏ NDAK သည် ငြိမ်းချမ်းရေးယူပြီး ၁၉၈၃ခုနှစ်မှ စတင်ကာသစ်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်းအမည်မဖော်လိုသည့် NDAK ဗိုလ်မှူးဟောင်းတစ်ဦးက ပြောကြားသည်။

"အရင်ကတော့ အကောင်းယူတယ်။ အခုက ကျန်တဲ့သစ်အမြစ်ကအစယူတယ်။ သစ်ထုတ်တာ အခုနဲ့ဆို သုံးချီလောက်ရှိပြီ" ဟု NDAK ဗိုလ်မှူးဟောင်းက အိမ်ရှေ့မှ ဖြတ်သွားသည့် သစ်ကားကို ငေးမောရင်းပြောကြားသည်။

ထိုဒေသမှ သစ်ပင်ကြီးငယ်များအပြင် သစ်ပင်ကို အမြစ်မှပင်တူးကော်ကာ သစ်တင်ကားကြီးများဖြင့် တရုတ်နိုင်ငံသို့နေ့စဉ် တင်ပို့နေကြသည်ကို ထိုဒေသရှိ ဒေသခံများက ရင်နာစွာဖြင့်နေ့စဉ် လက်ပိုက်ကြည့်နေရသည်။ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များနှင့် လက်တစ်ဆုပ်စာ လုပ်ငန်းရှင်များက ထင်တိုင်း လုပ်ဆောင်နေကြသဖြင့် မည်သူမျှမတားဆီးဝံ့ကြပေ။

"သစ်တော့ ဒီအတိုင်းဝင်ခုတ်နေကြတာပဲ။ တရုတ်လည်း ဝင်ခုတ်တယ်။ ဒေသခံတွေလည်း ဒီအတိုင်းပဲ ခုတ်ပြီးရောင်းနေကြတာပဲလေ။ သစ်ခုတ်နေတဲ့လူတွေကို သွားမေးရင်တော့ရမှာပါ။ အရင်ကတော့ ကျွန်တော်တို့အဖွဲ့အစည်းကလုပ်တယ်။ အခုတော့ မလုပ်တော့ဘူး" ဟု ဦးဇခုန်ယိန်းဆောင် ကပြောသည်။

တရုတ်နိုင်ငံဘက်သို့ရောက်ရှိသွားသည့် သစ်မြစ်မှာ တိရစ္ဆာန်ပုံရုပ်ထွင်းနှင့် စားပွဲများအသွင်ပြောင်းသွားပြီးအမျိုးအစားကောင်းသစ်များကို သုံးထပ်သား၊ ငါးထပ်သားများပြုလုပ်ကာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနှံ့သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်းဒေသခံလုပ်ငန်းရှင်များကပြောသည်။

တရုတ်ပြည်နယ်စပ်မြို့ဖြစ်သော စကျီမြို့နှင့် ဂယုန်းမြို့များသို့ သွားရောက်လည်ပတ်ကြည့်မည်ဆိုလျှင် ကချင်ပြည်နယ်မှ ရောက်လာသောသစ်ပင်အမျိုးမျိုးကို ပရိဘောဂများပြုလုပ်သည့် လုပ်ငန်းများကိုသာအဓိကစီးပွားရေးလုပ်ငန်းများအဖြစ်လုပ်ကိုင်နေကြကြောင်းတွေ့ရပေမည်။

ထိုမြို့များတွင် ကချင်ပြည်နယ်မှ သစ်ပုံများ အမြစ်မှစ အပင်ထိပ်အထိ နေရာတကာတွေ့မြင်ရသည်။

ထိုဒေသမှ သတ္တုနှင့်သစ်များကိုထုတ်ယူကာ တရုတ်နိုင်ငံသို့ ရောင်းစားနေသူလူတစ်စုသာ ဓနဥစ္စာများတိုးပွားသွားသော်လည်း ဒေသခံများ၏ ဘဝများမှာဆယ်စုနှစ် တစ်ခုနီးပါးကြာသည့်တိုင် ပြောင်းလဲမှုမရှိပေ။

ပြောင်းလဲလာသည်များတော့ ရှိပါသည်။ သူတို့ပတ်ဝန်းကျင်မှ တောင်များကတုံးဖြစ်လာပြီးတောများပြုန်းကာ ချောင်းများ သုံးမရတော့သည်မှာ သူတို့ နောက်ဆုံးရလိုက်သည်များဖြစ်သည်။

**စာမျက်နှာ(၁၄) သို့**

စာမျက်နှာ ၃ မှ

## ဈေးအကြီးဆုံးနှင့် ရောင်းကောင်းနေသော ကားသစ်များ

ဆုံးအော်ဒါမှာယူနေသည့်ကားမှာ မာစီဒီးဘင့်ဇ် E-Class ပင်ဖြစ်သည်။ ရန်ကုန်အရောင်းပြခန်းတွင် အစီးရေ အနည်းငယ်သာ ထားရှိပြီး ဝယ်ယူလိုရှိ မှာယူပါက လအနည်းငယ်စောင့်ဆိုင်းရသည်ဟု မာစီဒီးဘင့်ဇ်အရောင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုအောင်သက်လွင်က ပြောသည်။

အင်ဂျင်ပါဝါကြီးပြီး မာစီဒီးပရိသတ်တိုင်း ကြိုက်နှစ်သက်ခဲ့သည့် ဇိမ်ခံအမျိုးအစား E-class မှာ တန်ဖိုးအားဖြင့် ကျပ်သိန်း ၁,၁၀၀ ကျော်ရှိပြီး ရန်ကုန်တွင် မိတ်ဆက်ပွဲ စတင်ပြုလုပ်ခဲ့စဉ်က စပြီး ဂျာမနီသို့ အမှာများခဲ့သည့် ကားအမျိုးအစားလည်းဖြစ်သည်။

**ရန်ကုန်တွင် ဈေးအကြီးဆုံးဇိမ်ခံကား**

လူလတ်တန်းစားများနှင့် အခြေခံလူတန်းစားတို့အတွက် အလှမ်းဝေးလွန်းပြီး ငွေကြေးတတ်နိုင်သူ အနည်းငယ်သာစီးနိုင်မည့် နောက်ကား အမျိုးအစား မာစီဒီးဘင့်ဇ်မှာ ကမ္ဘာတွင် မြန်မာကကားအစီးရေရောင်းချခွင့်ဝေစု အနည်းအကျဉ်းသာ ရရှိထားသည့် S-Class ကားအမျိုးအစားဖြစ်သည်။ တန်ဖိုးအားဖြင့် ကျပ်သိန်း ၃,၀၀၀ အထိရှိသည်။ ကမ္ဘာ့ဇိမ်ခံကားဈေးကွက်တွင် S-Class ကားမှာ ရောင်းအားအကောင်းဆုံး နံပါတ် ၃ နေရာချိတ်နေသည်။

ပြီးခဲ့သည့်လက ထိုင်းနိုင်ငံမှ ကမ္ဘာကျော် ကားပြပွဲတစ်ခုတွင် ရောင်းအားစံချိန်တင်ခဲ့သည့် အဆိုပါS-Classမှာကျပ်သိန်း၃,၀၀၀ ကျော် အထိရှိပြီး လတ်တလောတွင် ပြည်တွင်းဇိမ်ခံကားများထဲ၌ ဈေးအကြီးဆုံးဖြစ်သည်။ မြန်မာပြည်မှ နာမည်ကြီး သရုပ်ဆောင် မော်ဒယ်အချို့အစိုးရနှင့် အထက်တန်းလွှာ လူတန်းစားအများစုက စီးနင်းရန် မှာယူထားကြသည်ဟု ဆိုသည်။

**ဈေးအကြီးဆုံးပြိုင်ကား**

ငွေကြေးချမ်းသာသူ သားသမီးများအတွက် အမိုးဖွင့်ပြိုင်ကား လှလှလေးဖြင့် ရန်ကုန်တွင် ဈေးဝယ်ထွက်ရန် အမေရိကန်နိုင်ငံမှ ချက်ဗလက်ကားကုမ္ပဏီကလည်း ရန်ကုန်ကားအရောင်းပြခန်းထဲသို့ ပို့ဆောင်ပေးထားသည်။

ပြိုင်ကား ချစ်သူများတင်မက လူငယ်တိုင်း အငေးသားကြည့်ရှုရသည့် ချက်ဗလက်မှ Corve-tte ပြိုင်ကားမှာ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီ ဖြစ်သည်။ နိုင်ငံတကာ ပြိုင်ကားများတွင် အသုံးပြုထားသည့် ပြိုင်ကား အင်ဂျင်များအတိုင်း မြန်နှုန်းမြင့် အင်ဂျင်များတပ်ဆင်ထားသည်။ ၂၀၁၄ ချက်ဗလက်ထုတ်ပြိုင်ကားများထဲမှ အကောင်းဆုံးဟု ဆိုနိုင်သည်။ 6.8 လီတာသုံး v8 အင်ဂျင်ဖြင့် couple တန်းဝင် လူငယ်ကြိုက် sport အမျိုးအစားဖြစ်သည်။ တန်ဖိုးအားဖြင့် ကျပ်သိန်း ၃၅၀၀ ကျော်ရှိသည်။ ထို့ကြောင့် ရန်ကုန်ကားအရောင်းပြခန်းများတွင် ဈေးအကြီးဆုံး ပြိုင်ကားဖြစ်သည်။

ဇိမ်ခံနှင့် SuV များဖြင့် ကမ္ဘာတွင် နာမည်ကြီးသည့် ချက်ဗလက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းဖြန့်ချိနေသည့် trailblazer ကားအမျိုးအစားသစ်မှာ ပြီးခဲ့သည့်နှစ်က ကီလိုမီတာ ၆၀၀ ကျော်ရှည်လျားသည့် ရန်ကုန်၊ ပုဂံခရီးစဉ်တွင် စတင်မိတ်ဆက်ခဲ့ပြီးနောက် စိတ်ဝင်စားပြီး မှာယူလိုသူအများအပြားလည်း ရှိခဲ့သည်။ တန်ဖိုးအားဖြင့် ကျပ်သိန်း ၇၀၀ ကျော် ရှိသဖြင့် ငွေကြေးတတ်နိုင်သူ လူတန်းစားအများစုအတွက် အိပ်မက်မက်ခွင့်ရှိနိုင်သည့် ကားလည်းဖြစ်သည်။

**သိန်းတစ်ထောင်ကျော်ဖြင့် ဝယ်ယူနိုင်သော လန်ခရူဇာ**

မြန်မာပရိသတ်နှင့် ရင်းနှီးပြီးဖြစ်ကာ တစ်ပတ်ရစ်ဈေးကွက်တွင် ဝေစုအများဆုံးရထားသော ဂျပန်နိုင်ငံမှ နာမည်ကြီး တိုယိုတာကားကုမ္ပဏီက ရန်ကုန်တွင် ယခုနှစ်၌ အရောင်းပြခန်း စတင်ဖွင့်လှစ်ခဲ့သည်။ နှစ်ပေါင်းများစွာ SuV ဘုရင်အဖြစ် နေရာယူလာသည့် လန်ခရူဇာ ၂၀၁၃ ကို ယင်းအရောင်းပြခန်းတွင် စတင်ပြသခဲ့ပြီဖြစ်သည်။

အင်ဂျင်မှာ 5.7 V8 အင်ဂျင်သုံးဖြစ်ပြီး အကြမ်းခံကိုယ်ထည်အဖြစ် ကြာရှည်စီးနင်းနိုင်ပြီး ဇိမ်ခံအဖြစ်ပါ စီးနင်းနိုင်သည့် တိုယိုတာ၏ မူလလက်ဟောင်းပင်ဖြစ်သည်။ ယခင်အစိုးရလက်ထက်က အသစ်စက်စက် မဟုတ်ဘဲ တစ်ပတ်ရစ်ကိုပင် ကျပ်သိန်းသုံးထောင်မှ လေးထောင်အထိ ဝယ်ယူစီးနင်းခဲ့ရသည့်ကားများမှာယခု လန်ခရူဇာ ၂၀၁၃ မှာ ကျပ်သိန်း တစ်ထောင်ဝန်းကျင်ဖြင့်ဝယ်ယူစီးနင်းနိုင်ပြီ ဖြစ်သည်။



KIA sportage *ကားတစ်စီး* ဓာတ်ပုံ - မိုးညို

**ရောင်းကောင်းနေသော ကားများ**

ကမ္ဘာတွင် အနောက်နိုင်ငံများ၏ ဒီဇိုင်းနှင့် လူသုံးများနေသော်လည်း မြန်မာတွင် လူစီးနည်းပါးပြီး ဒီဇိုင်းဆန်းသည့် ကိုရီးယားနိုင်ငံထုတ် KIA ကလည်း ပြီးခဲ့သည့်နှစ်ကစတင်ပြီး ရန်ကုန်တွင် ကားအရောင်းပြခန်း စတင်ဖွင့်လှစ်ခဲ့သည်။

KIA မှ မြန်မာပြည်ဈေးကွက်တွင် လူကြိုက်များပြီး အရောင်းရဆုံးကား ညွှန်ပြပါက KIA မှ sportage ဖြစ်သည်။ တန်ဖိုးအားဖြင့် ကျပ်သိန်း ၄၅၀ ကျော် ရှိပြီး sport type နှင့် suv ပုံစံနှစ်မျိုးအနေအထားဖြင့် ခံစားနိုင်သည့် အင်ဂျင်ပါဝါ ၂၀၀၀ ကျော်ဖြင့် ဒီဇယ်သုံးဖြစ်နေခြင်းက ကိုရီးယားကားများဖြစ်နေခြင်းကို ကားဈေးကွက်ကျွမ်းကျင်သူများ အလွယ်တကူ သိရှိနိုင်မည့် ကားအမျိုးအစားလည်းဖြစ်သည်။

KIA မှာ ကိုရီးယားကား ဒီဇိုင်းဟု လူသိများသော်လည်း ယခု ၂၀၁၄ ဒီဇိုင်းတွင် ဥရောပဇိမ်ခံပုံစံ ခပ်ဆင်ဆင်ဖြင့် ထုတ်လုပ်လိုက်သည့် K9 မှာလည်း ဈေးကွက်တွင် အထိုက်အလျောက်နေရာရနေသည်။ ကျပ်သိန်း ၉၀၀ ကျော်ဖြင့် ရန်ကုန်မြို့အရောင်းပြခန်းတွင်ရရှိနိုင်ပြီး ငွေကြေးတတ်နိုင်သူ လူတန်းစားတစ်ရပ်အတွက် သင့်လျော်သည့် ကားလည်း ဖြစ်သည်။

အင်ဂျင်ပါဝင် ၃၈၀၀ ကျော်ရှိပြီးဥရောပပေါက်ကိုရီးယားနိုင်ငံသို့ ၂၀၁၄ K9 များကိုပင် မှာယူစီးနင်းနေကြကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြရေးသားကြသည်။

ဂျပန်နိုင်ငံတွင် ဒီဇိုင်းဆန်းဆန်းဖြင့် လူငယ်ကြိုက်များ ထုတ်လုပ်လေ့ရှိသည့် မာဇဒါကလည်း ရန်ကုန်တွင် ကားအရောင်းပြခန်းဖွင့်လှစ်ထားပြီဖြစ်သည်။ ယင်းအထဲမှ လတ်တလောလူစိတ်ဝင်စားမှုများသော ကားမှာမူ မာဇဒါ cx9 ပင်ဖြစ်သည်။ sky active နည်းပညာသုံးထားသည့် ယင်းကားမှာ ရန်ကုန်တွင် မာဇဒါ road show ပြုလုပ်ပြီးနောက် ဈေးကွက်အမှာအများဆုံး ရရှိလာသည့် ကားလည်းဖြစ်သည်။

နောက်ဖုံးခန်းကျယ်ဝန်းပြီး SuV နှင့် ဇိမ်ခံဆန်ဆန် ပုံစံဖြင့် ထုတ်လုပ်ထားသည့် မာဇဒါ cx9 မှာ ကျပ်သိန်း ၇၀၀ ကျော်ဖြင့် ၂၀၁၄ မော်ဒယ်ကို ရန်ကုန်အရောင်းပြခန်းတွင် ဝယ်ယူစီးနင်းနိုင်ပြီ ဖြစ်သည်။

မာဇဒါမှ ပြင်သစ်ကားပြပွဲတွင် လူကြိုက်များခဲ့သည့် 6 sedan ကားမှာ ရန်ကုန်ဈေးကွက်တွင် မကြာမီ ရရှိတော့မည်ဖြစ်သည်။ အာရှတွင် စတင်ထုတ်လုပ်စဉ်က ဝယ်လိုအားများခဲ့သည့် ကားမှာ မာဇဒါ၏ တတိယမျိုးဆက်လည်း ဖြစ်လာနိုင်သည်။ အများစု စိတ်ဝင်စားနိုင်သည့် အဆိုပါကားမှာ တန်ဖိုးအားဖြင့် လွန်စွာကြီးမြင့်သောကြောင့် မြန်မာပြည်ဈေးကွက်တွင် မည်သည့်ဈေးနှုန်းဖြင့် ရောင်းချမည်ကို ကုမ္ပဏီက ထုတ်ပြန်ပြောဆိုခြင်း မရှိသေးပေ။

ထို့ကြောင့် ကမ္ဘာတစ်လွှားမှ နာမည်ကြီးကားကုမ္ပဏီများက မြန်မာ့ကားဈေးကွက်သို့ စတင်ဝင်ရောက်စဉ် ဈေးကွက်၏ လိုအပ်ချက်နှင့် နိုင်ငံတကာတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရောင်းချနေသည့် တန်ဖိုးကြီးကားကောင်းများကို မြန်မာပြည်ဈေးကွက်တွင် စတင်မိတ်ဆက် ရောင်းချနေပြီဖြစ်သည်။ ။

စာမျက်နှာ(၁၃) မှ

## အဆိပ်သင့်ချောင်း၊ ပြန်းတီးနေသော သယံဇာတ

"သတ္တုတူးတဲ့ ကုမ္ပဏီငါးခုလောက်တော့ရှိတယ်။ ကျွန်တော်တို့ ဆန်းလင်းကုမ္ပဏီအပါအဝင် ကုမ္ပဏီသုံးခုလောက်က သတ္တုတွင်း ဝန်ကြီးဌာနက တရားဝင်ထုတ်လုပ်ခွင့်နဲ့ လုပ်နေတာဟုတ်တယ်။ တချို့ကုမ္ပဏီတော့ ကျွန်တော်မသိဘူး။ ကျွန်တော်တို့ကုမ္ပဏီ ကျွန်တော်အာမခံရဲတယ်။ ဒေသခံတွေအတွက် နေရာတိုင်းမှာ ကျောင်းဆောက်ပေးထားတယ်။ သူတို့လိုအပ်တဲ့ ရေရရှိဖို့အတွက် လုပ်ဆောင်ပေးထားတယ်။ ဒီအတိုင်းပဲ ဖြတ်သွားပြီးမေးသွားရင်တော့ သိမှာမဟုတ်ဘူး"ဟု ဦးဇခုန်ယိန်းဆောင်ကပြောသည်။

လမ်းပန်းဆက်သွယ်ရေးမှာလည်း ဆိုးရွားလှသဖြင့် ကားပင်သွား၍မရပေ။ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့မှာပင် လိုင်းကားများမရှိပေ။ ဆိုင်ကယ်များသည်သာ သွားလာရေးအတွက် အဓိကယာဉ်များဖြစ်သဖြင့် ကုန်ဈေးနှုန်းမှာလည်း ကြီးမြင့်လွန်းလှသည်။ ထိုဒေသမှ မြစ်ကြီးနားသို့ပင် ရောက်ဖူးသူနည်းပါးလှသည်။

ငေါ့ချန်းခချောင်းကိုဖြတ်ပြီး တစ်ရွာနှင့်တစ်ရွာဆက်သွယ်ထားသည့် ကြိုးတံတားများမရှိသည့်အတွက် သံကြိုးဖြင့်သာ စက်သီးဖြင့် ချိတ်ချိတ်ပြီးကူးနေရသည်။ အန္တရာယ်ရှိမှန်းသိသော်လည်း ရွေးချယ်စရာလမ်းမရှိ၍ ထိုသံကြိုးမှတစ်ဆင့်ဖြတ်ကူးရသည့်အတွက် ဒေသခံများ ပြုတ်ကျသေဆုံးမှုယခုနှစ်အတွင်း သုံးဦးခန့်ရှိပြီဖြစ်ကြောင်း ဆရာဒိန်ကဆိုသည်။

"အရင် သစ်ကောင်းတွေယူတယ်။ အခုက ကျန်တဲ့ဟာတွေပြန်ယူတယ်။ ဒီဒေသအတွက် သူတို့လုပ်ပေးတာ ဘာမှမရှိဘူး။ ဒီလမ်းတောင်သူတို့သစ်ထုတ်ဖို့လုပ်ထားတဲ့ လမ်းဖြစ်တယ်"ဟု NDAK ဗိုလ်မှူးဟောင်းကဆိုသည်။

ဒေသရှိ သယံဇာတများကိုကိုယ်ကျိုးစီးပွားအတွက် ထုတ်ယူခဲ့သဖြင့် ကုန်သလောက်ရှိနေလေပြီ။ ထိုလမ်းအတိုင်းဖြတ်နေသည့် သစ်ကားများ၊ သတ္တုကားများသည် ဒေသခံများနှင့် ဘာမှမဆိုင်။ ထိုင်ကြည့်နေရုံကလွဲပြီး သူတို့လည်းဘာမှမတတ်နိုင်ကြပေ။

လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ဒေသခံများ ဆိုင်ကယ်ဖြင့် သယ်ဆောင်လာပြီးရောင်းကြသည့် ကုန်ပစ္စည်းများကို ဈေးကြီးကြီးဖြင့်ဝယ်ယူသုံးစွဲနေကြရသည်။

"သစ်လည်းကုန်ပြီ။ သတ္တုလည်းကုန်တော့မယ်။ ဒီကရတဲ့ ပိုက်ဆံတွေ ဘယ်ရောက်သွားလဲ ဒေသခံတွေ ဘာတစ်ခုမှမခံစားရဘူး။ ကျောင်းလည်းဆောက်ပေးတာမရှိဘူး။ ကျန်းမာရေးအတွက် လုပ်ပေးတာလည်း မရှိဘူး။ လမ်းလည်း လုပ်ပေးတာမရှိဘူး။ ကျွန်တော်တို့အတွက်တော့ ဆယ်နှစ်ကြာလာ ဒီအတိုင်းပဲ။ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ဖို့တောင်ခက်ခဲလာတယ်"ဟုအဘိုးအိုကဖြတ်လာသည့်ကားများကိုကြည့်ရင်း အသံတုန်ရီစွာဖြင့်သူ၏ ခံစားချက်များကိုဆိုသည်။

သူပြောနေစဉ်မှာပဲ သစ်အမြစ်များနှင့် သစ်လုံးများတင်ထားသည့် ၁၂ဘီးကား သုံးစီးနှင့် သတ္တုတင်ထားသည့် ၁၂ဘီးကား နှစ်စီး ဖြတ်သွားသည်ကို တွေ့ရသည်။

**Contractor ( Civil ) အဖွဲ့များ အလိုရှိသည်**

ရန်ကုန်မြို့အတွင်းတွင်ဆောက်လုပ်ရမည့် အထပ်မြင့် Project များအတွက် အောက်ပါအချက်များနှင့်ကိုက်ညီသော Contractor အဖွဲ့များအား အလိုရှိပါသည်။

(1) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး 5 နှစ်ရှိရမည်။
(2) လေဘာအင်အားအနည်းဆုံး 150 နှင့်အထက်ရှိသည့်အဖွဲ့ ဖြစ်ရမည်။
(3) လုပ်ငန်းသတ်မှတ်ကာလအတိုင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်။
(4) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်ချိန်အား ညှိနှိုင်းသတ်မှတ်ပါမည်။
( လုပ်ငန်းစတင်ဆောင်ရွက်ချိန် 8:00 AM )

ဆက်သွယ်ရန် - Ahlone Tower၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ Ph; 09-49210331

မှတ်ချက် ။ ။ ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်းဆက်သွယ်ပါရန်။

PRIVATE ENGLISH CLASSES
(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)

အသက်(၅)နှစ်မှ (၁၆)နှစ်လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Study Guide
အထူးသင်ကြားပေးသည်။
အချိန်ညှိပေးသည်။
Ph: 09-73126578, 09-5419462,09-421164000

# Education

7 DAY NEWS JOURNAL

Vol.13, No.10 • MAY 14 , 2014


## ဥပဒေများ ပြဋ္ဌာန်းပြီးမှသာ ဟားခါးပုဂ္ဂလိက တက္ကသိုလ်ဖွင့်မည်

**နန်းအောင်**

**ရန်ကုန်၊ မေ-၁၀**

ချင်းပြည်နယ်တွင်သာမက မြန်မာနိုင်ငံတွင်ပါ ပထမဆုံးဖွင့်လှစ်မည့် ဟားခါးပုဂ္ဂလိကတက္ကသိုလ်အား တက္ကသိုလ်ပညာရေးဥပဒေနှင့် အမျိုးသားဥပဒေပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဟု ဟားခါးတက္ကသိုလ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရှန်မှုန်ကပြောသည်။

ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ပုဂ္ဂလိကတက္ကသိုလ်ကို ၂၀၁၄ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ရန်စီစဉ်ခဲ့သော်လည်း ဧပြီ ၂၅၊ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည့်ဟားခါးတက္ကသိုလ်ဖွင့်လှစ်ရေးဆွေးနွေးပွဲတွင် ထိုသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"မြန်မာနိုင်ငံမှာ တက္ကသိုလ်ပညာရေးဥပဒေနဲ့ အမျိုးသားဥပဒေကြမ်းကို မကြာမီအစိုးရက ထုတ်ပြန်တော့မယ်။ အကြမ်းတွေအားလုံးပြီးသလောက်ဖြစ်နေပြီ။ လာမယ့် ရက်ပေါင်း ကိုးဆယ်အတွင်း ထုတ်ပြန်တော့မယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်ကလည်းအဲဒီတက္ကသိုလ်ဥပဒေကို ခဏလေးစောင့်ရင်တော့ကောင်းမယ်။ အစိုးရရဲ့ ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေကိုတော့ ကျော်လို့ မဖြစ်ဘူး။ ဒါလေးကိုတော့ ကျွန်တော်တို့စောင့်ဖို့လိုတယ်လို့ ဆွေးနွေးပွဲမှာဆုံးဖြတ်လိုက်တယ်" ဟု ဦးရှန်မှုန်ကပြောသည်။

တက္ကသိုလ်ပညာရေးဥပဒေကြမ်းတွင် Public University, Private University နှင့် Public Private Partnership University ဟု ပါရှိသည့်အတွက် ၎င်းတို့အနေဖြင့် Public Private Partnership University ပုံစံဖြင့်တက္ကသိုလ်ထူထောင်ရန် အစိုးရအားတင်ပြကာ ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။

တက္ကသိုလ်ပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကြမ်းပြဋ္ဌာန်းပြီးပါကယင်းဥပဒေနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ၂၀၁၅ ခုနှစ် ပညာသင်နှစ် ဒီဇင်ဘာလတွင် တက္ကသိုလ်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

ဟားခါးမြို့ပုဂ္ဂလိက တက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးအပါအဝင် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ စာများပေးပို့ခဲ့ပြီး ဖြစ်သော်လည်း မည်သည့် အကြောင်းပြန်ကြားချက်မှမရှိသေးကြောင်း သတင်းရရှိသည်။

## နန်ကျင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၀**



တရုတ်နိုင်ငံရှိ နန်ကျင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တွင် ပညာသင်ယူရန် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ထူးချွန်ကျောင်းသားများပညာသင်ဆုလျှောက်ထားနိုင်ကြောင်း သပြေပညာရေးဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

သိပ္ပံနှင့် နည်းပညာဘာသာရပ်များသင်ယူမည့် ကျောင်းသားများအား ဒီဂရီဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် ပညာသင်ဆုပေးအပ်မည်ဖြစ်ပြီး ဇူလိုင် ၁၀ ရက်နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်ထားနိုင်သည်။

ပညာသင်ဆုအစီအစဉ်အတွက် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ်၊ ကျန်းမာရေး အာမခံ စသည့်ထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ပြီး ပါရဂူဘွဲ့အတွက် သင်တန်းကာလ လေးနှစ်၊ မဟာဘွဲ့အတွက် ၂ နှစ်ခွဲနှင့် ဒီဂရီဘွဲ့အတွက်လေးနှစ်ကြာမြင့်မည်ဖြစ်သည်။

ပါရဂူဘွဲ့လျှောက်ထားသူများအနေဖြင့် အသက် (၄၀) နှစ်အောက်၊ မဟာဘွဲ့လျှောက်ထားသူများအနေဖြင့် အသက် (၃၅) နှစ်အောက်နှင့် ဒီဂရီဘွဲ့လျှောက်ထားသူများအနေဖြင့် အသက် (၂၈) နှစ်အောက်ဖြစ်ရန် သတ်မှတ်ထားသည်။

ပညာသင်ဆုရွေးချယ်ခံရသူများသည်နန်ကျင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်လက်အောက်ရှိ ကျောင်း၁၃ ကျောင်းတွင် ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်မည်ဖြစ်ပြီး အချို့ဘာသာရပ်များသည် တရုတ်ဘာသာဖြင့် သင်ကြားခြင်းဖြစ်သည်။

နန်ကျင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ပညာသင်ဆုလျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို http://www.csc.edu.cn/laihua/universityscholarshipdetailen.aspx?collegeId=56&id=105 တွင်အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်သည်။

## လွတ်လပ်သည့် တက္ကသိုလ်များအရေး နှီးနှောဖလှယ်ပွဲကျင်းပခဲ့

**ခိုင်ထွန်း**

**ရန်ကုန်၊ မေ-၁၀**

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လွတ်လပ်သည့် တက္ကသိုလ်များအရေး အပါအဝင် အမျိုးသားပညာရေး အဆင့်မြင့်မားရေးအတွက် နှီးနှောဖလှယ်ပွဲကို တက္ကသိုလ်ရပ်ဝန်းမှပညာရှင်များက မေလ ၉ ရက်တွင် ရန်ကုန်တက္ကသိုလ်၌ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက္ကသိုလ်များ လွတ်လပ်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးနှင့် လုပ်ဆောင်သင့်သည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးမှ ပါမောက္ခများက ကိုယ်ပိုင်လွတ်လပ်သည့် တက္ကသိုလ်များ ပေါ်ပေါက်လာပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကိုလည်း စာတမ်းဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှီးနှောဖလှယ်ပွဲမှာ လာမည့် ဇွန်လတွင် ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များကို နောင်တစ်ချိန်တွင် ကိုယ်ပိုင်လွတ်လပ်သည့် တက္ကသိုလ်များအဖြစ်ပြောင်းလဲရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် လွှတ်တော်အပါအဝင် ပညာရှင်များက ဆွေးနွေးလျက်ရှိသည်။




7DAY NEWS JOURNAL
Vol.13, No.10 · MAY 14 , 2014

# ပညာရေးကောလိပ်များမှ သင်တန်းသားများအား စားစရိတ်တိုးမြှင့်ပေးရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၀**

နိုင်ငံတော်အသုံးစရိတ်ဖြင့် ပညာရေးကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများအတွက် တစ်ဦးလျှင်တစ်လကျပ်သုံးသောင်းစီစားစရိတ်ပေးနိုင်ရန် စီစဉ်နေကြောင်း ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှသိရသည်။

၁၉၉၈ခုနှစ်မှ ၂၀၁၂ခုနှစ်ထိ ပညာရေးကောလိပ်များတွင်တက်ရောက်သူများအနေဖြင့် မိမိစားစရိတ်ဖြင့်စားသောက်ခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင် တစ်ဦးလျှင်တစ်လကျပ်တစ်သောင်းစတင်ထောက်ပံ့ခဲ့ရာမှ ယခုနှစ်တွင်တိုးမြှင့်ထောက်ပံ့ရန် စီစဉ်နေခြင်းဖြစ်သည်။

"နိုင်ငံတော်စရိတ်နဲ့ကျွေးမွေးဖို့ စီစဉ်ဆောင်ရွက်နေတယ်။ ပညာရေး ကောလိပ်တက်ကြတဲ့ သူအများစုက ချို့တဲ့ကြတယ်"ဟု ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ပညာရေးကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူများအတွက် စားစရိတ်တိုးမြှင့်ပေးရန် စီစဉ်နေသလို နေထိုင်မှုအဆင်ပြေစေရန် အဆောက်အအုံများကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံရှိပညာရေးကောလိပ်များတွင်တစ်နှစ်လျှင်လုပ်ငန်းခွင်အကြိုသင်တန်းတက်ရောက်သူ ရှစ်ထောင်ကျော်နှင့် စာပေးစာယူသင်တန်းသင်ယူသူလေးထောင်ခန့်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ပံ့ပိုးမှုဖြင့်တောင်ငူပညာရေးကောလိပ်ကို ယခုနှစ်တွင်တည်ဆောက်ပြီး၍ သင်တန်းများပို့ချနေသလိုအခြားပညာရေးကောလိပ်များတွင်လည်းသင်တန်းသားများတိုးမြှင့်ခေါ်ယူရန် စီစဉ်နေသည်။




# နိုင်ငံတော်သမ္မတပညာသင်ဆု ရွေးချယ်ရေး ကော်မတီဖွဲ့စည်းထား

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၀**

နိုင်ငံတကာတက္ကသိုလ်များတွင် မြန်မာနိုင်ငံသားလူငယ်များသွားရောက်ပညာသင်ယူစေရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကြောင်း နိုင်ငံတော်သမ္မတရုံးက ဧပြီလ ၇ရက်၊ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောပညာရပ်များအား နိုင်ငံတကာတက္ကသိုလ်များတွင် သင်ယူနိုင်စေရန်နှင့်အရည်အချင်းရှိသော လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များပေါ်ထွက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

"ပထမအကြိမ်အစည်းအဝေးတော့ လုပ်ပြီးပြီ။ တိတိကျကျတော့မရှိသေးဘူး။ ဒါကိုဘယ်လိုဆောင်ရွက်မယ်ဆိုတာ ဇွန်လလောက်မှာ အသိပေးဖို့ရှိတယ်"ဟု နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်ကပြောသည်။

ကော်မတီ၏လုပ်ငန်းစဉ်များမှာ ထူးချွန်ထက်မြက်သောကျောင်းသားများအားနိုင်ငံတကာတက္ကသိုလ်များတွင် နိုင်ငံတော်စရိတ်ဖြင့် တက်ရောက်ခွင့်ရရှိရန် ရွေးချယ်ခြင်း၊ ပညာသင်ဆုလျှောက်ထားရန် လိုအပ်ချက်များထုတ်ပြန်ခြင်းနှင့် ရေရှည်လုပ်ငန်းအဖြစ် ဥပဒေကြမ်းရေးသားပြုစုခြင်းတို့ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီကို ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌဦးသိန်းထွန်းက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ အဖွဲ့ဝင်များဖြစ်သော ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာရင်ရင်နွယ်၊ ဒေါက်တာသန့်မြင့်ဦး၊ ဒေါက်တာကျော်ရင်လှိုင်၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌဦးအောင်ကိုဝင်းတို့က အဖွဲ့ဝင်များဖြစ်ကာ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာခင်စန်းရီကအတွင်းရေးမှူးအဖြစ် တာဝန်ယူမည်ဖြစ်သည်။

# နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမ သုံးသောင်းခန့် ထပ်ခန့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၀**

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အခြေခံပညာကျောင်းများတွင် နေ့စား၊ လပေး မူလတန်းပြဆရာ၊ ဆရာမ သုံးသောင်းခန့် ထပ်မံခန့်အပ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

လွန်ခဲ့သည့် ပညာသင်နှစ်က အခြေခံပညာကျောင်းများတွင် နေ့စား၊ လပေး ဆရာ၊ ဆရာမ နှစ်သောင်းကိုးထောင်ကျော် ခန့်အပ်ခဲ့ပြီးနောက် ယခုနှစ်တွင် မူလတန်းပြဆရာ၊ ဆရာမများ ထပ်မံခန့်အပ်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လျှောက်လွှာများခေါ်ယူထားပြီဖြစ်သည်။

"မြို့ပေါ်မှာကတော့ဘွဲ့ရတဲ့သူပဲ ခန့်မယ်။ ဝေးလံတဲ့ဒေသတွေမှာဆိုရင်တော့ ဆယ်တန်းအောင်လည်း ဖြစ်မယ်။ ဆယ်တန်းလည်းဖြစ်မယ်။ မူလတန်းပြဆရာ၊ ဆရာမတွေဖြည့်ချင်လို့ ဖြစ်ပါတယ်"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ယခုနှစ် နေ့စား၊ လပေး ဆရာ၊ဆရာမများကိုမေ ၂၃ရက်မှ မေလ ၂၃ ရက်ထိ တစ်လကြာသင်တန်းပို့ချပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက အမြဲတမ်းဝန်ထမ်းခန့်အပ်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် တစ်နိုင်ငံလုံးရှိ မူလတန်းအဆင့် ကျောင်းတိုင်းတွင် ဆရာ၊ ဆရာမ ငါးဦးအနည်းဆုံးခန့်အပ်ထားနိုင်ရန် စီစဉ်နေခြင်းကြောင့်ဆရာ၊ဆရာမများတိုးမြှင့်ခန့်ထားရန် လိုအပ်နေသည်။

# ထိုင်းသို့ အလုပ်သမားစေလွှတ်မှုဆိုင်ရာ သဘောတူစာချုပ် နိုင်ငံတကာအဆင့်မီ ပြင်ဆင်ရေးဆွဲမည်

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၁၁**

ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်သည့် နှစ်နိုင်ငံသဘောတူစာချုပ်ကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲမည်ဖြစ်ကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်ကတည်းက ချုပ်ဆိုခဲ့သည့် ထိုင်း-မြန်မာနှစ်နိုင်ငံ အလုပ်သမားစေလွှတ်သည့် သဘောတူစာချုပ်ကို ခေတ်စနစ်နှင့်လျော်ညီသော သဘောတူစာချုပ်ဖြစ်ရန် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီစာချုပ်ပါအချက်များအားထည့်သွင်းချုပ်ဆိုသွားမည်ဖြစ်ပြီး နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားအဖွဲ့ချုပ် IOM (International Organization for Migration) နှင့်ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"သူတို့ဘက်က ပြင်ဖို့ပဲလက်ခံသေးတာ။ အခုသူတို့နိုင်ငံရေးအခြေအနေအရ ဝန်ကြီးအစိုးရအဖွဲ့ကအခုမရှိသေးဘူး။အသစ်ပြန်ဖွဲ့ပြီးမှ အခုအောက်ခြေ အဆင့်လောက်မှာ ပြင်တာ။ အစိုးရအဖွဲ့ ပြန်ဖွဲ့ပြီးရင် အဲဒီအချိန်ကျမှ လုပ်ရမှာပေါ့" ဟု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။



*ထိုင်းငါးဖမ်းလုပ်ငန်းသင်္ဘောပေါ်တွင် လုပ်ငန်းခွင်ဝင်နေသော မြန်မာလုပ်သားအချို့*

Sakchai Lali

ယင်းနှစ်နိုင်ငံသဘောတူစာချုပ်သည် သက်တမ်းအားဖြင့် ၁၀ နှစ်ကျော်ရှိပြီဖြစ်သော်လည်း အလုပ်သမား စေလွှတ်မှုအပိုင်းမှာ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှစတင်၍ စေလွှတ်မှုပြုလုပ်ခဲ့ပြီး အလုပ်သမားတစ်သိန်းနှင့်အထက်ရှိသည်ဟုဆိုသည်။

"အခုက သုံးသပ်ပြီး ပြင်ဆင်ရမှာပေါ့။ နိုင်ငံတကာ စံချိန်နဲ့ အညီ ရေးဆွဲရမှာ။ နိုင်ငံတကာစံချိန်မှာ အချက် ၂၄ ချက်ပါတယ်။ အဲဒီအထဲမှာ ဘယ်အချက်တွေ ယူရမလဲ။ ဒါတွေက ဆွေးနွေးရဦး မှာ" ဟု IOM အဖွဲ့မှ National Liaison & Programme Officer ဦးအောင်ကျော်သန်းက ပြောသည်။

ယင်းကဲ့သို့ နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် သွားရောက်သည့် မြန်မာအလုပ်သမားများသည်လုပ်သားအခွင့်အရေးပိုင်းတွင် ပြည့်ဝစွာကာကွယ်မှု ရရှိသော်လည်း ထိုင်းအလုပ်ရှင်များက လိုက်နာမှုအားနည်းလျက်ရှိနေသေးသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

- အထက်တန်းစာရေးမ (၂) ဦး

၉ တန်းအောင် (သို့) ၁၀ တန်း၊ (၂၅) နှစ်အောက်၊ ကာလာဓာတ်ပုံ(၁)ပုံနှင့် ကိုယ်ရေးရာဇဝင် အပြည့်အစုံကို (၁၇.၅.၂၀၁၄)ရက် နောက်ဆုံးထား၍ အမှတ်-၃၈(G)၊ မြဉ္ဇူလမ်း၊ ပါရမီ၊ မရမ်းကုန်းသို့ လျှောက်ထားရမည်။ လစာ-၈၀,၀၀၀ ကျပ်၊ ရန်ကင်း၊ မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ တာမွေ၊ မြောက်ဒဂုံမြို့နယ်များကို ဦးစားပေးမည်။

ဖုန်း-၀၉-၃၁၃၁၄၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**

Operation Manager M/F (2) Posts
Marketing Manager M/F (2) Posts
Interpreter(English) M/F (2) Posts
Site Engineer M/F (2) Posts
Architect Engineer M/F (2) Posts
Draftman M/F (2) Posts
Email:kyawkyaw@klcmyanmar.com ဖုန်း-0943069672

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင်/စာရင်းစစ် မ
ဘူမိဗေဒပညာရှင် ကျား
တရုတ်ဘာသာပြန် ကျား/မ
အမှတ်(၁၅၀/ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၄၀၀၅၃၄

---

**အမြန်အလိုရှိသည်**

အဆောင်မှူး ကျား/မ (မဟာဘွဲ့ရ)
သင်ကြားရေးဆရာ/ဆရာမ (ကိုယ်ပိုင်ကျောင်းဆရာလိုင်စင်ရ)
စာဖိုမှူး/လက်ထောက်စာဖိုးမှူး ကျား/မ
အထွေထွေလုပ်သား ကျား/မ
ယာဉ်မောင်း (ကျွမ်းကျင်)

ဖုန်း-၀၉ ၈၆၂၀၀၉၄

---

**ဝန်ထမ်းအလိုရှိသည်**

Personal Assistant ကျား (၁) ဦး
စီမံမန်နေဂျာ ကျား (၅) ဦး
ဈေးကွက်နှင့် ရောင်းချရေး မန်နေဂျာ မ (၃) ဦး
စတိုတာဝန်ခံ ကျား/မ (၃) ဦး
အမှတ်(၀၀၄/က)၊ တိုက်(A)၊ ယုဇနလမ်း၊ Highway Complex၊ ကမာရွတ်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

လုံခြုံရေးဝန်ထမ်း (၄) ဦး
Driver (၄) ဦး
သန့်ရှင်းရေးဝန်ထမ်း (၂) ဦး
အမှတ် (၁၀)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။

ဖုန်း-၀၉ ၄၂၁၁၇၆၂၃၁

---

**Golden Air**

Waiter M/F (2) Posts
Cashier M/F (2) Posts
Supervisor M/F (2) Posts

PH:09 5181456

---

**အလိုရှိသည်**

ယာဉ်မောင်း (၂) ဦး
သုမင်္ဂလာအိမ်ရာ LIBC Ferry, တာမွေ၊ ကျောက်မြောင်း၊ သဃ်န်းကျွန်းသီးသန့်၊ အိမ်ကား-Probox။
တစ်လ-ခုနှစ်သောင်း။

ဖုန်း-၀၉ ၅၁၈၈၁၆၀

---

**အလိုရှိသည်**

**စာရင်းစစ်လုပ်ငန်း**

Auditor ကျား/မ (၃) ဦး
Assistant Auditor ကျား/မ (၃) ဦး
Admin Staff ကျား/မ (၂) ဦး
ကျွမ်းကျင်ဝန်ထမ်း ကျား (၂) ဦး
အမှတ် -၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။

ဖုန်း-၀၁ ၆၅၇၈၃၀

---

**အလိုရှိသည်**

Senior Medical Officer M/F (2) Posts
Nurse (B.NSc ဘွဲ့ရ) M/F (6) Posts
Nurse aid/ဆေးခန်းအကူ M/F (6) Posts
အမှတ် (၁၀)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။

ဖုန်း-၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

Assistant Designer (၁) ဦး
စာရင်းကိုင် မ (၁) ဦး
အရောင်းစာရေး မ (၃) ဦး
စီးကွင့်ကျွမ်းကျင် မ (၂) ဦး

ဖုန်း-၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

Auto CAD/3ds Max/ Revit/ Basic/ DTP/Graphic/Advance Excel Full time/ Part time သင်ကြားပြသနိုင်သူဆရာ၊ ဆရာမများ အလိုရှိပါသည်။
Email:ctmyanmar@gmail.com

ဖုန်း-၀၉ ၂၅၀၆၅၁၀၇၄

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing M (4) Posts
Office Staff F (1) Post
Networking(IT) M (1) Post
Showroon Staff M (1) Post
Stock Controller F (1) Post
Driver M (3) Posts
ဆက်သွယ်ရန်-PH:09 254200055

---

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူဝန်ထမ်း မ (၁) ဦး
စကားပြောချိုသာသူ၊ အခြေခံလစာငါးသောင်းကျပ်မှစတင်ရရှိမည်။အလုပ်ချိန် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ။ လသာမြို့နယ်မှ အလုပ်ဆင်းရမည်။

ဖုန်း-၀၉ ၇၃၁၇၇၈၁၇

---

**ဝန်ထမ်းအလိုရှိသည်**

ကြော်ငြာတာဝန်ခံ ကျား/မ (၁၀) ဦး
Marketing ကျား/မ (၁၀) ဦး
ကွန်ပျူတာကျွမ်းကျင် ကျား/မ (၁) ဦး
အခန်း-၂၀၁၊ အမှတ် (၅)၊ ငပလီကွန်ဒို၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်။

ဖုန်း-၀၉ ၂၅၀၁၉၇၂၈၂

---

**ဝန်ထမ်းအလိုရှိသည်**

Accountant (4) Posts
B.com/LCCI (Level III)
Cashier (5) Posts
Receptionist (6) Posts
အမှတ် (၁၀)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။

ဖုန်း-၀၉ ၂၅၀၃၅၅၉၄၈

---

**ဝန်ထမ်းအလိုရှိသည်**

အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းများစိတ်ဝင်စားသော ဝန်ထမ်းများ အလိုရှိပါသည်။
Sale & marketing F (2) Posts
ဖုန်း-၀၉ ၇၃၁၉၆၆၃၁

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing M(2) F (4)
Data Collector M (2)
Bldg.35,Rm.401, Aung Thapyay St.,
Mingalar Taung Nyunt Tsp., Yangon.
PH:09 31076133

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင် မ (၂) ဦး
ကွန်ပျူတာစာစီစာရိုက် မ (၂) ဦး
Office Staff ကျား/မ (၃) ဦး
လုံခြုံရေး ကျား (၂) ဦး

ဖုန်း-၀၁ ၅၄၂၁၁၁

---

**ဝန်ထမ်းအလိုရှိသည်**

Photoshop ကျွမ်းကျင် မ (၂) ဦး
အလုပ်သင်ဝန်ထမ်း မ (၅) ဦး
ဆက်သွယ်ရန်-ဖုန်း-၀၉ ၃၁၀၅၅၇၉၃

---

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင်/စာရင်းစစ် မ
ဘူမိဗေဒပညာရှင် ကျား
တရုတ်ဘာသာပြန် ကျား/မ
အမှတ်(၁၅၀/ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၄၀၀၅၃၄

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင်စာရင်းကိုင် ကျား/မ (၅) ဦး
ရွှေဆိုင်အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
ယာဉ်မောင်း ကျား (၂) ဦး
အမှတ်-(၁၈)၊ Junction Square Shop House အပြင်ဘက်တန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

MCI Co.,Ltd
ယာဉ်မောင်းအလိုရှိသည်။
Canter မောင်းနှင်သူဖြစ်ရမည်။
အသက် (၂၅) နှစ်မှ (၄၅) နှစ်အတွင်း။

ဖုန်း-၀၁ ၆၈၅၇၃၁

---

**ဝန်ထမ်းအလိုရှိသည်**

ကျွမ်းကျင်ယာဉ်မောင်း (၂) ဦး
ယာဉ်မောင်းသက်တမ်း ၃ နှစ်။
အမှတ် ၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။

ဖုန်း-၀၁ ၆၅၇၈၃၀

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014



မြန်မာနိုင်ငံအထက်ပိုင်း ပဲနှမ်းဈေးကွက်အတွက် အဓိကကြသော မန္တလေးကုန်စည်ဒိုင်ကို တွေ့ရစဉ်

ဓာတ်ပုံ– စိုင်းသာအောင်

# ကုသဖို့ ခက်နေဆဲ ပဲလောကမှ ရောဂါ

**သိမ့်သိမ့်စိုး၊ ပြည်သိမ်း**

ပဲဈေးကွက်တွင် ပဲကုမ္ပဏီများက လေရောင်းလေဝယ် (ကြိုပွိုင့်)ဖြင့် ရောင်းဝယ်ထားပြီး ငွေကြေးပြဿနာတက်ကာ မရှင်းနိုင်လျှင် ထွက်ပြေးသော ဖြစ်စဉ်က မထူးဆန်းတော့ပါ။ ထူးဆန်းနေသည်က မကြာခဏငွေကြေးပြဿနာတက်နေသော ပဲလောကတွင် အလားတူဖြစ်စဉ်မျိုးမပေါ်ပေါက်အောင် အစိုးရနှင့် သက်ဆိုင်ရာအသင်းအဖွဲ့တို့က မတားဆီးနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပဲလောကတွင် ဘယ်အချိန်၌ ထွက်ပြေးသော ပဲကုန်သည်ပေါ်လာဦးမလဲဆိုသောသံသယဖြင့် လုပ် ကိုင်နေကြရသည်။ ယခုမေလဆန်းတွင်မိုးသက်ကုမ္ပဏီကငွေကြေးပြဿနာပေါ်နေသည်။

ပြည်ပကုမ္ပဏီ ၁၆ ခု၊ ပြည်တွင်းကုမ္ပဏီ ၅ ခု သို့ ကျပ်ငွေ ၁၇ ဘီလီယံခန့်ပေးရန်ရှိပြီး ကုမ္ပဏီပိုင်ငွေနှင့် ပစ္စည်းများကိုတာဝန်ရှိသူများထံအပ်နှံကာဝင်ရောက်ဖြေရှင်းစေခဲ့သည်။ အခြားကုမ္ပဏီများကဲ့သို့ ထွက်မပြေးဘဲ အကြွေးရရန် ရှိသူများမှာလည်း ၉၀ ရာခိုင်နှုန်းဝန်းကျင် ပြန်ရမည်ဖြစ်၍ ထိခိုက်နစ်နာမှု မကြီးမားလှသော်လည်း ဈေးကွက်ကိုများစွာဂယက်ရိုက်ခဲ့သည်။

ယင်းကိစ္စဖြေရှင်း၍ မပြီးနိုင်သေးမီအချိန်တွင်အလားတူပြဿနာများကို ဖြေရှင်းပေးရန်လိုအပ်နေပြီဟုအကြောင်းကြားစာအသီးသီးမှာ ဘုရင့်နောင် ကုန်စည်ဒိုင်ရုံးခန်း၌ ရောက်ရှိနေကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအုန်းဆိုင်ကပြောကြားသည်။

"အလောင်းအစားဆန်ဆန် အရောင်းအဝယ်လုပ်ရင် အမြတ်ရဖို့ထက် ဆုံးရှုံးမှုက ပိုများတယ်" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

လေရောင်းလေဝယ် စနစ်သည် ကုန်သည်၏ လက်ထဲတွင် ပဲမရှိဘဲ ကြိုတင်ရောင်းချခြင်းမျိုးဖြစ်ပြီး အမှန်တကယ်ပစ္စည်းအပ်ရမည့်အချိန်တွင် ရောင်းချထားသည့် ဈေးထက် ဈေးနှုန်းများစွာများနေ၍ ယခုကဲ့သို့ ပြဿနာမျိုးဖြစ်ရသည်ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံ၏ ပဲဈေးကွက်သည် ၂၀၁၄ နှစ်စမှစတင်၍ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်များကောင်းလာပြီး ဈေးနှုန်းများ မြင့်တက်လာသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံမှ ပဲထွက်နှုန်းထက်ဝက်ခန့် လျော့ကျခဲ့သဖြင့် ၂၀၁၄ ခုနှစ် မတ်လကုန်မှ စတင်၍ မတ်ပဲဈေးနှုန်း နေ့စဉ်နီးပါး ဈေးတက်ခဲ့သည်။ ထိုသို့ဈေးတက်ခဲ့ခြင်းကြောင့် ကြိုပွိုင့်ဖြင့် အရောင်းအဝယ်များစွာ ပြုလုပ်ထားသော မိုးသက်ကုမ္ပဏီ အထိနာခဲ့ခြင်းဖြစ်သည်။

"လေရောင်းလေဝယ်၊ ကြိုပွိုင့်သမားတွေအတွက်တော့ နမူနာယူသင့်တယ်" ဟု ဘုရင့်နောင် ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးကပြောသည်။ ကြိုပွိုင့်ရောင်းဝယ်မှု မပြုလုပ်ကြရန် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းနှင့် စီးပွားကူးသန်း ဝန်ကြီးဌာနတို့က စည်းမျဉ်း၊ စည်းကမ်းများ တရားဝင် ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမရှိကြပေ။ မြန်မာနိုင်ငံတွင် ကြိုပွိုင့်ရောင်းသည့် စနစ်ကို တပ်မတော်အစိုးရလက်ထက်က စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပဲလောက၏ ကြီးငါးကြီး ငွေကြေးပြဿနာတက်ခဲ့ပြီး နောက်ယင်းစနစ်ဖြင့် မကစားကြရန် တားမြစ်ခဲ့သည်။

"စည်းကမ်းချက်တွေ ထုတ်ထားပေမယ့် မလိုက်နာရင် အရေးယူမှုမရှိတော့ ဒီစနစ်က ပျောက်မသွားဘူး"ဟု ပြည်ပသို့ ပဲမျိုးစုံတင်ပို့နေသော ပဲနှမ်းအသင်းဝင်တစ်ဦးက ၎င်း၏အမြင်ကိုပြောကြားသည်။

နိုင်ငံတော်အစိုးရက ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်အမျိုးပေါင်း ၆၀ ကျော်ကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားသည်။ ထို့အတူ လိုင်စင်လျှောက်ထားရာတွင်လည်း ဖြေလျှော့မှုများစွာ ပြုလုပ်ပေးထားသည်။

သို့သော် ယခုကဲ့သို့ ငွေကြေးပြဿနာများဖြစ်မည်ကို စိုးရိမ်၍ ပဲရောင်းဝယ်မှုဆိုင်ရာအတွက် စည်းကမ်းသတ်မှတ်ချက်အချို့ ချမှတ်ထားသည်။ ယင်းသတ်မှတ်ချက်များတွင်လေရောင်းလေဝယ်မပြုလုပ်ရန်၊ ရောင်းဝယ်ရာတွင် ကုန်ပစ္စည်းများ အမှန်တကယ်ရှိ၊ မရှိ၊ ရောင်းဝယ်သူ၏ ဂိုဒေါင်များတွင် စစ်ဆေးကြရန် ဆိုသော အချက်များပါဝင်သည်။

"အရောင်းအဝယ်လုပ်ရင် ပစ္စည်းရှိမှ အရောင်းအဝယ်လုပ်လို့ရတယ်။ ဒီက ကုန်သည်တွေက ပစ္စည်းရှိ၊ မရှိမစစ်ဆေးဘူး။ ကုန်သည်တွေက အရောင်းအဝယ်လုပ်ရင် အချင်းချင်းပဲ စကားပြောပြီး ရောင်းလိုက်ကြတာမျိုးတွေကြောင့် ပြဿနာ ခဏခဏဖြစ်ရတာ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က မှတ်ချက်ပေးသည်။

ပဲအရောင်းအဝယ်များ ပြုလုပ်ရာတွင် ယခင်က ကုန်သည်များ၏ လက်ဝယ်တွင် ပစ္စည်းရှိမှသာ သက်ဆိုင်ရာဌာနက လိုင်စင်ထုတ်ပေးခဲ့သည်။ သို့သော်ဦးသိန်းစိန်အစိုးရသစ်လက်ထက်လွန်ခဲ့သည့် တစ်နှစ်ကျော်မှစ၍ ကုန်သွယ်မှု မူဝါဒများ ဖြေလျှော့ပေးချိန်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် အဆိုပါအချက်ကို လျှော့ပေါ့ပေးခဲ့သည်။

ထို့အတူ နိုင်ငံခြားကုန်သည်များနှင့် တိုက်ရိုက်ရောင်းဝယ်ရာတွင်လည်း ယခင်က ကုန်ပစ္စည်းများ သင်္ဘောပေါ်တင်ပို့ပြီးချိန်မှသာ အဆိုပါ ကုန်သည်များက လွှဲပြောင်းပေးလိုက်သော ငွေကို စတင်သုံးစွဲနိုင်သည်။ ယခုအချိန်တွင် အရောင်းအဝယ်ဖြစ်ပြီးနောက် မိမိဘဏ်အကောင့်အတွင်းသို့ ရောင်းရသော ငွေကို ပစ္စည်းများလက်ဝယ်မရှိခင်ကပင် အသုံးပြုရေးကိုလည်း ဖြေလျှော့ပေးခဲ့သည်။

"ပစ္စည်းပြစရာမလိုဘဲ လိုင်စင်လည်း လျှောက်လို့ရတယ်။ငွေလည်း ကြိုက်တဲ့အချိန် ထုတ်သုံးလုပ်လိုက်တော့ နိုင်ငံခြားကုန်သည်တွေနဲ့ပဲ ပစ္စည်းမရှိဘဲ ကြိုပွိုင့်ရောင်းတာတွေ လုပ်ကြတော့ အခုလို ငွေကြေးပြဿနာက ဖြစ်လာရတာ" ဟု ပြည်ပသို့ ပဲတင်ပို့နေသော လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ပဲလောကတွင် ပြဿနာများစွာ ဖြစ်ပေါ်လေ့ရှိသော ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပဲရောင်းဝယ်ကြရာတွင် ကုန်သည်များမှာ ကုန်စည်ဒိုင်သို့ နမူနာ ပဲအနည်းငယ် ယူဆောင်လာတတ်ကြပြီး အများစုက လူများသာ လာရောက်၍ ရောင်းဝယ်လိုသည့် ပမာဏ အတွက် ဈေးစကားပြောဆိုခြင်းဖြင့်သာ ရောင်းဝယ်ကြသည်။

"ငွေလိမ်မှုတွေက လန့်နေရတယ်။ အရင်ကလို ဈေးနှုန်းတွေ ဆွဲချသွားမှာကို စိုးရတယ်။ ပဲဈေးနှုန်းက ဒီနှစ်မှ တောင်သူအသက်ရှူချောင်ရုံလေးပဲ"ဟု ဓနုဖြူမြို့နယ် နဲ့ကျိုးကျေးရွာအုပ်စုမှ လယ်သမားကြီးဦးသိန်းအောင်ကလည်း ၎င်း၏ ပူပန်မှုကိုပြောသည်။

တောင်သူအများစုမှာ ပဲပေါ်ချိန်၌ ရောင်းချခဲ့သဖြင့် ယနေ့ဈေးကွက်ပေါက်ဈေးအတိုင်း အကျိုးအမြတ်မရခဲ့ပေ။ နယ်မြို့များတွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၂၅,၀၀၀ ဝန်းကျင် ရှိနေသော်လည်း တောင်သူအများစုရောင်းချချိန်က မတ်ပဲ တစ်တင်းလျှင် ကျပ် ၁၈,၀၀၀ မှ ၂၀,၀၀၀ ကြားသာဈေးရှိသည်။

ထို့ကြောင့် တောင်သူများမှာ အကျိုးအမြတ်ခံစားချိန်တွင် မပါဝင်ဘဲ ငွေကြေးပြဿနာကြောင့် ဈေးကွက်ပျက်ချိန်တွင် ဘေးထွက်ဆိုးကျိုးကို အရင်ဆုံး ခံရလေ့ရှိသည်။

မိုးသက်ကုမ္ပဏီက ငွေကြေးပြဿနာကို ယခင် အကြိမ်များထက်စနစ်ကျပြီး လျင်မြန်စွာ ဖြေရှင်းနိုင်သော်လည်း လေရောင်းလေဝယ်၊ ကြိုပွိုင့်စနစ် ဆက်လက်ရှင်သန်နေပါက ထိုပြဿနာမျိုး တစ်နေ့မဟုတ် တစ်နေ့ထပ်မံ ကြုံရဦးမည်ဖြစ်သည်။

"ဒီပြဿနာမျိုးတွေ မဖြစ်ဖို့က Commodity Exchange Center တွေရှိဖို့လိုတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းဝင်တစ်ဦးက သုံးသပ်သည်။

Commodity Exchange Center အကောင်အထည်ဖော်နိုင်ပါက တစ်ဦးနှင့်တစ်ဦး လွှဲပြောင်းရောင်းချရန် စာချုပ်ချုပ်ရာတွင် ဂိုဒေါင်ထဲ၌ရှိသော ပဲပမာဏ၏၁၀ရာခိုင်နှုန်းကိုအာမခံထားရမည်ဖြစ်သည်။

ထိုစနစ်ကျင့်သုံးလျှင် ကြိုပွိုင့်စနစ်ပျောက်ကွယ်သွားမည်ဟု ၎င်းကဆက်လက်ပြောသည်။

"ပြဿနာတွေ ဖြစ်ရင်လည်း သက်ဆိုင်ရာဌာနတွေကထိရောက်တဲ့ အရေးယူမှုတွေ အား ညီးနေတာကြောင့်ဒါမျိုးတွေကခဏခဏ ဖြစ်နေတတ်ပါတယ်" ဟု ကုန်သည်တစ်ဦးကဆိုသည်။

ငွေကြေးပြဿနာများ ဖြစ်ပေါ်ချိန်တွင် ဘုရင့်နောင် ကုန်စည်ဒိုင်နှင့် ပဲနှမ်းအသင်းတို့က အမည်ပျက်စာရင်း ထုတ်ပြန်ကြေညာခြင်းနှင့် ကုန်စည်ဒိုင်နှင့် ပဲအသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်းများ ပြုလုပ်လေ့ရှိသည်။ သို့သော် ပြဿနာ၏ အဖြေက ထိုနည်းလမ်းဖြင့် မလုံလောက်ပေ။

# အာဆီယံ လွတ်လပ်သော ကုန်သွယ်မှု နယ်မြေ (AFTA)သို့ မြန်မာဝင်ရန် သုံးနှစ် နောက်ဆုတ်ခြင်း SME အတွက် ကောင်းသတင်းဖြစ်



***ရန်ကုန်မြို့ရှိ အသေးစား၊ အလတ်စားလုပ်ငန်းအချို့*** ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ မေ–၁၁**

အကောက်ခွန်ကင်းလွတ်ခွင့်ပေးရမည့် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုနယ်မြေ (AFTA) မြန်မာဝင်ရောက်ရန် သုံးနှစ်ခန့်ထပ်မံနောက်ဆုတ်ပေးမှုသည် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

"ဒီမှာက အဆင်သင့်မဖြစ်သေးတော့ အချိန်ပိုရတာ အဆင်ပြေတယ်။ ရလာတဲ့ အချိန်တွင်းမှာတော့ အကျိုးရှိရှိ အသုံးချဖို့လိုတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMF–CCI) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

အာဆီယံခေါင်းဆောင်များ သဘောတူချမှတ်ထားသည့် အကောင်အထည်ဖော်ရေးကတိကဝတ်များထဲတွင် ၂၀၁၅ ခုနှစ်၌ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်၍ ပါဝင်သည့် ၁၀ နိုင်ငံစလုံး ကုန်သွယ်မှုတွင် အကောက်ခွန် ကင်းလွတ်ခွင့်၊ ဗီဇာကင်းလွတ်ခွင့်များ ဖန်တီးအကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

သို့သော်အာဆီယံ ၁၀ နိုင်ငံတွင် ဖွံ့ဖြိုးမှု၊ မညီမျှမှုက အာဆီယံအသိုက်အဝန်းဖော်ဆောင်မှုကို အဟန့်အတားဖြစ်လာသည်။

လက်ရှိအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံနှစ်ခုဖြစ်သော မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံထက် ဖွံ့ဖြိုးမှုအဆ ၄၀ ကွာလာပြီဟု စင်ကာပူနိုင်ငံ၏ သတင်းစာ တစ်စောင်က ဖော်ပြထားကြောင်း ဒေါက်တာမောင်မောင်လေးက ပြောသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစက်မှုကဏ္ဍတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ ၉၄ ရာခိုင်နှုန်းကျော်ရှိပြီး ယနေ့အချိန်ထိအရင်းအနှီးအတွက်ဘဏ္ဍာရေးအကူအညီနည်းပညာအကူအညီများမရသလောက်နည်းပါးနေသည်။

"သုံးနှစ်နောက်ဆုတ်ပေးလည်း ဒီတိုင်းဆို သုံးနှစ်နောက်ဆုတ်ခံရမှာပဲ။ ဒီမှာက အခုထိဘဏ်လုပ်ငန်းက မဖွံ့ဖြိုးသေးဘူး။ SME လုပ်ငန်းအတွက် ငွေပင်ငွေရင်းဘဏ်လုပ်ငန်းက ရယူနိုင်ဖို့ အရေးကြီးတယ်"ဟု တော်ဝင် မိသားစုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

အာဆီယံစီးပွားရေးအသိုင်းအဝန်းကို စတင်ပါက အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဧရိယာက စတင်အသက်ဝင်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမြတ်သင်းအောင်က ပြောကြားသည်။

**စာမျက်နှာ (၃၂)သို့**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 258,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 307,000 |
| Galaxy Note II | 415,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 382,000 |
| Xperia J | 158,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 772,000 |
| iPhone 5s(16GB) | 672,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မေလ (၁၀) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၈၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ်(၈ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၈၅ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၂၈၀ |
| အိမ်ရိုက်သံ (1") | တစ်ပိဿာ | ၁,၅၈၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၀) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧည့်ယာ) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၃၀–၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားပီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မေလ (၁၀) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Apr (23) | 815 | 940 | 920 | 950 |
| Apr (24) | 815 | 940 | 920 | 950 |
| Apr (25) | 815 | 940 | 920 | 950 |
| Apr (26) | 815 | 940 | 920 | 950 |
| Apr (27) | 815 | 940 | 920 | 950 |
| Apr (28) | 815 | 940 | 920 | 950 |
| Apr (29) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# ပဋိပက္ခများနှင့် ဝေးလိုသောဆန္ဒအမှန်


မင်းသန်းထိုက်(ဒေးဒရဲ)

ယခုတစ်လောအလုပ်ကိစ္စရှိ၍ မြို့ထွက်တိုင်းအလှူခံမဏ္ဍပ်တစ်ခုဆီမှ ဖွင့်သံကြားကြားနေရသည့်သီချင်းအချို့ကြောင့်စိတ်ထဲမှာအလိုလိုညစ်ညူးမိသည်။သီချင်းတွေကိုအပြည့်အစုံမမှတ်မိသော်လည်း တစ်ပုဒ်မှာက ‘ဗုဒ္ဓဘာသာလူအများ၊ သွေးအေးလို့မနေသင့်ပြီ။ သွေးအေးနေရင်သာသနာပျောက်လို့လူမျိုးပျောက်ဖို့ကြုံ လိမ့်မည်” ဆိုတာမျိုး။ နောက်တစ်ပုဒ်မှာတော့ ‘ငါတို့အရိုး စည်းရိုးထိုးလို့ ကာသင့်ရင်ကာရမည်’ဆိုတာမျိုးတွေပါသည်။ နောက်ထပ် ဘာသာရေးလှုံ့ဆော်သည့်သီချင်းတွေလည်းကြားရပါသေးသည်။

ထိုသီချင်းများက ကြားရသူတို့၏ မသိစိတ်ကိုလှုံ့ဆော်သည်။ ဘာသာခြားတို့အပေါ် အမုန်းတရားပွားများစေသည်။တို့မြေမှာနေ၊ တို့ရေကိုသောက်ပြီး တို့သာသနာပျက်စီးအောင်လုပ်နေသည်ဟူသည့် သဘောအဓိပ္ပာယ်မျိုးဗုဒ္ဓဘာသာဝင်တို့၏ ရင်ထဲစူးဝင်သွားအောင် တွန်းအားပေးသလိုဖြစ်နေသည်။ ပြောရလျှင် ထိုသီချင်းသည် ဘာသာမတူသူကိုယ့်နိုင်ငံသားအချင်းချင်း အကြောင်းမဲ့သက်သက် ရန်မီးပွားအောင် လုပ်နေသည်ဟု စိတ်ထဲမှာခံစားမိ၏။ ကျွန်တော်ဉာဏ်မီသလောက်စဉ်းစားကြည့်မိသည်။ “ဗုဒ္ဓဘာသာလူအများသွေးအေးလို့မနေသင့်ပြီ” ဆိုတော့ ကျွန်တော်တို့က ဘာတွေသွေးပူလေ့ကျင့်ခန်းလုပ်ကြရမှာပါလဲ။ အရပ်ထဲလိုက်ပြီး ဘာသာမတူသူတွေကို ဆန့်ကျင်ဖို့မြှောက်ထိုးပင့်ကော်လျှောက်လုပ်ရမှာလား။ အရပ်ထဲက ဘာသာခြားတွေနှင့် အပေါင်းအသင်းမလုပ်ဖို့၊ မခေါ်မပြောဖို့၊ မဆက်ဆံဖို့၊ ကိုယ့်ဘာသာကောင်းကြောင်း၊ သူများဘာသာမကောင်းကြောင်းလိုက်ပြီး ဝါဒဖြန့်ရမှာလား။ သည်လိုလုပ်လျှင် အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းရာရောက်ပြီလား။ အရိုးကိုစည်းရိုးထိုးပြီး ဘယ်လောက်ကာကာ ရင်ထဲကဗုဒ္ဓ၏တရားစစ်၊ တရားမှန်တွေမကိန်းဝပ်ခဲ့လျှင် ကာလို့လုံပါ့မလား။“လူသားအချင်းချင်း အမုန်းမပွားဖို့ ငါတို့နှုတ်ကိုစောင့်စည်းစို့”ဟူသည့် ပန်းစကားလှုပ်ရှားမှု အဖွဲ့၏ ဆောင်ပုဒ်ကလေးကို သတိပြုကြစေချင်ပါသည်။

ဟိုအရင်တုန်းက ဘာသာရေးအလှူခံမဏ္ဍပ်များဆီမှသီချင်းဖွင့်သံကြားလိုက်လျှင် အောင်ခြင်းရစ်ပါးတို့၊ မြတ်ဘုရားရွှေတိဂုံတို့၊ သမ္ဗုဒ္ဓေ(၅)မျိုးတို့၊ သုံးလူ့ရှင်ပင်တို့စသည့်သံစဉ်အေးအေးညောင်းညောင်းသီချင်းများဖြစ်၍ရင်ထဲမှာကြည်နူးကြည်ညိုဖွယ်ဖြစ်ရသည်။ ဘာသာရေးဗဟုသုတလည်းတိုးပွားရသည်။ ကျွန်တော်တို့သည် ဗုဒ္ဓဝင်စာအုပ်တွေမဖတ်ဖူးခင်ငယ်စဉ်ကတည်းကအောင်ခြင်းရစ်ပါးသီချင်းကိုကြားပြီး ဘုရား၏ဘုန်းတန်ခိုးအာနုဘော်တို့ကိုပို၍ကြည်ညိုလေးမြတ်ခဲ့ရသည်။ရွှေတိဂုံစေတီတော်သည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကာလက တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ဘုရားရှင်ချီးမြှင့်ပေးသနားလိုက်သည့် ဆံတော်ရှစ်ဆူကိုဌာပနာ၍တည်ခဲ့သောစေတီဖြစ်ကြောင်း၊ ပွင့်တော်မူပြီးသည့် ဘုရားလေးဆူ၏ ဓာတ်တော်များကိန်းဝပ်ရာဖြစ်၍ လေးဆူဓာတ်ပုံရွှေတိဂုံဟုခေါ်ကြောင်းစသည့်ဘာသာ၊ သာသနာနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို မြတ်ဘုရားရွှေတိဂုံသီချင်းကိုနားထောင်၍သိခဲ့ရ၏။ သမ္ဗုဒ္ဓေဂါထာ၏ မူကွဲငါးမျိုးကိုသမ္ဗုဒ္ဓေသီချင်းမှ မှတ်ခဲ့ရ၏။ ထိုသီချင်းများသည် ကျွန်တော်တို့ငယ်စဉ်ဘဝက ဘာသာရေးဗဟုသုတဟင်းလေးအိုးများဖြစ်ခဲ့ကြပါသည်။

ယခုမူ ထိုကြည်နူးကြည်ညိုဖွယ်သီချင်းများကို ဘယ်ဘာသာရေးအလှူခံမဏ္ဍပ်ကမှ ဖွင့်သံမကြားရတော့ပါ။ ယခုခေတ်ကလေးများ အောင်ခြင်းရှစ်ပါးသီချင်းကို ကြားတောင်မကြားဖူးကြတော့ပါ။ သည်လို ဘာသာရေးသီချင်းများကို ဘာသာရေးအလှူခံမဏ္ဍပ်များကမှ မဖွင့်လျှင်မည်သူဖွင့်ကြမည်နည်း။ ယခုအလှူခံမဏ္ဍပ်များမှ ဖွင့်နေသည့်သီချင်းများကတော့ လူငယ်တွေကို သွေးမဆူဆူအောင်ဆွပေးသလိုဖြစ်နေသည်။ တစ်မြို့တည်း၊ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်းအတူနေလာခဲ့ကြပြီး ဘာပဋိပက္ခမှမရှိခဲ့သည့် ဘာသာခြားသူငယ်ချင်းများနှင့်ပင်လက်ဖက်ရည်ဆိုင်လိုဟာမျိုးမှာ အတူထိုင်မိချိန်တွင် ထိုဘာသာရေးလှုံ့ဆော်သောသီချင်းသံများကြားရသည့်အခါ တစ်ယောက်နှင့်တစ်ယောက်အိုးတိုးအမ်းတမ်းတွေဖြစ်ကုန်ရသည်။ ဖွင့်သည့်သူတွေကတော့ ဘယ်လိုသဘော၊ ဘယ်လိုရည်ရွယ်ချက်များနှင့်ဖွင့်သည်မသိ။ ကျွန်တော့်စိတ်ထဲမှာတော့ သည်အတိုင်းပင်ခံစားရပါသည်။




တည်ငြိမ်စပြုနေပြီဖြစ်သည့် ပဋိပက္ခများကို မည်သည့်အကြောင်းနှင့်မျှ ပြန်လည်၍ ဂယက်မထစေချင်ပါ။ သည်အတောအတွင်း မျိုးစောင့်ဥပဒေလေးခုအနက် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာဥပဒေကြမ်းနှစ်ခုမှာ အကြမ်းရေးဆွဲပြီးဖြစ်၍ ယခုမေလလယ်တွင် အများပြည်သူသို့ ချပြနိုင်တော့မည်ဖြစ်ကြောင်း သတင်းများအရသိရသည်။ အဖွဲ့အစည်းအချို့၏ ကန့်ကွက်သံများလည်းကြားရသည်။ တိုင်းပြည်တွင် အပူတပြင်းလုပ်ဆောင်ရန်လိုအပ်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုကိစ္စတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စတွေ၊ မပြီးပြတ်သေးသည့် မြစ်ဆုံစီမံကိန်းကိစ္စ၊ မပြေလည်နိုင်သေးသည့် မြေသိမ်း၊ ယာသိမ်းပြဿနာတွေ၊ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွေရှိနေချိန်မှာမျိုးစောင့်ဥပဒေကို အဘယ်ကြောင့်အပူတပြင်း ရေးဆွဲရပါသနည်း။ကျွန်တော်ဉာဏ်မမီ၍မစဉ်းစားတတ်တော့ပါ။တစ်ခုပဲပြောချင်ပါသည်။မျိုးစောင့်ဥပဒေကြောင့် ဘာသာမတူသူနိုင်ငံသားအချင်းချင်းစိတ်ဝမ်းကွဲမှုတွေဖြစ်လာမှာကိုပဲ စိတ်ပူမိပါသည်။

ယခုတစ်ခါ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(မဟန)ကအသိအမှတ်ပြုလက်ခံ၍ အမျိုးဘာသာကိစ္စရပ်များကို လက်တွဲဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများအရသိရသည်။ တစ်ဖန်မဘသအနေဖြင့် မည်သည့်ဘာသာ၊ ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းကိုမျှ တိုက်ခိုက်လိုစိတ်မရှိကြောင်း ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများမဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း မဘသ(ဗဟို)ဥက္ကဋ္ဌအင်းစိန်ရွာမဆရာတော်ကြီးက မိန့်ကြားကြောင်းလည်းသတင်းများတွင်ဖတ်ရ၍ သာဓုခေါ်မိပါသည်။ ဆရာတော်ဘုရားများအနေဖြင့် အမျိုးဘာသာ၊ သာသနာကိစ္စကို ဗန်းပြကာနိုင်ငံရေးအရအမြတ်ထုတ်လိုသည့်သူများ၏အန္တရာယ်ကိုလည်း သတိပြုရှောင်ရှားဖို့လိုမည်ဖြစ်ပါကြောင်း ရိုသေစွာလျှောက်ကြားလိုပါသည်။

ကျွန်တော်တို့လူမျိုးက အာဏာရှင်လက်အောက်မှာ ရာစုနှစ်တစ်ဝက်ကျော်ကျော်နေခဲ့ရသည်။ အာဏာရှင်သည် နိုင်ငံတည်ဆောက်ရေးထက် ငြိမ်ဝပ်ပိပြားရေးကိုသာဦးစားပေးသည်။ အာဏာရှင်လက်အောက်တွင် အောင့်အည်းချုပ်တည်းထားခဲ့ရသမျှ အနည်းငယ်လွတ်မြောက်စအချိန်၌ ဖောက်ခွဲလို့ရသည့်နေရာတွင်စိတ်ကို ဖောက်ခွဲပစ်လိုက်သည်။ အသစ်ကိုမပြောင်းလိုသူ၊ အဟောင်းကိုဖက်တွယ်ထားလိုသူတို့က ဤအချက်ကိုကောင်းကောင်းအသုံးချလိုက်သည်။ အမျိုးသားရေး၊ ဘာသာရေးအသွင်ဆောင်သည့် ပဋိပက္ခမီးပွားတွေဟိုနေရာ၊ သည်နေရာလိုက်ချလိုက်သည်။ ယခင်အစိုးရလက်ထက်ကတည်းက တိုးတိုးတိတ်တိတ်ရှိနေခဲ့သည့် ဘာသာရေးအစွန်းရောက်တွေက ပူးပေါင်းပါဝင်လာကြသည်။ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်လိုဟာမျိုးကနေသွေးထိုးပေးသည်။ သံစဉ်လှလှ၊ စကားလုံးပြောင်ပြောင်ဖြင့်သီချင်းတွေ ရေးစပ်သီဆိုလှုံ့ဆော်ကြသည်။ လူသားအချင်းချင်းမေတ္တာတရားပွားများဖို့ထက်သည်သီချင်းတွေက လူထု၏ရင်ထဲကို အမုန်းတရားတွေသွတ်သွင်းပေးနေသည်ဟု ခံစားရသည်။

အမျိုးသားရေး၊ ဘာသာရေးကိစ္စသည်အလွန်အကဲဆတ်လှသည့် ထိလွယ်ရှလွယ်ကိစ္စဖြစ်သည်။ ရှေ့တွင်လည်း ပဋိပက္ခပေါင်းများစွာကြုံခဲ့ရပြီးပြီ။ ဖြစ်ခဲ့ရသမျှ ပဋိပက္ခများကို ပြန်သုံးသပ်ကြည့်လျှင်သွေးထိုးလှုံ့ဆော်မှုများကြောင့်ဖြစ်ရသည်မှာ ထင်ရှားပါသည်။ သည့်အတွက်သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များ၊တာဝန်ရှိသူများက အလှူခံမဏ္ဍပ်များ၌ ဘာသာရေးအရသွေးထိုးလှုံ့ဆော်ပေးနေသော သီချင်းများဖွင့်နေခြင်းကို တားမြစ်ပေးစေချင်ပါသည်။

လာမည့် ၂၀၁၅သည် ကျွန်တော်တို့နိုင်ငံအတွက် ရာစုနှစ်တစ်ဝက်ကျော်မှ ရှားတောင့်ရှားပါးရလာသည့်အလှည့်အပြောင်းကြုံနိုင်မည့်နှစ်ဖြစ်ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲမရောက်မီ လမ်းကြောင်းလွဲသွားစေမည့် ပဋိပက္ခမီးတွေ တစ်ကျော့ပြန်ပြီးတောက်လောင်လာမှာကို အလွန်ပဲစိုးရိမ်မိပါသည်။ မီးဟူသည် မလောင်ခင်တားမှ အထိအခိုက်၊ အဆုံးအရှုံးသက်သာပါလိမ့်မည်။ ကျွန်တော်တို့၏ သဘောဆန္ဒကတော့ ကိုးကွယ်ရာဘာသာမတူစေကာမူ နိုင်ငံသားအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲ၍သာ နေလိုပါသည်။

# Technology

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

## မြို့ကြီးသုံးမြို့တွင် ဖိုင်ဘာကွန်ရက်လွှမ်းခြုံရန် ဆောင်ရွက်မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေလ-၁၁**

မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဖိုက်ဘာကေဘယ်ကွန်ရက်များ လွှမ်းခြုံနိုင်ရန်အတွက် Metro Plan အနေဖြင့် စီမံချက်များရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Internet Service Provider ဌာနမှ သတင်းရရှိသည်။

“လက်ရှိမှာဖိုက်ဘာကေဘယ်လိုင်းကို သုံးချင်တယ်ဆိုရင် အသုံးပြုချင်တဲ့လူရှိမှ သီးသန့်လိုင်းဆွဲပေးရတယ်။ စနစ်တကျမရှိသေးဘူး။ နောက်ပိုင်းမှာ ဘယ်နေရာကနေပဲဖြစ်ဖြစ် ယူသုံးလို့ရအောင် မြို့တစ်ခုလုံးကို ဖိုက်ဘာကေဘယ်ကွန်ရက်တွေ ဖြန့်ကြက်သွားဖို့ စီမံချက်ရေးဆွဲပြီးဆောင်ရွက်သွားမှာပါ”ဟု Internet Service Provider ဌာနမှ အင်ဂျင်နီယာချုပ် ဦးမျိုးဆွေက ပြောသည်။

လက်ရှိတွင် ဖိုက်ဘာကေဘယ်လိုင်းအသုံးပြုလိုသူများအနေဖြင့် မိမိအသုံးပြုလိုသောနေရာအထိ လိုင်းဆွဲခြင်းကို ကိုယ်တိုင်အကုန်အကျခံ၍ ဆောင်ရွက်နေရပြီး ကျပ်သိန်း ၃၀ ခန့်မှ ကျပ်သိန်း ၂၀၀ ခန့်အထိ ကုန်ကျလေ့ရှိသောကြောင့် ပြည်တွင်း၌ သုံးစွဲသူဦးရေနည်းပါးနေသေးကြောင်း သတင်းရရှိသည်။

အဆိုပါစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ဖိုက်ဘာကေဘယ်လိုင်းဖြင့် အင်တာနက်အသုံးပြုလိုသည့် စက်ရုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကွန်ဒိုတိုက်ခန်းများ၊ ကုမ္ပဏီလုပ်ငန်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် အလွယ်တကူရယူ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

“ဖိုက်ဘာကေဘယ်လိုင်း အတွက် ကိုယ်တိုင်အကုန်အကျခံပြီးယူနေရတဲ့အတွက် သိပ်ပြီးမသုံးကျသေးဘူး။ နောက်ပိုင်းမှာ ကွန်ရက်တွေဖြန့်ပြီးသွားရင်တော့ အင်တာနက်ကို တစ်ဆင့်ပြန်ဖြန့်ဖြူးတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေကိုလည်း ပေးသွားမှာပါ”ဟု ဦးမျိုးဆွေက ရှင်းပြသည်။

နိုင်ငံတစ်ဝန်းတွင် ဖိုက်ဘာကေဘယ်လိုင်းအသုံးပြုသူဦးရေမှာ လက်ရှိအချိန်ထိ ၂၆၀ ကျော်သာရှိသေးကြောင်း Internet Service Provider စာရင်းများတွင်ဖော်ပြထားသည်။

ယခုဆောင်ရွက်မည့် စီမံကိန်းကို မြန်မာနိုင်ငံ၏အဓိကမြို့ကြီးများတွင်သာ ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ငယ်များတွင်မူ ADSL လိုင်းဖြင့်သာ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးပေးသွားဦးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## လက်ရှိအသုံးပြုနေသည့် CDMA နှင့် အခြားကွန်ရက်များဖျက်သိမ်းသွားမည်မဟုတ်

**ဆွေမွန်**

**ရန်ကုန်၊ မေလ-၁၁**

နိုင်ငံတကာဆက်သွယ်ရေးကွန်ရက်စနစ်အရ GSM မိုဘိုင်းကွန်ရက်ကို အသုံးပြုမှုများသော်လည်း လက်ရှိသုံးစွဲနေသည့် အခြားမည်သည့်ကွန်ရက်ကိုမှ ဖျက်သိမ်းသွားရန်မရှိကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနဒုဝန်ကြီးဦးသောင်းတင်က ပြောသည်။

“လောလောဆယ်မှာ ဘယ်ဖုန်းစနစ်ကိုမှ ဖျက်သိမ်းဖို့မရှိပါဘူး။သုံးစွဲသူတွေကပိုက်ဆံပေးပြီး ဝယ်ထားရတာလေ။ နည်းပညာပြောင်းလဲလာလို့ ဖျက်သိမ်းရမယ်ဆိုရင်တောင် နစ်နာအောင် ကျွန်တော်တို့မလုပ်ပါဘူး”ဟု ဒုဝန်ကြီးဦးသောင်းတင်က ပြောသည်။



ဓာတ်ပုံ − ကျော်ဇင်သန်း

လက်ရှိအသုံးပြုနေသည့် CDMA မိုဘိုင်းကွန်ရက်မှာ နိုင်ငံတကာတွင် အသုံးပြုမှုနည်းပါးသော်လည်း ဖျက်သိမ်းသွားနိုင်ပါကအများပြည်သူအားအသိပေးပြီးမှ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဒုဝန်ကြီးဦးသောင်းတင်က အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အင်တာနက်နှင့် နည်းပညာဝန်ဆောင်မှုများကို မီဒီယာစင်တာတွင် လာရောက်စစ်ဆေးစဉ် သတင်းထောက်များအားဖြေကြားခဲ့သည်။

CDMA 800 MHz မိုဘိုင်းအမျိုးအစားဖုန်းကိုလည်းသုံးစွဲနေသည့် လူဦးရေနှင့် သုံးစွဲမှုအပေါ်မူတည်ပြီး ဆက်လက်လုပ်ကိုင်သွားရန်နှင့် ရပ်ဆိုင်းသွားရန်ကို အကြံပေးအဖွဲ့များခေါ်၍ ဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြားသောနိုင်ငံများတွင်လည်း CDMA 800 MHz, 450 MHz များသုံးစွဲမှုရှိသော်လည်း နည်းပါးပြီး GSM မိုဘိုင်းကွန်ရက်ကိုသာအဓိကထားလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသည့် အနေအထားအရအချို့နေရာများတွင် ဆက်သွယ်မှုမရသေးခြင်းများရှိနေပြီး မိုဘိုင်းအမျိုးအစားများပြားနေခြင်းမှာလည်း အခက်အခဲတစ်ခုဖြစ်နေကြောင်း သိရသည်။

လက်ရှိတွင် CDMA မိုဘိုင်းဖုန်းအမျိုးအစားတစ်ခုဖြစ်သည့် MEC အမှတ်တံဆိပ်ပါ CDMA 800 MHz ၁,၅၀၀ တန်ဆင်းမ်ကတ်များကိုသာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ရောင်းချပေးနေပြီး အခြားသော GSM နှင့် WCDMA ဆင်းမ်ကတ်အမျိုးအစားများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရောင်းချပေးနေခြင်းဖြစ်သည်။

## Apple iPhone 6 ဩဂုတ်လအတွင်း ထွက်ရှိမည်ဟုဆို

**တိုင်ပေ၊ မေလ-၉**

လုပ်ငန်းနယ်ပယ်စောင့်ကြည့်သူများမျှော်လင့်ထားသည်ထက်တစ်လစော၍ Apple iPhone 6 ကို ဩဂုတ်လအတွင်း ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း ကုန်ပစ္စည်းထုတ်လုပ်မှုတွင်ပါဝင်သော အမည်ဖော်ပြမထားသည့် သတင်းရင်းမြစ်များကို ကိုးကား၍ တိုင်ပေသတင်းဌာနတစ်ခုက ကြေညာသည်။

မည်သည့်ဈေးကွက်များတွင် iPhone 6 ကို စတင်ရောင်းချမည်ဆိုခြင်းကို အသေးစိတ်ဖော်ပြခြင်းမရှိဘဲ မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မရှိ iPhone 6 အမျိုးအစားတစ်မျိုး ဩဂုတ်လအတွင်း စတိုးဆိုင်များသို့ရောက်ရှိလိမ့်မည်ဟု Economic Daily News သတင်းဌာနက ကြေညာသည်။


iPhone 5 မျိုးဆက်များ ယခင်က ထွက်ရှိခဲ့သကဲ့သို့ပင် မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မ (သို့မဟုတ်) ၅ ဒသမ ၆ လက်မ iPhone 6 အမျိုးအစားများမှာစက်တင်ဘာအတွင်းထွက်ရှိမည်ဟု ယင်းသတင်း ဌာနက ပြောသည်။

iPhone 6 ၏ မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မနှင့် ၅ ဒသမ ၅ လက်မအကျယ်ဖြင့် နှစ်မျိုးထွက်ရှိမည်ဟု ကုန်ပစ္စည်းထုတ်လုပ်မှုအတွင်း ပါဝင်သူများက ရိုက်တာသတင်းဌာနအား ယခင်က အတည်ပြုပြောကြားထားခဲ့ဖူးသည်။

ယခုနှစ်အတွင်း iPhone 6 နှစ်မျိုးလုံးအလုံးရေသန်း၈၀ထုတ်လုပ်မည်ဟု Economic Daily သတင်းဌာနက ဖော်ပြသည်။ iPhone များ မျက်နှာပြင်အကျယ်မှာ ၄ လက်မမှ ပိုကျယ်လာခြင်းကြောင့် Apple ကုမ္ပဏီအနေဖြင့် ဆမ်ဆောင်းကုမ္ပဏီကဲ့သို့ ပြိုင်ဘက်များထံမှ ဈေးကွက်ဝေစုပြန်လည်ရယူရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု လေ့လာသူများကပြောသည်။


ယင်းသတင်းနှင့်ပတ်သက်၍ Apple ကုမ္ပဏီတာဝန်ရှိသူများထံ မေးမြန်းရန် ဆက်သွယ်၍မရခဲ့ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။ *—Ref: Reuters*






## ပါးနီနှင့် မျက်ခွံဆိုးဆေးထုတ်နိုင်သည့် Printer တစ်မျိုး ဟားဗတ်တက္ကသိုလ် ကျောင်းသူတစ်ဦးတီထွင်



**နယူးယောက်၊ မေလ-၉**

နယူးယောက်မြို့တွင် ယခုသီတင်းပတ်အတွင်းပြုလုပ်ခဲ့သည့် နည်းပညာပစ္စည်းပြပွဲတစ်ခု၌ ရှိပြီးဆော့ဖ်ဝဲများအသုံးပြု၍ မိတ်ကပ်ထုတ်လုပ်နိုင်သော ကန်ဒေါ်လာ ၂၀၀ တန် 3D စားပွဲတင် printer တစ်မျိုးကို ဟားဗတ်တက္ကသိုလ်ကျောင်းသူဂရေ့စ်ချိုက ထုတ်ဖော်ပြသလိုက်သည်။

Mink ဟုခေါ်သော ယင်း printer မှာ အသုံးပြုသူများအနေဖြင့် အွန်လိုင်းတွင်ကြုံတွေ့ခဲ့သော စိတ်ကြိုက်အရောင်များကို ရွေးချယ်ကာ သာမန်အိမ်သုံး printer များတွင်တွေ့ရသော မင်ကိုအသုံးပြု၍ မျက်ခွံဆိုးဆေး၊ ပါးနီ (သို့မဟုတ်)နှုတ်ခမ်းဆိုးဆေးများထုတ်လုပ်နိုင်မည်ဖြစ်သည်။

Mink မှာ သာမန် printer တစ်လုံးကဲ့သို့ပင် အလုပ်လုပ်ပြီး ယင်းကဲ့သို့ အလှကုန်ပစ္စည်းများထုတ်လုပ်ရန် Photoshop ကဲ့သို့ သာမန်ဆော့ဖ်ဝဲများတွင် တွေ့ရသော မိမိထုတ်လုပ်သည့်အရောင်ကို ရွေးချယ်ရန် အရောင်ရွေးချယ်မှု ဆော့ဖ်ဝဲတစ်ခုနှင့် print ထုတ်ရန် ဆော့ဖ်ဝဲသာလိုအပ်ကြောင်း သိရသည်။

Mink Printer ကို ယခုနှစ်နှောင်းပိုင်းတွင် စတင်ရောင်းချမည်ဟု မျှော်လင့်ထားပြီး အဓိက ပုံနှိပ်ကုမ္ပဏီတစ်ခုက ယင်း printer ကို စိတ်ဝင်စားကြောင်း ပြောကြားထားသည်ဟု မစ္စစ်ချိုကပြောသည်။

မစ္စစ်ချိုက ရှိပြီးကုမ္ပဏီများကို စိန်ခေါ်ရန်နှင့် နည်းပညာသစ်များ အသုံးပြုရာတွင် ကျွမ်းကျင်သော လူငယ်ထုကို ပစ်မှတ်ထားခြင်းဖြင့် ဝယ်ယူမှုအလေ့အထများကို အထင်ကြီးစရာမလိုဘဲ အစဉ်အလာအတိုင်း ဖြန့်ဝေသည့်နည်းများကို ဖြတ်တောက်ရန်ရည်ရွယ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆိုလျှင် အလှကုန်ပစ္စည်းလုပ်ငန်းမှာ ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၂၆၅ ဘီလီယံရှိမည်ဟု Lucintel သုတေသနကုမ္ပဏီက ခန့်မှန်းထားသည်။

*—Ref: Reuters*

## ဘားကမ့် မိတ္ထီလာပွဲတွင် အကြောင်းအရာ ၅၀ ကျော် ဆွေးနွေးမျှဝေမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေလ-၁၁**

မိတ္ထီလာမြို့တွင် ပထမဆုံးအကြိမ်ကျင်းပမည့် Barcamp TU (Meiktila)2014 ၌ ICT နည်းပညာတစ်ခုတည်း သီးသန့်မဟုတ်ဘဲ အကြောင်းအရာပေါင်း၅၀ကျော်ဆွေးနွေးဝေမျှသွားမည်ဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီ Organi–zerTeamLeaderကိုကောင်းထက်ထွန်းက ပြောသည်။

"အခုကျင်းပမယ့်ပွဲကို နည်းပညာသီးသန့်အတွက်ပဲ လုပ်တာထက် အခြားကဏ္ဍတွေကို စိတ်ဝင်စားသူတွေလည်း လာပြီးတက်ရောက်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ ပညာရှင်ပေါင်း ၃၀ လောက်ကနေ အသိပညာတွေကို လာပြီးတော့ မျှဝေပေးသွားမှာဖြစ်ပါတယ်"ဟု Organizer Team Leader ကို ကောင်းထက်ထွန်းက ရှင်းပြသည်။

Barcamp သည် ပညာရပ်ပိုင်းဆိုင်ရာ ပွဲတစ်ခုဖြစ်သော်လည်း ယခုပွဲကို သမားရိုးကျပွဲကျင်းပပုံများမှခွဲထွက်၍ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့်မတူဘဲ ဝါသနာတူရာ၊ ရည်မှန်းချက်တူရာလူများစုဝေးပြီး အတွေ့အကြုံများ၊ အသိပညာများဖလှယ်ကြမည့်ပွဲအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီပွဲကို ကဏ္ဍပေါင်းစုံကနေ အသိပညာတွေ မျှဝေပေးနိုင်ဖို့အတွက် မိတ္ထီလာက ပညာရှင်တွေတင်မဟုတ်ဘဲ ရန်ကုန်၊ မန္တလေးတို့က ပညာရှင်တွေကို ဖိတ်ခေါ်ထားပါတယ်"ဟု ကိုကောင်းထက်ထွန်းက ပြောသည်။


Barcamp TU–Meiktila 2014 ကို It's Unity ဆောင်ပုဒ်ဖြင့် ဇွန်လ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ICT နည်းပညာများအပြင် အင်ဂျင်နီယာဆိုင်ရာအသိပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နက္ခတ်ဗေဒပညာစသည့်ကဏ္ဍများအပါအဝင် အကြောင်းအရာပေါင်း စုံလင်စွာဖြင့် ပညာရပ်များကို မျှဝေပေးသွားမည်ဖြစ်ကာ လူဦးရေ ၂,၅၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သတင်းရရှိသည်။




7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# သမ္မတကြီး မင်းအိုချမ်းသာဖြစ်မည်လော

**မြင့်မိုရ်ဆွေ**




ပုဂံမြို့ဟောင်း၏ အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာ ပုဂံ ညောင်ဦး ကားလမ်းနှင့် မလှမ်းမကမ်းတွင် မင်းအိုချမ်းသာဘုရားတည်ရှိ၏။ သစ်သားစောင်းတန်းမှ စေတီရင်ပြင်တော်ပေါ်သို့ တက်ရောက်ပြီး ထုံးမပြယ်တပြယ်ရှေးဟောင်းစေတီတော်ကြီးကို ကြည်ညိုစွာဖူးမြော်နိုင်၏။ စေတီရင်ပြင်တော်မှ လှမ်းမျှော်ကြည့်လျှင် ထန်းပင်များနှင့် မြက်ခင်းစိမ်းစိမ်းကို ကျော်ဖြတ်၍ ပုဂံ–ညောင်ဦး ကားလမ်းနှင့်အတူ အစီအရီပေါက်လျက်ရှိသော ထနောင်းပင်များကို အထက်စီးမှ လှပစွာ တွေ့မြင်နိုင်၏။ ဘုရားဒါယကာမှာ ကျန်စစ်သားမင်းကြီးဖြစ်၏။ မြန်မာသက္ကရာဇ်–၄၅၇ ခုနှစ်၊ သက်တော် (၇၂) အရွယ် အိုမင်းမစွမ်းဖြစ်ချိန်တွင် သီဟိုဠ်မင်းဆက်သသည့် ဓာတ်တော်များကို ဌာပနာ၍ တည်ထားသော စေတီဖြစ်ခြင်းကြောင့် “မင်းအိုချမ်းသာ”ဟု ခေါ်တွင်သည်ဟု ဆို၏။ မင်းကြီးသည် ဤကောင်းမှုကြောင့် ဇရာဖိစီးသည့် ဒဏ်ကို ကြံ့ကြံ့ခံ၍ ဘဝနိဂုံးတိုင်ချမ်းသာစွာ ခံစားရပါစေကြောင်း ဆုချွေတောင်းခဲ့သည်ကို အစွဲပြု၍ မင်းအိုချမ်းသာမည်လေသည်ဟုလည်း မှတ်သားခဲ့ရ၏။ မင်းကြီး၏ဘဝသည်လည်း အမှန်တကယ်ဆုတောင်းပြည့်ခဲ့ပါလေ၏။

လူတို့မည်သည် မအိုမီကာလကပင် ချမ်းသာသုခကို အပြည့်အဝခံစားလိုသော လောဘသားများဖြစ်ကြကုန်၏။ ထို့ကြောင့် မအိုမီကာလချမ်းသာသုခပြည့်ဝနိုင်သည်ဟု ယုံကြည်သော ဘုရားများကို ပိုမိုဦးစားပေးဖူးမြော်လေ့ရှိကြရာ မဝေးလှသည့် အလိုတော်ပြည့်ဘုရားတွင် လူများတိုးဝှေ့စည်းကားလျက်ရှိပြီး မင်းအိုချမ်းသာဘုရားမှာမူ ဘုရားဖူးအလွန်နည်း၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိကြောင်း နှိုင်းယှဉ်တွေ့မြင်နိုင်ပေသည်။ တန်ဆောင်းလည်းအိုဘုရားလည်းအို၍ ထုံးဖြူဖြူမှုပင်အနိုင်နိုင်အလှူခံရရှိတော် မူရှာဟန်ရှိလေ၏။လောကတွင် အိုမင်းမစွမ်းသူတို့အား အဖိုးတန် အဆင်တန်ဆာဆင်မြန်းပေးလိုသူမှာ လွန်စွာနည်းပါးလေ့ရှိသည် မဟုတ်ပါလော။ အကယ်၍ သူပြုခဲ့သော အတိတ်သမိုင်းကမကောင်းခဲ့ပါမူ ပို၍ဆင်းရဲဒုက္ခ ခံစားရန်သာရှိလေ၏။ အိုမင်းချိန်၌ သူ့တွင် ရိက္ခာရှိသည်ထားဦး၊ သမိုင်းသိက္ခာနှင့် မယှဉ်သောရိက္ခာမှန်သမျှ ငရဲပန်းနှင့်သာ တူပေတော့မည်။ စာရေးသူသည် မင်းအိုချမ်းသာဘုရားကို ဖူးမြော်ရင်းလူ့လောကသဘာဝကိုသံဝေဂယူမိပါသည်။

စာရေးသူ၏ ဘဝတွင် အရာထမ်းအဖြစ် အလုပ်စတင်ဝင်ရောက်စဉ်က မြန်မာနိုင်ငံပဋိညာဉ်ဝန်ထမ်း(Burma Civil Service)(B.C.S) စာမေးပွဲအောင် အရာရှိကြီးတစ်ဦးက စီမံခန့်ခွဲရေးအတွေ့အကြုံများကို သင်ကြားပေးခဲ့ပါသည်။ သူက “အိုမင်းမစွမ်း”ဆိုတဲ့ အဓိပ္ပာယ်ကို သိလားဟု မေးမြန်း၏။ စာရေးသူက ဇရာထောင်း၍ အိုမင်းရင့်ရော်လေသောအခါ စွမ်းရည်များကျဆင်းလာခြင်းဟု ဖွင့်ဆိုပြပါသည်။ ထိုအခါသူက “မင်းအဓိပ္ပာယ်က ရှည်တယ်ကွ။ အဲဒီစကားလုံးက လိုရင်းကို တည့်တည့်ပြောနေတာ၊ မှတ်ထား၊ အိုရင်မင်းမစွမ်းတော့ဘူးလို့ ပြောတာကွ. . . ဟား ဟား”ဟု ဖွင့်ဆိုပြပါသည်။ “ဒီတော့ မအိုခင်မှာ အလုပ်ကြိုးစား၊ အဘက်ဘက်က ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ထား”ဟု ဆက်၍ ပြောလေ့ရှိပါသည်။

ပြောသာ ပြောခဲ့၏။ထိုအရာရှိကြီးမှာ အငြိမ်းစားယူပြီးသောအခါ ဒုက္ခမျိုးစုံ ကြုံပြီး ဆင်းဆင်းရဲရဲနှင့် ကွယ်လွန်ခဲ့ရှာလေသည်။

အခြားအရာရှိကြီးတစ်ဦးရှိပါသေးသည်။ ဘန်ကောက်လုံချည်တရွှမ်းရွှမ်းနှင့် အလွန်မာနကြီး၏။ သူ၏ ရှုံးခန်းကို ဖိနပ်ချွတ်၍ ဝင်ရ၏။ သူမခေါ်ဘဲဝင်လျှင် ခွေးမောင်းသလို မောင်းထုတ်၏။ သူ၏ ရာထူးမှာ Selection Grade ခေါ် အရွေးချယ်ခံတန်းအဆင့်ဖြစ်ပြီး ဒုတိယအတွင်းဝန်၊ ခရိုင်ဝန်စသော အဆင့်နှင့် ညီသော အမှုဆောင်အရာရှိ(E.O) ရာထူးဖြစ်၍ ထိုစဉ်က ဝန်ထမ်းများအားလုံးကကြောက်ရွံ့ကြရ၏။ သူအငြိမ်းစားယူပြီးနောက် တစ်ရက်တွင် ပင်စင်အမှုတွဲအတွက် ရုံးသို့ရောက်ရှိလာရာ ဝန်ထမ်းများက ချောင်းရိုက်ရန်၊ လက်သီးနှင့် ဝင်ထိုးရန် ကြိမ်းမောင်းပြင်ဆင်နေကြ၍ စာရေးသူတို့က ဝင်ရောက်တားမြစ်ခဲ့ရပါသည်။ တားမြစ်နေသည့်ကြားမှ “ဟေ့ကောင် ခွေးသားကြီး၊ မင်းရုံးကို နောက်နောင်လုံးဝမလာနဲ့”ဟု ပြောင်ပြောင်တင်းတင်းလက်ညှိုးထိုးအော်သူက အော်သွား၏။ သူသည် မျက်လုံးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ရုံးမှထွက်သွား၏။ စာရေးသူသည် သူ၏ ရင်ထဲကို ဝင်ကြည့်ပြီး လွန်စွာကရုဏာသက်မိပါသည်။ သူ့သမိုင်းကို သူရေးခဲ့လေပြီဟုလည်း စိတ်ထဲမှ ကောက်ချက်ချခဲ့မိ၏။

နောက်တစ်ဦးရှိပါသေးသည်။ စာရေးသူ၏ မိခင်ကြီးနှင့် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်၏။ ဖ.ဆ.ပ.လ ခေတ်က ဝန်ကြီးကတော်ဖြစ်၏။ ဝန်ကြီးကွယ်လွန်ပြီးနောက် စုဆောင်းထားသမျှ ရောင်းချစားသောက်ပြီး သားသမီးများအရွယ်ရောက်သည်အထိ ရုန်းကန်ခဲ့ရရှာ၏။ “မင်းကတော် ကျွန်ပုံပေါက်”ဆိုသကဲ့သို့ ဆင်းရဲသွားရှာလေသောဘဝကို စာရေးသူတို့ ငယ်စဉ်က ပင်မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရ၏။ အိုဇတာမကောင်းသော်ငြားလည်း ယခုအခါ အသက် (၁၀၁) နှစ်အထိပင် အသက်ရှည်လျက်ရှိနေသေး၏။ စာရေးသူ၏ မိခင်ကွယ်လွန်သွားပြီဖြစ်သော်လည်း မိခင်၏ မိတ်ဆွေ “အဘွားမြ”(အမည်ပြောင်း)ကို အိမ်သို့ရောက်လာတိုင်း စာရေးသူက ဆေးဖိုးဝါးခအကူအညီပေးပြီး ကုသိုလ်ပြုလျက်ရှိပါသည်။

မ.ဆ.လ ခေတ်တွင် ရှစ်လေးလုံးအရေးတော်ပုံကာလအထိ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်အရာရှိကြီး(အငြိမ်းစား)နှင့် လွန်ခဲ့သည့် လေးနှစ်ခန့်က တွေ့ဆုံခဲ့စဉ် သူပြောဆိုခဲ့သော စကားတစ်ခွန်းကို ယနေ့အချိန်အထိ နားထဲမှ မထွက် နိုင်ပါ။ “မြင့်မိုရ်ဆွေရာ ကိုယ်တို့ ဝန်ကြီးဘဝက ဘာမှစုမိဆောင်းမိမကျန်ရှိပါဘူးကွာ။ အခုခေတ် (န.အ.ဖ ခေတ်)ဝန်ကြီးတွေနဲ့ ယှဉ်ရင် ဆီနဲ့ ရေလိုပါပဲကွာ”ဟု အိုဇတာချင်းယှဉ်ပြီး သူတို့ဘဝညံ့လှပုံကို ညည်းတွားပြောဆိုခဲ့ရှာ၏။

အမှန်တော့ လူ့ဘဝတွင် လူအိုချမ်းသာဖြစ်ရန် မလွယ်ကူလှပေ။ မင်းအိုချမ်းသာဖြစ်ရေးမှာသာ၍ ပင်ခက်လှချေ၏။ အတိတ်ကံလည်းပါရမည်။ ပစ္စုပ္ပန်ကံကလည်း ကောင်းဖို့လို၏။ ဗုဒ္ဓဘာသာတရားတော်အရ ပစ္စုပ္ပန်ကံကောင်းဖို့မှာ ပို၍ အဓိကကျ၏။ ပုဂံခေတ် ပထမမြန်မာနိုင်ငံကြီးကို တည်ထောင်တော်မူသော အနော်ရထာမင်းကြီးသည်ပင် မင်းအိုချမ်းသာမဖြစ်ရှာခဲ့ပေ။ ထိုနည်းတူစွာ ကျန်စစ်သားမင်းကြီးမတိုင်မီ နန်းစံသော စောလူးမင်းသည်လည်းကောင်း၊ ကျန်စစ်သားမင်းကြီးအား ဆက်ခံသော အလောင်းစည်သူမင်းသည်လည်းကောင်း မင်းအိုချမ်းသာများလုံးဝမဖြစ်ခဲ့ပေ။

ပဒေသရာဇ်ခေတ်နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်မင်းဆက် (၁၁) ဆက်တွင်လည်း ထက်ဝက်ကျော်မှာ မင်းအိုချမ်းသာများ မဖြစ်ခဲ့ကြကြောင်း တွေ့ရှိရ၏။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းတို့ အသက်ပေးကြိုးပမ်းမှုကြောင့် ၁၉၄၈ ခုနှစ်၌ သူ့ကျွန်ဘဝမှ လွတ်မြောက်၍ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည့်နောက် စတင်ခဲ့သော ပထမဆုံးဒီမိုကရေစီမင်းဆက်မှ ဝန်ကြီးချုပ်ဦးနုသည်လည်း မင်းအိုချမ်းသာမဖြစ်ခဲ့ပေ။ ထို့နောက် တပ်မတော်အစိုးရ မင်းဆက် သုံးဆက်ကိုစတင်တည်ထောင်ခဲ့သူ ဦးနေဝင်းမှာလည်း “မင်းအိုဒုက္ခ”နှင့် လှလှကြီးကြုံခဲ့ရ၏။ ဒုတိယအဆက် ဗိုလ်ချုပ်မှူးကြီး စောမောင်မှာလည်း မင်းအိုချမ်းသာဘဝနှင့် ဝေးခဲ့ရ၏။ တတိယနောက်ဆုံးအဆက်ဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှာ လည်း လက်ရှိအငြိမ်းစားလစာသိန်း ၁၀၀ ရ၍ ရုပ်ဘဝမဆင်းရဲဟုဆို သော်ငြားလည်း မင်းအိုချမ်းသာဂုဏ်ပုဒ်နှင့် ပြည့်စုံခဲ့သည်ဟု လုံးဝမယုံကြည်ပေ။ န.အ.ဖ လက်ထက် လူ့အခွင့်အရေးဆိတ်သုဉ်းစေခဲ့သော ကိစ္စများ၊ မတရားဖမ်းဆီးချုပ်နှောင်ခံရသော ပြည်သူများ၏ ဒေါသ၊ လယ်သိမ်း၊ မြေသိမ်းကိစ္စများကြောင့် ဆင်းရဲတွင်းနက်ခဲ့သူများ၏ သောက၊ ရောဝတီမြစ်ဆုံကိစ္စ၊ လက်ပံတောင်းတောင်ကိစ္စ၊ ရွှေဝါရောင်အရေးအခင်းစသည်တို့၏ အနိဋ္ဌာရုံအကျိုးဆက်များက သူ၏ စိတ်အာရုံကို ငြိမ်းအေးချမ်းသာစွာနေခွင့်ပေးမည်မဟုတ်သည်မှာ အလွန်ပင်သေချာလှ၏။

မျက်မှောက်ကာလမြန်မာနိုင်ငံသည် ဒုတိယဒီမိုကရေစီ မင်းဆက်ကာလဖြစ်၏။ ဒုတိယ ဒီမိုကရေစီခေတ်၏ ပထမဆုံးသော သမ္မတကြီး ဦးသိန်းစိန်သည် မင်းအိုချမ်းသာဖြစ်ပါမည်လောဟုမေးခွန်းထုတ်ကြည့်မိ၏။ စာရေးသူ၏ စိတ်ထဲမှအရင်းခံစေတနာအရ ပြောရလျှင် သမ္မတကြီးအား မင်းအိုချမ်းသာဖြစ်စေချင်လှ၏။ အထက်ပါမေးခွန်းကို မဖြေမီ မေးခွန်းနှစ်ရပ်ကို အရင်မေးကြည့်မိပြန်၏။ ပထမမေးခွန်းမှာ ကျန်စစ်သားမင်းကြီးဘာကြောင့် မင်းအိုချမ်းသာဖြစ်သနည်းဟူသော မေးခွန်းဖြစ်၏။ အဖြေကား အလွန်ရှင်း၏။ ကျန်စစ်သားမင်းကြီးသည် ပြည်သူတို့၏ သောကမျက်ရည်ကို ဖြေဖျောက်ပေး၏။ ပြည်သူတို့အား ရိက္ခာပြည့်ဝအောင်ဆောင်ရွက်ပေး၏။ ပြည်သူတို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ကြဉ်းပေး၏။ ဗုဒ္ဓသာသနာရောင်ဝါထွန်းလင်း ရေးကို အပတ်တကုတ်ကြိုးစားဆောင်ရွက်၏။

**စာမျက်နှာ(၃၂) သို့**

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

(ယခင်အပတ်မှအဆက် . . . )

**"ဂျိုး"နှင့်လူမိုက်အင်္ဂါလေးပါးပြည့်စုံကြသူများ**

"ဒီအခန်းနံပါတ်(၂၀၄)ဟာ လီယိုနာဒိုဒီကာပရီယို တည်းခဲ့တဲ့ အခန်းပေါ့ ကိုသက်ခိုင်"

"ဪ၊ ကမ္ဘာကျော် ဟောလိဝုဒ်မင်းသား တည်းသွားခဲ့တာ ဒီအခန်းကိုး"

"ဟုတ်တယ်ဗျ။ The Beach ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတချို့ကို ဒီဟိုတယ်မှာ ရိုက်ခဲ့ကြတာလေ။ အဲဒီဇာတ်ကားရိုက်တုန်းက ဟိုတယ်အဟောင်းဗျ။ အခုရှေးမူမပျက် ပြန်ပြီး မွမ်းမံလိုက်တော့ အခန်းနံပါတ်တွေ ပြောင်းသွားတယ်။ အဲဒီရုပ်ရှင်ထဲမှာတော့ ဒီအခန်းနံပါတ်က(၁၁–အေ)။ ကမ္ဘာလှည့်ခရီးသည်တွေကတော့ ဒီအခန်းကို အလုအယက် ကြိုတင်စာရင်းသွင်းကြတာကြောင့် တစ်နှစ်လုံးဘွတ်ခ်ကင်အပြည့်ပဲဗျ"

"အဲဒီရုပ်ရှင် ရိုက်ခဲ့တာ သိပ်မကြာလှသေးဘူးထင်မိတယ်"

"ဟုတ်တယ် ကိုသက်ခိုင်။ ၂၀၀၀ ပြည့်နှစ်ကမှ ရိုက်ခဲ့တာ"

"ကိုယ်ကတော့ The Beach ကို ကြည့်ဖူးပေမယ့် တိုက်တန်းနစ်ကိုပဲ စိတ်ထဲမှာ စွဲနေတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ဝန်းကျင်က ရိုက်ခဲ့တဲ့ ရုပ်ရှင်တစ်ကားကို အကြောင်းပြုပြီး နိုင်ငံတကာ ဧည့်သည်တွေက ဒီလောက်တောင် စိတ်ဝင်စားကြသတဲ့လား"

ကိုသက်ခိုင်မေးမြန်းစပ်စုသမျှ စိတ်ရှည်လက်ရှည် ရှင်းပြနေသူမှာ "ဂျိုး"အမည်ရှိ မြန်မာလူငယ်တစ်ဦးဖြစ်ပြီး ဇာတ်လမ်းအစမှာ ဤသို့ဖြစ်၏။

"သပြေကသီးသနှင့်၊ ရေကြီးငယ် ဘောင်ဘင်၊ ထွန်ရေးငယ်ငင်သည်၊ ပျို့ဦးရင် အပြန်ခက်ရှာလိမ့်၊ တစ်ဖက်က ချောင်းကာသည်။ ရွှေညာမှာ ညိုတဲ့မိုးငယ်မို့ ပျိုစိုးတယ်လေး"ဟူသော စာဆိုဦးကြီး၏လွမ်းချင်းကိုအမှတ်ရစရာကောင်းပါသည်။ မေလဆန်းမို့ ဖူးခက်မှာ မုတ်သုံဝင်ခဲ့ပြီ။

သည်မနက်ပိုင်း ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းညိုမှောင်နေချိန်တွင် ကျွန်တော်နှင့် ဧည့်သည်တော်တစ်ဦး ထမင်းစားခန်းအတွင်းမှာ နံနက်စာ စားရင်းစကားလက်ဆုံကျလျက်ရှိခဲ့သည်။ အဆိုပါ ဧည့်သည်မှာ ကိုဇော်ခိုင်ခေါ် ဂျိုးဖြစ်၏။ ဂျိုးသည် ပုသိမ်ဇာတိ၊ မြန်မာလူမျိုးဗုဒ္ဓဘာသာဝင် ဖြစ်သည်။ အသက်အားဖြင့် လေးဆယ်ကျော် လူပုံနွဲ့နွဲ့နှင့် ဂျိုးသည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရကာ မြန်မာနိုင်ငံ၏ ဟိုတယ်ခရီးသွားလုပ်ငန်းများတွင် ကျင်လည်ခဲ့ပြီးနောက် ယခုအခါ ဟိုတယ်အထွေထွေ မန်နေဂျာ ရာထူးဖြင့် ဖူးခက်မြို့မရှိ On On Hotel အပါအဝင်၊ The Memory Hotel




# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

နှင့် Nasara House Panwa တို့ကိုပါ ပူးတွဲအုပ်ချုပ်နေသူ ဖြစ်၏။ သူဖူးခက်မြေသို့ ခြေချခဲ့သည်မှာ ၁၈ နှစ် ဝန်းကျင်ပင်ရှိခဲ့ပြီဟု ဆိုပါ၏။ အိမ်ဖော်နှင့် အလုပ်ကြမ်းသမားများသာ အများစုဖြစ်နေသည့် ဖူးခက်ရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများကြားတွင် ဂျိုးသည်ထူးခြားသူဟု ဆိုနိုင်သည်။ ဂျိုး၏ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲ မှု နာမည်ဂုဏ်သတင်းကြောင့် ဖူးခက်ဂေဇက်သတင်းစာမျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် ဖော်ပြခြင်းခံခဲ့ရဖူး၏။ ဂျိုးနှင့် ကျွန်တော်ခင်မင်ရင်းနှီးခဲ့သည်မှာ သုံးနှစ်ဝန်းကျင်ရှိပေရော့မည်။

လွန်ခဲ့သော နှစ်ရက်ခန့်က ကျွန်တော့်ထံ ဂျိုးဖုန်းဆက်ကာ စားတော်ပဲပြုတ်နှင့် နံပြားကိုချင်ခြင်းတပ်လေသောကြောင့် တတ်သည့်ပညာ မနေသာသည့် ကျွန်တော့်မှာ ကိုယ်တိုင်ပဲပြုတ်လျက် ဂျိုးကို ဖိတ်ကြားဧည့်ခံခြင်းဖြစ်၏။ နံပြားဖြင့်မူမဟုတ်။ အီကြာကွေးပဲပြုတ်ဖြစ်၏။ ထိုအချိန်၌ပင် အိမ်ရှေ့တွင်ကားရပ်သံကြားသောကြောင့် ထမင်းစားခန်းဆီမှ ခြံဝသို့ ကြည့်မိသည့်အခါတွင်ကားဆိုင်းမဆင့် ဗုံမဆင့်ပေါက်ချလာသူမှာ ကျွန်တော့် ဇာတ်လိုက်ကိုသက်ခိုင်ဖြစ်နေ လေသည်။ ကျွန်တော်မိတ်ဆက် မပေးမီမှာပင် ကိုသက်ခိုင်သည်ဂျိုးကိုဝမ်းသာအားရအမူအရာဖြင့် စတင်နှုတ်ဆက်လေရာ ဂျိုး၏မျက်နှာသည် ရွှင်မြူးသွားဟန်ရှိ၏။

"ကျွန်တော်သက်ခိုင်ပါဗျာ"

"ဟုတ်ကဲ့ဗျ။ ကျွန်တော်က ကိုသက်ခိုင်အကြောင်း ကိုမင်းဒင်ရေးတာတွေဖတ်ပြီး လူချင်းတွေ့ချင်နေတာနဲ့ အတော်ပဲ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်အဖေနာမည်ကလည်း ဦးသက်ခိုင်ပဲဗျ"

"ဟုတ်ပါပြီ ဂျိုးရာ။ ဒါနဲ့ ကိုရင်က ဖူးခက်မှာ ဘာတွေလုပ်သတုံး"

ဤသို့လျှင် နှုတ်နှုတ်ချွတ်ချွတ်နိုင်လှသော ကိုသက်ခိုင်၏ ဝသီအတိုင်း မေးမြန်းစပ်စုပြန်လေရာ ဂျိုးနှင့်ကိုသက်ခိုင်တို့ စကားဝိုင်းမှ အကြောင်းအရာအချို့မှာ လွန်စွာစိတ်ဝင်စားဖွယ်ဖြစ်၏။

"ကျွန်တော် Phi Phi Island Village Beach Resort & Spa မှာလုပ်ခဲ့တုန်း ဦးတေဇလာတည်းသွားဖူးတယ်ဗျ။ သူ့ရဲ့ စီးပွားရေးတာဝန်ခံနဲ့ ကျွန်တော်က ကျောင်းနေဖက်သူငယ်ချင်း။ ဖူးခက်ကနေ အပျော်စီးသင်္ဘောတစ်စီး ပေါင်သန်းဘယ်နှရာနဲ့ဝယ်ဖို့ဆိုလား၊ နားစွန်နားဖျားကြားမိတယ်။ နောက်ပိုင်း ကျွန်တော် သိရသလောက် အဲဒီသင်္ဘောကို ဖူးခက်ကနေ ဝယ်တယ်။ မြန်မာ သင်္ဘောအရာရှိလေးငါးယောက်ပါတဲ့ အဖွဲ့တစ်ဖွဲ့ဟာ ဖူးခက်ပါတောင်ကမ်းခြေမှာ တစ်လလောက် အခန်းငှားနေပြီး အဲဒီသင်္ဘောကို အမောင်းသင်ကြတယ်။ ရန်ကုန်ဆိပ်ကမ်းကို မောင်းယူသွားတော့ ဦးတေဇရဲ့ အပျော်စီးသင်္ဘောကို မြန်မာပြည်ကလူတွေ အထူးအဆန်းဖြစ်ပြီး တအံ့တဩလာကြည့်ကြတယ်လို့ သတင်းကြားတာပဲဗျ"

"ဪ၊ တို့ဗမာသူဌေးတွေလည်း အပျော်စီးသင်္ဘောတောင် ဝယ်စီးနိုင်ကြသကိုး"

"နေဦးကိုသက်ခိုင်။ အဲဒီ အပျော်စီးသင်္ဘောဟာ အမြဲတမ်းလိုလို ကြံ့ခိုင်ရေး၊ သန့်ရှင်းရေး လုပ်ရတဲ့ အမျိုးအစားတဲ့ဗျ။ ရန်ကုန်မြစ်တွင်းက ရေဟာ မသန့်တာကြောင့် မကြာခင်မှာ ပြန်ရောင်းထုတ်ရလိုက်သတဲ့"

"အင်း၊ ရှုံးလိုက်မယ့်ဖြစ်ခြင်း ဂျိုးရေ။ ဖူးခက်မှာ သင်္ဘောတည်ဆောက်တဲ့ လုပ်ငန်းတွေအရမ်းများတယ်။ အမြတ်လည်း သိပ်ကြမ်းတယ်။ ကိုယ့်ကိုတောင် ဗမာပြည်ကနေ သင်္ဘောဝယ်ချင်တဲ့သူရှိလို့ အရောင်းအဝယ်တည့်အောင် စပ်ဟပ်ပေးနိုင်ရင် ပွဲစားခသုံးဆယ်ရာခိုင်နှုန်းအထိ ပေးမယ်လို့ စင်ကာပူကုမ္ပဏီတွေက ကမ်းလှမ်းခဲ့ဖူးသဟ"

"နောက်တစ်ခု ရှိသေးတယ်။ ဦးတေဇက ဗမာပြည်မှာ ဟိုတယ်လုပ်ငန်းတွေ အကြီးအကျယ်လုပ်ကိုင်နေတယ်သာ ဆိုတယ်။ ဒီလုပ်ငန်းကို ထဲထဲဝင်ဝင် စိတ်ဝင်စားပုံ မရဘူး။ နားလည်ကျွမ်းကျင်ပုံလည်း မရဘူး"

"ဟ၊ ကိုရင့်အမြင်က အဆန်းပါကလား။ ဘာကြောင့်များပါလိမ့်။ ရှင်းပါဦး ဂျိုးရ"

"ဖြစ်ပုံက ဒီလိုကိုသက်ခိုင်။ ဖီဖီကျွန်းရဲ့ ကြယ်ငါးပွင့် အဆင့်ဟိုတယ်တစ်ခုမှာ ကျွန်တော့်လိုဗမာမန်နေဂျာတစ်ယောက် တွေ့လိုက်တော့ ဦးတေဇနည်းနည်းတော့ အံ့ဩသွားပုံရတယ်။ သူကျွန်တော့်ကိုမေးတာက ခင်ဗျားတို့ဟိုတယ်မှာ အခန်းရောင်းအား Occupancy ဘယ်လောက်ရှိတုံးတဲ့။ ကျွန်တော်ကနေ ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့လည်း ပြန်ဖြေလိုက်ရော ဦးတေဇဟာ ရုတ်တရက် သူ့ဟိုတယ် မန်နေဂျာ အမျိုးသမီးတွေဘက်လှည့်ပြီး နင်တို့ဟိုတယ်တွေကော ဘယ်လောက်ရှိတုံးဆိုတော့ ၁၅ ရာခိုင်နှုန်းလို့ ပြန်ဖြေတာကြားလိုက်ရတယ်။ လက်တွေ့ဟိုတယ်လောကမှာ အနည်းဆုံး ၃၅ ရာခိုင်နှုန်း Occupancy ရှိမှ အရင်းကိုက်ရုံရှိတာမို့ ၄၀ ရာခိုင်နှုန်း မရောင်းရရင် လုပ်ငန်းမလည်ပတ်နိုင်ဘူး။ ဘယ်လိုကမ္ဘာကျော် သူဌေးမဆိုစရိတ်ထောင်းတာနဲ့ ရှုံးမှာပဲ။ အမယ်။ သူကလက်ရှိသမ္မတကြီးနဲ့ လည်းတော်တော်ရင်းနှီးပုံရတယ်။ အဲဒီအချိန်တုန်းက ၂၀၀၈ ဝန်းကျင်မို့ သမ္မတကြီးဟာ ဝန်ကြီးချုပ်ဘဝပေါ့။ ဦးတေဇတည်းတဲ့ တစ်နေ့ဘတ်နှစ်သောင်းခွဲတန်အခန်းကို ကျွန်တော်ကိုယ်တိုင် လိုက်ပို့နေရာချနေတုန်းတယ်လီဖုန်းတစ်လုံးဝင်လာတယ်။ နောက်တော့ ကျွန်တော့်ကို သူပြောပြတာက ဝန်ကြီးချုပ်ဆီက ဖုန်းဆိုပဲ။ ကိုရီးယားကို လိုက်ခဲ့ဖို့ လှမ်းခေါ်လို့တဲ့ဗျာ။ ငွေချေပြီးသား ကရာဘီ ကမ်းခြေက ကြယ်ငါးပွင့်ဟိုတယ်ဘွတ်ခ်ကင်တွေကို အကုန်ဖျက်ပြီး လိုက်သွားလေရဲ့"

"ဘုန်းကံတော့ အတော်ကြီးတယ်ဆိုရမယ် ဂျိုးရာ။ သူ့ခေတ်နဲ့တော့ သူတွင်ကျယ်လို့သာဆိုရမယ်ထင်ပါရဲ့"

"ဒါတင်မကသေးဘူး ကိုသက်ခိုင်ရ။ ကိုတေဇရဲ့ မန်နေဂျာ အမျိုးသမီးတွေ အပြောအရတော့ သူတို့ကိုရီးယားကို ဈေးဝယ်ထွက်ကြဦးမယ်ဆိုပဲ။ မထွက်ခင်ညစာစားပွဲမှာ ဝိုင်မှာသောက်တော့ ကျွန်တော်က ဘတ်သုံးထောင့်ငါးရာတန် ဝိုင်ပုလင်းကိုထုတ်ပေးတယ်။ ဒီတော့ သူတို့ကကြယ်ငါးပွင့်ဖြစ်ပြီး ဒီလောက်ဈေးပေါတဲ့ ဝိုင်ကိုတင်ထားရသလားတဲ့ဗျာ။ သူတို့ကြည့်ရတာ Product နဲ့ Dem–andကိုကွဲကွဲပြားပြားနားလည်ကြပုံမရဘူး။ ဒါကြောင့် ကျွန်တော်က Demandမရှိဘဲ Product ကို မရင်းနှီးထားနိုင်ဘူးလို့ရှင်းပြလိုက်ရသေးတယ်။ ဒါနဲ့စကားမစပ် အခုကျွန်တော်တာဝန်ကျနေတဲ့ အွန်အွန်ဟိုတယ်ဟာ ကမ္ဘာကျော် ဟောလိဝုဒ်မင်းသား တည်းသွားခဲ့ဖူးတဲ့ ဟိုတယ်ဗျ"

"အမယ်။ တယ်ဟုတ်ပါလား။ ကိုရင့်ဟိုတယ်က ဘာတွေများကြီးကျယ်ခမ်းနားနေလို့တုံး"

ဤသို့လျှင် စိတ်မြန်လက်မြန်နိုင်လှသော ကိုသက်ခိုင်၏ စရိုက်အတိုင်း ဂျိုးတာဝန်ထမ်းဆောင်ရာဟိုတယ်သို့ လိုက်ပါကြည့်ရှုလိုသည် ဆိုပြန်သဖြင့် ဂျိုးခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ရာမှ ဖူးခက်မြို့မ၊ ဖန်ငလမ်းရှိ အွန်အွန်ဟိုတယ်လို့ ရောက်ရှိခဲ့ကာ အစတွင် ဖော်ပြခဲ့သည့်အတိုင်း ဟိုတယ်တစ်ခုလုံးအား ကိုသက်ခိုင် စေ့စေ့ပေါက်ပေါက် စူးစမ်းနေခြင်းဖြစ်လေ၏။ အွန်အွန်ဟိုတယ်ရှေ့၊ ကားလမ်း၏တစ်ဖက်တွင် ဘန်ကောက်ဘဏ်နှင့် ကာစီကွန် (တောင်သူလယ်သမား) ဘဏ်အဆောက်အအုံတို့ကို ခံ့ညားစွာ လှမ်းမြင်နေရသည်။ အွန်အွန်ဟိုတယ်သည် အခန်းပေါင်းလေးဆယ်ကျော်မျှသာရှိသည့် ဟိုတယ်အလတ်စားဖြစ်၏။ ၁၉၂၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။ အွန်အွန်ဟူသည် တရုတ်ဘာသာ စကားအန်အန်မှလာသည်ဟုဆိုပြီးအဓိပ္ပာယ်မှာ ပျော်ရွှင်ခြင်း (Happiness) ဟု ဆိုပါ၏။

ကျွန်တော်ကားဟိုတယ်တစ်ခု၏ကြီးကျယ်ခမ်းနားမှုကို နောက်ဆုံးပေါ် ခေတ်မီအသုံးအဆောင်များပေါ် မူတည်၍ လေ့လာနေသော်ငြား ကိုသက်ခိုင်နှင့် ဂျိုးတို့မှာ တစ်မျိုးတစ်ဘာသာဖြစ်နေပြန်သည်။ ကိုသက်ခိုင်သည် ဂျိုးလိုက်လံရှင်းလင်းပြသည့် အကြောင်းခြင်းရာ အားလုံးကို စိတ်ဝင်တစားလိုက်လံကြည့်ရှုရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။

ဟိုတယ်အဝင် ဧည့်ခန်းသည် ကျွန်တော့်အမြင်တွင် မထူးခြားလှ။

**အချပ်ပို** (A3) **သို့**

7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# အကြွေခေတ် ပျက်သုဉ်းခြင်း

မောင်သာချို




(တစ်)

ဂျပန်နိုင်ငံ၌ အိတ်အမျိုးမျိုး ရောင်းချသည့်ဆိုင်များသို့ ရောက်သောအခါ အိတ်ပေါက်စကလေးများကို တွေ့ရမြဲ ဖြစ်ပါသည်။ ဘာထည့်တဲ့အိတ်ကလေးတွေပါလိမ့်။ ဂျပန်နေ မိတ်ဆွေတို့ကိုမေးကြည့်တော့ ပိုက်ဆံအိတ်ဟု ဖြေပါသည်။ အိတ်ကလေးတွေက တော်တော့်ကိုသေးပါသည်။ ဂျပန်ငွေစက္ကူ အရွယ်အစားအမျိုးမျိုး ဘယ်လိုမှ ထည့်မရနိုင်။ အမေရိကန်ဒေါ်လာ အရွယ်အစား အမျိုးမျိုးလည်း ဘယ်လိုမှ ထည့်လို့မရ။ ထိုင်းငွေစက္ကူ၊ မြန်မာငွေစက္ကူတွေလည်း ထည့်လို့ရာမဖြစ်။ အိတ်ကလေးတွေက နှစ်လက်မခွဲ၊ သုံးလက်မ ပတ်လည်လောက်သာရှိသည့် အိတ်ပေါက်စကလေးများသာဖြစ်ရာတရုတ်ငွေစက္ကူ၁ယွမ်လောက်သာ ခေါင်ခေါင်ချိုချိုထည့်နိုင်လိမ့်မည်ထင်ပါသည်။

သည်လောက်တောင်သေးရကောင်းလားဟူသော စိတ်ဖြင့် ဒါလား ပိုက်ဆံအိတ်ဟု မေးမိတော့ ဂျပန်နေမိတ်ဆွေများက ပြုံးကာရယ်ကာဖြင့် အကြွေထည့်တဲ့ အိတ်တွေလေဟု ဖြေပါသည်။

အကြွေ။ အကြွေစေ့။ အင်္ဂလိပ်လို ကွိုင်န် (coin)ဟု အသံထွက်ကြသည့်အကြွေစေ့။ ဟုတ်ပါသည်။ ဂျပန်၌ လူတိုင်းလူတိုင်း အကြွေစေ့ထည့်သည့် ပိုက်ဆံအိတ်ပေါက်စကလေးများကို ကိုင်ကြပါသည်။ အကြွေကသူ့တန်ဖိုးနှင့်သူ အသုံးဝင်အသုံးတွင်သော ငွေကြေးဖြစ်ရာ နိုင်ငံသားတို့ကထို အကြွေစေ့၏ သတ်မှတ်တန်ဖိုးအတိုင်း အတိအကျကိုသုံးစွဲကြလေရာ အကြွေစေ့ဟူသော currency က လူ့အဖွဲ့အစည်း၏ နေရာတိုင်းကိုစိုးဆင်း၍ သွားပါသည်။

ဥပမာ ဆိုကြပါစို့။ ဂျပန်၌ မြို့ပတ်ရထား စီးသောအခါ ဘူတာရုံတစ်ခုနှင့် တစ်ခုကြား အတွက်ယန်း ၁၅၀ ကျသည်ဆို ပါစို့။ ၁၀၀ နှင့် ၅၀ တန်အကြွေစေ့ နှစ်စေ့ပေးလိုက်ရုံဖြင့် ကိစ္စပြတ်ပါသည်။ ကိုယ်က အကြွေမရှိ၍ ယန်းစက္ကူအကြီးပေးလျှင်လည်း ကျသင့်သည့်အတိုင်း အတိအကျ ယူကာ ၅၀ တန်အကြွေစေ့က အစအတိအကျ ပြန်အမ်းစမြဲဖြစ်ပါသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံ၌လည်း ဘတ်ငွေကို အကြွေစေ့က အစ သုံးကြကြောင်း အများအသိပင်ဖြစ်ပါသည်။ လက်ကိုင်ဖုန်း SIMCardတစ်ခုလမ်းဘေးကဝယ်ထည့်ရာ ၄၉ ဘတ်တဲ့။ မြန်မာငွေ ၁,၅၀၀မပြည့်ချင်။ဘတ်၅၀ကိုငွေစက္ကူဖြင့်ပေးလိုက်ရာ တစ်ဘတ်ကိုပင်ပြန်အမ်းလိုက်ပါသေးသည်။ထုံးစံအတိုင်း အကြွေစေ့ကလေးပဲပေါ့။

(နှစ်)

ကျွန်တော်တို့နိုင်ငံ၌ အကြွေခေတ်ပျက်သုဉ်းသွားခဲ့သည်မှာ ကြာပါပြီ။ ဟိုးလွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ဝန်းကျင် ကျွန်တော်တို့ ငယ်ငယ်က အကြွေခေတ်ရှိခဲ့ဖူးသည်ကို အမှတ်ရနေပါသည်။

ငါးပြားစေ့၊ ဆယ်ပြားစေ့၊ တစ်မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့။ ဗိုလ်ချုပ်အောင်ဆန်းပုံကလေးတွေနဲ့။ ခြသေ့်ပုံကလေးတွေနဲ့။

တစ်နေရာရာက ပိုက်ဆံကောက်ရတတ်ပေရာ အကြွေစေ့ကလေးများသာ ဖြစ်လေ့ရှိပြီး ကောက်ရတိုင်း အပျော်ကြီးခဲ့ရပုံများကိုလည်း အမှတ်ရမိဆဲဖြစ်ပါသည်။ အရပ်ထဲ၌ အိုးသစ်အိမ်သစ်ဆောက်ကြသည့်အခါတိုင်း အိမ်ဟောင်းများကို ဖြိုလေ့ရှိရာ ဖြိုပြီး၍ ကွက်လပ်ဖြစ်နေသော မြေကြီးပေါ်၌ ကလေးကိုယ်စီတို့ ရရာလက်နက်ဖြင့် ပိုက်ဆံတူးခဲ့ကြသည်မှာလည်း လွမ်းစရာတွေပဲဖြစ်ပါသည်။ အိမ်နေသူများ အိမ်အောက်သို့ ကျပျောက်ခဲ့ပြီး မြေကြီးဖုံးနေသည့် အကြွေစေ့များကို ဓားဖြင့်ဆွ၊ တူးရွင်းဖြင့်တူးကာ တစ်မတ်စေ့ပဲရရ၊ ငါးမူးစေ့ပဲရရ အပျော်ကြီးပျော်ခဲ့ကြရသည်မှာ ကျွန်တော်တို့ကလေးဘဝဖြစ်ပါသည်။ မည်းညစ်နေသည့် အကြွေစေ့ကလေးများကို သဲမြေပေါ်၌ချကာ ဖနောင့်ကလေးဖြင့် လှည့်လှည့်ပွတ်ပြီး အကြွေစေ့ကလေးတွေ တောက်ပြောင်ဝင်းလက်လာလေတိုင်း ကျွန်တော်တို့မျက်နှာတွေလည်း ဝင်းလက်တောက်ပြောင်လာခဲ့ကြမြဲဖြစ်ပါသည်။ စုဘူးထဲ၌ ပိုက်ဆံစုကြတော့လည်း အများစုက ထိုအကြွေစေ့ကလေးများပဲဖြစ်ပါသည်။

ဆိုလိုသည်မှာ ထိုခေတ်က ကျွန်တော်တို့ပိုက်ဆံအားကောင်းခိုင်မာနေရာ နောက်ဆုံးပြားစေ့အထိ တန်ဖိုးရှိနေခဲ့ပြီး သူ့တန်ဖိုးနှင့်သူ့နေရာတိုင်း၌ အသုံးဝင်နေခဲ့ကြောင်းဖြစ်ပါသည်။

အခု အကြွေစေ့တွေ မရှိတော့။ အကြွေခေတ်ပျက်သုဉ်းခဲ့ပါပြီ။ အကြွေမှမဟုတ် အရွက်အသေးကလေးတွေပင်လျှင် နေရာကောင်းမရတော့။ ကျပ်တန်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန် အမ်းချင်အမ်း မအမ်းချင်နေ၊ ရှိရင် အမ်း၊ မရှိရင်မအမ်းနဲ့ဆိုသည့် သဘော။ ငါးဆယ်တန်တစ်ရွက် လမ်းပေါ်ကျနေသည်ကိုပင် ကောက်ယူလိုသူမရှိပါလေတော့။

တန်ဖိုးသတ်မှတ်ထားသော်လည်း ထိုတန်ဖိုးနှင့်အညီ သုံးစွဲစရာနေရာ ရှားပါးလာမှုကြောင့် အချို့ငွေစက္ကူများ အဟောသိကံဖြစ်သွားကြခြင်းဖြစ်ပါသည်။

ဘတ်စ်ကားပေါ်ကိုပဲတက်တက်၊ ဈေးထဲ၊ ဆိုင်ထဲကိုပဲဝင်ဝင်၊ လျှပ်စစ်မီတာခပဲပေးဆောင်ပေးဆောင်ငါးဆယ်တစ်ရာ၊တစ်ဆယ်နှစ်ဆယ်ကတော့ မြန်မာတွေ သိပ်အမှုမထားကြတော့။ ရှိရင်ပေး၊ မရှိရင်နေ။ ငွေကြေးစီးဆင်းမှု၌ လူတစ်ယောက်ငွေ တစ်ဆယ်ထား။ ငွေနှစ်ဆယ်ထား။ သန်း ၆၀ ဆို ငွေဘယ်လောက်ရှိမှာပါလိမ့်။ စိတ်ဝင်စားသော်ချမြှောက်ကြည့်ကြဖို့ပဲဖြစ်ပါသည်။ ယင်းသည် ငွေကြေး တစ်ယူနစ်ချင်းအပေါ်တွင် တန်ဖိုးဩဇာမသက်ရောက်သဖြင့်လွဲမှားစွာစီးဆင်းသွားသောရောမငွေကြေးပမာဏပင်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး စက္ကန့်တိုင်း၊ မိနစ်တိုင်းမှာ ဘယ်လောက်အပိုအလိုတွေနဲ့ ငွေကြေးတွေစီးဆင်းသွားနေခဲ့ပါလိမ့်။

(သုံး)

ထိုင်းဘတ်ငွေ အကြွေစေ့ကလေးတွေကိုကြည့်လို့၊ ဂျပန်ယန်းငွေအကြွေစေ့ကလေးတွေကိုကြည့်လို့၊ တစ်ခါက ကျွန်တော်တို့ပိုက်ဆံအကြွေစေ့ကလေးတွေကို သတိရလိုက်တာ။ မြန်မာငွေဟာ ပြားစေ့တစ်စေ့ကအစ သုံးလို့ရအောင် တန်ဖိုးရှိပါတယ်ဆိုပြီး ခိုင်မာအားကောင်း တောင့်တင်းစေချင်လှပါပေါ့။ ။

**Marketing Manager** **Male/Female (1)post**

1. **Competencies**
Professionalism: Ability to provide technical leadership in overseeing marketing work of medical representatives, and assists them to develop professionally.
2. **Leadership**
Serves as a role model that other want to follow.
3. **Communication**
Speaks and writes clearly and effectively.
4. **Teamwork**
Works collaboratively with colleagues to achieve organizational goals.
5. **Planning and Organizing**
Develops clear goals that are consistent with agreed strategies.
6. **Education**
MBA is desirable. A first-level university degree in combination with qualifying experience may be accepted in lieu of the advanced university degree.
7. **Work Experience**
At Least five years of progressively responsible marketing with knowledge of medical field. Must have excellent communication skills (oral and written), excellent health and pleasant personality.

**Applications**
Please apply to Ni Lay Naing Co.,Ltd, No.334-344 (Ground Floor), Bagan Housing, Anawrahtar Road, Lanmadaw Township with your CV, current photo, NRC copy, relevant certificates, testimonials before 30.5.14.

**ဝန်ထမ်းအလိုရှိသည်**

❖ ယာဉ်မောင်း ကျား (၂) ဦး

- အသက် (၄၀) နှစ်အောက်၊ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။ အော်တိုဂီယာမောင်းနိုင်ရမည်။
- အိမ်စီးကားမောင်းဖူးသူဖြစ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး ကောင်းမွန်ရမည်။ ကွမ်းမစားသူဖြစ်ရမည်။
- ထမင်းစရိတ်၊ လမ်းစရိတ် နှင့် အချိန်ပိုကြေးများ ထပ်မံ ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ (၁၅.၅.၂၀၁၄) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငှုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



နေပြည်တော်အမြန်လမ်းတိုးဂိတ်ကိုတွေ့ရစဉ် ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ကျွန်တော်နှင့် အမြန်လမ်း

**မောင်အောင်(မွေးကု)**

ကျွန်တော်ဆိုသည်မှာ ဝန်ကြီးဌာနတစ်ခုမှ ပြီးခဲ့သည့်သုံးလခန့်က အငြိမ်းစားယူခဲ့သည့် ဝန်ထမ်းတစ်ဦး။ အမြန်လမ်းဆိုသည်မှာ နေ့စဉ်သတင်းစာများ အပါအဝင်၊ ဂျာနယ်များ၊ စာစောင်များတွင် ပြည်သူ့ရင်ဖွင့်သံများဖြင့် ပိတ်သင့်ကြောင်း၊ ပြင်သင့်ကြောင်း အမျိုးမျိုးရေးသားတင်ပြနေကြသည့် ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်း။

သည်အမြန်လမ်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် မေလကစ၍ ကျွန်တော်ရင်းနှီးခဲ့ပါသည်။ ၂၀၀၈ခုနှစ် မေလ ၂ရက်က ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွင်နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများကို ကယ်ဆယ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်(ယခုနိုင်ငံတော်သမ္မတကြီး)ဦးဆောင်သည့် တာဝန်ရှိသူများ မေလ ၃ရက်တွင် ရန်ကုန်သို့ဆင်းကြသည်။ ယင်း နေ့ညနေတွင်ပင် ကျွန်တော့်ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မုန်တိုင်းသင့်ဒေသများသို့ ကျွန်တော်သည်အမြန်လမ်းမှ ဆင်းခဲ့ပါသည်။

အဲဒီအချိန်တုန်းက အမြန်လမ်းက တရားဝင်မဖွင့်သေး။ နေရာအတော်များများတွင်ယာဉ်သွားလမ်း အသွားအပြန်မရှိ။ အချို့နေရာများတွင်နေပြည်တော်–ရန်ကုန်အသွားလမ်းကြောသာရှိသေးသည်။ အချို့နေရာတွင် ယာဉ်သွားလမ်းနှစ်ကြောသာရှိပြီး အသွားတစ်လမ်း၊ အပြန်တစ်လမ်းအဖြစ် အသုံးပြုရသည်။ လမ်းဘေးပလက်ဖောင်းမရှိ။ အလယ်ကျွန်းပီပီပြင်ပြင်မရှိ။ လမ်းအကွာအဝေးပြ မိုင်တိုင်နေရာတိုင်းတွင်မရှိ။ရှိသည့်နေရာတွင်သာရှိသေးသည်။

မည်သို့ဆိုစေ။ သည်အမြန်လမ်းက ကျွန်တော်တို့ဆင်းဖြစ်ခဲ့ကြသည်။ ကုန်ကားကြီးများ၊ အဝေးပြေးအမြန် ဘတ်စ်ကားကြီးများကို မရှောင်တိမ်းရသဖြင့် ခရီးတွင်သည်။လမ်းကြောတစ်လျှောက် ရှိ မြို့များ၊ ဈေးများ၊ စာသင်ကျောင်းများကို မဖြတ်ရသဖြင့် အချိန်ကုန်သက်သာသည်။ သတ်မှတ်မိုင်နှုန်း ထက်လျှော့၍ မောင်းလျှင်ပင်၄နာရီခွဲ ၅နာရီသာသာဖြင့်နေပြည်တော်မှ ရန်ကုန်သို့ ရောက်နိုင်သည်။လမ်းကြေး၊တံတားကြေး၊ မြို့ဝင်ကြေးများ၊ ဝါးတားဂိတ်များကို မဖြတ်ရသဖြင့် ငွေကုန်သက်သာသည်ထက် အချိန်ကုန် သက်သာသောကြောင့် ကျွန်တော်တို့ စိတ်ကျေနပ်မိသည်။

ခေတ်အဆက်ဆက်။ ကျွန်တော်ထင်သည်။ တပ်မတော်အစိုးရ၊ ဆိုရှယ်လစ်ခေတ်၊ နဝတခေတ်တို့တွင် "ရန်ကုန်–မန္တလေး ၁၂နာရီအရောက်ခရီးပေါက်"ရန် ဆောင်ပုဒ်အမျိုးမျိုး ရေးခဲ့ဖူးသည်။ဆိုင်းဘုတ်ကြီးတွေစိုက်ထူပြီး ကားလမ်းမှာရော ရထားလမ်းမှာပါ ကြိုးစားခဲ့ကြသည်။ ကျွန်တော်တို့ ၁၀တန်းအောင်ပြီးစ တက္ကသိုလ်တက်နေခဲ့သည့်အချိန်ကကြုံးဝါးသံများသည်ကျွန်တော်တို့ အစိုးရဝန်ထမ်းအဖြစ် နှစ်၃၀ခန့်အလုပ်လုပ်ပြီး အငြိမ်းစားယူခါနီးတွင် အကောင်အထည်ပေါ်လာခဲ့သဖြင့် ကျေနပ်မိပါသည်။

နေပြည်တော်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းဖြစ်သဖြင့် နာဂစ်ကာလကစတင်ဖြတ်သန်းဖြစ်သည့် အမြန်လမ်းကို ကျွန်တော်အကြိမ်ကြိမ်ဖြတ်သန်းဖြစ်ပါသည်။ အချို့လများတွင် တစ်ပတ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ် ရန်ကုန်နှင့်နေပြည်တော် တက်လိုက်၊ ဆင်းလိုက်ဖြတ်သန်းဖြစ်သည်။ ဒီကြားထဲတွင် အမြန်လမ်းကတိုးတက်လာသည်။အသွားလမ်း၊ အပြန်လမ်းသီးသန့်စီဖြစ်လာသည်။ တစ်ဖက်လျှင် အနည်းဆုံးယာဉ်ကြောနှစ်ကြောမှ အချို့လမ်းပိုင်းများတွင် ယာဉ်ကြောလေးကြော၊ ငါးကြောအထိတိုးတက်လာသည်။

အလယ်ကျွန်းများ၊ သစ်ပင်ပန်းမန်တို့ဖြင့် စိမ်းစိုသည့်နေရာစိမ်းစိုလာသည်။ယာဉ်မောင်းများ ခရီးသွားပြည်သူများ၏ အသက်သွေးချွေးများရင်း၍လမ်းကွေ့နေရာ အတားအဆီးများ၊ အကာအရံများ၊ ညကြည့်လမ်းလယ်ရောင်ပြန်တုံးများ၊ လမ်းဘေးရောင်ပြန်တုံးများ တိုးချဲ့တပ်ဆင်ပေးလာသည်။လမ်းပခုံးများဖြည့်ဆည်းပေးလာသည်။ လမ်းအင်္ဂါရပ်နှင့်ညီအောင်ဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများအား နေ့နေ့ညည ခရီးသွားတိုင်း ကျွန်တော်အထူးကျေးဇူးတင်မိပါသည်။

ဤလမ်းမကြီးဖြစ်မြောက်အောင် ဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ်များအားလုံး ကျန်းမာချမ်းသာကြစေကြောင်း ကျွန်တော်ဆုတောင်းမိပါသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် ကျွန်တော်ကားမောင်းရတာဝါသနာပါသည်။ ခရီးရှည်သွားတိုင်း ကျွန်တော်ကိုယ်တိုင်များသောအားဖြင့်ကားမောင်းပါသည်။ ကျွန်တော့်ရာထူးတာဝန်၊ ကျွန်တော်အသက်နှင့် Highway ကားမမောင်းသင့်ဟု အတော်များများကပြောကြပါသည်။ သို့သော်လည်း ကျွန်တော်ကားမောင်းပါသည်။ အနည်းဆုံးကျွန်တော့်ယာဉ်မောင်းနှင့်ကျွန်တော် ရန်ကုန်–နေပြည်တော်တစ်ဝက်စီဖြစ်ဖြစ် ကားမောင်းပါသည်။ တစ်ခါတစ်ရံ ရာသီဥတုနှင့်ကျန်းမာရေးအပေါ်မူတည်၍ တစ်နာရီလျှင်တစ်ကြိမ် ကျွန်တော်တို့ တစ်လှည့်စီမောင်းကြပါသည်။

အမြန်လမ်းတွင် စတင်ခရီးသွားသော ၂၀၀၈ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်းခြောက်နှစ်တိတိ။ကျွန်တော်ထင်ပါသည်။ကျွန်တော့်ခရီးသွားမှတ်တမ်းများအရ အခေါက်နှစ်ရာခန့် ကျွန်တော်ခရီးသွားခဲ့ပါသည်။ နေ့ဘက်လည်းသွားပါသည်။ ညဘက်လည်းသွားပါသည်။ မူဆယ်မှရန်ကုန်သို့တစ်နေ့နှင့်တစ်ညဖြင့် ကျွန်တော်အရောက်သွားဖူးပါသည်။ ကိစ္စအရေးကြီးသဖြင့် မူဆယ်မှနေ့လယ်ထွက်ခဲ့ပြီး နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၇နာရီ အဆောက်အအုံပန္တက်ရိုက်အမီ ကျွန်တော်ပြန်ခဲ့ဖူးပါသည်။

သည်အမြန်လမ်းတွင် ကျွန်တော်နှစ်ကြိမ်ခန့်မတော်တဆမှုဖြစ်ဖူးပါသည်။ တစ်ကြိမ်က လမ်းပခုံးဖို့မထားရသေးသဖြင့် ညဘက်တစ်ဖက်လမ်းမှ ကားမီးထိုးသဖြင့် ကားဆွဲချရာမြေကြီးပေါ်ဆင်းချသွားပါသည်။

စာမျက်နှာ(၃၂) သို့

Business
7Day News Journal
Vol.13, No.10 • MAY 14 , 2014

# အွန်လိုင်းစီးပွားရေးက အရင်းအနှီးနည်းသူတို့အတွက် အခွင့်အလမ်းသစ်ဖြစ်လာပြီလား

ယမင်း၊ ဟေမာနှင်း၊ ရှင်းရှင်း



*ဖုန်းဖြင့်အွန်လိုင်းတွင်ဈေးဝယ်ရန် ကြည့်ရှုနေသူတစ်ဦး*

ဓာတ်ပုံ – ဉက္ကာကိုကို

ဆိုင်ခန်းခမကုန်၊ အလုပ်သမားစရိတ်မလိုဘဲ လွယ်လွယ်ကူကူ စီးပွားရေးလုပ်နိုင်သည့် အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းခြင်းကအရင်းအနှီးမရှိသောစီးပွားရေးလုပ်ငန်းအသေးစားတွေဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်နည်းလမ်းကောင်းတစ်ခုအသွင်ဆောင်လာနိုင်သလားဆိုတာတော့ တွေးစရာတစ်ခုဖြစ်လာပါပြီ။

ယခင်ကအိမ်နောက်ဖေးဈေးဆိုင်တည်ဟူသည့် စကားပုံခေတ်စားခဲ့သကဲ့သို့ ယခုလိုနည်းပညာများ ဖွံ့ဖြိုးလာချိန်၌ အွန်လိုင်းတွင် ဈေးဆိုင်တည်ခြင်းမှာ ခေတ်စားလာခဲ့သည်။

အွန်လိုင်းတွင် ဈေးဆိုင်တည်ခြင်းသည် ရောင်းသူနှင့်ဝယ်သူကြား အလုပ်မရှုပ်စေဘဲ ရောင်းသူဘက်မှ ဖုန်းအသုံးပြုနေစဉ်ဖြစ်စေ၊ ကွန်ပျူတာအသုံးပြုနေစဉ်ဖြစ်စေ ကလစ်တစ်ချက်နှိပ်ရုံဖြင့် အလုပ်ပြီးမြောက်ပြီး ဝယ်သူဘက်လည်း ကြိုက်နှစ်သက်ရာရွေးချယ်လိုက်ရုံဖြင့် မိမိလက်ထဲသို့ ပစ္စည်းရောက်ရှိလာမည်ဖြစ်သည်။

ယခုဆိုလျှင် မြန်မာနိုင်ငံတွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်နယ်ပယ်များတွင်ကျယ်လာပြီး ဖုန်းများမှတစ်ဆင့် အင်တာနက်ကိုလွယ်ကူစွာသုံးလာနိုင်သည်။ဖေ့စ်ဘွတ်ခ်များမှတစ်ဆင့် ဈေးဝယ်ခြင်းစနစ်မှာ အတိုင်းအတာတစ်ခုအထိ လူငယ်များကြား၌ ခေတ်စားလာခဲ့သည်။

ပြည်တွင်း၌ အလွယ်တကူ ဝယ်ယူ၍ မရနိုင်သော ခေါင်းအစခြေအဆုံးအသုံးပြုနိုင်သည့်ပစ္စည်းအသစ်အဆန်းများကိုပြည်ပမှ မှာယူရောင်းချကြသည်။ အဓိကမှာယူသည့်နိုင်ငံများမှာ ဘန်ကောက်၊ တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူ၊ အမေရိကန် စသည့် နိုင်ငံများမှဖြစ်သည်။

ထိုကဲ့သို့ ပြည်ပမှ မှာယူရောင်းချသော အွန်လိုင်းစတိုးများသာမက ပြည်တွင်းရှိ မြန်မာ့ရိုးရာချည်ထည်၊ ပိုးထည်များကို ရောင်းချကြသော အွန်လိုင်းစတိုးများလည်း အများအပြားပေါ်ပေါက်လာသည်။

ဖေ့စ်ဘွတ်ခ်စာမျက်နှာများဖွင့်၍ အွန်လိုင်းစတိုးများ၌ မိမိရောင်းချလိုသော ကုန်ပစ္စည်းများကို ဓာတ်ပုံ၊ ဈေးနှုန်းများနှင့်တကွ ရရှိနိုင်သော အရွယ်အစား၊ အရောင်အသွေးများ စသည့် အချက်အလက်များပါတွဲဖက်ဖော်ပြထားသည့်အတွက် ကိုယ်နှစ်သက်ရာရွေးဝယ်လိုက်ရုံဖြင့်အချိန်ကုန်သက်သာသွားမည်ဖြစ်သည်။

ဝယ်သူများအနေဖြင့် နေပူပူကားကျပ်ကျပ်မှာ အပြင်ကိုတကူးတကထွက်စရာမလိုဘဲ ယင်းအွန်လိုင်းဖေ့စ်ဘွတ်ခ်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် မိမိနှစ်သက်ရာပစ္စည်းများကို မက်ဆေ့ချ်ဘောက်မှဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အလွယ်တကူ မှာယူနိုင်သည်။ ယင်းအွန်လိုင်းစတိုးစာမျက်နှာများကို လိုက်ခ်လုပ်ထားခြင်းဖြင့်လည်းယင်းစာမျက်နှာများကဖော်ပြသော ကုန်ပစ္စည်းအမျိုးအစားအသစ်များကို အလွယ်တကူတွေ့ရှိနိုင်သည်။ ယင်းမှာမြန်မာနိုင်ငံ၏ အင်တာနက်သုံးစွဲမှုတွင် အသွင်တစ်မျိုးဆန်းသစ်လာသည့် ဈေးကွက်စီးပွားရေးတစ်ခု ဖြစ်လာသည်။ "အပြင်မှာ ဆိုင်ခန်းဖွင့်ရင် ဆိုင်ခန်းငှားခတွေက အရမ်းဈေးကြီးတယ်။ ဝန်ထမ်းငှားရတဲ့စရိတ်တွေ၊ တခြားအခွန်အခတွေနဲ့ တော်တော်စရိတ်ထောင်းတယ်။ အွန်လိုင်းမတ်က အဲဒီစရိတ်တွေမရှိတော့ ကုန်ပစ္စည်းတွေကို အဲဒီစရိတ်တွေအတွက် ဈေးထပ်တင်စရာမလိုဘူး။ ရောင်းချတဲ့သူတွေရော၊ ဝယ်တဲ့သူတွေရော၊ အချိန်ရော၊ ငွေရော တော်တော်အကုန်သက်သာသွားတယ်"ဟု Zaw Gyi Mart မှ ကိုဇော်မင်းအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ မှစ၍ အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းချခြင်းစနစ် ပိုမိုများပြားလာခဲ့ပြီး အွန်လိုင်းစီးပွားရေးအစ

စာမျက်နှာ ၂၈ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၈ | ၉၆၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၅ | ၇၇၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၂၀ | ၁၃၃၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉.၇၅ | ၂၉.၉၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၂ | ၁၅၄ | ကျပ် |

၂၀၁၄ မတ်လ ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၃၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၆၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁.၈၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၂၇၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉.၉၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၄၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၃.၉၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၂၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၆၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၆၅.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၆၁ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၁၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၆၇၈ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၆၀၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၈၉၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅.၂၁၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၈၇.၄၀ |
| ရေနံစိမ်း | စည် | ၁၀၇.၉၄ |
| ငွေ | အောင်စ | ၁၉.၁၁ |
| ကြေးနီ | ပေါင် | ၃.၁၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၅၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

စာမျက်နှာ ၂၇ မှ

## အွန်လိုင်းစီးပွားရေးက အရင်းအနှီးနည်းသူတို့အတွက် အခွင့်အလမ်းသစ်ဖြစ်လာပြီလား

ပြချိန်ကဆိုလျှင် သုံး၊ လေးဦးခန့်သာရှိခဲ့သော်လည်း ယခုအခါ အွန်လိုင်းဈေးဝယ်စာမျက်နှာ ၅၀ နှင့် ၁၀၀ ကြားရှိလာကြောင်း သိရသည်။

အရင်းအနှီးငွေ၊ ဝန်ထမ်းအင်အား အများကြီးမလိုအပ်ခြင်း၊ အသေးစားလုပ်ငန်းအနေဖြင့် တစ်နိုင်တစ်ပိုင်စမ်း၍ လုပ်ကြည့်နိုင်ခြင်း စသည့်အားသာချက်များကြောင့် အွန်လိုင်းဈေးဆိုင်တည်ခြင်းလုပ်ငန်းကို လုပ်ကိုင်လာကြခြင်းဖြစ်သည်။

ထိုသို့သော အားသာချက်များရှိနေသော်လည်း အွန်လိုင်းမှတစ်ဆင့်မှာသည့်အခါ မှာယူသည့်ပစ္စည်းပြတ်လပ်ခြင်းနှင့် သွားပို့သည့်အခါ ဈေးဝယ်သူက ပစ္စည်းမယူတော့ခြင်း စသည့်အခက်အခဲများလည်းတွေ့ကြုံနေရသည်ဟု ဈေးရောင်းချသူများက ဆိုသည်။ "နယ်ကနေ ရန်ကုန်ကိုပို့တော့ ပစ္စည်းချတဲ့အခါ အခက်အခဲရှိတယ်။ မှာပြီးတော့ လာမယူတဲ့သူတို့၊ အိမ်လာပို့ခိုင်းပြီးမှ မယူတဲ့သူတွေ၊ ဖုန်းခေါ်ပြန်တော့ဘယ်ကဆိုတာနဲ့ ဖုန်းချပစ်လိုက်တာမျိုးတွေ ကြုံရတယ်။ မယူဘဲရှောင်နေတဲ့သူတွေရှိတယ်။ တချို့ကျတော့ လဆန်းမှာမှာထားပြီး လကုန်ကျမှ လာယူတာမျိုးလည်းရှိတယ်"ဟု ရွှေယဉ်ဆင့် မြန်မာ့ချည်ထည်များကို အွန်လိုင်းမှတစ်ဆင့်ရောင်းချသူ မန္တလေးမှ မခင်စန္ဒီအောင်က ပြောသည်။

ထို့အပြင် အွန်လိုင်းမှတစ်ဆင့် မှာယူပြီးပို့ပေးရာ၌ ဝန်ဆောင်စရိတ်သတ်မှတ်မှုများကိုပေးရန်ငြင်းဆန်သူများကိုလည်း ကြုံတွေ့ရသည်ဟု ဆိုသည်။

"အခက်အခဲကတော့ ဈေးကွက်ထဲမှာ မှာတဲ့ပစ္စည်းတွေပြတ်လပ်နေတာရယ်၊ ပစ္စည်းပို့တဲ့အခါမှာ အရောက်ပို့ဆောင်ပေးရတဲ့ အခက်အခဲရှိတယ်။ ဥပမာ တစ်သောင်းတန်တစ်ခုမှာတယ်ဆိုပါတော့ မှာတဲ့သူက သန်လျင်ကဆိုရင် ပို့ဆောင်ခက ၂,၅၀၀ လောက်ကျတယ်။ အဲဒီတော့ ဈေးဝယ်သူက ၁၂,၅၀၀ ဆိုတော့ မယူဘူးဖြစ်ရော"ဟု Junction Virtual အွန်လိုင်းရှော့ပင်းမှ မန်နေဂျာ ကိုကောင်းထက်အောင်က ပြောသည်။

နိုင်ငံတကာတွင် အသုံးတွင်ကျယ်သည့် အမေဇုန်၊ Ebay အွန်လိုင်းရှော့ပင်းများကဲ့သို့ အွန်လိုင်းဈေးဝယ်စနစ်ကို မြန်မာနိုင်ငံတွင် တွင်တွင်ကျယ်ကျယ်ကြီး မလုပ်ကိုင်နိုင်ကြသေးပါ။ အဘယ်ကြောင့်ဆိုသော် သယ်ယူပို့ဆောင်ရေးစနစ်၊ ဘဏ်မှငွေပေးစနစ် စသည့် အဘက်ဘက်မှ လိုအပ်ချက်များ ရှိနေသေးခြင်းကြောင့်ဖြစ်သည်။

အွန်လိုင်းဘဏ်စနစ်ရှိခြင်း၊ ခိုင်မာပြီး ဂုဏ်သိက္ခာရှိသောအရောင်းဝက်ဘ်ဆိုက်ဖြစ်ရန်လိုအပ်ခြင်း၊ ပစ္စည်းများသိုလှောင်ထားရန်၊ ထုပ်ပိုးထားရန်နှင့် ဝယ်သူဆီအချိန်မီရောက်အောင်ပို့ပေးရန်အတွက် စာပို့စနစ်များကောင်းမွန်မှသာလျှင် အွန်လိုင်းဈေးဆိုင်တည်ခြင်းမှာ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ယင်းအချက်များ အားနည်းနေသေးသော မြန်မာနိုင်ငံအနေဖြင့်မူ ယခုအချိန်ထိ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ကာ ဈေးဝယ်သူဆီ အရောက်ပို့ပေးနေရဆဲဖြစ်သည်ဟု အွန်လိုင်းဈေးဆိုင်အချို့က ဆိုသည်။

"ပေးချေမှုစနစ်က အကောင်းဆုံးတော့ ဖုန်းနဲ့ပဲဖြစ်ဖြစ်၊ စမတ်ကတ်နဲ့ပဲဖြစ်ဖြစ် လုပ်နိုင်ရင်ပိုကောင်းမယ်။ ဒါမှ တကယ်အွန်လိုင်းပုံစံဖြစ်မှာ။ အခုဟာက သယ်ယူပို့ဆောင်ရေးပုံစံပဲဖြစ်နေတယ်"ဟု Myanmar Online Gadget Store မှ ကိုမျိုးမင်းဦးက အကြံပြုပြောဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် နိုင်ငံတကာကဲ့သို့ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုစနစ်မှာ တွင်ကျယ်မှုမရှိသေးဘဲ ပစ္စည်းလက်ခံရရှိမှသာ ငွေသားဖြင့်ပေးချေရသည့် အခြေအနေတစ်ခုအဖြစ်သာရှိနေသေးသည်။

ထို့ကြောင့် ငွေပေးချေရာ၌ ဖုန်းဖြင့်ဖြစ်စေ၊ စမတ်ကတ်ဖြင့်ဖြစ်စေ အသုံးပြု၍ ငွေပေးချေမှု တွင်ကျယ်လာပါက ပိုမိုအလုပ်ဖြစ်လာနိုင်သည်ဟု အွန်လိုင်းတွင်ဈေးရောင်းချသူအချို့က ဆိုသည်။

ထို့အပြင် ယင်းစနစ်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကောင်းမွန်သော အင်တာနက်လိုင်းများ ရရှိရေးမှာလည်း အဓိက အကြောင်းအရာတစ်ခု ဖြစ်လို့နေသည်။ ထို့မှသာ အွန်လိုင်းမှ ဈေးဝယ်သူများအနေဖြင့် မိမိတို့လိုအပ်သော ပစ္စည်းများကို မြန်ဆန်စွာဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

"အခုအချိန်မှာတော့ online shopping တွေရဲ့ အဓိကစိန်ခေါ်မှုက ဆက်သွယ်ရေးလို့ပြောရမလားပဲ"ဟု ဖက်ရှင်ကော်နာ အွန်လိုင်းရှော့ပင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းချသူနှင့် ဈေးဝယ်သူများ အဆင်ပြေစေရန် အင်တာနက်လိုင်းအရေးပါပုံကို Myanmar Online Gadget Store မှ ကိုမျိုးမင်းဦးက "အွန်လိုင်းရှော့ပင်းလုပ်ဖို့ဆိုရင် အဓိကလိုအပ်ချက်က အင်တာနက်ပဲ။ အင်တာနက်ကောင်းမှ အဆင်ပြေမှာ။ ပုံတွေရှာရတာ၊ တင်ရတာ အဆင်ပြေမှာ"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်၍ အဆိုပါဈေးရောင်းချခြင်းစနစ်ကို လုပ်ကိုင်မှုများပြားလာခဲ့ပြီး လုပ်ကိုင်သူအများစုမှာ စွန့်စွန့်စားစားလုပ်ကိုင်လို စိတ်ရှိကြသောလူငယ်များဖြစ်ကြသည်။

ယင်းဈေးဝယ်ခြင်းစနစ်တွင် ဈေးဝယ်သူများက ဆန်းသစ်သောဒီဇိုင်းများ၊ နိုင်ငံတကာအမှတ်တံဆိပ်ပစ္စည်းများကို ဖေ့စ်ဘွတ်ခ်အသုံးပြုရင်းနှင့်ပင် လွယ်ကူစွာဝယ်ယူနိုင်သည့် အားသာချက်များရှိသလို ကိုယ်တိုင်မျက်စိဖြင့်ကြည့်ရှုကိုင်တွယ်ကာ စိတ်ကြိုက်ဝယ်ယူမှုမပြုနိုင်ခြင်းမှာ အွန်လိုင်းဈေးဝယ်ခြင်း၏ အားနည်းချက်ဖြစ်သည်။

"အမှန်တော့ ဖိနပ်တို့၊ အင်္ကျီတို့ဝယ်ချင်တာ ကိုယ့်ဆိုဒ်ကိုလည်း ကိုယ်သေချာမသိတော့ လွဲမှာကြောက်တယ်။ တော်ရုံတန်ရုံဆို အွန်လိုင်းပေါ်မှာကြည့်ပဲကြည့်လိုက်တယ်၊ မဝယ်ဖြစ်ဘူး။ သူက အပြင်ကဆိုင်တွေမှာလိုဝတ်ကြည့်လို့မရဘူး၊ စီးကြည့်လို့လည်း မရဘူးဆိုတော့ အဲဒီအပိုင်းတွေ နည်းနည်းခက်ခဲမှုရှိတာပေါ့"ဟု တာမွေမြို့နယ်မှ အင်တာနက်သုံးစွဲသူ အသက်(၂၀)အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

ထို့အပြင် နိုင်ငံတကာ၌ အွန်လိုင်းဈေးဆိုင်တည်ခြင်းမှာ အောင်မြင်လျက်ရှိသည့် အကြီးစားစီးပွားရေး ဈေးကွက်တစ်ခုဖြစ်နေသလို မြန်မာနိုင်ငံအနေဖြင့်လည်း အင်တာနက်သုံးစွဲမှုများ ပြားလာသည်နှင့်အမျှ တွင်ကျယ်လာမည့် ဈေးကွက်ကြီးတစ်ခုဖြစ်လာနိုင်သည်ဟု လက်ရှိရောင်းချနေသူများက သုံးသပ်ပြောဆိုကြသည်။

"စွန့်ဦးတီထွင်လုပ်ကိုင်ချင်တဲ့လူငယ်တွေအတွက် အခွင့်အလမ်းတစ်ခုပဲ။ ဒီဟာက အလားအလာရှိတဲ့ နောင်တစ်ချိန်မှာ ဖြစ်ထွန်းလာမယ့် ဈေးကွက်ကြီးတစ်ခုပါ။ ဒါကြောင့် အွန်လိုင်းရှော့ပင်းဈေးကွက်ကို များများလုပ်ကြပါ"ဟု ကိုကောင်းထက်အောင်က တိုက်တွန်းပြောဆိုသည်။

Authorised Distributor :

MYANMAR GOLDEN ROCK INTERNATIONAL CO., LTD.

Canon
Delighting You Always

Myanmar Golden Rock International Co., Ltd is Proud to be associated with
24th ASEAN Summit, 10 - 11 May 2014

Moving Forward in Unity to a Peaceful and Prosperous Community
asean
MYANMAR, 2014

| | | | |
|---|---|---|---|
| Corporate Office | : #06-01, Building-8, Myanmar ICT Park, Universities' Hlaing Campus, Hlaing Township, Yangon. | Tel : (01) 654810 ~ 19 | Fax : (01) 654820 |
| Yangon Showroom | : Unit 7-8, Aung San Stadium (South Wing), Mingala Taung Nyunt Township, Yangon. | Tel : (01) 243036 ~ 37, 393438 | Fax : (01) 393438 |
| Mandalay Showroom | : Unit 4-5, SY Building on 78th Street, (Opposite to Railway Station), Mandalay. | Tel : (02) 39857, 39816, 39617 ~ 19 | Fax : (02) 36014 |
| Pyinmana Showroom | : No.1188, Yaza Htarni Road, Pyinmana, Nay Pyi Taw. | Tel : (067) 25331, 09 49201190 | Fax : (067) 25331 |
| CIS (Nay Pyi Taw) | : Level-1, Room (101 A), Capital Hypermarket, Yaza Thingaha Road, Nay Pyi Taw. | Tel : 09 250533799 | |

# ကတိုက်ကရိုက် ဘရာဇီးကမ္ဘာ့ဖလား

ကြည်နေဝင်းမင်း


SEBASTIO MOREIRA/EPA

ဘရာဇီးသမ္မတ မစ္စစ်ဒီလ်မာရူးဆက်ဖ်သည် ယခုသီတင်းပတ်အတွင်း ဆော်ပေါ်လိုမြို့၌ အီတာကူရှိဘောလုံးကွင်းသစ်ကြီးကို တရားဝင်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ နောက်ရက်အနည်းငယ် အကြာတွင်လည်း နိုင်ငံ့တောင်ပိုင်း၌ ထပ်မံ၍ ဘောလုံးကွင်းသစ်ကြီးတစ်ခု ဖွင့်လှစ်ပါလိမ့်မည်။

ဘောလုံးကွင်းများ တည်ဆောက်ရာတွင် အနည်းငယ် နောက်ကျသည်ဟု ဝန်ခံကြမည်ဖြစ်သော်လည်း ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားဖွင့်ပွဲကို ဇွန်လ ၁၂ ရက်တွင် အိမ်ရှင်ဘရာဇီးနှင့် ခရိုအေးရှားနိုင်ငံတို့ ပွဲဦးထွက် စတင်ကစားကာ စည်ကားသိုက်မြိုက်စွာ ကျင်းပချိန်တွင် ယင်းကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အခမ်းအနားတစ်ခု ကျင်းပရေး ဘရာဇီးနိုင်ငံအနေဖြင့် စည်းရုံးရေး၊ ဘဏ္ဍာငွေထောက်ပံ့ရေး ကျင်းပနိုင်ရေးတို့အပေါ် သံသယရှိခဲ့သူများမှားယွင်းကြောင်း သက်သေပြသွားပါလိမ့်မည်။

သို့သော် ယင်းကဲ့သို့ အပေါ်ယံ လှလှပပ မြင်ကွင်းများမှာ ၂၀၁၄ ဖီဖာကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးအတွက် ဝရုန်းသုန်းကား ပြင်ဆင်ခဲ့ရမှုများကို ဖုံးကွယ်သွားပါလိမ့်မည်။ တကယ်တော့ မစ္စစ်ဒီလ်မာရူးဆက်ဖ်က ကွင်းလယ်စင်တာမှ ဘောလုံးကိုကန်ထုတ်၍ ဘောလုံးကွင်းမဖွင့်လှစ်ပေးမီ ကွင်းကို သွားရောက်စစ်ဆေးခဲ့သော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) အတွင်းရေးမှူးက ဆော်ပေါ်လိုမြို့မှ အားကစားကွင်းမှာ နောက်ဆုံးမိနစ်အထိ အဆင်သင့်ဖြစ်မည်မဟုတ်ဟု ရှင်းလင်းစွာဆိုသည်။

ဆော်ပေါ်လိုမြို့ အီတာကူရှိ ဘောလုံးကွင်းတွင် ပွဲကြည့်စင်များ မပြီးသေးပါ။ ချဉ်းကပ်လမ်းများကိုလည်း တည်ဆောက်ဆဲဖြစ်သည်။ အခြားအဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းအများအပြားလည်း လက်စမသတ်သေးပေ။ ဘောလုံးကွင်းမြက်ခင်းပြင်မှာ အဆင်သင့်ရှိနေပြီဟု ဆိုနိုင်သော်လည်း ပွဲကြည့်စင်ထိုင်ခုံများနှင့် ဆက်သွယ်ရေး၊ အသံလွှင့်ကေဘယ်လ်များကို တပ်ဆင်ရဦးမည်ဖြစ်သည်။

ဆော်ပေါ်လိုမြို့ဖြစ်ရပ်မှာ သီးခြားမဟုတ်ပါ။ ဘရာဇီးနိုင်ငံ၏ ကမ္ဘာ့ဖလားအတွက် ပြင်ဆင်နေသော ကွင်းပေါင်း ၁၂ ကွင်းအနက် ထက်ဝက်မှာ ၂၀၁၃ နှစ်ကုန်တွင် အပြီးတည်ဆောက်ရေး သတ်မှတ်ချက်ကို မမီခဲ့ပေ။ ဖီဖာက ယင်းသတ်မှတ်ချက်အမီ မတည်ဆောက်နိုင်သော အားကစားကွင်းများ ကမ္ဘာ့ဖလားလက်ခံကျင်းပရေး ကွင်းစာရင်းမှ ဖယ်ရှားပစ်မည်ဟု မူလက ပြောကြားထားသော်လည်း နောက်ကျသည်ကို လက်ခံရုံမှလွဲ၍ ရွေးချယ်စရာ မရှိခဲ့။

ဘရာဇီးနှင့် ဆောက်လုပ်ရေးကုမ္ပဏီများကလည်း ၎င်းတို့အနေဖြင့် ကုန်ကျစရိတ်ချွေတာနေသည်ဆိုခြင်းကို အခိုင်အမာ ငြင်းဆိုထားသည်။ သို့သော် ကမ္ဘာ့ဖလားအတွက် တည်ဆောက်ရေးလုပ်ငန်းများအတွင်း စုစုပေါင်း အလုပ်သမား ခုနစ်ဦး သေဆုံးခဲ့ပြီး သုံးဦးမှာ ဆော်ပေါ်လိုမြို့ အားကစားကွင်းလုပ်ငန်းခွင်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ ယမန်နေ့ကလည်း နိုင်ငံအနောက်ပိုင်း စီယူအာဘာမြို့ Arena Pantanal အားကစားကွင်းတွင် ဆက်သွယ်ရေးပစ္စည်းကိရိယာများ တပ်ဆင်ရင်း အလုပ်သမားတစ်ဦး ဓာတ်လိုက်၍ ထပ်မံသေဆုံးခဲ့သည်။

လုပ်ငန်းများ အလျင်အမြန်ပြီးစီးရေး ပြည်တွင်းနှင့် ပြည်ပမှ ကတိုက်ကရိုက်ခေါ်ယူထားသော ဆောက်လုပ်ရေးလုပ်သားများကို စကားပြောကြည့်ရာတွင်လည်း ဘေးကင်းလုံခြုံရေး အစီအစဉ်များလုံလောက်မှုမရှိကြောင်း ၎င်းတို့က ပြောပြသည်။ တချို့အချိန်များတွင် သီတင်းပတ်များစွာ လခမရဟု အလုပ်သမားများက ပြောသည်။

လူးဝစ်ဖာနန်ဒက်စ်မှာ ဘရာဇီးနိုင်ငံ၏ တစ်ဦးတည်းသော လက်ထောက်အားကစားရေးဝန်ကြီး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ၎င်းမှာ ဘရာဇီးကမ္ဘာ့ဖလား စီမံကိန်းကို (အနည်းဆုံး နိုင်ငံရေးအရ) ကြီးကြပ်ရေးတာဝန်ရှိသူ အစိုးရအရာရှိကြီးတစ်ဦးဖြစ်သည်။

ဘဝတစ်လျှောက်လုံးစီးပွားရေးပညာရှင်အဖြစ် လုပ်ကိုင်ခဲ့သူ ဖာနန်ဒက်စ်မှာ ဘရာဇီးနိုင်ငံကမ္ဘာ့အဆင့် ဝင်ရောက်လာကြောင်း သက်သေပြရန် ဆန္ဒပြင်းပြသူတစ်ဦးဖြစ်ပြီး အစမှအဆုံးထိ ခက်ခဲသော လုပ်ငန်းစဉ်တစ်ရပ်လုံးကို ကြီးကြပ်ရန်ကြိုးစားပမ်းစားလုပ်ကိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလားစီမံကိန်းတွင် လုပ်ငန်းစဉ်နောက်ကျမှုများ အလွန်အကျွံ သုံးစွဲမှုများကြောင့် ဘရာဇီးနိုင်ငံမှာ ကမ္ဘာ့ဖလားနှင့် အိုလံပစ်အားကစားပွဲတော်ကဲ့သို့ ကြီးကျယ်သော အခမ်းအနားများကို လက်ခံကျင်းပရေး အဆင်သင့်မဖြစ်သေး (သို့မဟုတ်) မရင့်ကျက်သေးဟု ပြောကြားခံရချိန်တွင် ဖာနန်ဒက်စ်က ယင်းမှာ အထက်စီးဆန်သည် (သို့မဟုတ်) ကိုလိုနီဆန်သည်ဟု ပြန်လည်ပြောကြားသည်။ "ကမ္ဘာမှာ အဓိကအားကစားပွဲတော်ကြီးတွေကို ချမ်းသာတဲ့နိုင်ငံ အနည်းစုကိုသာ လက်ခံကျင်းပခွင့်ပေးတာ ကောင်းတဲ့အစီအစဉ် မဟုတ်ပါဘူး"ဟု ဖာနန်ဒက်စ်က ပြောသည်။ ယင်းမှာ ၂၁ ရာစု အရှိတရားကို ထင်ဟပ်ခြင်းမရှိဟု ၎င်းက ဆက်ပြောသည်။

သို့သော်ကမ္ဘာ့ဖလားကြောင့် ဘရာဇီးနိုင်ငံနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာတို့ကြား ဆက်ဆံရေး ပျက်စီးခဲ့ရသည်ကိုမူ ဖာနန်ဒက်စ်က ဝန်ခံသည်။ နိုင်ငံတကာအားကစားအဖွဲ့အစည်းများ၏ အလွန်အကျွံတောင်းဆိုမှုများမှာ ကုန်ကျစရိတ်အားလုံးကို ကျခံရသော အိမ်ရှင်နိုင်ငံများနှင့် အမြဲတမ်း အဆင်ချောသည် မဟုတ်ပေ။

တစ်ကြိမ်ကဆိုလျှင် ဘရာဇီးတွင် တိုးတက်မှုနှေးကွေးနေကြောင်း စိုးရိမ်မှုကို လူသိရှင်ကြားထုတ် ဖော်ပြောကြားရာတွင် ဖီဖာ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဘရာဇီးနိုင်ငံမှာ "ဖင်ကို ခပ်ပြင်းပြင်း ပိတ်ကန်ရန် လိုအပ်နေသည်"ဟု ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသားများကလည်း ကမ္ဘာ့ဖလားအပေါ် အမြင်မကြည်ကြ။ ပြီးခဲ့သည့် သီတင်းပတ် ဆော်ပေါ်လိုမြို့ ကမ္ဘာ့ဖလားဆန့်ကျင်ရေးအတွင်း ဖီဖာနှင့် ဘရာဇီးအစိုးရအပေါ် မုန်းတီး၊ ရွံရှာစိတ်ပျက်မှုများကို ဆတူမြင်တွေ့ရသည်။ လမ်းများပေါ်မှလာသော သတင်းစကားမှာ အားကစားဝန်ကြီးဌာနမှလာသော သတင်းစကားနှင့် များစွာကွာခြားသည်။

ဘရာဇီးနိုင်ငံသား အများအပြားမှာ ဘောလုံးကို အရူးအမူးစွဲလမ်းသူများဖြစ်သည်ဟု သဘောထားကြပါလိမ့်မည်။ သို့သော်ယင်းလူထုအများအပြားကပင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြည်သူလူထုပိုက်ဆံ ခန့်မှန်းခြေ ကန်ဒေါ်လာ ၁၅ ဘီလီယံခန့် သုံးစွဲခြင်းကို မပျော်ရွှင်ကြ။ ထိုအတောအတွင်း ငွေကြေးထုတ်လုပ်သောစက် (ငွေရှာကောင်းသောအဖွဲ့)ဟု ကျယ်ပြန့်စွာ စွပ်စွဲခံရသော ဖီဖာမှာ ဘရာဇီးအပေါ် ကြီးမားသော တောင်းဆိုမှုများ လုပ်ခဲ့သော်လည်း အကျိုးအမြတ်အားဖြင့် အနည်းငယ်သာ ချန်ထားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဖလား အားကစားရုံများ အချိန်မီပြီးစီးရေး အာရုံစိုက်ခဲ့ရသဖြင့် အခြား ဆက်စပ်စီမံကိန်းများအပေါ် တိတ်တဆိတ်စွန့်လွှတ် (သို့မဟုတ်) နောက်ကျနေသော စီမံကိန်းအများအပြားရှိသည်။ ဆော်ပေါ်လိုမြို့မှ Monorail ခေတ်မီရထားစနစ်၊ ဆယ်လ်ဗာဒါမြို့ ကားလမ်းပေါ်ပြေး ရထားစနစ်နှင့် အခြားကမ္ဘာ့ဖလားကျင်းပရာ မြို့များတွင်လည်းအလားတူစီမံကိန်းများစွာရှိနေခဲ့သည်။


ဘရာဇီးကမ္ဘာ့ဖလားတွင် လူအများအပြား၏ ဂုဏ်သတင်းနှင့် နိုင်ငံရေးဂုဏ်သိက္ခာများ ရှင်သန်ကျန်ရစ်ရေး တစ်ခုတည်းသောအရာမှာ အိမ်ရှင်နိုင်ငံက ကမ္ဘာ့ဖလား အောင်ပွဲခံရေးဖြစ်ပြီး တစ်နိုင်ငံလုံး သဲသဲလှုပ်ဖြစ်ခဲ့လျှင် အားလုံးကို ခွင့်လွှတ်ကြပါလိမ့်မည်။

ဘရာဇီးတွင် အများစုမှာ ဘောလုံးကို အရူးအမူးစွဲလမ်းကြဆဲဖြစ်သည်။ လောလောဆယ် ကမ္ဘာ့ဖလားမစတင်မီ တစ်လခန့်အလိုတွင်လည်း လှုပ်လှုပ်ရွရွနှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်နေကြဆဲဖြစ်သည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

## 7DAY BOOK REVIEW




## ဒီမိုကရေစီရင်အုံမှာ စူးဝင်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အဆိပ်လူးမြား (ဝင်းထွဋ်ဇော်)

လက်ရှိကာလသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လူထုလူတန်းစားပေါင်းစုံတို့က တောင်းဆိုနေချိန်၊ စာရေးဆရာ၊ သတင်းစာဆရာများက သတင်းစာများ၊ ဂျာနယ်များတွင် ရှုထောင့်အမျိုးမျိုးမှ ရေးသားဖော်ပြနေကြချိန်လည်းဖြစ်သည်။ ထိုအထဲတွင် စာရေးသူ ဝင်းထွဋ်ဇော်၏ နိုင်ငံရေးဆောင်းပါးများသည် နိုင်ငံ့အရေးစိတ်ဝင်စားသူတို့စောင့်ဖတ်ရသည့် ဆောင်းပါးများဖြစ်သည်။

"စာရေးဆရာစင်စစ် တစ်ယောက်ဟာ မိမိအတွက် သောက်သုံးစရာ ရေတစ်စက်မျှ မရှိသည့်တိုင်အောင် ဘယ်တော့မှ မိုးခါးရေသောက်လေ့မရှိသူဖြစ်တယ်" ဆိုသည့် စာရေးသူ၏ယုံကြည်ချက်အတိုင်း ရဲရဲဝံ့ဝံ့ဝေဖန်ရေးသားထားသည်။

"ယနေ့အချိန်မှာ ကျွန်တော်တို့ဟာ ယုံကြည်မှုတည်ဆောက်ရေးအလုပ်ကို မပြီးနိုင်၊မစီးနိုင် လုပ်နေရင်းနဲ့ပဲ အရေးပေါ်လည်းကျ၊ အဓိကပြဿနာလည်းဖြစ်တဲ့ ဒီမိုကရေစီစနစ်ထူထောင်ရေးအတွက် အဓိကအဟန့်အတားကြီးဖြစ်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးအတွက်ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုပါပြီ။ ယနေ့အချိန်မှာ ကျွန်တော်တို့ဟာ ဒီမိုကရေစီရင်အုံမှာ စူးဝင်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အဆိပ်လူးမြားများကို ပြည်သူ့အားနဲ့ဖယ်ရှားဖို့ လိုနေပါပြီ"ဆိုသည့် ပြတ်သားလှသည့် ရေးသားချက်မျိုးကို ဖတ်ရှုရမည်ဖြစ်သည်။ နန်းဒေဝီစာပေက တန်ဖိုး ကျပ် ၂,၀၀၀ ဖြင့် ဖြန့်ချိသည်။




## နှလုံးသားမှာ နှင်းများ လာရိုက်ခတ် (နောင်ကျော်)

"ဘဝမှာ နေသာပြီး အေးမြသော အခြေအနေမျိုးကို လူတိုင်းကပင် လိုချင်တောင့်တကြမည်မှာ သေချာသည်။ နေသာသောနေ့နှင့် လသာသောညတွေကိုပဲ ဘဝမှာပိုင်ဆိုင်ချင်ကြမည်မှာလည်း သေချာသည်။ ဤသို့သော ဘဝမျိုးတွေကို တမ်းတမက်မောတတ်ပါလျက်နှင့် မိုးသည်းထန်သောနေ့နှင့် ကြယ်မစုံလမသာသော အမှောင်ညခရီးလမ်းကို ဖြတ်သန်းဖို့ ရွေးချယ်ခဲ့သူတွေလည်း ဤကမ္ဘာ လောကကြီးထဲမှာ ရှိခဲ့ဖူးသည်။ အခုလည်း ရှိနေသေးသည်။ နောင်လည်း ရှိနေလိမ့်ဦးမည်မှာ သေချာသည်။ မသေချာသော၊ မရေရာသော အနာဂတ်မဲ့ဘဝတွေက ဒုက္ခန္တဲထဲမှာ ရှိနေသမျှ ကာလပတ်လုံး ဤကမ္ဘာလောကကြီးတွင် သေချာရေရာသော အနာဂတ်ဘဝတွေ ပိုင်ဆိုင်နိုင်အောင် ကူညီဆောင်ကြဉ်းပေးမည့် မွန်မြတ်သောစိတ်ထားပိုင်ရှင်တွေက ထပ်ပြီးပေါ်ထွန်းလာကြလိမ့်ဦးမည်။ မျိုးဆက်လက်ဆင့်ကမ်းခြင်းပေပဲလား"

စာရေးသူနောင်ကျော်သည် သူဖြတ်သန်းခဲ့ရာ ကာလဒေသမှ သူမြင်ရာ၊ ကြားရာတို့ကို ထိုသို့ရေးဖွဲ့သောအခါ သက်တံသဖွယ် အရောင်အသွေးစုံသည့် အက်ဆေးများဖြစ်လာကြသည်။ ထိုထိုအက်ဆေးများတွင် နိုင်ငံရေးနောက်ခံကားချပ်ပါ၏။ လူမှု၊ စီးပွား၊ ယဉ်ကျေးမှုပုံရိပ်တို့ တစ်စွန်းတစ်စထင်းလင်း၏။ ကိုယ်ကျင့်သိက္ခာကို လှလှပပထုဆစ်၏။ စာရေးဆရာနောင်ကျော်၏ လှပသေသပ်သော အက်ဆေးများကို တိုးမြစ်စာအုပ်တိုက်က စုစည်းထုတ်ဝေသည်။ တန်ဖိုး ကျပ် ၃,၀၀၀ ဖြစ်သည်။

## Knowledge ပဟုသုတ

### ကမ္ဘာ့ဝန်ထမ်းအင်အားအများဆုံး အလုပ်ဌာနများ

ဝန်ထမ်းအင်အားအများဆုံး အလုပ်ဌာနများမှာ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့တွင်ရှိသည်မှာ သဘာဝကျသည်။ သို့သော် ကမ္ဘာတွင် အင်အားအကြီးဆုံး အမေရိကန်စစ်တပ်က ဝန်ထမ်းအင်အား ၃ ဒသမ ၂ သန်းဖြင့် ကမ္ဘာ့လုပ်သားအများဆုံး အလုပ်ဌာနအဖြစ် သတ်မှတ်ခံရသည်။ ဒုတိယမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်ပြီး ဝန်ထမ်းအင်အား ၂ ဒသမ ၃ သန်းရှိသည်။ အမေရိကန် ဝေါလ်မတ်ကော်ပိုရေးရှင်းက တတိယလိုက်သည်။ ကမ္ဘာ့အကြီးဆုံး ကုန်တိုက်အုပ်စုကုမ္ပဏီဖြစ်သည်။ စတုတ္ထမြောက် ကမ္ဘာ့လုပ်သားအင်အားအများဆုံး ဌာနမှာ ကမ္ဘာကျော် အသင့်စား အစားအစာများ ထုတ်လုပ်ရောင်းချသည့် မက်ဒေါ်နယ်ကော်ပိုရေးရှင်း ဖြစ်သည်။ လုပ်သားအင်အား ၁ ဒသမ ၉ သန်းရှိသည်။

*—Ref: Which is the World's Biggest Employer? 20th March, 2012.BBC.*






### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ပြောင်းလဲခြင်းနှင့် လမ်းသစ်ထွင်ကာ ဆောင်ရွက်ခြင်းများ ကြုံမည်။ စာရွက်စာတမ်းကိစ္စစကားပြောရမည်။ ငွေကြေးတွက်ဆခြင်းမှားယွင်းမှုအပေါ် စကားများရတတ်သည်။ နေရာအပြောင်းအလဲကိစ္စအတွက် စီစဉ်အဆင်ပြေမည်။ နှစ်မျိုး နှစ်ခွမတင်မကျလုပ်ရမည်။ ချက်ချင်းဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်သောကိစ္စများ အောင်မြင်မည်။ အိမ်တွင်းရေး၊ လူမှုရေးပဋိပက္ခရှိမည်။ တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ရန်အနှောင့်အယှက်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စိတ်ရှုပ်ထွေးရမည်။ လူယုံဒုက္ခပေးမည်။ မေတ္တာရေးအရှုပ်အထွေးများရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ပဋိပက္ခများကြား ဝင်ရောက်ဖြေရှင်းရမည်။ သံယောဇဉ်အထားမှားတတ်သည်။ အချစ်မှားခြင်းများဖြစ်တတ်သည်။ အလျှုမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ပြဿနာဟောင်းများကို အသစ်သဖွယ်ပြန်လည်ဖြေရှင်းရမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အေးချမ်းနေသော အနေအထားတစ်ခုတွင် ရုတ်တရက်လှုပ်ရှားပြောင်းလဲခြင်းရှိမည်။ မိုးကြိုးထိခိုက်ထားသော မျှော်စင်ရဲတိုက်သဖွယ် ကစဉ့်ကလျားဖြစ်သွားမည်။ ဆုံးဖြတ်ချက်မှားယွင်းခြင်းနှင့် ကံနိမ့်သော အနေအထားတစ်ပြိုင်တည်းဖြစ်ပေါ်မည်။ သစ္စာဖောက်နှင့် တွေ့မည်။ အတွင်းလူဒုက္ခပေးမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်မည်။ အပျောက်အရှများမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဘက်ဘက်မှ ကောင်းသည်။ ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်မည်။ အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ အေးချမ်းခြင်း၊ စိတ်ချမ်းမြေ့ခြင်းနှင့် တိုးတက်ခြင်းရှိမည်။ အချစ်ရေး၊ မေတ္တာရေး ကံကောင်းမည်။ ပဋိပက္ခဖြစ်ခဲ့သူများနှင့် အပြန်အလှန်ငြိမ်းချမ်းမှုဖန်တီးနိုင်မည်။ ရန်ငြိုးရန်စပြေပျောက်မည်။ ငွေကြေးဥစ္စာတိုးပွားမည်။ မမျှော်လင့်သော ဘဝအလှည့်အပြောင်းဖြစ်မည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အတိုက်အခံများ၊ အနှောင့်အယှက်များ လွှမ်းမိုးနေမည်။ မျက်ရည်ယိုစီးကိန်းကြုံမည်။ မတော်တဆထိခိုက်မှုဖြစ်တတ်သည်။ ရင်းနှီးသူများနှင့် စကားများရမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ဆုံးဖြတ်ချက်ချထားသည့်ကိစ္စများ ရှေ့တိုးရန် ခဲယဉ်းသည်။ မိမိအားခုတုံးလုပ်ဒုက္ခပေးသော သူများနှင့် တွေ့မည်။ ခါးသီးသော ပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ယာဉ်ကားမောင်းနှင်မှုသတိရှိပါ။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အဘက်ဘက်မှ ကောင်းသည်။ ဆောင်ရွက်သမျှ ထွန်းပေါက်မည်။ အလိုပြည့်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ မေတ္တာရေးကောင်းမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ ရန်အားလုံးကို ကျော်လွှားနိုင်မည်။ အနီးအပါး၌ မီးဖွားသူများရှိက အလွန်ကောင်းသော နိမိတ်ဖြစ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

နိုးကြားတက်ကြွနေမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အကဲဖြတ်မှုမှန်ကန်မည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စပြောဆိုဆောင်ရွက်အောင်မြင်မည်။ ဆုံးရှုံးထားသည်များ ပြန်ရမည်။ အရွေးရခက်အောင် အခွင့်အရေး နှစ်ခုတစ်ပြိုင်တည်းပေါ်မည်။ ရပ်တန့်ထားသော လုပ်ငန်းများ ပြန်လည်စတင်နိုင်မည်။ ဆိုင်းငံ့ထားသော လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အဘက်ဘက်မှ ကောင်းမည်။ ရည်မှန်းချက်များအောင်မြင်သွားမည်။ သရဖူဆောင်းအောင်မြင်သော ကာလဖြစ်သည်။ မိတ်ဆွေကောင်း အကူအညီရမည်။ အကြီးအကဲထံမှ အကူအညီရမည်။ ဆွေမျိုးအကြီးအကဲ ကျန်းမာရေးအတွက် ပူပင်ရမည်။ အလုပ်တိုးတက်မည်။ အခြေအနေသစ်တစ်ခုသို့ ကူးပြောင်းမည်။ ဘဝဦးတည်ချက်သစ်များကို စနစ်တကျဆောင်ရွက်ရမည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းမှ အကျိုးရှိမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ဆောင်ရွက်မှုများမှားယွင်းမည်။ လမ်းပျောက်သလိုဖြစ်မည်။ လမ်းမှားသို့ညွှန်ပြတွန်းပို့သူများ၊ မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်ရတတ်သည်။ ပေါ့ပေါ့တန်တန် လုပ်သော ကိစ္စများမှ အမှားမှားအယွင်းယွင်းဖြစ်တတ်သည်။ ငွေကြေးကိစ္စများ ကုန်ကျမှုများတတ်သည်။ လမ်းမှားရောက်၍ အမှုပွားရတတ်သည်။ လုပ်ငန်းခွင်အတွင်း လုပ်ရိုး၊ လုပ်စဉ်မဟုတ်သော လုပ်ငန်းများ ဆောင်ရွက်ရကိန်းရှိသည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

အလုံးစုံအဆင်ပြေ၍ ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်ဖြစ်မည်။ ရည်မှန်းသလောက်အောင်မြင်မည်။ အရာရာအဆင်ပြေမည်။ ကြီးကဲသူများ၏ အထောက်အကူရမည်။ အဖျက်အနှောင့်အယှက်မှန်သမျှ ကျော်လွှား၍ တိုးတက်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်ခြင်းမှန်သမျှ အောင်မြင်မည်။ စာရွက်စာတမ်းကိစ္စစကားပြောဆိုမှု အောင်မြင်မည်။ ငွေကြေးအပျောက်အရှများမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသော အကျိုးဆက်ရမည်။ ဖြစ်ပေါ်လာရန် အခြေအနေမရှိဟု ယူဆထားသော ကိစ္စများမှ ထူးခြားသော ဖြစ်ရပ်များကြုံကာ တိုးတက်မည်။ အတိုက်အခံအခက်အခဲများကို ကျော်လွှား၍ မြင့်မားသော အခြေအနေသို့ တိုးတက်မည်။ တစ်ပါးသူကြောင့် နှောင့်နှေး ကြန့်ကြာနေသည်များပြန်ရမည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်အောင်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သော လမ်းကြောင်းမှ ထိုးဖောက်အောင်မြင်မည်။ ရည်ရွယ်ချက်သစ်များ အောင်မြင်မည်။ အပြောင်းအရွှေ့ကိစ္စ၊ ခရီးကိစ္စအတွက် စီစဉ်ဆောင်ရွက်အကျိုးပေးမည်။ မြုပ်နေသောငွေများ ပြန်ပေါ်မည်။ ဝေးကွာနေသော သူများနှင့် ပြန်လည်ပူးတွဲ၍ အလုပ်စီးပွားများ ဆောင်ရွက်ရမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၈၃)



## အလျားလိုက်

၁။ နန်းယွန်းမြို့နယ်ပါဝင်သော တိုင်းဒေသကြီး
၇။ ပန်းကန်ထဲတွင်အချိုးအစားများများ ပါဝင်သင့်သောအစားအစာ
၈။ MIIT တက္ကသိုလ်တည်ဆောက်ရေး ပါဝင်ကူညီသောနိုင်ငံ
၁၀။ သံ့ပန်းများကိုကြည့်၍ သတိသံဝေဂရသူ
၁၁။ မိခင်နို့တိုက်ကျွေးခြင်းအကျိုးကျေးဇူးတစ်ခု
၁၂။ တယ်လီနောကလုပ်မည့် နည်းပညာ ဖလှယ်ပွဲအမည်

## ဒေါင်လိုက်

၂။ ကလေးများကြီးထွားရန်လိုအပ်သော အစားအစာ
၃။ အေးခဲပြီး ကလေးများကို တိုက်နိုင်သောနို့
၄။ အာဖရိကတွင် ဒေသတွင်းငြိမ်းချမ်းရေး အတွက် ဦးဆောင်နေသောနိုင်ငံတစ်နိုင်ငံ
၅။ နာမည်ပျက်စာရင်း
၆။ လျှပ်စစ်ကို တိုင်းတာသောယူနစ်တစ်မျိုး
၉။ ဝန်မင်းများ၏ ဒီဇိုင်နာ ဆိုင်ဖွင့်ထားရာမြို့နယ်


**Smart Dictionary ကံထူးသူ**

၁။ ရာဇာဘို၊ ၁၂/တမန(နိုင်) ၁၁၆၆၂
၃၆၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းပဲတန်း။

**ကျန်အဖြေမှန်သူများ**

၂။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀
၃။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၄။ ဦးသောင်းအေး၊ ၁၂/သကတ(နိုင်)၁၇၄၆၁၇
၅။ မခိုင်မွန်ရည်၊ ၁၂/ကတတ(နိုင်)၀၃၂၂၂၇
၆။ မင်းမင်းဖြိုး၊ ၅/မမန(နိုင်)၀၈၉၁၀၈
၇။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈

**ပဟေဠိ အမှတ်စဉ်(၂၈၂)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ....................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၁) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၆–၅–၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**


ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး


**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

တောင်ဥက္ကလာ၊ ယဿဝတီလမ်း၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ – သိန်း (၆၅၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**Beauty Queen Beauty Sloon**

သင်တန်းသူလက်ခံသည်။ ဘာသာစုံ ကျွမ်းကျင် (၆)လပြတ် (၃)သိန်း။ နေ၊ စား စီစဉ်ပေးမည်။

ဖုန်း–၀၉–၇၃၀၄၉၂၉၅

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်။ မြေညီ၊ 12 x 50၊ သိန်း (450)၊ ပထမ ထပ် သိန်း(၃၈၀)

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မင်းရဲကျော်စွာ ၂ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈x၅၂)၊ သိန်း (၅၀၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မင်းရဲကျော်စွာ၈လမ်း(ခ)၊ တောင်ဥက္ကလာ၊ တတိယထပ် ပေ (၁၉x၅၅)၊ သိန်း (၃၅၀)။ (ကြိုပွဲငွေ့)

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

စာဂ ၁၇ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ+ မှန်ခန်း(၂ခန်းတွဲ) ပေ (၁၈x၅၂)၊ သိန်း (၁၃၀၀)။ (ကြိုပွဲငွေ့)

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

တာမွေ၊ မေတ္တာညွန့်၊ နေမျိုးသူရလမ်း၊ ပထမထပ်(၁၅×၅၀)၊ ပြင်ဆင်ပြီး။ သိန်း ၅၀၀

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**သင်ကြားပေးမည်**

English Language (4Skills) အား ကိုယ်ပိုင် စိတ်ကူးစိတ်သန်းနှင့် ရေးသားပြောဆို တွေးခေါ်ပုံကို အသေးစိတ်တစ်ဦးချင်း (သို့) အဖွဲ့လိုက် သင်ကြားပေးသည်။

ဖုန်း –09–73500488

**သင်ကြားပေးသည်**

ရေကြောင်းပညာတက္ကသိုလ် BE ဘွဲ့ရမှ ၁၀တန်း ဂိုက်သင်ရန်ရှိပါသည်။

ဖုန်း–၀၉ ၄၂၈၁၁၀၂၄၂

**သင်ကြားပေးသည်**

ပဉ္စမတန်းမှစ၍ ၁၀တန်းအထိ အိမ်တိုင်ရာရောက် Study Guide သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၅၀၀၆၀၅၅၄

**Montassarie Mone(Guide Group)**

မြန်မာကျောင်းနှင့် International School to Grade 11 ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းအထူးသီးသန့်အာမခံဖြင့် သင်ကြားသည်။

ဖုန်း–၀၉ ၄၄၈၅၄၈၃၆၁

**လှူဒါန်းနိုင်ပါသည်**

ကျောင်းအဝင်မုခ်ဦး လှူဒါန်းလိုသူများ ဆရာတော်နှင့် ဆက်သွယ်ပါ။ အောင်ဆုပန်စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်။

ဖုန်း–၀၉ ၇၃၀၈၉၆၈၀

**ပညာဒါနသင်တန်းဖွင့်လှစ်မည်**

ညှပ်၊ လျှော်၊ ကောက်၊ ဖြောင့်၊ မိတ်ကပ်+ဆံထုံး၊ Spa ပညာရပ်များကို စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ သင်တန်းကြေး–အခမဲ့

ဖုန်း–၀၉ ၃၁၅၆၅၉၂၀

**ရိုက်ကူးပေးပါသည်**

အလှူ၊ မင်္ဂလာပွဲ၊ မွေးနေ့၊ တရားပွဲ၊ စာပေဟောပြောပွဲစသည်များကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသည်။

ဖုန်း–၀၉ ၄၅၀၀၄၅၆၂၇

**ဝယ်လိုသည်**

သဃ်န်းကျွန်း၊ ရန်ကင်းမြို့နယ်များရှိ လုံးချင်းအိမ်နှင့် မြေကွက်များ အမြန်ဝယ်လိုသည်။ ဖုန်း–၀၉ ၄၃၁၁၈၇၈၇

**ဝယ်လိုသည်**

မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်၊ စက်မှုဇုန်တို့တွင် မြေနှစ်ကေနှင့်အထက် အမြန်ဝယ်လိုသည်။

ဖုန်း–၀၉ ၄၂၁၁၀၀၉၉၁

**ရောင်းမည်**

သိမ်ဖြူလမ်းနှင့် အနီးလမ်းမပေါ် (၂၅× ၅၀)၊ ခြောက်လွှာ၊ တိုက်ခန်း၊ ပါကေး ကြွေပြားပါ အခန်းဖွဲ့ပြီး၊ သိန်း (၉၈၀) ညှိနိုင်း။ ဖုန်း–၀၉ ၅၁၈၁၄၅၆

**စကားပြန်ဝန်ဆောင်မှု**

တရုတ်–မြန်မာ/ မြန်မာ–တရုတ် စကားပြန်ဝန်ဆောင်မှုပေးသည်။ စာရွက်စာတမ်းများနှင့် ဗီဒီယိုအခွေများလည်း ဘာသာပြန်ဝန်ဆောင်မှုပေးသည်။

ဖုန်း–၀၁ ၂၄၃၄၂၀

**သင်ကြားပေးသည်**

နိုင်ငံတကာသုံး တရုတ်စကားကို အခြေခံမှစ၍ အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်စွာပြော၊ ရေး၊ ဖတ်တတ်ချင်သူများအတွက် (ထိုင်ဝမ်) ဆရာဝီလျံလင်းမှ သင်ကြားပေးသည်။ ဖုန်း–၀၉ ၄၂၁၁၄၇၈၂၁

**သင်ကြားပေးသည်**

၉ တန်း၊ ၁၀ တန်းအထိ ဇီဝကို အမှတ် ၉၅ ကျော်ခဲ့သောဆေးကျောင်းသားများက ယောက်ျားလေး၊မိန်းကလေးသီးသန့်စီ သုံးလအပြတ်သင်သည်။

ဖုန်း–၀၉ ၇၃၁၁၉၃၆၁

**သင်ကြားပေးသည်**

အရင်းအနှီးအနည်းငယ်ဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူများ ကိုယ်တိုက်ဆပ်ပြာ အတုံး/အဝတ်လျှော် ဆပ်ပြာ အရည်/အဆီ၊ ဆပ်ပြာလုပ်နည်းအမျိုးမျိုးကို သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၂၈၀၂၂၃၀၉

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**

လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။ အမှတ်–၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

**ကူညီပေးနေပါသည်**

ရန်ကုန်မြို့တွင်းရှိ ပုဂ္ဂလိက ဆေးခန်းနှင့် ဝေးလံသော ဆင်းရဲနွမ်းပါး၍ လက်လုပ်လက်စားများစွာရှိသည့် ဆင်ခြေဖုံးရပ်ကွက်များတွင် ဆေးခန်းဖွင့်ရန် ပီတိအခမဲ့ဆေးခန်းမှ ကူညီပေးနေပါသဖြင့် ပီတိရုံးသို့ဆက်သွယ်ရန်။

ဖုန်း–၀၉ ၄၀၀၃၁၂၀၀၅

**ရောင်းမည်**

Samsung Galaxy S5 Korea 16 GB/ 4 G network အထူးဈေးဖြင့် ရောင်းပေးနေပါပြီ။ 148000/။ GALAXY Zone Mobile Sale & service။

ဖုန်း–၀၉ ၄၂၅၀၂၂၆၃၃

**ရောင်းမည်**

Suzuki R –1000 CC ၅ခ/ . . . . .အဖြူ။

ဖုန်း–၀၉ ၄၄၈၅၃၉၈၉၅

**ရောင်းမည်**

မြတ်အေးအေးခန်း ညှော့ရိပ်မွန်၊ မကွေး မြို့၊ ကားကြီးကွင်း အနောက်ဘက်ပေါက် အနီး၊ အဝေရာလမ်း။ညှိနိုင်းဈေး။

ဖုန်း–၀၉ ၂၅၉၁၀၄၇၇၅

**ငှားလိုသည်**

ရုံးခန်းဖွင့်ရန် အဆင်ပြေသော လမ်းမတန်းလုံးချင်းတိုက်အိမ်များ ငှားလို သည်။

ဖုန်း–၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**

ခြံ ၀.၄၂ ဧက အမှတ် (၃) လမ်းမကြီးအနီး၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ ပေါင်းကူ ဉာဏစကားဝါလမ်း။

ဖုန်း–၀၉ ၄၂၁၀၂၂၂၄၈

**ရောင်းမည်**

အမှတ် (၄၃)၊ ဦးအေးလမ်းသွယ် (၁) လမ်း၊ ပထမထပ်၊ ဘယ်ဘက်အခန်း၊ ပါရမီစိန်ဂေဟာအနီး၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ရန်ကုန်တိုင်း။

ဖုန်း–၀၉ ၂၅၀၃၈၄၃၅၇

**ရောင်းမည်**

ပြင်ဦးလွင်မြို့၊ DSTA အနီး၊ ရပ်ကွက်ကြီး ၁၂၊ အကျယ် (၅၅×၁၅၀)၊ ခြံခတ်ပြီး၊ (သံပန်းတံခါး) ညှိနှိုင်းဈေး။

ဖုန်း–၀၉ ၇၃၂၀၄၆၃၃

**ဝန်ဆောင်မှု**

အိမ်ခြံမြေများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်း၊ ငှား၊ ဝယ်လိုပါလျှင် ရွှေနန်းတော် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီသို့ ဆက်သွယ်ပါ။ ရောင်း၊ ဝယ်၊ ငှားကိစ္စ အောင်မြင်ဖို့ အကျိုးဆောင်ပေးမည်။

ဖုန်း–၀၉ ၇၃၁၁၅၂၁၇

**ထုတ်လုပ်ပြုပြင်ရောင်းဝယ်ရေး**

ရော်ဘာ roller များကို နိုင်ငံခြားမှ မှာယူရန်မလိုဘဲ ကျွမ်းကျင်သူ ပညာရှင်များဖြင့် ပြည်တွင်းတွင်ထုတ်လုပ်နေပါသည်။ရော်ဘာအဟောင်းများကိုလည်း ပြန်လည်အသုံးပြုနိုင်ရန် ပြုပြင်ပေးနေပါသည်။

**B.Sc နိုင်ဝင်း**

TV,LCD,TV,PLASMA TV,PROJECT–OR, 2' UBC & AUDIO အိမ်အရောက် ပြုပြင်ပေးပါသည်။ဖုန်း–၀၉ ၇၃၀၉၈၆၃၀

**ရွှေတိုး B.A(English);B.A (B.Dh)**

မြန်မာအတွေးကို အင်္ဂလိပ်အတွေးနှင့်ညှိလျက် အင်္ဂလိပ်လို ရေးတတ်ဖို့ ပုံဖော်ပေးသည်။ အင်္ဂလိပ်စာ သီးသန့်သင်တန်း

ဖုန်း–၀၉ ၄၂၀၂၇၅၇၉၆

**စီးပွားဖြစ် စားသောက်ကုန်သင်တန်း**

ကိတ်မုန့်၊ ပေါင်မုန့်၊ ပီဇာ၊ ရေခဲမုန့်၊ အချိုရည်မျိုးစုံ၊တရုတ်အစားအစာ၊ ကြေးအိုး၊ ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ ငါးကင်၊ ဒံပေါက်(အစိမ်းဖောက်) . . . (ပညာဒါန) ဖုန်း–၀၁ ၄၀၀၁၆၃

**ဆက်သွယ်နိုင်ပါသည်**

မြို့တွင်း၊ မြို့ပြင် အချိန်ပိုင်းယာဉ်မောင်း အလိုရှိပါက ဆက်သွယ်နိုင်ပါသည်။ (ကိုမိုးကြီး) ဖုန်း–၀၉ ၂၅၀၄၉၉၅၁၁

စာမျက်နှာ(၂၃) မှ

## သမ္မတကြီး မင်းအိုချမ်းသာဖြစ်မည်လော

ထို့ကြောင့် ထီးနန်းအာဏာမရရှိခဲ့သော သားအရင်းအချာကပင် “နရသူ”ကဲ့သို့ မမိုက်ရိုင်းဘဲ ဖခင်မေတ္တာကိုနားလည်စွာဖြင့်မင်းကြီးသေအံ့မူးမူး၍ ဗုဒ္ဓါနုဿတိနှလုံးသွင်းနိုင်ရေးအတွက် ကောင်းမှုပြုပေးခဲ့ရှာလေ၏။

ဒုတိယမေးခွန်းမှာ ဦးနေဝင်းမှစတင်ခဲ့သော တပ်မတော်အစိုးရမင်းဆက် သုံးဆက်သည် အဘယ်ကြောင့် မင်းအိုချမ်းသာမဖြစ်ခဲ့လေသနည်းဟူသော မေးခွန်းဖြစ်၏။ အဖြေမှာ ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံး ပြည်သူတို့ခံစားခဲ့ရသောသောကပြေပျောက်ရေးနှင့် ဘဝရိက္ခာပြည့်စုံကြွယ်ဝရေးအတွက် အခြေခံအကျဆုံးနိုင်ငံရေးလိုအပ်ချက်ဖြစ်သည့် ဒီမိုကရေစီရေးကို ရှောရှောရှူရှူမဖြည့်ဆည်းပေးနိုင်ခဲ့ကြခြင်းကြောင့်ဟု ဆိုရမည်ဖြစ်၏။ ဦးနေဝင်းသည် ပါတီစုံဒီမိုကရေစီကို သံယောင်မျှပေးပြီး ဟုတ်တိ၊ ပတ်တိဆက်မလုပ်တော့။ ထို့ကြောင့်မင်းအိုဒုက္ခဖြစ်ခဲ့ရ၏။ ဗိုလ်ချုပ်မှူးကြီး စောမောင်သည်လည်း ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် စစ်တန်းလျားသို့ ပြန်မည်ဟူသော ကတိကို လက်တွေ့မဖော်ဆောင်နိုင်ခဲ့ရှာပေ။ ထို့ကြောင့် မင်းအိုချမ်းသာဘဝနှင့်ဝေးခဲ့ခြင်း ဖြစ်၏။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီမိုကရေစီလမ်းကြောင်းကို ကာယကံမြောက်ဖောက်လုပ်ပေးရာ၌ အထက်ပါပုဂ္ဂိုလ်နှစ်ဦးထက်များစွာ ရှေ့သို့အရောက်လှမ်းနိုင်ခဲ့သူဖြစ်၏။ သို့သော်သူဖောက်ခဲ့သောလမ်းမှာ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးလိုဖြစ်နေခဲ့၏။ ရှောရှောရှူရှူမဟုတ်။ အဖုအထစ်၊ အကွေ့အကောက်များလှ၏။ ဒီမိုကရေစီယာဉ်ကို ခရီးမတွင်ဘဲ တစ်လစ်ကြီးဖြစ်စေမည့် အပိုင်းများကဖွဲ့စည်းပုံအခြေခံဥပဒေမည်သောသူ၏ လက်ထက်ကာလ ထုံးဖွဲ့ခဲ့သည့် ဇာတ်ညွှန်းတွင် လွှမ်းမိုးနေကြောင်း တွေ့မြင်နိုင်၏။ ဤစေတနာကံကြောင့်ပင်သူသည်လည်း အထက်တွင်ဖော်ပြခဲ့သည့် အတိုင်းမင်းအိုချမ်းသာမဖြစ်နိုင်ခဲ့ဟု ဆိုနိုင်ပေသည်။

ထပ်လောင်း၍ ဆိုချင်ပါသည်။ အကယ်၍ ဦးနေဝင်းသည် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ပြောင်းလဲအကောင်အထည်ဖော်ခဲ့ပါက မင်းအိုချမ်းသာဖြစ်မှာ အမှန်ပင်တည်း။ အကယ်၍ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် အာဏာလွှဲပြောင်းပေးပြီးနောက် စစ်တန်းလျားသို့ အမှန်တကယ်ပြန်နိုင်ရှာခဲ့လျှင် မင်းအိုချမ်းသာဖြစ်ခဲ့မည်မှာ မလွဲတည်း။ အကယ်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီမိုကရေစီလမ်းကြောင်းအား ပြည်သူတို့၏ ဆန္ဒကို ဗဟိုပြု၍ ပီပီပြင်ပြင်ဖောက်လုပ်ပေးနိုင်ခဲ့ပါလျှင် ယနေ့သူ့ကို ပြည်သူထဲတွင် ရင်းရင်းနှီးနှီးသွားသွားလာလာ ခေါင်းဖော်ဝင့်ကြွားနိုင်သော ဒီမိုကရေစီဗိသုကာမင်းအိုချမ်းသာကြီးအဖြစ် မလွဲကေန်တွေ့မြင်နေကြရမည်သာဖြစ်၏။

မည်သို့ဆိုစေ ယခုအခါ သမ္မတကြီး ဦးသိန်းစိန်သည် မိမိသရုပ်ဆောင်နေရသော ဒီမိုကရေစီဇာတ်ညွှန်း၏ အဓိကအားနည်းချက်များ(အထူးသဖြင့် “ဝန်ထမ်းကားအထက်–ပြည်သူ့ကိုယ်စားလှယ်ကားအောက်”ဖြစ်နေသော အပိုင်းများ)ကို လက်တွေ့ကျကျသိမြင်ခံစားပြီးဖြစ်သဖြင့် တိုင်းရင်းသားမိဘပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် အခြားပြုပြင်စေလိုသည့် အပိုင်းများကိုပါ ပြတ်ပြတ်သားသားပြုပြင်ရန် ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ရပေသည်။ တစ်နည်းအားဖြင့် သူ၏သက်တမ်းကာလအတွင်း ပြည်သူတို့၏ နိုင်ငံရေးသောကကို ချေဖျက်ပြီး ဒီမိုကရေစီအာဟာရကို အပြည့်အဝဖြည့်ဆည်းပေးခြင်းဖြင့် ကျန်စစ်သားမင်းကြီးနည်းတူ မင်းအိုချမ်းသာတစ်ဦးမလွဲမသွေဖြစ်လာလေမည်ဟု ယုံကြည်မိပေသည်။ စာရေးသူသည် ၂၀၁၁ ခုနှစ်မှစ၍ ပုဂံမြေသို့ရောက်လေတိုင်း မင်းအိုချမ်းသာဘုရားတွင် ဦးသုံးကြိမ်ချ၍ သမ္မတကြီး မင်းအိုချမ်းသာဖြစ်ပါစေဟု ဆုတောင်းပေးလျက်ရှိပါကြောင်း . . . .။

စာမျက်နှာ(၂၆) မှ

## ကျွန်တော်နှင့် အမြန်လမ်း

မိုးရွာထားချိန်ဖြစ်ပြီး မြေကြီးညီညာမှုရှိသောကြောင့် ကျွန်တော့်ကားဘာမှ မဖြစ်ခဲ့ပါ။

နောက်တစ်ကြိမ်မှာ ၂၀၀၉ ခုနှစ်အတွင်းကဖြစ်ပါသည်။ နေပြည်တော်မှ နံနက်စောစောထွက်ခဲ့ပြီး ၁၀၅မိုင်တွင် ခေတ္တနား၊ လက်ဖက်ရည်သောက်ပါသည်။ ၁၀၅မိုင်မှ နံနက် ၈နာရီခွဲခန့်ထွက်ခဲ့ရာ ၉၆မိုင်တိုင်ခန့်အရောက်တွင် မိုးသဲသဲမဲမဲရွာပါသည်။ လမ်းပေါ်တွင်ရေတင်ပြီး တစ်လက်မခန့်ပြေးနေပါသည်။ ကျွန်တော့်လက်မှ စတီယာရင်သွက် လာသဖြင့် လီဗာကိုလျှော့လိုက်သော်လည်း ကား က လ မ်းေ ပ ါ တွ င် ရှပ်ပြေးနေပြီး ညာဘက်သို့ဆွဲချသွားပါသည်။ ကလေးငယ်များကစားကွင်းတွင်တိုက်ကားမောင်းသကဲ့သို့ ကျွန်တော်ဘရိတ်ဆောင့်မနင်းဘဲ ဘရိတ်မှေးပြီးလမ်းဘေးကိုထိုးဆင်း၍ လမ်းဘေးမြေကြီးပေါ်တွင် ကားကညာဘက်ဖမ်းကွေ့ပြီး ကွန်ကရစ်လမ်းပေါ် ပြန်ပြီးတက်ခဲ့ပါသည်။ မြေကြီးပေါ်မောင်းခဲ့ရသဖြင့် ကားအရှိန်လျော့ပြီး ကွန်ကရစ်လမ်းပေါ်တွင် ကားကိုပြန်ပြီး ရပ်နိုင်ခဲ့ပါသည်။

ကျွန်တော့်တပည့်က‘အဘက တိုက်ကားမောင်းကျွမ်းကျင်တာပဲ”ဟု ရင်တုန်ပန်းတုန်ဖြင့် ချီးကျူးရှာပါသည်။ မိုးသည်းနေသော်လည်း ကျွန်တော်တို့ကားပေါ်က ခေတ္တဆင်းပြီးနားလိုက်ပါသည်။ ပြီးမှတစ်နာရီ ၄၀မိုင်နှုန်းခန့်ဖြင့် ကျွန်တော်ကားကိုဆက်မောင်းလာခဲ့ပါသည်။ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့သတင်းစာတွင် နေပြည်တော်မြို့တော်စည်ပင်မှ အရာရှိကြီးမိသားစုမှာ ကျွန်တော်တို့ဖြစ်သည့်နေရာတွင် မတော်တဆမှုဖြစ်၍အသက်ဆုံးရှုံးခဲ့ရကြောင်း ပါလာပါသည်။ ကျွန်တော်တို့မရောက်မီ တစ်နာရီခန့် ကဖြစ်သည်ဟုသိရပါသည်။

ယခုနှစ်အတွင်း နေပြည်တော်အမြန်လမ်းသတင်းက ပြည်သူလူထုကြား Hot News ဖြစ်နေပါသည်။ မနေ့တစ်နေ့ကပင် ပြည်သူတွေရဲ့အသံတွင် အမြန်လမ်းသတင်းက အဓိကဖြစ်နေပါသည်။ ပြီးခဲ့သည့်လအတွင်း တောင်ပြာတန်းကားကြီးက ကိုယ်ပိုင်ကားလေးကို ကျော်ရင်းတက်ကြိတ်သည့်သတင်းက အသည်းတုန်၊ ရင်တုန်စရာကောင်းလှပါသည်။

၂၀၁၄ ခုနှစ် အတွင်းပင် အမြန်လမ်းတွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုနှင့် သေဆုံးဒဏ်ရာရရှိမှုများကတစ်လထက်တစ်လ တိုးတက်နေပါသည်။ ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် မတော်တဆမှု ၂၃မှု ဖြစ်ပွား၍ ၁၁ဦးသေဆုံးပြီး ၃၈ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဖေဖော်ဝါရီလတွင်မတော်တဆမှု၄၀မှုဖြစ်ပွားခဲ့ရာ ၁၃ဦးသေဆုံးပြီး ၅၆ဦးဒဏ်ရာရရှိခဲ့ပါသည်။ မတ်လတွင် မတော်တဆမှု ၄၄မှုဖြစ်ပွားခဲ့ရာ ၉ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ပါသည်။ ဧပြီလသင်္ကြန် ရုံးပိတ်ရက်တွင်သွားလာမှုပိုများသောကြောင့် ဧပြီလ ၂၂ ရက်အထိ မတော်တဆမှု ၄၈မှု ဖြစ်ပွားခဲ့ပြီး ၂၉ဦးသေဆုံးကာ ၁၁၂ဦးဒဏ်ရာရရှိခဲ့ပါသည်။

ရန်ကုန်–နေပြည်တော်အမြန်လမ်းကြီးကား မီးကဲ့သို့ပင် သုံးစွဲတတ်သူများအဖို့ ဆေးဖြစ်ပြီး မသုံးတတ်သူများအဖို့ ဘေးဖြစ်စေပါသည်။ ကမ္ဘာဦးလူသားတို့ မီးကို စတင်တွေ့ရှိပြီး လူတို့၏ယဉ်ကျေးမှုအစားအသောက်ပုံစံနှင့် လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်လာသော်လည်း မီးကိုစနစ်တကျမသုံးစွဲဘဲပေါ့ဆပါက မီးကြောင့်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေနိုင်ပါသည်။

ယခုလည်း အမြန်လမ်းကြီးကို သုံးစွဲသူများမှာစနစ်တကျသုံးစွဲရန်လိုအပ်ပါသည်။ အမြန်လမ်းကြီး၏ လိုအပ်ချက်များဖြစ်သည့် လမ်းကြောင်းပြရောင်ပြန်များ၊ လမ်းဘေးအကာအရံများ၊ လမ်းမိုင်နှုန်းပြကိရိယာများ၊ လမ်းလှိုင်းထပြီးမညီမညာဖြစ်နေမှုများကို တာဝန်ရှိသူများက ပြုပြင်လျက်တပ်ဆင်လျက်ရှိနေပါသည်။ တချို့နေရာများတွင် နိုင်လွန်ကတ္တရာများခင်းပေးလျက်ရှိပါသည်။ အမေရိကန်သမ္မတမစ္စတာအိုဘားမားမြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိချိန်တွင် နိုင်ငံတော်သမ္မတကြီးက အမြန်လမ်းကို ပြုပြင်ရန်အကူအညီတောင်းခံသည့်အခါ အချို့ပြည်သူများက အသေးအဖွဲ့ကိစ္စအကူအညီတောင်းသည်ဟု ထင်ခဲ့ကြပါသည်။ ယခုအချိန်တွင်မှ အမြန်လမ်းကောင်းရန် မည်မျှအရေးကြီးသည်ကိုသိကြပါလိမ့်မည်။

အမြန်လမ်းကြီးကို နိုင်ငံတကာအကူအညီဖြင့် မည်သို့ပင်ကောင်းအောင်ပြုပြင်သည်ဖြစ်ပါစေ။ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များက အမြန်လမ်းမကြီးပေါ်တွင် ပရိတ်ကြီး(၁၁)သုတ်အပါအဝင် အန္တရာယ်ကင်းဂါထာများ မည်မျှပင်ရွတ်ဖတ်ကြသည်ဖြစ်ပါစေ၊ အမြန်လမ်းပေါ်တွင် ပြည်သူများအေးချမ်းစွာလိုရာခရီးသို့ ရောက်ရှိရေးအဓိကတာဝန်ရှိသူများမှာ

ယာဉ်မောင်းများသာဖြစ်ပါသည်။ ယာဉ်မောင်းများအိပ်မငိုက်ရေး။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာရေး။

မိမိ၏ယာဉ်မောင်းတာဝန်အပေါ် ဂုဏ်ယူအလေးထား၍ကြိုးကြိုးစားစားတာဝန်ထမ်းဆောင်ကြရန်တော့လိုပါသည်။

(ဆောင်းပါးပါအကြောင်းအရာသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်)

## JOKE

### ပြေးသင့်တာပေ့ါ

တိုက်တစ်တိုက်၏ ငါးလွှာတွင် ဓာတ်ငွေ့ပိုက်ပေါက်နေ၍ ဝန်ဆောင်မှုကုမ္ပဏီမှ ပိုက်ပြင်သမားနှစ်ဦး လာရောက်ပြင်ဆင်သည်။ ဓာတ်ငွေ့ပိုက်ကိုပြင်ဆင်နေချိန်မှာပင် အသက်ကြီးသူကြီးကြပ်ရေးမှူးက ၎င်း၏ အလုပ်သင်လူငယ်အား အလုပ်ပြီးလျှင်မည်သူက ကားဆီအရင်ပြေးဆင်းနိုင်မည်လဲဟု စိန်ခေါ်ထားသည်။ သို့ဖြင့် ပိုက်ကို ပြင်ဆင်ပြီးချိန်မှာပင် ပိုက်ပြင်သမား နှစ်ဦးက ၎င်းတို့၏ ကိရိယာများကို သိမ်းဆည်း၍ တိုက်ပေါ်မှ အလျင်အမြန်ဆင်းပြီး ကားဆီသို့ ပြေးကြသည်။၎င်းတို့ကားနားရောက်ချိန်မှာပင် ပိုက်ပြင်ခိုင်းသော အိမ်ရှင်အမျိုးသမီးလည်း ၎င်းတို့နောက်မှ မောကြီးပန်းကြီးရောက်လာသည်။ အကြောင်းကို မေးမြန်းသောအခါ အမျိုးသမီးကြီးက “ဓာတ်ငွေ့ပိုက်ပြင်တဲ့ လူနှစ်ဦးအလုအယက်ထွက်ပြေးကြတော့ ကျွန်မလည်း ပြေးသင့်တယ်လို့ယူဆတာပေ့ါ”ဟု အိမ်ရှင်အမျိုးသမီးကပြောလေ၏။

### အပျင်းဆုံး

တပ်စုတပ်ကြပ်ကြီးတစ်ဦးက ၎င်း၏ လူပေါင်း ၂၀ ပါသော တပ်စုကို တန်းစီခိုင်းပြီး ယခုလိုပြောသည်။ “ကဲ . . . ကောင်းပြီ။ မင်းတို့ထဲက အပျင်းဆုံးဆိုပြီး ကိုယ့်ဟာကိုယ်ဝန်ခံရင်အသက်သာဆုံးအလုပ်တစ်ခုပေးမယ်။ အပျင်းဆုံးဆိုတဲ့ကောင် လက်ထောင်”ဟု ပြောရာ တပ်သား ၁၉ ဦးက လက်ထောင်ထားပြီး တစ်ဦးတည်းသာ လက်မထောင်ပေ။ “ဟို ရဲဘော် မင်းက ဘာဖြစ်လို့ လက်မထောင်တာလဲ”ဟု တပ်ကြပ်ကြီးက မေးမြန်းရာ “လက်ထောင်ရမှာ ပျင်းလို့ ဆရာကြီး”ဟု ပြန်လည်ဖြေကြား၏။

စာမျက်နှာ (၁၉)မှ

## အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (AFTA)သို့ မြန်မာဝင်ရန် သုံးနှစ် နောက်ဆုတ်ခြင်းက SME များအတွက် ကောင်းသတင်းဖြစ်

ယင်းကဲ့သို့ဖြစ်လာပါကပြည်ပမှ သွင်းကုန်များကို ဈေးသက်သာစွာဖြင့် ပြည်သူများ သုံးစွဲခွင့်ရမည်ဖြစ်သော်လည်း ပြည်တွင်းအသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းပေါင်း တစ်သိန်းနှစ်သောင်း ခြောက်ထောင်ကျော်ရှိသည်။

တိုင်းပြည် စီးပွားရေး၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ပတ်သက်၍ အခြား အိမ်နီးချင်းနိုင်ငံများနှင့် စာလျှင်များစွာနောက်ကျနေသည့်အတွက် ပြည်တွင်း၊ ပြည်ပမှ နည်းပညာအရင်းအနှီးများဖြင့် ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်ကြောင်း အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားသည်။

အသေးစားနှင့် အလတ်စားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ပြီး ဒုသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ တိုင်းနှင့် ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့နှင့် ဖွဲ့စည်းထားသည်။

မြန်မာနှင့် လာအိုတို့သည် အာဆီယံအဖွဲ့သို့ ၁၉၉၇ခုနှစ်တွင် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် ကျန်ခြောက်နိုင်ငံနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု၊ ဂျီဒီပီစီးပွားရေးနှင့် ဈေးကွက်အနေအထားတို့မှာ မညီမျှမှုများစွာ ရှိနေသည်။

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါဝင်နိုင်ရန် နိုင်ငံအတွင်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပံ့ပိုးပေးခြင်း၊ အစိုးရစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင် ရာဥပဒေများ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းရန်နှောင့်နှေးခြင်းတို့ကြောင့် အဆင်သင့်မဖြစ်သေးကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်နေကြသည်။

Environment

7 DAY NEWS JOURNAL

Vol.13, No.10 • MAY 14 , 2014

# ရွှေဥဒေါင်းဘေးမဲ့တောတွင် တောဆင်ရိုင်း စားကျက်မြေများ သိသာစွာ လျော့နည်းလာ

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ မေ-၁၀**

ရွှေဥဒေါင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် မြေနေရာများ ချဲ့ထွင်အသုံးပြုမှုများလာခြင်းကြောင့် တောဆင်ရိုင်းများ၏ ကျက်စားရာ နယ်မြေများ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

သဘာဝတောများကို အခြားမြေအဖြစ် အသုံးချမှုများပြားလာခြင်း၊ လူများကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ကြောင့် တောဆင်ရိုင်းများ နေထိုင်သည့် သဘာဝဂေဟအနေအထားများ ပျက်စီးလျော့နည်းလာကြောင်း၊ ပျက်စီးလျော့နည်းလာသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရှိရသော်လည်း နယ်မြေအတိအကျ တိုင်းတာထားခြင်းမရှိသောကြောင့် ပြောဆိုရန် ခက်ခဲကြောင်း ဝန်းကျင်၊ သားငှက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောဆင်ရိုင်းများ နေထိုင်သည့် သဘာဝတောများ ပျက်စီးလာခြင်းကြောင့် လူနှင့် ဆင် ပဋိပက္ခပြဿနာများ မကြာခဏဖြစ်ပွားလာကြောင်းလည်း ဝန်းကျင်/သား ငှက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ထဲမှာ လူနဲ့ ဆင် ပဋိပက္ခဖြစ်တာ နှစ်ကြိမ်ရှိပါပြီ။ ဒီလိုပြဿနာတွေ လျော့နည်းလာဖို့ တောဆင်ရိုင်းတွေ ဖြတ်သန်းသွားလာတတ်တဲ့ လမ်းကြောင်းတွေ၊ သူတို့နေထိုင် ကျက်စားတဲ့ နယ်မြေတွေကို ဒေသခံတွေသိအောင် အသိပညာပေးတဲ့ ကိစ္စတွေလုပ်ပေးခဲ့ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

တောဆင်ရိုင်းများ အမြဲတမ်း ဖြတ်သန်းသွားလာတတ်သည့် နေရာများကို မှတ်တမ်းတင်ခြင်း၊ စားကျက်နယ်မြေများ မှတ်တမ်းတင်ခြင်း၊ စားကျက်မြေများ သတ်မှတ်၍ ဒေသခံများ မသွားမလာမိစေရန် သတိပေး ဆိုင်းဘုတ်များ စိုက်ထူပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု ၎င်းက ဆိုသည်။

ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်း မြို့နယ်နှင့် မိုးကုတ်မြို့နယ်၊ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ် ဧရိယာတွင်တည်ရှိပြီး ကေပေါင်းရှစ်သောင်းကျော်ကျယ်ဝန်းသည်။



*ဟသ်ာငှက်ပေါက်ကလေးများနှင့် ဟသ်ာနှစ်ကောင်ကိုတွေ့ရစဉ်*

ဓာတ်ပုံ - ဦးသိန်းအောင်

# အမျိုးသားကန်တော်ကြီးဥယျာဉ်တွင်ဟသ်ာငှက်ခြောက်ကောင်ပေါက်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ-၁၀**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် နေထိုင်ကျက်စားသော ဆောင်းခိုငှက်အမျိုးအစား ဟသ်ာစုံတွဲမှ ဒုတိယအကြိမ်အဖြစ် ဟသ်ာခြောက်ကောင်သားပေါက်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုဟသ်ာမောင်နှံမှာ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် လွန်ခဲ့သည့်နှစ် ဧပြီ ၂၆ ရက်က ပထမဆုံးအကြိမ်အဖြစ် ရှစ်ကောင်သားပေါက်ခဲ့ပြီး ယခုနှစ် ဧပြီ ၂၆ ရက် တွင် ခြောက်ကောင်သားပေါက် ခဲ့ကြောင်း မြန်မာ့ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသင်းမှ ဒုဥက္ကဋ္ဌ ဒေါက်တာဦးသိန်းအောင်က ပြောကြားသည်။

ဆောင်းခို ငှက်များသည် အောက်တိုဘာမှစတင်၍ မြန်မာနိုင်ငံတွင် လာရောက်နေထိုင်ကျက်စားပြီး မတ်လကုန်တွင် ဌာနေသို့ ပြန်သည့် ငှက်များဖြစ်ရာ ဟသ်ာငှက်မှာလည်း ဆောင်းခိုငှက်ဖြစ်သည့်အတွက် ယခုကဲ့သို့ သားပေါက်သည့် ဖြစ်စဉ်မှာ ရှားပါးသည့်ဖြစ်စဉ်ဟု ၎င်းကဆိုသည်။

"ဟသ်ာက ဆောင်းခိုငှက်ဖြစ်တဲ့အတွက် ဒီမှာသားပေါက်စရာအကြောင်း မရှိဘူး။ ကျွန်တော့်အတွေ့အကြုံအရဆိုရင် အရင်ကလည်း သားပေါက်တယ်ဆိုတာ မကြားမိဘူး"ဟု ဦးသိန်းအောင်က ပြောသည်။

ဟသ်ာငှက်များမှာ တိဘက်၊ နီပေါ၊ မွန်ဂိုနှင့် အာရှတိုက်အလယ်ပိုင်းဒေသများမှ လာဖွယ်ရှိသည့် ဆောင်းခိုငှက်များဖြစ်ပြီး ယင်းတို့၏ သားပေါက်ချိန်မှာ ဇွန်လတွင်သားပေါက်ကြပြီးတိရစ္ဆာန်ဥယျာဉ်တွင်ရှိသည့် ဟသ်ာများပင် သားပေါက်ခြင်းမရှိသေးကြောင်း ၎င်းကဆိုသည်။

# ငွေကြေးအခက်အခဲကြောင့် REDD လုပ်ငန်းစီမံချက် အနည်းငယ်သာ အကောင်အထည်ဖော်နိုင်

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ မေ-၁၀**

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းမှုများကို လျှော့ချရန် လမ်းပြမြေပုံပြီးစီးသည့်မှာ တစ်နှစ်ခန့်ကြာပြီဖြစ်သော်လည်း ငွေကြေးဆိုင်ရာ အခက်အခဲများကြောင့် လုပ်ငန်းစီမံချက်အနည်းငယ်သာ အကောင်အထည်ဖော်နိုင်ကြောင်း သတင်းရရှိသည်။

"စီမံကိန်းထောက်ပံ့ငွေကနည်းနည်းပဲရတော့ နိုင်ငံတစ်ဝန်းလုံး မလွှမ်းခြုံနိုင်သေးပါဘူး"ဟု စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးကပြောသည်။

အဆိုပါစီမံကိန်းသည် ကမ္ဘာ့အဝန်းထုတ်လုပ်နေသော ကာဗွန်များကို လျှော့ချသည့် နည်းလမ်းတစ်ခုဖြစ်သောကြောင့် ယင်းနည်းလမ်းများအတိုင်း အကောင်အထည်ဖော်နေသည့် နိုင်ငံများကို နိုင်ငံတကာက ထောက်ပံ့ကူညီနေခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို REDD လုပ်ငန်းစဉ်ဟု အတိုကောက်ခေါ်ပြီး လက်ရှိအစိုးရနိုင်ငံအချို့၏ ထောက်ပံ့ငွေများဖြင့် ရေတာရှည်မြို့နယ်၊ တောင်ကြီးမြို့နယ်၊ ပဲခူးမြို့နယ် မျောက်စာရိကြိုးဝိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် REDD လုပ်ဆောင်ရမည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်ကို ရေးဆွဲခဲ့ပြီး ဇွန်လတွင် ပြီးစီးခဲ့သည်။ REDD ကို အကောင်အထည်ဖော်ရာတွင် နော်ဝေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသလို အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ရှေ့ပြေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည်။

# JICA အကူအညီဖြင့် ကဒုံကနိတွင် ဒီရေတောစိုက်ခင်း ထူထောင်မည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ-၃**

ဘိုကလေးမြို့နယ်ရှိ ကဒုံကနိသစ်တောကြိုးဝိုင်းတွင် JICA အဖွဲ့၏ အကူအညီဖြင့် ဒီရေတောစိုက်ခင်း စီမံကိန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

ကဒုံကနိသစ်တောကြိုးဝိုင်း အကွက်အမှတ် (၃၈၊ ၃၉၊ ၄၃၊ ၄၄) တွင် ဒီရေတောဧက ၂၈၀၀ ကျော်ကို မိုးရာသီတွင် JICA အဖွဲ့အစည်း၏ အကူအညီဖြင့် စတင်စိုက်ပျိုးလုပ်ဆောင်မည်ဟု ဘိုကလေးမြို့နယ်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကံထွန်းက ပြောသည်။

ဒီရေတောစိုက်ခင်းစီမံကိန်း တည်ထောင်ရာတွင် ကဒုံကနိသစ်တောကြိုးဝိုင်းတွင် လမု၊ သမတ်ကြီး ဒီရေတောအမျိုးအစား နှစ်မျိုးကို စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ခင်းတည်ထောင်ပြီးနောက် ယင်းဒီရေတောများရှိ ရေသယံဇာတများ ထိန်းသိမ်းရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ဆိုသည်။

"အရင်တုန်းက နည်းပညာပရောဂျက်လုပ်ထားတာ။ အခုကစတင်အကောင်အထည်ဖော်တော့မှာ။ အခုမိုးတွင်းစစိုက်မယ်" ဟု ဦးကံထွန်းက ပြောသည်။

ဒီရေတောစိုက်ခင်းစီမံကိန်း ပြုလုပ်ရန် JICA အဖွဲ့သည် ၂၀၀၇ မှ ၂၀၁၃ အထိ နည်းပညာအရ လေ့လာခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်မှုကို ၂၀၁၃ မှ ၂၀၁၇ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်များရှိ ကျေးရွာများ၌ JICA အကူအညီဖြင့် ဒီရေတောပျိုးဥယျာဉ်နှင့် တိုးချဲ့ပညာပေးစခန်း လေးခု၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံလေးခုနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင်ခဲ့ကြောင်း သိရသည်။

Tourism
7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝက်ဘ်ဆိုက်ကို ဗီယက်နမ်ခရီးသွားကုမ္ပဏီ အွန်လိုင်းတင်ပေး

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၁၀**

မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားဒေသများနှင့် အချက်အလက်များကို ဖော်ပြပေးထားသည့် ခရီးသွားလမ်းညွှန် ဝက်ဘ်ဆိုက် တစ်ခုကို မြန်မာ့ခရီးသွားလုပ်ငန်း အထောက်အကူပြုစေရန် အွန်လိုင်းတွင် တင်ပေးလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ အခြေစိုက် Holi–day Indochina ခရီးသွားကုမ္ပဏီက သတင်းထုတ်ပြန်သည်။

အဆိုပါ ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းနှင့် ချိတ်ဆက်၍ လုပ်ကိုင်နေသည့် အာရှခရီးသွားလုပ်ငန်းကို ဦးဆောင်နေသော ကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံများမှ အာရှသို့ လာရောက်လည်ပတ်သော ခရီးသွားများ မြန်မာနိုင်ငံသို့ လည်ပတ်လိုသည့် ဆန္ဒများဖြစ်ပေါ်လာစေရန်အွန်လိုင်းမှ ချိတ်ဆက်ပေးသွားမည်ဟု ဆိုသည်။

"နိုင်ငံတကာမှာ အခုလိုမျိုး မြန်မာနိုင်ငံအတွက် သီးသန့်ဆိုပြီး ဝက်ဘ်ဆိုက်တင်ပေးတာ သိပ်မရှိသေးဘူး။ အခုလို တင်ပေးလိုက်တော့ ပြည်တွင်းခရီးစဉ်တွေအတွက် လက်မှတ်ရောင်းတဲ့ နေရာတစ်ခု တိုးလာတာဖြစ်လို့ ခရီးသွားဝင်ရောက်မှုနှုန်း တိုးတက်မှုကို အထောက်အကူပြုစေမှာပါ" ဟု မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌဦးဖြိုးဝေရာဇာက ပြောသည်။




ဗီယက်နမ် အခြေစိုက် ခရီးသွား ကုမ္ပဏီသည် မြန်မာနိုင်ငံ ခရီးသွားလမ်းညွှန်ဝက်ဘ်ဆိုက်ကို Activetravelmyanmar.com အမည်ဖြင့် ပြုလုပ်ပေးထားပြီး မြန်မာနိုင်ငံ အတွင်းရှိ တောတောင်ရေမြေ သဘာဝအခြေခံများ၊ အပန်းဖြေ ကမ်းခြေများ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဘုရားစေတီများကို ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

"ပြည်ပအခြေစိုက် ကုမ္ပဏီတစ်ခုက ဈေးကွက်မြှင့်တင်ပေးတာဆိုတော့ အဲဒီကုမ္ပဏီရဲ့ နာမည်ကျော်ကြားမှု မြန်မာပြည်ကို လူပိုသိနိုင်တဲ့အတွက် အရောင်းမြှင့်တင်မှုကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်" ဟု Nature Dream ခရီးသွားကုမ္ပဏီ မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စံပယ်အောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ် အတွင်း၌ နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၂ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည် ၂ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ကာ နှစ်ဆကျော် မြင့်တက်လာခဲ့သည်။

ယခုနှစ် ခရီးသွားရာသီတွင် နိုင်ငံခြားသားခရီးသွား ဧည့်သည် ၃ သန်းဝင်ရောက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာကဏ္ဍများမှ ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

# သဘာဝအခြေခံဘေးမဲ့တောများသို့ ပြည်ပခရီးသွား လာရောက်မှု စံချိန်တင်မြင့်တက်

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၁၀**

ယခုနှစ်အတွင်း သဘာဝအခြေခံဘေးမဲ့တောများသို့ နိုင်ငံခြားခရီးသွားလာရောက်မှုနှုန်းမှာ စံချိန်တင်မြင့်တက်လာကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသတင်းရရှိသည်။

ယခုနှစ်အတွင်း သဘာဝအခြေခံဘေးမဲ့တောများတွင်နိုင်ငံခြား ခရီးသွား ဝင်ရောက်မှုမှာ တစ်လလျှင် လေးသောင်းကျော် ရှိခဲ့ပြီး ခရီးသည် အများဆုံး ဝင်ရောက်သည့် ၂၀၁၃ ခုနှစ်၏ လအလိုက် ခရီးသည်ဝင်ရောက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက သုံးသောင်းခန့် ပိုမိုများပြားလာခြင်း ဖြစ်သည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လစာရင်းတွေချုပ်ကြည့်တော့ ခရီးသည် ၁၂ သိန်းကျော်လာတယ်။ သုံးလထဲမှာ ဒီလောက်လာတယ်။ ဒီအတိုင်းသာ ဆက်လာနေမယ်ဆိုရင် ၂၀၁၄ ဟာ စံချိန်တင်ပဲ။ ဘာလို့လဲဆိုရင် ခရီးသည် အများဆုံးလာခဲ့တဲ့ ၂၀၁၃ တစ်နှစ်လုံးမှာတောင် ခရီးသည်က ၁၆ သိန်းပဲရှိတယ်"ဟု ဝန်း/သားငှက်ဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖွင့်လှစ်ထားသည့် သဘာဝအခြေခံခရီးသွားစခန်း ၂၀ အနက် ပုပ္ပားတောင်၊ လောကနန္ဒာဘေးမဲ့တော၊ ကျိုက်ထီးရိုး၊ အင်းလေးကန်၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများသည် နိုင်ငံခြား ခရီးသွားအများဆုံး လာရောက်သောနေရာများဖြစ်သည်။

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ရေခဲတောင်များ ဖုံးလွှမ်းသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့်ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင်နိုင်ငံခြားသားခရီးသွားများလာရောက်ပြီး ခရီးသည် အရောက်အပေါက်နည်းသော ချပ်သင်း၊ အလောင်းတော်ကဿပ၊ပန်းလောင်နှင့်ပြဒါးလင်းဂူ စသည့်နေရာများသို့ခရီးသည်များလာရောက်လျက်ရှိသည်။

နှစ်စဉ်ခရီးသည်အနည်းငယ်မျှသာ လာရောက်သော မိုးယွန်းကြီးအင်း၊ မိန်းမလှကျွန်း၊ နတ်မတောင်အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင်လည်း ခရီးသည်အဝင်များလာသည်ဟု သတင်းရရှိသည်။

နိုင်ငံအတွင်း ဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃၈ ခုဖွဲ့စည်းတည်ထောင်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ နေရာထိုင်ခင်း အခက်အခဲများကြောင့် သဘာဝအခြေခံခရီးသွားစခန်းကို ဥယျာဉ်နှင့်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၂၀ ခုသာ ဖွင့်လှစ်ထားနိုင်သည်။

# မိုးကာလတွင် ချောင်းသာဟိုတယ်အချို့ ဖွင့်ထားမည်

**ခန့်ထက်**

**ရန်ကုန်၊ မေလ-၁၀**

မိုးတွင်းကာလ၌ မြန်မာနိုင်ငံ၏ ခရီးသည်အဝင်များသော ကမ်းခြေသုံးခုအနက် ငွေဆောင်နှင့် ငပလီရှိ ဟိုတယ်များ ပိတ်ထားမည်ဖြစ်ပြီး ချောင်းသာရှိဟိုတယ်အချို့ ဖွင့်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ငပလီကမ်းခြေဟိုတယ်များသည် နှစ်စဉ်ပုံမှန်အတိုင်း မေလဆန်းမှစတင်ကာ အောက်တိုဘာအထိ ပိတ်လေ့ရှိပြီးငွေဆောင်မှ ဟိုတယ်များသည် မေလကုန် ဇွန်လဆန်းတွင်စတင်၍ ဟိုတယ်များကို ပိတ်လေ့ရှိသည်ဟု ဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်။

သို့သော် ခရီးသည်ပုံမှန်ဝင်သော ချောင်းသာကမ်းခြေရှိ ဟိုတယ်အချို့သာပိတ်ပြီး တစ်ဝက်ခန့်ဖွင့်လှစ်ထားသည်ဟု ချောင်းသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတေဇအောင်က ဆိုသည်။

"မိုးတွင်းမှာ ပြင်ဆင်ချင်တဲ့ ဟိုတယ်သာပိတ်တာပါ။ ကျန်တာတွေကတော့ ဖွင့်ပေးထားတာကို တွေ့ရတယ်"ဟု ဦးတေဇအောင်က ပြောသည်။



*ချောင်းသာကမ်းခြေတစ်နေရာ* ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

ငပလီကမ်းခြေရှိ ဟိုတယ်များပိတ်သည်ဟု ဆိုသော်လည်း အချို့သောဟိုတယ်ငယ်နှစ်လုံး၊ သုံးလုံးခန့်မှာဖွင့်လှစ်ထားသည်ဟု ငပလီဟိုတယ်ဇုန်မှ တာဝန်ရှိသူ ဦးကျော်စွာမောင်မောင်က ပြောသည်။

"ငွေဆောင်ကမ်းခြေကတော့ မေလကုန်လောက်မှ ပိတ်ဖြစ်မယ်။ အခုလက်ရှိအချိန်ကတော့ မပိတ်သေးပါဘူး။စက်တင်ဘာကစပြီးအောက်တိုဘာလောက်မှခရီးသည်လက်ခံတယ်"ဟု ငွေဆောင်ဟိုတယ်ဇုန် ဥက္ကဋ္ဌဦးအောင်သိုက်က ပြောသည်။

ငပလီနှင့် ငွေဆောင်ကမ်းခြေများသည် မိုးကာလ၌ ပင်လယ်ရေတက်ခြင်း၊ မိုးကြီးခြင်း၊ ရေနောက်ခြင်းတို့ကြောင့် နှစ်စဉ်ပုံမှန်ပိတ်မြဲဖြစ်သည်။

ချောင်းသာကမ်းခြေသည် ပြည်တွင်းခရီးသွားများဝင်ရောက်မှုများပြီး မိုးတွင်းကာလ၌လည်း ခရီးသည် မပြတ်သောကြောင့် ဟိုတယ်အချို့ဖွင့်ထားပေးသည်ဟု သိရသည်။

"ချောင်းသာက ခုတောင်လူမပြတ်သေးဘူး။ စနေ၊ တနင်္ဂနွေဆို ပိုများတယ်။ မနှစ်က မိုးတွင်းတုန်းကလည်း ခရီးသည်လာတာများတယ်"ဟု ဦးတေဇအောင်က ပြောသည်။

7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# Cartoon
































7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# “အမှန်တရားကို ကျွန်တော်တို့ ထိတွေ့ရမယ်။ ပြန်ပြန်လှုပ်ရှား တုံ့ပြန်ရပါမယ်”

## နိုင်ဂျီးရီးယားကျောင်းသူများ ပြန်ပေးဆွဲခံရမှုအရေး နိုဗယ်ဆုရှင် နိုင်ဂျီးရီးယားသတင်းနှင့် ပြန်ကြားရေးဝန်ကြီး ဝိုလီဆိုရင်ကာနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



AKINTUNDE AKINLEYE/REUTERS

နိုင်ဂျီးရီးယားမှာ အစ္စလာမ်မစ်သူပုန်အဖွဲ့ဖြစ်တဲ့ ဘိုကိုဟာရမ်အဖွဲ့ဟာ ကျောင်းသူမိန်းကလေး ၂၀၀ ကျော်ကို ပြန်ပေးဆွဲခေါ်ဆောင်သွားတဲ့အတွက် ကမ္ဘာတစ်ဝန်းမှာ အံ့သြစိတ်ပျက်မှုတွေ ဖြစ်ခဲ့ရပါတယ်။

အခုလို အပြစ်မဲ့တဲ့ မိန်းကလေးတွေကို ဖမ်းခေါ်သွားမှုကြောင့် ရှုတ်ချမှုတွေဟာလည်း ကုလသမဂ္ဂကနေ ပြီတိန်အထိ ကမ္ဘာ့အစ္စလာမ်မစ်ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းတွေအထိ ပျံ့နှံ့သွားခဲ့ပြီး ကန်သမ္မတအိုဘားမားကပါ မိန်းကလေးတွေကို ပြန်ရှာတွေ့ဖို့ ကြိုးပမ်းနိုင်သမျှ ကြိုးပမ်းကြဖို့နှိုးဆော်ခဲ့ပြီး အထူးစုံစမ်းရေးအတွက် နိုင်ဂျီးရီးယားကို ကျွမ်းကျင်တဲ့ စုံစမ်းရေးအဖွဲ့တွေ စေလွှတ်ခဲ့တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ဘိုကိုဟာရမ်အဖွဲ့ဟာ အစ္စလာမ်မစ်အစွန်းရောက်ဝါဒီအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဖွဲ့နာမည်ကိုက “အနောက်တိုင်းပညာရေးဟာ မကောင်းမှုပဲ”လို့ ဒေသဘာသာစကားနဲ့ အဓိပ္ပာယ်ရတဲ့အဖွဲ့လည်းဖြစ်ပါတယ်။ဘိုကိုဟာရမ်အဖွဲ့ဟာ ချီဘော့အရပ်က စာသင်ကျောင်းတွေမှာ အဲဒီမိန်းကလေး ၂၀၀ ကျော်ကို ဖမ်းဆီးသွားပြီးနောက်ပိုင်း သုံးပတ်အကြာ မေလ ၆ ရက်မှာပဲ အဲဒီ ချီဘော့ရေိယာထဲက ဝါရာဘီရွာမှာ နေအိမ်တွေထဲကနေ တစ်အိမ်တက်တစ်အိမ်ဆင်း ရှာဖွေပြီး နောက်ထပ်(၁၂)နှစ်မှ (၁၅)နှစ်အရွယ်မိန်းကလေးရှစ်ဦးကိုထပ်မံဖမ်းခေါ်သွားခဲ့တဲ့အတွက် အခြေအနေက ပိုဆိုးရွားလာခဲ့ပြီ ဖြစ်ပါတယ်။


ဒါကြောင့် စီအင်န်အင်န်သတင်းဌာနမှ ခရစ်တျန်းအမန်ပူရ်နဲ့ နိုင်ဂျီးရီးယားရဲ့ ပထမဆုံးစာပေ နိုဗယ်ဆုရှင်ဖြစ်ပြီး လက်ရှိမှာလည်းအစိုးရရဲ့သတင်းနှင့် ပြန်ကြားရေးဝန်ကြီးလည်းဖြစ်နေတဲ့ ဝိုလီဆိုရင်ကာကို ဒီကိစ္စ မေးမြန်းထားတာတွေကို ပြန်လည်ကောက် နုတ်ဖော်ပြလိုက်ရပါတယ်။ ဝိုရင်ကာကတော့ ဖြစ်စဉ်မှာ အစိုးရရဲ့ ကိုင်တွယ်ပုံ နှောင့်နှေးမှုတွေရှိခဲ့တာကို အပြစ်တင်ထားပြီး ဒီပြဿနာဟာ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမယ်လို့ ပြောထားပါတယ်။

**ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင်က သူ့မှာ ပြန်ပေးဆွဲသွားတဲ့ မိန်းကလေးတွေကို ကျွန်အဖြစ် ရောင်းပိုင်ခွင့်ရှိတယ်။ သူတို့ကို ရောင်းဖို့ ဈေးကွက်လည်းရှိတယ်လို့ ပြောတာ ဝန်ကြီး ကြားပြီးပြီပေါ့။ သူက အနောက်တိုင်းပညာရေးကိုဒီနိုင်ငံထဲကနေ ဆွဲထုတ်ပစ်ရမယ် ပြောနေပါတယ်။ ဝန်ကြီးတို့ တိုင်းပြည်မှာ အခုလိုဖြစ်နေတာကို ဘယ်လိုလုပ်ဖို့ ရှိပါသလဲရှင့်။**

ဒီအခြေအနေက အနာဖြစ်စေခဲ့ပါပြီ။ ဖြေရှင်းဖို့ အရမ်းနောက်ကျပြီး အရမ်းလည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားခဲ့တာပါ။ အရမ်းလည်း နှောင့်နှေးနေခဲ့ပါတယ်။ အခုတော့ ဒီပြဿနာဟာ အမျိုးသားပြဿနာတစ်ရပ် မဟုတ်တော့ဘဲအနောက်အာဖရိကတိုက်ရဲ့ ပြဿနာဖြစ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ဒါကဒေသတစ်ခုလုံးကို မတည်မငြိမ်ဖြစ်စေခဲ့လို့ပါ။

**ဝန်ကြီးအနေနဲ့ အမေရိကန်ကနေ စစ်ရေးကျွမ်းကျင်သူတွေ၊ ပြန်ပေးဆွဲမှုညှိနှိုင်းရေးကျွမ်းကျင်သူတွေ၊ အကြံပေးတွေနဲ့ စောင့်ကြည့်ရေးကိရိယာတွေ၊ တခြားပစ္စည်းတွေကို အကူအညီပေးနေတာကို နိုင်ဂျီးရီးယားသမ္မတအနေနဲ့ လက်ခံသင့်ပါသလား။ ကောင်းတဲ့အရာလို့ လူကြီးမင်း ထင်ပါသလား။**

သမ္မတဂျိုနသန်ဟာ အစကတည်းက ဒီအတွက် အကူအညီတောင်းသင့်တာပါ။ တလွဲမာနထားတာကို ကျွန်တော် မယုံကြည်ပါဘူး။ ဘိုကိုဟာရမ်အဖွဲ့ရဲ့ လှုပ်ရှားမှုသမိုင်းကိုက ပြောရရင် ဖီလိုဆိုဖီလို့ ပြောရင်လည်းပြောပါ။ နိုင်ဂျီးရီးယားတစ်နိုင်ငံတည်းကို ခြိမ်းခြောက်တဲ့ကိစ္စမဟုတ်ပါဘူး။ ကမ္ဘာတစ်ခုလုံးကို ခြိမ်းခြောက်တာပါ။ ဒါကြောင့် တုံ့ဆိုင်းမှု (သို့မဟုတ်) သမ္မတဘက်က စကားကို အတည်ပြုဖို့ဆိုတဲ့ နှောင့်နှေးမှုကိစ္စတွေ မရှိသင့်ပါဘူး။




**ဘာကြောင့် သူတို့တွေ ဝေခဲ့တယ်လို့ ဝန်ကြီးထင်တာပါလဲ။ ကြည့်လိုက်ပါ။ သမ္မတကို ဒီကိစ္စ ရင်ဆိုင်ဖို့၊ နိုင်ငံကို ဒီကိစ္စရှင်းပြဖို့ တောင်းဆိုခဲ့တာ ဝန်ကြီးပဲမဟုတ်လား။ ဒါကို ဝန်ကြီး ပြီးခဲ့တဲ့အပတ်က လုပ်ခဲ့တယ်မဟုတ်လား။ ဒီတစ်ပတ်အတွင်းမှာပဲ သူက ဝန်ကြီးရဲ့ အကြံဉာဏ်ကိုလိုက်နာပြီး တိုင်းပြည်ကို တကယ်စကားပြောခဲ့တာ မဟုတ်လား။ ဝန်ကြီးရဲ့ စကားထဲမှာတော့ သူက ဘာကြောင့် ငြင်းသလို ဖြစ်နေရတာလဲ။**

အဲဒါက သူတင်မဟုတ်ပါဘူး။ သူ့အနားက အကြံပေးတွေလည်း ပါပါတယ်။ နိုင်ငံရဲ့ အစိတ်အပိုင်းတချို့ကပဲပေါ့။ တချို့ကတော့ အကြောင်းပြချက်မျိုးစုံနဲ့ကို နိုင်ငံမှာ ကသောင်းကနင်းဖြစ်တာကို ပျော်ရွှင်နေကြမှာပါ။ သူတို့မှာလည်း အခြေအနေကို ဆွပေးတဲ့အတွက် အပြစ်ရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။ အစိုးရမှာလည်း ဒုက္ခရောက်နေချိန်မှာ အတိုင်းအတာတစ်ခုအထိ အပြစ်ရှိနေတာ၊ စောင့်ကြည့်နေတာအပြစ်ရှိပါတယ်။

**ဝန်ကြီးဟာ နာမည်ကျော်စာပေ နိုဗယ်ဆုရှင်လည်း ဖြစ်ပါတယ်။ အာဖရိကရဲ့အသံလည်း ဖြစ်ပါတယ်။ ဘာကြောင့် ဘိုကိုဟာရမ်ကိစ္စကို သတိပေးခဲ့တာပါလဲ။**

ကျွန်တော် သတိပေးခဲ့တာ။ အထူးသဖြင့်တော့ ဒီလှုပ်ရှားမှုတွေက နိုင်ဂျီးရီးယားကိုတင် နယ်နိမိတ် သတ်မှတ်ထားတာ မဟုတ်ပါဘူး။ သိထားသင့်တာက ဥပမာအယ်လ်ဂျီးရီးယားရဲ့သမိုင်းကို သိထားသင့်တာက တာလီဘန်တွေက အာဖဂန်နစ္စတန်ကို အုပ်ချုပ်နေတဲ့အချိန်မှာ လူတွေက ဆိုမာလီယာကိုသွားပြီး အယ်လ်ရှာဘတ်အဖွဲ့နဲ့ လေ့ကျင့်ရေးတွေ လုပ်နေတာ၊ ကမ္ဘာတစ်ခြမ်းမှာ ဘာတွေဖြစ်နေပြီဆိုတာတွေကို မျက်နှာမလွှဲနိုင်တဲ့သူတွေဟာပြီးခဲ့တဲ့ ငါးနှစ်လောက်ကတည်းက အရေးယူ ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့ သူတို့ကိုလည်း လူသိရှင်ကြား သတိပေးခဲ့တယ်။ ကျွန်တော်လည်းစာတွေထဲမှာရေးခဲ့ပါတယ်။ **စာမျက်နှာ ၃၇** ››



## Leader's Profile

# ဟောလိဝုဒ်မင်းသားကြီး ဟာရစ်ဆင်ဖို့ဒ်

ရဲမင်း

ဟာရစ်ဆင်ဖို့ဒ်သည် အမေရိကန် ရုပ်ရှင်မင်းသားနှင့် ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သည်။

ဟာရစ်ဆင်ဖို့ဒ်သည် မူလ Star Wars ဇာတ်ကားများနှင့် Indiana Jones ဇာတ်ကားများ၌ ပီပြင်သော ဇာတ်ရုပ်များအတွက် လူသိများထင်ရှားသည်။

ဟာရစ်ဆင်ဖို့ဒ်ကို ၁၉၄၂ ခုနှစ် ဇူလိုင် ၁၃ ရက်က အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်၊ ချီကာဂိုမြို့တွင် မွေးဖွားခဲ့သည်။

ဖခင်ဖြစ်သူမှာ ကြော်ငြာလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်ပြီး မိခင်မှာ သာမန်အိမ်ရှင်မတစ်ဦး ဖြစ်သည်။

ချီကာဂိုမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ကြီးပြင်းခဲ့သော ဟာရစ်ဆင်ဖို့ဒ်သည် ငယ်စဉ်က ၎င်းထက်ကြီးသူများ၏ အနိုင်ကျင့်ဗိုလ်ကျမှုများကို ခံခဲ့ရသည်။

ဟာရစ်ဆင်ဖို့ဒ်သည် မိန်းမြို့နယ် အထက်တန်းကျောင်းတွင် တက်ရောက်ခဲ့ပြီးနောက် ဝစ်ကွန်ဆင်ပြည်နယ် ရီပွန်ကောလိပ်၌ ဆက်လက်တက်ရောက်သည်။

အမှတ်ကောင်းကောင်းရစေရန် ဒရာမာအတန်းတစ်ခုကို တက်ရောက်ရင်း သရုပ်ဆောင်လုပ်ခြင်းကို ဝါသနာပါကြောင်း သိရှိလာခဲ့သည်။

ကျောင်းတွင် စာတော်သည့်ကျောင်းသားတစ်ဦး မဟုတ်ခဲ့သော ဟာရစ်ဆင်သည် ဘွဲ့ပင်မရခဲ့ဘဲ ဇနီးလောင်းမေရီနှင့်အတူ ၁၉၆၀ ပြည့်နှစ်များတွင် ဟောလိဝုဒ်သို့ ထွက်ခွာခဲ့သည်။

ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီတွင် တစ်ပတ်လုပ်ခ ဒေါ်လာ ၁၅၀ ဖြင့် ကန်ထရိုက်သရုပ်ဆောင် အလုပ်ဝင်လုပ်သည်။

ထိုမှနေ၍ ယူနီဗာဆယ် ကုမ္ပဏီသို့ ပြောင်းရွှေ့လုပ်ကိုင်သည်။

၁၉၆၆ ခုနှစ်တွင် ၎င်း၏ ပထမဆုံးရုပ်ရှင် Dead Heat on a Merry–Go–Round တွင် ပါဝင်သရုပ်ဆောင်ခွင့်ရသည်။

သို့သော် မအောင်မြင်ခဲ့ဘဲ အမှုဆောင်အရာရှိတစ်ဦးက သရုပ်ဆောင်လုပ်ငန်းတွင် အောင်မြင်မည်မဟုတ်ဟု အကဲဖြတ်ခဲ့သည်။

မင်းသားအဖြစ် မအောင်မြင်ခြင်းကို စိတ်ပျက်၍ ဟာရစ်ဆင်ဖို့ဒ်သည် လက်သမားအလုပ်လုပ်၍ စားဝတ်နေရေးကို ဖြည့်တင်းရသည်။

၁၉၇၃ ခုနှစ်တွင် ဒါရိုက်တာ ဂျော့ချ်လူးကပ်စ်က American Graffiti ဟူသော ဇာတ်ကားတွင် အရေးကြီးသော ဇာတ်ရုပ်၌ သရုပ်ဆောင်ခွင့်ပေးသည်။

ဖရန့်စစ်ဖို့ဒ်ကော်ပိုလာနှင့် နောက်ထပ်ဇာတ်ကားနှစ်ကား ရိုက်ခဲ့သော်လည်း မအောင်မြင်ဘဲ လက်သမားအလုပ် ဆက်လုပ်နေခဲ့သည်။

၁၉၇၇ ခုနှစ်တွင်မူ ဟာရစ်ဆင်ဖို့ဒ်သည် ဂျော့ချ်လူးကပ်စ်နှင့် ပြန်လည်လက်တွဲ၍ Star Wars ဇာတ်ကားတွင် ဟန်းစ်ဆိုလိုအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ ကြမ်းတမ်းတမ်း ဇာတ်ရုပ်ဖြင့် လူသိများလာခဲ့သည်။ Star Wars နောက်ဆက်တွဲ ဇာတ်ကားနှစ်ကား ရိုက်ပြီးချိန်တွင် ၁၉၈၀ ပြည့်နှစ်များအတွင်း ဟောလိဝုဒ်စတားတစ်ဦး ဖြစ်လာခဲ့သည်။

ယင်းနောက် ရှေးဟောင်းသုတေသနပညာရှင် Indiana Jones အဖြစ် ဒါရိုက်တာစတီဗင်စပီးလ်ဘာ့ဂ်စ်၏ ဇာတ်ကားများတွင် ပါဝင်ခဲ့ရာ ဟောလိဝုဒ်၏ စူပါစကားမင်းသား ဖြစ်လာခဲ့သည်။

ဟာရစ်ဆင်ဖို့ဒ်သည် အိမ်ထောင်သုံးဆက်ကျခဲ့ပြီး ပထမဇနီးသည် မေရီနှင့် သားသမီးနှစ်ဦး၊ ဒုတိယဇနီးသည် မယ်လီဆာနှင့် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

တတိယဇနီးသည် မင်းသမီး ကာလစ်စတာဖလော့ဟတ်နှင့် ၂၀၀၂ ခုနှစ်တွင် ဆုံတွေ့ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ လက်ထပ်ခဲ့သည်။

—*Ref: Wikipedia*

# တောင်အာဖရိကနိုင်ငံအတွက် ပြောင်းလဲမှုများ ပြုလုပ်ပေးမည်ဟု ရွေးကောက်ပွဲအနိုင်ရ အေအင်န်စီပါတီ ကတိပြု

**ပရီတိုးရီးယား၊ မေ-၁၀**

မေလ ၉ ရက် အပြီးသတ်မဲရေတွက်မှုများက အေအင်န်စီပါတီ ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရနိုင်ကြောင်း ဖော်ပြနေစဉ် လူမည်းတို့၏ စီးပွားရေးအင်အားကို သိသိသာသာတိုးမြှင့်ပေးမည်ဟု တောင်အာဖရိကနိုင်ငံ၏ အာဏာရပါတီ အေအင်န်စီက ကတိပြုလိုက်သည်။

သောကြာနေ့ နေ့လယ်အထိ မဲရေတွက်နေမှုအတွင်း သမ္မတဂျက်ကော့ဇ်ဇူးမား နောက်ထပ်ငါးနှစ်တာဝန်ထမ်းဆောင်ခွင့်ရရန် လုံလောက်သည့် အမတ်နေရာရနိုင်သော ထောက်ခံမဲ ၆၂ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် လိုအပ်သည့် လွှတ်တော်အမတ်နေရာ သုံးပုံနှစ်ပုံရရန် လိုအပ်နေဆဲဖြစ်သည်။

အေအင်န်စီပါတီမှာ ယခင် ရွေးကောက်ပွဲအတွင်း ထောက်ခံမဲ ၆၆ ရာခိုင်နှုန်း ရရှိခဲ့သည်။

သမ္မတဇူးမားနှင့် ပတ်သက်သည့် သတင်းဆိုးများ၊ ဆင်းရဲမွဲတေမှု မြင့်မားခြင်းတို့အပေါ် စိတ်ပျက်ခြင်းနှင့် အများပြည်သူဝန်ဆောင်မှု ညံ့ဖျင်းခြင်းများကြောင့် အတိုက်အခံ DA နှင့် EFF ပါတီတို့အပေါ် ထောက်ခံမှု အားကောင်းလာခဲ့သည်။

စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှုပုံစံနှင့် မြေယာပိုင်ဆိုင်မှုများတွင် တရားမျှတမှုမရှိဟု တောင်အာဖရိကနိုင်ငံသား လူမည်းများ ခံစားနေရဆဲဖြစ်သည်ဟု အေအင်န်စီပါတီကို တစ်ချိန်တွင် ဦးဆောင်ဖွယ်ရှိသည်ဟု ခန့်မှန်းခံထားရသော နံပါတ်(၃)ခေါင်းဆောင် ပြည်သူပိုင်လုပ်ငန်းများဝန်ကြီး မာလူစီဂီဂါဘာက ပြောသည်။

ယင်းကိစ္စကို လုံးဝပြောင်းလဲပစ်မည့် အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည်ဟု ၎င်းကပြောသည်။

လူဖြူပိုင်စီးပွားရေးလုပ်ငန်းများတွင် လူမည်းရှယ်ယာရှင် များများထည့်သွင်းခိုင်းသည့် ပါတီ၏ မူဝါဒများကြောင့် ပြဿနာဖြစ်ခဲ့ရသည်ကိုလည်း ဂီဂါဘာက ဝန်ခံပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၏ ယခုရွေးကောက်ပွဲမှာ လွတ်လပ်မျှတ၊ ပွင့်လင်းမြင်သာရှိပြီး ယုံကြည်စိတ်ချရသည်ဟု အာဖရိကသမဂ္ဂ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

—*Ref: AFP*

**စာမျက်နှာ ၃၆ မှ**

ကမ္ဘာ့အန့်မြင်နေရတဲ့ အရာတွေဟာ ပြည်တွင်းထဲက စစ်ပွဲအနေအထားကို ရောက်လာနေတယ်။ ဒီအုပ်စု (ဘိုကိုဟာရမ်)ရဲ့ ပုန်ကန်မှုဖြစ်လာတယ်ဆိုတာကိုပါ။

**အခုဆိုရင် ဒီမိန်းကလေးငယ်တွေ အဖမ်းခံရတဲ့ကိစ္စဟာ အလွန်ပဲ လူသိရှင်ကြားဖြစ်ခဲ့ရပါပြီ။ ဒီမိန်းကလေးတွေ ဘာဖြစ်မယ်လို့ ထင်ပါသလဲ။ သူတို့အတူတူရှိနေမယ်လို့ ထင်ပါသလား။ ရောင်းစားခံရမလား။**

ကမ္ဘာ့စာအုပ်ပွဲတော်မှာ ကျွန်တော် ကြေညာချက်ထုတ်ခဲ့ပါတယ်။ အမှန်တရားကို ကျွန်တော်တို့ ထိတွေ့ရမယ်လို့။ ဒါဟာ နာကျင်စရာ ကောင်းပါတယ်။ ကြောက်စရာပါ။ ဒီကောင်မလေးတွေဟာ လိင်ကျွန်တွေအဖြစ် ရောင်းစားခံရပါတော့မယ်။ ကျွန်တော်တို့အချိန်ဆွဲမနေဖို့ ပြောတာပါ။ ကျွန်တော်တို့ နိုင်ငံဟာ တစ်ခါမှ ရင်မဆိုင်ဖူးတဲ့ ပုံစံမျိုးနဲ့ ရင်ဆိုင်နေရတာပါ။ မြန်မြန်လှုပ်ရှားတုံ့ပြန်ရပါမယ်။

**နိုင်ဂျီးရီးယားဟာ တစ်နိုင်ငံလုံး အနေနဲ့အခုလို တုံ့ပြန်တာကို အရင်ကမလုပ်ခဲ့ပါဘူး။ ဒီလို အကြမ်းဖက်ပြန်ပေးဆွဲမှုက နိုင်ဂျီးရီးယားပြည်သူတွေကို ပြောင်းလဲစေခဲ့ပြီလား။ အစိုးရအတွက်ကော ဘယ်လိုရှိမလဲ။ အထူးသဖြင့် လာမယ့် ရွေးကောက်ပွဲတွေအတွက် ဘယ်လိုဖြစ်လာမလဲ။**

လူသားစိတ်ရှိတဲ့သူတိုင်းဟာ အဆင့်တစ်ခုခုမှာ အစိုးရကို တာဝန်ပေးရမယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်နိုင်တာတွေလည်း အများကြီးရှိလို့ပါ။ ဒါကို ကျွန်တော် ခဏခဏ ပြောခဲ့တယ်။ ပြန်ပေးဆွဲတာတွေ၊ အသေခံဗုံးခွဲတာတွေ၊ အကြမ်းဖက်လုပ်ရပ်တွေဟာ ကိုင်တွယ်ဖြေရှင်းဖို့ အရမ်းခက်ခဲတဲ့ အခြေအနေတွေပါ။ အခုဆိုရင် အခြေအနေက အစိုးရရဲ့ လုပ်နိုင်စွမ်းကို ကျော်လွန်လာပါပြီ။ ဒါကြောင့် အခြေအနေကိုနိုင်ငံတကာအဆင့်နဲ့ ဖြေရှင်းရမယ်လို့ ကျွန်တော် ပြောတာဖြစ်ပါတယ်။

—*Ref: CNN's AMANPOUR, Nigeria's Nightmare for Girls. 6th May: CNN.*

# ဘတ်ဂျက်ကုန်နေသော အစ္စရေးစစ်တပ် အမေရိကန်ထံမှ အကူအညီ ဆက်လက်တောင်းခံ

**ဂျေရုဆလင်၊ မေ-၁၀**

ဝါရှင်တန်က အရှေ့အလယ်ပိုင်းဒေသရှိ ၎င်း၏မဟာမိတ် အစ္စရေးနိုင်ငံကို နှစ်စဉ်ကန်ဒေါ်လာ သုံးဘီလီယံ ပေးအပ်မှုသက်တမ်းကုန်ချိန်တွင် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးအကူအညီကို ၂၀၁၇ ခုနှစ်ထက် ကျော်လွန်၍ ပေးအပ်ရေး သဘောတူညီမှုရရှိရန် အစ္စရေးနိုင်ငံက တွန်းအားပေးနေသည်ဟု အာဏာပိုင်များက မေလ ၉ ရက်တွင် ပြောသည်။



MENAHEM KAHANA/AFP

မည်သည့်ရန်ပုံငွေများ ရရှိမည်ဆိုသည်ကို မသိဘဲ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း ဘဏ္ဍာငွေပေးအပ်ရန် ခက်ခဲသည်ဟု အစ္စရေးကာကွယ်ရေးအရာရှိတစ်ဦးက ပြောသည်။

ကန်ကာကွယ်ရေးဝန်ကြီး ဟေဂယ်လ်မှာ အစ္စရေးနိုင်ငံသို့ လာမည့်သီတင်းပတ်တွင် သွားရောက်ရန် စီစဉ်ထားပြီး အစ္စရေးနိုင်ငံက အမေရိကန်နိုင်ငံထံမှ အကူအညီ ပိုမိုတောင်းခံဖွယ်ရှိသည်ဟု အခြားသော အရာရှိတစ်ဦးက ပြောသည်။

အမေရိကန်နိုင်ငံ၏ ယခင်အစိုးရက အစ္စရေးအား ကန်ဒေါ်လာဘီလီယံ ၃၀ ကူညီမည့် ၁၀ နှစ် သက်တမ်းရှိ သဘောတူညီမှုတစ်ရပ်ကို ၂၀၀၇ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ပြီး ယင်းအကူအညီများတွင် ကန်ကာကွယ်ရေး ထုတ်ကုန်များ အများစုပါဝင်ခဲ့သည်။

ကန်သမ္မတဘားရက်အိုဘားမားနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုတို့မှာ အီရန်နျူကလီးယားအစီအစဉ်နှင့် ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကိစ္စရပ်များတွင် အငြင်းပွားမှုများ ရှိခဲ့သော်လည်း အစ္စရေးနိုင်ငံလုံခြုံရေးအတွက် အမေရိကန်နိုင်ငံ၏ ထောက်ခံမှုမှာ အားကောင်းနေဆဲဖြစ်သည်။

အကူအညီပေးရေး ညှိနှိုင်းဆွေးနွေးမှုများနှင့် ပတ်သက်၍ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနနှင့် အစ္စရေးနိုင်ငံရှိ အမေရိကန်သံရုံးတို့က မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

တစ်နှစ်လျှင် ကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံမှ ၃ ဒသမ ၅ ဘီလီယံကြား အကူအညီရရှိရေး အစ္စရေးက ကြိုးပမ်းနေကြောင်း ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည့် အမေရိကန်အရာရှိတစ်ဦးက ပြောသည်။

ကန်အစိုးရကမူ တစ်နှစ်လျှင် ကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံသာ အစ္စရေးအား ကူညီမည်ဟု ပြောကြားထားသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# ဆိုမာလီယာအကြမ်းဖက်သမားများ ကျောင်းသားနှင့် ခရီးသည်များအဖြစ် မလေးရှားသို့ ဟန်ဆောင်ဝင်ရောက်

**စင်ကာပူ၊ မေ-၁၀**

ဆိုမာလီယာနိုင်ငံမှ လာသော အကြမ်းဖက်သမားများသည် မလေးရှားနိုင်ငံတွင်းသို့ ကောလိပ်ကျောင်းသား၊ ကမ္ဘာလှည့်ခရီးသည်များ အယောင်ဆောင်၍ ဝင်ရောက်လာသည့် သတင်းများရရှိကြောင်း စင်ကာပူစထရိတ်တိုင်းမ်သတင်းက ဖော်ပြသည်။

ဆန်းစစ်သူများကလည်းခရီးသွားဧည့်သည်များအား တင်းကျပ်စွာစစ်ဆေးခြင်းမရှိသည့် လုံခြုံရေးအားနည်းချက်ကြောင့် မလေးရှားနိုင်ငံမှာ ဒေသတွင်း၌ အကြမ်းဖက်သမားများ အခြေချနေထိုင်ရာ နေရာတစ်ခုအဖြစ်သို့ ရောက်လာနိုင်ကြောင်း ဆိုသည်။

မလေးရှားတန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့သည် ဆိုမာလီယာအခြေစိုက် အယ်လ်ကိုင်ဒါနှင့်ဆက်နွှယ်သည့်အဖွဲ့အစည်းဖြစ်သော အယ်လ်ရှာဘတ်အဖွဲ့ဝင်ခြောက်ဦး နိုင်ငံတွင်းသို့ ဝင်ရောက်လာသည်ကို ခြေရာခံမိကြောင်းဆိုသည်။

ထိုအဖွဲ့သည် မလေးရှားနိုင်ငံတွင် အခြေစိုက်ပြီး အချို့မှာ နိုင်ငံမှ ပြန်ထွက်သွားပြီဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်များကို ကိုးကား၍ မလေးရှားသည်စတားသတင်းစာက ရေးသည်။

"မကြာခင်မှာပဲ နောက်ထပ် သံသယရှိသူတွေကို ဖမ်းဆီးမှုတွေ ပိုလုပ်နိုင်ပါလိမ့်မယ်။ ရဲတပ်ဖွဲ့ဟာ ဒီအကြမ်းဖက်အဖွဲ့က နိုင်ငံတွင်းမှာ ခြေကုပ်မရခင်မှာပဲ ဖမ်းဆီးနိုင်ဖို့ လျင်မြန်စွာဆောင်ရွက်သွားမှာပါ"ဟု အရာရှိတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံသည် လာမည့်ခြောက်နှစ်အတွင်း နိုင်ငံတွင်းကောလိပ်ကျောင်းများတွင် တက်ရောက်ရန် စာရင်းသွင်းသည့် ကျောင်းသားဦးရေ နှစ်သိန်းခန့်အထိ တိုးတက်လာရန် ရည်မှန်းထားသည်။

လက်ရှိတွင် နိုင်ငံခြားကျောင်းသားဦးရေမှာ ကိုးသောင်းခွဲခန့်ရှိသည်။

နိုင်ငံ၏ ဒုတိယအများဆုံး ဝင်ငွေရရာလုပ်ငန်းဖြစ်သည့် ခရီးသွားလုပ်ငန်းမှာလည်း ယမန်နှစ်က ခရီးသွားများ ဝင်ရောက်မှုမှာ ဒေါ်လာ ၂၀ ဘီလီယံ ရရှိထားသည်။

—*Ref: ANN/The Strait Times*




# နိုင်ငံကို ပိုမိုလုံခြုံစိတ်ချရသော နိုင်ငံဖြစ်စေမည်ဟု ဖေ့စ်ဘွတ်ခ်တွင် တောင်ကိုရီးယားသမ္မတ ကတိပေး

**ဆိုးလ်၊ မေ-၁၀**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် သောကြာနေ့တွင် ကျရောက်သော မိဘများနေ့ အထိမ်းအမှတ်အဖြစ် ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဆူပိုးလ်သင်္ဘောနစ်မြုပ်မှုကဲ့သို့ မိဘများအနေဖြင့် ၎င်းတို့ကလေးများကို ဆုံးရှုံးရခြင်း မကြုံရစေရန် နိုင်ငံကို ပိုမိုလုံခြုံစိတ်ချရသော နိုင်ငံတစ်ခုအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်သူများသို့ ကတိပေးပြောကြားခဲ့သည်။

"ကိုယ့်ဘဝတွေကို နှစ်မြှုပ်ပြီးကလေးတွေကြီးပြင်းဖို့လူတော်တွေဖြစ်လာအောင် ထောက်ပံ့ပေးခဲ့တဲ့ မိဘတွေအားလုံးကို ကျွန်မကျေးဇူးတင်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ ဆူပိုးလ်သင်္ဘောမတော်တဆမှုမှာလို သူတို့ရဲ့အဖိုးတန် ကလေးတွေကို ဆုံးရှုံးရတာမျိုး နောင်မဖြစ်အောင်၊ ပိုလုံခြုံစိတ်ချရတဲ့ နိုင်ငံဖြစ်အောင် ကျွန်မအကောင်းဆုံးကြိုးပမ်းသွားမှာပါ" ဟု ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် သမ္မတပတ်က ကတိပေးပြောကြားသည်။

ထို့အပြင်၎င်းကအစိုးရအနေဖြင့် သင်္ဘောမှောက်မှုဖြစ်ဖြစ်ချင်းတွင် အစိုးရဘက်မှ မလိုအပ်သည့် နှောင့်နှေးမှုများကြောင့် အသက်ရှင်ကျန်ရစ်သူ များများကယ်နိုင်ခွင့် ဆုံးရှုံးရကြောင်း ဝန်ခံသည်။အနာဂတ်တွင်ထိုကဲ့သို့ကပ်ဘေးဆိုးများ ကြုံလာပါကလည်း ပိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် လုံခြုံရေးအစီအမံများ တိုးတက်စေရန်လည်း စီမံမည်ဖြစ်ကြောင်း ကတိပေးသည်။

—*Ref: Korea Herald*

# တရုတ်ရထားလုပ်သားများကို အမေရိကန်ရထားဌာန ဂုဏ်ထူးဆောင်များအဖြစ်ဂုဏ်ပြု

**ဘေဂျင်း၊ မေ-၁၀**

အမေရိကန်အလုပ်သမားဝန်ကြီးဌာန (DOL)သည် သောကြာနေ့တွင် နိုင်ငံတွင်းမှ ဗဟိုပစိဖိတ်ရထားလမ်း ဖောက်လုပ်ရေးတွင် ပါဝင်ခဲ့သော တရုတ်လုပ်သား ၁၂,၀၀၀ အတွက် ဂုဏ်ပြုပွဲကို ပြုလုပ်ခဲ့ပြီး တရုတ်လုပ်သားများအားဌာန၏ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ စာရင်းတွင် ထည့်သွင်းခဲ့သည်။

အမေရိကန်၏ ပထမဆုံးသော တိုက်ကြီးများ ဖြတ်ကျော်ရထားလမ်းဖြစ်သည့် ထိုလမ်းကို ၁၈၆၉ ဖောက်လုပ်ခဲ့ရာ စုစုပေါင်းလုပ်သားအင်အား၏ ၈၅ ရာခိုင်နှုန်းမှာ တရုတ်လုပ်သားများ ဖြစ်ခဲ့သည်။

ဂုဏ်ပြုပွဲသို့ ကန်အလုပ်သမားရေးရာဝန်ကြီးဌာနဝန်ကြီး တောမတ်ပီရက်ဇ် တက်ရောက်ခဲ့ပြီး တရုတ်ရထားလမ်းလုပ်သားများအား ချီးကျူးစကားပြောကြားခဲ့သည်။

"ဒီအလုပ်သမား တော်တော်များများဟာ ပြင်းထန်တဲ့ဆောင်းရာသီတွေနဲ့ အန္တရာယ်ကြီးတဲ့ အခြေအနေတွေကို ဖြတ်သန်းရင်ဆိုင်ပြီး လုပ်ခဲ့ရတာပါ။ အမေရိကန်ကို အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို သွယ်တန်းထားတဲ့ လမ်းကြောင်းကို ဖောက်လုပ်ရာမှာ ကူညီခဲ့ပြီး နိုင်ငံ့စီးပွားရေးကြွယ်ဝမှုတွေကို ဖြစ်ထွန်းစေခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်မေလမှာ ထိုရထားလမ်းဖောက်လုပ်သော (၁၄၅)နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပြီး ထိုရှေးခေတ် တရုတ်လုပ်သားများမှာလည်း ၁၉၈၈ တွင် တည်ထောင်သည့် အမေရိကန်ရထားဂုဏ်ထူးဆောင် ပြတိုက်တွင် ပထမဆုံးပါဝင် ဂုဏ်ပြုခဲ့ရသည့် အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားများ ဖြစ်လာခဲ့သည်။

ထိုဂုဏ်ပြုပွဲတွင် တရုတ်ရထားလုပ်သားကြီးများမှ ဆင်းသက်လာခဲ့သူ မိသားစုဝင်များလည်း ကန်တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။

—*Ref: China.org*

7Day News Journal

# Entertainment

Vol.13, No.10 • MAY 14 , 2014

# "အနုပညာအလုပ်က ကိုယ်နဲ့ကံမစပ်ဘူးလို့ခံစားရရင် စီးပွားရေးဘက်ကို ပြောင်းမယ်"

## ခင်ဝင့်ဝါနှင့်တွေ့ဆုံခြင်း

**ကြူကြူဟန်**

နိုင်ငံ့ဂုဏ်ဆောင်ငယ်ရွယ်သည့် အလှမယ်တစ်ဦးအဖြစ်မှ သရုပ်ဆောင်တစ်ဦးအဖြစ် စတင်လျှောက်လှမ်းလာသူ ခင်ဝင့်ဝါသည် သရုပ်ဆောင်သက်တမ်းတိုတိုအတွင်း "ကျွန်တော့်ရည်းစားဘုရားမှာနေသည်"၊ "သကြ်န်ပြတိုက်" ရုပ်ရှင်နှစ်ကား ရိုက်ကူးခွင့်ရခဲ့သလို သူမ၏ သရုပ်ဆောင်မှုများကို ပရိသတ်များ ပထမဆုံးမြင်တွေ့ခွင့်ရသော "နတ်သမီးနှင့် ကျွန်တော်" ဇာတ်ကားမှာလည်း မကြာသေးမီက ထွက်ရှိထားသည်။ ခင်ဝင့်ဝါနှင့် တွေ့ဆုံကာ ၎င်း၏ ရှေ့ဆက်မည့် အနုပညာခရီးလမ်းကြောင်းများကို မေးမြန်းထားပါသည်။

**ပထမဆုံးအနေနဲ့ လက်ရှိညီမရဲ့ အနုပညာလှုပ်ရှားမှုလေးတွေကို ပြောပြပေးပါလား။**

အခုလက်ရှိကတော့ မကြည်ဖြူနဲ့က "နိုင်းနိုင်းနိုင်း" ဇာတ်ကားလေးကို ကိုကောင်းပြည့်နဲ့ ရိုက်နေပါတယ်။ ဒီကားမှာ ညီမရဲ့ ကာရိုက်တာက ကျောင်းသူ။ ဒါပေမဲ့ ထူးခြားတာက မမြင်နိုင်တဲ့လောကနဲ့ အဆက်အသွယ်ရှိနေတယ်လို့ အကုန်လုံးကထင်ကြတယ်။ ဖုန်းနံပါတ်တစ်ခုကို ဆက်လိုက်တာနဲ့ ဆက်တဲ့သူတိုင်းသေသွားတာ။ နည်းနည်းလေးစိတ်ပညာဆန်တဲ့ ကားမျိုးပေါ့။

**စာချုပ်ချုပ်ထားတဲ့ တိုက်နှစ်တိုက်အပြင် တခြားဘယ်သူတွေနဲ့ ရိုက်ဖြစ်လဲ။ နောက်ထပ်စာချုပ်ချုပ်ပြီး ရိုက်ဖို့ရှိလား။**

စာမျက်နှာ ၄၁ ››



ဓာတ်ပုံ–ကျော်ဇင်သန်း

## တရုတ်ဒရာမာဇာတ်လမ်းတွဲတွေမှာ ပါဝင်ဖို့ ကမ်းလှမ်းခံရတဲ့ ပတ်ရှင်ဟီး

**ဆိုးလ်၊ မေလ- ၉**

တောင်ကိုရီးယားသရုပ်ဆောင် မင်းသမီးပတ်ရှင်ဟီးသည် အာရှပရိသတ်နှင့်တွေ့ဆုံပွဲများ စတင်ရန်ပြင်ဆင်နေချိန်တွင် တရုတ်ဒရာမာဇာတ်လမ်းတွဲများနှင့် တရုတ်နိုင်ငံတွင်း အနုပညာလှုပ်ရှားမှုများ၌ ပါဝင်ရန်ကမ်းလှမ်းခံထားရသည်။

တရုတ်အေဂျင်စီတစ်ခုက "လီမင်ဟိုနဲ့ပတ်ရှင်ဟီးဟာ တရုတ်နိုင်ငံမှာ မယုံနိုင်လောက်အောင် နာမည်ကျော်ကြား၊ လူကြိုက်များတာခံနေရပါတယ်။ လူတွေဟာ ကိုရီးယားအနုပညာရှင်တွေကို ဒရာမာဇာတ်လမ်းတွဲက နာမည်တွေနဲ့ပဲ အများအားဖြင့် မှတ်မိလေ့ရှိတယ်။ လီမင်ဟိုနဲ့ပတ်ရှင်ဟီးတို့ကျတော့ အဲဒီလိုမဟုတ်ဘူး။ တရုတ်ရုပ်သံကုမ္ပဏီတွေက သူတို့ရဲ့ အစီအစဉ်တွေမှာ လီမင်ဟိုနဲ့ ပတ်ရှင်ဟီးတို့ ပါဝင်လာစေဖို့ အပြင်းအထန်ယှဉ်ပြိုင်နေကြပါတယ်"ဟု ပြောကြားသည်။

ပတ်ရှင်ဟီးသည် 'You're Beautiful' ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ပြီးနောက် တရုတ်နိုင်ငံ၌ အလွန်အမင်းလူကြိုက်များခြင်းခံလာရသည်။ ပတ်ရှင်ဟီး၏ အေဂျင်စီက "တရုတ် အေဂျင်စီတွေက ပတ်ရှင်ဟီးနဲ့ အလုပ်တွဲလုပ်လိုတယ်ဆိုတာ အမှန်ပါပဲ။ စီစဉ်ပြီးသားရိုက်ကူးရေးတွေကြောင့် တရုတ်အေဂျင်စီတွေရဲ့ ကမ်းလှမ်းမှုကို ပယ်ချလိုက်ရတာ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ရေရှည်အတွက် များပြားကျယ်ပြန့်တဲ့ အနုပညာလှုပ်ရှားမှုတွေလုပ်ဖို့ စဉ်းစားနေပါတယ်"ဟု ပြောကြားသည်။

လက်ရှိတွင် 'The Heirs' ဒရာမာဇာတ်လမ်းတွဲဖြင့် နာမည်ကျော်ကြားလျက်ရှိသော ပတ်ရှင်ဟီးသည် မေလလယ်၌ '2014 Park Shin Hye World Tour: Story of Angel' ခရီးစဉ်စတင်မည်ဖြစ်သည်။ ယင်းခရီးစဉ်တွင် ပတ်ရှင်ဟီးသည် ထိုင်း၊ တရုတ်၊ ဂျပန်၊ တိုင်ပေ၊ ဟောင်ကောင်နှင့် ဖိလစ်ပိုင်တို့သို့သွားရောက်၍ ပရိသတ်တွေ့ဆုံပွဲများပြုလုပ်မည်ဖြစ်သည်။



—Ref: E News






## ခံဝန်ကာလကို ချိုးဖောက်ခဲ့၍ ခရစ်ဘရောင်း ထောင်တစ်နှစ်ကျ

**လော့စ်အန်ဂျလိစ်၊ မေလ- ၁၀**

အမေရိကန်အဆိုတော် ခရစ်ဘရောင်းသည် ပြီးခဲ့သည့်နှစ်တွင် ဝါရှင်တန်ဒီစီ၌ ရာဇဝတ်မှုတစ်ခု ကျူးလွန်ခြင်းဖြင့် ခံဝန်ကာလကို ချိုးဖောက်ခဲ့သည်ဟု မေလ ၉ ရက်တွင် ဝန်ခံခဲ့ရာ လော့စ်အန်ဂျလိစ်ကောင်တီထိပ်တန်းတရားရုံးတစ်ခုက ၎င်းကို ထောင်ဒဏ်တစ်နှစ်တိတိ ချမှတ်လိုက်သည်။



တရားသူကြီး ဂျိမ်းစ်အာဘရန်းလင်းက ခရစ်ဘရောင်းကို ထောင်ဒဏ်တစ်နှစ် (ရက်ပေါင်း ၃၆၅ ရက်) ချမှတ်လိုက်သော်လည်း ခရစ်ဘရောင်းသည် ပြန်လည်ထူထောင်ရေးစခန်းနှင့် အကျဉ်းထောင်တွင် ၂၃၄ ရက် နေထိုင်ခဲ့ပြီးဖြစ်သောကြောင့် သနားညှာတာသောအားဖြင့် ကျန် ၁၃၁ ရက်ကိုသာ ထောင်ဒဏ်ကျခံရမည်ဟု အမိန့်ချလိုက်သည်။

ခရစ်ဘရောင်းသည် ထောင်မှလွတ်လျှင် ခံဝန်ကာလဖြင့် ဆက်လက်နေထိုင်ရဦးမည်ဖြစ်ပြီး သီတင်းတစ်ပတ်လျှင် နှစ်ကြိမ် စိတ်ရောဂါကုဆရာဝန်နှင့်တွေ့ဆုံ၍ ကုသမှုခံယူရမည်ဖြစ်သည်။ ထို့အပြင် ၎င်းသည် ကျန်ရှိနေသေးသော လူမှုရေးလုပ်ငန်းပြစ်ဒဏ်များကိုလည်း ဆက်လက်ခံယူရမည်ဖြစ်ပြီး သီတင်းတစ်ပတ်လျှင် သုံးကြိမ်မူးယစ်ဆေးဝါးစစ်ဆေးမှုများခံယူရမည်ဖြစ်သည်။

အဆိုတော် ခရစ်ဘရောင်းသည် ၂၀၀၉ ခုနှစ် ဂရမ်မီဆုပေးပွဲမတိုင်မီ နာရီပိုင်းအလိုတွင် ချစ်သူဖြစ်သူ အဆိုတော်ရီဟားနားကို ပြင်းထန်စွာ ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် ခံဝန်ဖြင့် နေထိုင်ရစဉ် ၂၀၁၃ တွင် ဝါရှင်တန်ဒီစီ၌ အမျိုးသားတစ်ဦးကို လက်သီးဖြင့်ထိုးခဲ့သည်။ ထို့အပြင် ၎င်းသည် ပြန်လည်ထူထောင်ရေးစခန်း၌ နေထိုင်စဉ်စခန်းစည်းမျဉ်းများချိုးဖောက်ခဲ့၍ စခန်းမှနှင်ထုတ်ခံရပြီး ဖမ်းဆီးထောင်ချခြင်းခံထားရသည်ဟု သိရသည်။

*—Ref: Hollywood Buzz*

## ဗီဒီယိုရိုက်ကူးရေး စည်းမျဉ်းစည်းကမ်းအချို့ ဖြေလျှော့မည်

**ဖွဲ့ညဏ်**

**ရန်ကုန်၊ မေ-၁၀**

ဗီဒီယိုတစ်ကားလျှင် ရိုက်ကူးရက် အနည်းဆုံးဆယ်ရက်သတ်မှတ်ထားသည့် စည်းမျဉ်းအပါအဝင် စည်းကမ်းချက်အချို့ကို မေလ၁၂ ရက်မှစတင်၍ ဖြေလျှော့ပေးမည်ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုဥက္ကဋ္ဌ (၂) ဦးအေးကြူလေးကပြောသည်။

မေလ၆ ရက်က ပြုလုပ်ခဲ့သော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဦးစီးအလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ခေတ်နှင့် လျော်ညီမှုမရှိသည့် စည်းမျဉ်းအချို့ကို ဖြေလျှော့ခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်တစ်ကားရိုက်ကူးလျှင် အနည်းဆုံးရက် ၂၀ သတ်မှတ်ထားခြင်း၊ ဗီဒီယိုတစ်ကားရိုက်ကူးလျှင် အနည်းဆုံး ၁၀ ရက်သတ်မှတ်ထားခြင်းနှင့် အဓိက သရုပ်ဆောင်မင်းသားတစ်ဦးသည် သုံးပတ်ဆက်တိုက်ရက်ချိတ်ပြီးလျှင် တစ်ပတ်နားရမည်ဆိုသော သတ်မှတ်ချက်များကို ဖြေလျှော့ပေးလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးခွင့်တင်ခြင်းအတွက် အမှန်တကယ် ရိုက်ကူးမည့် ရက်ကိုမူထည့်သွင်းလျှောက်ထားရမည်ဟု ဦးအေးကြူလေးက ပြောသည်။

ယင်းစည်းမျဉ်းများကို လွန်ခဲ့သည့်နှစ်များကတည်းက ချမှတ်ထားခြင်းဖြစ်ပြီး ဦးဇင်ဝိုင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် ရိုက်ရက်အတိအကျနှင့် တင်ရန်ပြုလုပ်ခဲ့ဖူးကြောင်း ၎င်းကပြောသည်။

"ဇာတ်ကားတစ်ကား အရည်အသွေးကောင်းဖို့က ဆယ်ရက်မဟုတ်ရင်တောင် ဆယ့်ဂျူတီလောက်တော့ ရိုက်သင့်တယ်။ ဆယ်ရက်သတ်မှတ်ထားတာကျတော့ မင်းသား၊ မင်းသမီး၊ ဒါရိုက်တာအကုန်လုံးရက်ညှိဖို့က သိပ်အဆင်မပြေဘူး"ဟု ဒါရိုက်တာဝင်းထွန်းထွန်းက ပြောသည်။






7DAY NEWS JOURNAL
Vol.13, No.10 ▪ MAY 14 , 2014



စာ(၃၉)မှ

## ခင်ဝင့်ဝါနှင့်တွေ့ဆုံခြင်း

စာချုပ်ချုပ်ထားတဲ့ တိုက်တွေအပြင် မကြည်ဖြူနဲ့ရိုက်ဖြစ်တယ်။ အပြင်အနေနဲ့ ကမ်းလှမ်းထားတာရှိတယ်။ စာချုပ်ကိုတော့ ဒီတိုက်နှစ်ခုနဲ့က အလုပ်သဘောအရသာ စာချုပ်ချုပ်တာပါ။ သူတို့က အပြင်နဲ့လည်းပေးရိုက်ပါတယ်။ ဒါပေမဲ့ စာချုပ်နဲ့နောက်ဘယ်တော့မှ မသွားချင်တော့ဘူး။ စာချုပ်တော့မချုပ်ချင်ဘူး။ကိုယ့်ကိုချုပ်နှောင်တယ်လို့ ခံစားရတယ်။

**ကိုယ်တိုင်ကြုံတွေ့လိုက်ရတဲ့ သကြံန်တွင်းကထွက်ခဲ့တဲ့ ကောလာဟလရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေက ညီမကို ဘယ်လိုသက်ရောက်ခဲ့သလဲ။**

နောက်ဆက်တွဲအကျိုးဆက်ကတော့ ဘာမှမဖြစ်ခဲ့ပါဘူး။ ဘယ်သူမှလည်း မယုံကြည်သလို၊ ကာကယံရှင်နှစ်ယောက်ကလည်း ဘာမှမဖြစ်ဘူး။ ပထမဆုံးအတွေ့အကြုံဆိုပေမယ့် ကောလာဟလကတော့ အမြဲပြောခံရတယ်။ ဘာပဲဖြစ်ဖြစ် အနုပညာရှင်က ဒီကောလာဟလနဲ့က ရင်းနှီးသလိုပဲ။ အနုပညာရှင်တိုင်းကောလာဟလမထွက်တဲ့သူဆိုတာမရှိသလောက်ပဲ။ ဒါပေမဲ့ ပရိသတ်တွေက သူတို့ချစ်တဲ့အနုပညာရှင်ရဲ့ လှုပ်ရှားမှု၊ အချစ်ရေး အစစ၊ အရာရာကို စိတ်ဝင်စားကြတယ်။ သူတို့အနေနဲ့ စိုးရိမ်တာပဲရှိသလို၊ စိတ်ပူပေးကြတဲ့ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။

**ညီမရိုက်တဲ့ ဇာတ်ရုပ်တွေက ချစ်စရာကောင်းတဲ့ကောင်မလေးပုံစံမျိုးတွေ အရိုက်များတာတွေ့ရတယ်။ အဲဒီလိုဇာတ်ရုပ်မျိုးတွေပဲ ရိုက်သွားတော့မှာလား။**

အဲဒီလိုမျိုးချည်းပဲ မရိုက်ချင်ဘူး။ ညီမကို ပရိသတ်တွေက အရုပ်နဲ့တူတယ်လို့ပြောပေမယ့်လည်း အရုပ်ပုံစံနဲ့သွားမယ်ဆိုကြာရင်ပရိသတ်တွေက ရိုးအီသွားမယ်။ ညီမက ကာရိုက်တာဆန်းဆန်းလေး၊ လူငယ်လည်းဖြစ်တဲ့အတွက်ကြောင့် လူငယ်ပုံစံနဲ့လိုက်တဲ့ ကာရိုက်တာမျိုးလေးတွေ။ ဒရာမာဆိုလည်း လူငယ်နဲ့လိုက်မယ့် ဒရာမာပုံစံမျိုးလေးတွေ ပုံစံမတူတဲ့ အသွင်အပြင်လေးတွေနဲ့ ရိုက်သွားမှာပါ။

**အခုလက်ရှိ အလှမယ် (Miss)တွေ ထဲမှာဆိုရင် ညီမက ဇာတ်ကားတွေ အများဆုံးရိုက်ရတယ်နော်။**

ပရိသတ်ရဲ့အားပေးမှုပေါ့။ ပရိသတ်ချစ်ခင်လို့ ကမ်းလှမ်းခံရတဲ့အတွက် ဒီလိုဆက်တိုက်ရိုက်ကူးခွင့်ရတာပါ။ ဒီပြိုင်ပွဲမပြိုင်မီကတည်းကရော ပြိုင်ပြီးသွားတဲ့ အခုအချိန်ထိ အားပေးတဲ့ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**အသက်ငယ်သေးတဲ့ ဒီလောကမှာ ကျင်လည်ရင်း သူတို့ကိုယ်ကျိုးအတွက် ကိုယ့်ကိုအသုံးချသွားတာမျိုးတွေကို ဘယ်လိုရင်ဆိုင်ဖို့ ပြင်ဆင်ထားလဲ။**

အရှင်းဆုံးပြောရရင် ဒီလောကထဲဝင်လာတဲ့အခါ ကိုယ့်ကိုလိုလားပြီးတော့ တကယ်ဖြစ်စေချင်တဲ့သူရှိသလို၊ ကိုယ့်ကိုမလိုလားလို့ ရှုတ်ချချင်တဲ့သူရှိတယ်။ ဒါပေမဲ့ ညီမဒီလောကကို စဝင်လာပေမယ့် ဒီလောကရဲ့အကြောင်းလည်းသိသေးဘူး။ ကိုယ်ကလေ့လာတုန်း၊ လေ့လာဆဲဆိုတော့ ကိုယ့်ကိုအသုံးချပြီးလုပ်သွားတဲ့သူတွေလည်း ကြုံဖူးတယ်။ အဲဒီလို မကြုံအောင် သေသေချာချာ လေ့လာနေတုန်းပေါ့။

**သရုပ်ဆောင်အလုပ်တွေနဲ့ ရှုပ်နေတဲ့အချိန်အတောအတွင်းမှာ Miss တစ်ယောက်ရဲ့ တာဝန်ကိုကော ဘယ်လိုရှေ့ဆက်လုပ်ဆောင်သွားမလဲ။**

ညီမရဲ့ ဂျူနီယာတွေထဲက အစ်မတွေပဲဖြစ်ဖြစ်၊ ညီမတွေပဲဖြစ်ဖြစ်၊ ပြိုင်ပွဲဝင်တဲ့သူတွေကို ကိုယ်ပြိုင်ပွဲဝင်ခဲ့ရတဲ့ အတွေ့အကြုံတွေရယ်၊ ကိုယ်ဘယ်လိုရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲအကုန်လုံးကို ပြောပြမယ်။ ညီမတတ်နိုင်ရင်တတ်နိုင်သလောက်၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကူညီသွားမယ်။ ပရဟိတဘက်ကိုလည်း မလစ်ဟင်းအောင်၊ အနုပညာအလုပ်ကိုလည်း မလစ်ဟင်းအောင်၊ Miss တစ်ယောက်ထမ်းဆောင်ရမယ့် တာဝန်တွေအပါအဝင်အားလုံးကို မျှမျှတတလုပ်ဆောင်သွားမယ်။

**Miss ပြိုင်ပွဲတွေ ခေတ်စားနေတဲ့ အခုအချိန်မှာ နိုင်ငံကိုယ်စားပြုချင်တဲ့ သူရှိသလို၊ ကိုယ့်ရဲ့အောင်မြင်မှုအတွက် ဝင်ပြိုင်တာမျိုးတွေရှိတယ်။ အဲဒီအပေါ်မှာ ညီမရဲ့ အမြင်ကို သိချင်ပါတယ်။**

ဘယ်လိုပဲဖြစ်ဖြစ် လူဆိုတာတော့ အတ္တဆိုတာရှိကြတာပဲလေ။ အဲဒီအတ္တက ကောင်းတဲ့အတ္တပဲဖြစ်စေချင်တယ်။ ကိုယ်ကျော်ကြားဖို့အတွက် ဒီဟာကိုပြိုင်သည်ဖြစ်စေ၊ နိုင်ငံကိုယ်စားပြုချင်လို့ ပြိုင်သည်ဖြစ်စေ၊ နှစ်ခုလုံးက အတ္တအတွက် ပြိုင်ကြတာပေါ့။ တကယ်လို့ ကိုယ်ကျိုးကိုအဓိကထားတယ်ဆိုရင်လည်း နိုင်ငံကိုယ်စားပြုဖြစ်တဲ့အတွက် နိုင်ငံရဲ့ပုံရိပ်မကျဖို့၊ ထိန်းသိမ်းရင်းနှစ်ဦးနှစ်ဖက်ကောင်းဖို့ ကြိုးစားရင်အကောင်းဆုံးပဲ၊ နှစ်ဦးနှစ်ဖက်ကြည့်ရင် ကိုယ့်နိုင်ငံအတွက်ကောင်းသလို၊ ကိုယ့်အတွက်လည်း ကောင်းတယ်။ အဲဒီအတွက်ကြောင့်မို့ကိုယ့်အတ္တချည်းပဲ ရှေ့တန်းအရမ်းမတင်ဘဲ မြန်မာနိုင်ငံကိုယ်စားပြုတစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံကို ဘယ်လိုထိန်းသိမ်းမလဲဆိုတာမျိုး တွေးစေချင်တယ်။

**ပထမဆုံးထွက်တဲ့ "နတ်သမီးနှင့်ကျွန်တော်" ဇာတ်ကားပရိမိုးရှင်းအဖြစ် မန္တလေးမှာ အမှတ်တရလက်မှတ်ရေးထိုးပေးရင်းနဲ့ ပရိသတ်ရဲ့ ဘယ်လိုတုံ့ပြန်သံတွေကြားခဲ့ရလဲ။**

ပရိသတ်တွေကို လက်မှတ်သွားထိုးပေးတော့ ညီမကိုသိတဲ့သူရှိသလို၊ မသိတဲ့သူလည်းရှိတယ်။ ဒါပေမဲ့ လူဆယ်ယောက်မှာ ကိုယ့်ကိုလေးယောက်သိသိ၊ သုံးယောက်သိသိ၊ ကိုယ်ကြိုးစားရမှာ ကိုယ့်ရဲ့အပိုင်းပေါ့။ သူတို့တွေက ကားထွက်လာတော့ ဝေဖန်ကြတယ်။ တချို့ကျတော့ ချစ်ဖို့ကောင်းတယ်။ ဘာမှ ပြောစရာမလိုဘူး။ တချို့ကျတော့လည်း စကားပြောတာလိုတယ်။ သရုပ်ဆောင်ပိုင်းလိုတယ်။ ကိုယ့်ကိုကောင်းစေချင်လို့ ပြောကြတဲ့အတွက် ကျေးဇူးတင်တယ်။

**ခင်ဝင့်ဝါရဲ့ဘဝအတွက် ဘယ်လိုအစီအစဉ်တွေ လုပ်ထားလဲ။**

အခုအချိန်က ပညာရှာနေတုန်း ဒီအလုပ်ကိုလုပ်တယ်။ ညီမအနုပညာအလုပ်ကို စလုပ်နေတဲ့အချိန်မှာ အချိန်ကာလအတိုင်းအတာတစ်ခုထိ ပရိသတ်အားပေးရင် လုပ်မယ်။ အကယ်၍ ပရိသတ်တွေ အားမပေးတော့ဘဲနဲ့ မရပ်တည်နိုင်တော့ဘူး။ အနုပညာအလုပ်ကကိုယ်နဲ့ကံမစပ်ဘူးလို့ခံစားရရင် စီးပွားရေးဘက်ကို ပြောင်းမယ်။

**ဒါဆို ညီမရဲ့ အချစ်ရေးကကော။**

အချစ်ရေးနဲ့ပတ်သက်ပြီးတော့ မစဉ်းစားသေးဘူး။ အခုအနုပညာလုပ်ငန်းကလည်း ကိုယ့်အတွက် ပညာအများကြီး လိုအပ်သေးတယ်။ ပညာရှာရဦးမယ်ပေါ့။ အချစ်ရေးစဉ်းစားသင့်တဲ့အခါမှပဲ စဉ်းစားမယ်။ ကိုယ်စဉ်းစားတဲ့အချိန်မှာ ကိုယ့်ကိုကြိုက်ချင်တဲ့သူရှိဦးမှ။

**သရုပ်ဆောင် သက်တမ်းတိုတိုလေးအတွင်းမှာ ရုပ်ရှင်ကားကြီးနှစ်ကားကို ရိုက်ပြီးခဲ့တဲ့အတွက် ဘယ်လောက်ထိ ကျေနပ်ပီတိဖြစ်နေလဲ။**

အနုပညာသက်တမ်းတိုတိုလေးအတွင်းမှာ ဒီလိုမျိုးကားကြီးရိုက်ရတဲ့အတွက်လည်း အရမ်းဝမ်းသာတယ်။ ကိုယ်ကြိုးစားဖို့အတွက် စိန်ခေါ်မှုတစ်ရပ်ပေါ့။ ဒီရုပ်ရှင်ဆိုတာက ပိတ်ကားကြီးပေါ်မှာ ကိုယ့်အက်ရှင်ကို သေချာပြမှာ။ ကိုယ့်ရဲ့ဟာကွက်တွေကို ပရိသတ်ချက်ချင်းသိတယ်။ အဲဒါကြောင့်မို့ ကိုယ်အကောင်းဆုံးကြိုးစားရမှာပေါ့။

**ပရိသတ်ကို ပြောချင်တဲ့ စကားလက်ဆောင်က ......**

ညီမကိုပြိုင်ပွဲကာလတစ်လျှောက်ရော အခုချိန်အထိ ဝေဖန်အားပေးကြတဲ့ ပရိသတ်တွေ၊ ကမ္ဘာအနှံ့က ပရိသတ်တွေ အကုန်လုံးကို လှိုက်လှိုက်လှဲလှဲ အစဉ်အမြဲကျေးဇူးတင်ပါတယ်။ ညီမအနေနဲ့လည်း ပရိသတ်တွေရဲ့ဝေဖန်ချက်တွေကိုပြင်ပြီးတော့ ကြိုးစားပါ့မယ်။

**ကျေးဇူးတင်ပါတယ်။**


# Put your career in gear

We are one of the world's largest air services providers with over 20,000 employees across five continents. The airlines we serve demand the best in efficiency, safety and service excellence. That's exactly what we deliver. Our services on the ground keep the world's airlines in the skies.

**Technical and Ground Handling professionals**

We are seeking qualified professionals to join our Technical Services and Ground Handling teams in Dubai.

- **Metal Workers and Fabricators** **(140001YI)**
- **Push Back Operator** **(1400008F)**
- **Maintenance Technicians, Mechanics and Planners-Ground Handling** **(140000DD)**

**Do you have...?**

- At least 3 years' relevant industry experience with certification in Mechanical or Technical Engineering
- A valid driving licence
- Fluency in English (verbal & written)

Apply before 20th May , 2014 through our appointed agency at arakhr.myanmar2@gmail.com or by visiting Room No 402, 1st Floor, No.246, Upper Pansoedan St., Kyauktada Township, Yangon, Myanmar. Tel: 01-398434.

Assessments will be conducted in Myanmar during the last week of May 2014. Successful candidates will maintain and service ground handling equipment, vehicles and parts excluding aircraft or aircraft parts.

Build your career with one of the world's most respected air services companies.

For full details on each position, please visit **dnata.com/careers**

ARAK MANAGEMENT CONSULTANCY · AMC·HR · HUMAN RESOURCE

dnata

Sports
7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014




# ဘောလုံးလောကအတွက် အကြီးမားဆုံး တော်လှန်ရေး

ဗိုလ်ဗိုလ်ဝင်း

ဓာတ်ပုံ – အောင်အောင်

မြန်မာနေရှင်နယ်လိဂ် သက်တမ်းခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သက်တမ်းအလိုက် လူငယ်ပြိုင်ပွဲဝင် ကစားသမားများ၏ အသက်မှန်ကန်မှုအတွက် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်က တင်းကျပ်စွာ စတင်စစ်ဆေးခဲ့သည်။

အဖွဲ့ချုပ်သည် မြန်မာလိဂ်–၁ လူငယ်ပြိုင်ပွဲအတွက် အသက် (၂၀) နှစ်အောက်နှင့် မြန်မာလိဂ်–၂ လူငယ်ပြိုင်ပွဲအတွက် အသက် (၁၈) နှစ်အောက် သတ်မှတ်ကာ ပြိုင်ပွဲဝင်အသင်း ကစားသမားများအား စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကစားသမားများ၏ အသက်မှန်ကန်မှုအတွက် စစ်ဆေးခြင်းအား အဆင့်လေးဆင့် သတ်မှတ်ထားသည်။ ပထမအဆင့်မှာပင် အသက်လိမ်ညာထားသည့် ကစားသမားအရေအတွက်သည် ကစားသမားစုစုပေါင်း ခြောက်ရာဝန်းကျင်ကို စစ်ဆေးရာ ၆၅ ရာခိုင်နှုန်းခန့်အထိရှိကြောင်း ပြည်တွင်းလူငယ်ကစားသမားများ အသက်စစ်ဆေးစိစစ်ရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပထမအဆင့်မှာ လာမယ့် လူငယ်ပြိုင်ပွဲမှာ သတ်မှတ်ထားတဲ့ အသက်ထက်ကျော်နေတဲ့ ကစားသမားအရေအတွက်က စစ်ဆေးတဲ့ ကစားသမားအရေအတွက် ခြောက်ရာဝန်းကျင်ရဲ့ ၃၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ပြိုင်ပွဲဝင် သတ်မှတ်ထားတဲ့ အသက်တော့မီသေးတယ်။ ဒါပေမဲ့ အသက်အမှန်အတိုင်း မဟုတ်ဘဲ လိမ်ညာထားတဲ့ ကစားသမားအရေအတွက်က ၃၀ ရာခိုင်နှုန်းကျော်လောက် တွေ့ရပါတယ်။ လိုအပ်တဲ့ အထောက်အထားတွေကို ထပ်မံတောင်းခံပြီး ပထမအဆင့်ရဲ့ နောက်ဆုံးအဆင့်မှာ ထပ်မံစစ်ဆေးသွားမှာပါ" ဟု အဆိုပါကော်မတီအဖွဲ့ခေါင်းဆောင် ဦးရဲမျိုးဟိန်းက ပြောသည်။

နောက်ဆုံးတွင် ပြိုင်ပွဲဝင်ကစားသမားများ၏ အသက် လိမ်လည်မှုများနှင့် သံသယရှိသူများက ထင်မှတ်ထားသည်ထက် များပြားသည့်အတွက် ပြိုင်ပွဲကျင်းပမည့် ရက်ကိုပင် နောက်ဆုတ်ခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများမှာ အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း အသက်မှန်ကန်မှု စစ်ဆေးသည့် ကိစ္စကိုမူ မြန်မာ့ဘောလုံးအသိုင်းအဝိုင်းက ကြိုဆိုခဲ့ကြသည်။

ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့်လည်း အသက်လိမ်ညာခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဘောလုံးကစားချင်၍ဖြစ်ပြီး အသက်လိမ်ညာမှုပြုလုပ်ထားသည့် (အမည်မဖော်လိုသည့်) ကစားသမားတစ်ဦးက ၎င်းတွင် မှတ်ပုံတင်သုံးခုရှိကြောင်း ပြောသည်။

"ကျွန်တော့်မှာ မှတ်ပုံတင် သုံးခုရှိပါတယ်။ မှတ်ပုံတင်အတုကို အပြင်မှာ လုပ်ပေးတဲ့သူတွေ ရှိပါတယ်။ အဲဒီမှာ လုပ်ခဲ့တာပါ။ ခု လောလောဆယ်တော့ စိတ်ဓာတ်ကျနေပါတယ်။ ဒါပေမဲ့ အခွင့်အရေးရှိတဲ့ ကစားလို့ရတဲ့ ပြိုင်ပွဲတွေမှာ ဝင်ကစားခွင့်ရအောင် ကြိုးစားသွားမှာပါ" ဟု အဆိုပါ ကစားသမားက ဆိုသည်။

ပြီးခဲ့သည့် အာရှ ယူ–၂၂ ပြိုင်ပွဲ ခြေစစ်ပွဲအောင် အသင်းများအနက် အာဆီယံဒေသတွင်းမှ မြန်မာတစ်သင်းတည်းသာ ပါဝင်ခဲ့သည်။ အဆိုပါ မြန်မာအသင်းအား အသက်မှန်ကန်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ မလေးရှားနည်းပြက စွပ်စွဲမှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင်မူ ခိုင်လုံသည့် သက်သေများမရှိဟုဆိုကာ မလေးရှားဘောလုံးအဖွဲ့ချုပ်ကလည်း ကန့်ကွက်မှု ရုပ်သိမ်းသွားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်တွင်း၌လည်း ဝေဖန်မှုများ ထွက်ပေါ်ခဲ့ပြီး "နောက်ပွဲတွေကျရင် အာဆီယံမှာ မြန်မာနိုင်ငံအနေနဲ့ အသက်အမှန်ကန်ဆုံးဖြစ်အောင် ဥက္ကဋ္ဌတာဝန်ယူတယ်" ဟု ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၅ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် မြန်မာ ယူ–၂၂ အသင်း ဂုဏ်ပြုအခမ်းအနား၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မီဒီယာများအား ပြောကြားခဲ့သည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌက အထက်ပါကဲ့သို့ ပြောကြားပြီး ၂ နှစ်နီးပါး အကြာတွင် ဘောလုံးသမားများကို အသက်မှန်ကန်မှု စစ်ဆေးစိစစ်ရေးကော်မတီ ပေါ်ပေါက်လာခဲ့သည်။

"အသက်မှန်မှန်ကန်ကန် လုပ်ခြင်းအားဖြင့် ရေရှည်အတွက် ကောင်းတာပေါ့။ ဒါက အခြားနိုင်ငံတွေလည်း လုပ်နေတာကြာပြီလေ။ ချက်ချင်းလုပ်တဲ့အတွက် လတ်တလောမှာ အခက်အခဲတော့ရှိမယ်။ ဘာလို့လဲဆိုတော့ သက်တမ်းအလိုက် လုပ်တာတွေက ပြောရမယ်ဆိုရင်တော့ သိပ်မမှန်တာများတယ်ဆိုတော့၊ ခုအစစ်အမှန်လုပ်လိုက်တာ၊ အခုတောင်မှ တချို့အသင်းတွေဆိုရင် ပွဲကစားလို့ မရအောင် ဖြစ်သွားတာရှိတယ်လို့ ကြားရတယ်။ ချက်ချင်းကြီးလုပ်လိုက်တဲ့ အကျိုးကတော့ အဲဒါတော့ ရှိတာပေါ့။ ပြိုင်ပွဲကိုတောင် နောက်နည်းနည်း ဆုတ်ထားရတဲ့ အနေအထားရှိတယ်လေ။ ဒါက ဒီတစ်နှစ်တော့ အခက်အခဲဖြစ်မှာပေါ့။ နောက်ဆိုဒီလိုမျိုး လုပ်လာနိုင်ရင်တော့ နိုင်ငံအတွက် တအားကောင်းမှာပါ" ဟု ရွှေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးအေးမောင်ကြီးက ပြောသည်။



ဓာတ်ပုံ – MFF

ဒေသတွင်း သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအနေဖြင့် အောင်မြင်မှု အချို့ရရှိနေဆဲဖြစ်သော်လည်း အာဆီယံဒေသတွင်း လက်ရွေးစင်အသင်းများ၏ အဆင့်မြင့်ဆုံးပြိုင်ပွဲများတွင် အောင်မြင်မှု မည်မည်ရရ မရှိပါ။ အာဆီယံချန်ပီယံရှစ် (ဆူဇူကီးဖလား) ပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ်က အကြိုဗိုလ်လုပွဲအဆင့် ရောက်ရှိခြင်းက ပြိုင်ပွဲသမိုင်းတစ်လျှောက် အမြင့်ဆုံးအောင်မြင်မှုတစ်ခုသာ ဖြစ်သည်။

သက်တမ်းအလိုက် လက်ရွေးစင်အသင်းများတွင် ခြေစွမ်းပြခဲ့သည့် မြန်မာကစားသမားများအနေဖြင့် လက်ရွေးစင်အသင်းအရောက်တွင်မူ ခြေစွမ်းများပျောက်ဆုံးကုန်ပြီး ဒေသတွင်းပြိုင်ဘက်အသင်းများကိုမယှဉ်နိုင်တော့ပေ။ ထို့အပြင် အသက်လိမ်သော အသင်းအများစုမှာ သက်တမ်းအလိုက် ပြိုင်ပွဲများတွင် အောင်မြင်မှုရလေ့ရှိပြီး အသက်ကန့်သတ်ချက်မရှိသော လက်ရွေးစင်အသင်းများယှဉ်ပြိုင်သည့်ပွဲများတွင် အောင်မြင်မှုရလေ့မရှိပေ။ အာဆီယံတွင် မြန်မာနှင့်လာအိုအသင်းတို့မှာလည်း သက်တမ်းအလိုက် ပြိုင်ပွဲများတွင် စွာလေ့ရှိကြသည်။

အမြင်သာဆုံး ဥပမာမှာ ၂၀၀၃ ယူ–၁၈ အာဆီယံပြိုင်ပွဲ

တွင် ခြေစွမ်းပြဗိုလ်စွဲခဲ့သော မြန်မာအသင်းကို အားပေးရင်း ထိုကစားသမားများ ဆယ်နှစ်ကျော်အားကိုးရမည်ဟု ထင်ခဲ့သော်လည်း အများစုမှာ အကောင်းဆုံးအသက်အရွယ် ရောက်ရှိချိန်မတိုင်ခင်ပင် ခြေစွမ်းကျဆင်းကာ အနားယူကုန်သည်။ ဘာမှားယွင်းသလဲဆိုသည်ကို ဘောလုံးဝါသနာရှင်တိုင်း သိသည်။

“လက်ရှိ အခြေအနေမှာ လက်ရွေးစင်အဆင့်မှာ မြန်မာအသင်းအနေနဲ့ အာဆီယံအသင်းတွေကို မနည်းလိုက်ပြီး ကစားနေရတာ တွေ့ရမှာပါ။ လက်ရွေးစင်အသင်းမှာဆိုရင် ကိုယ်တို့ဆီက ကစားသမားတွေက တော်တော်အသက်ကြီးနေပြီ။ သူတို့လက်ရွေးစင် ကစားသမားတွေက ငယ်ကြတယ်။ ရေရှည်အလုပ်မှာတော့ စကားပြောတာပေါ့” ဟု ဦးအေးမောင်ကြီးက ပြောသည်။

ပြည်တွင်းတွင် ငယ်ရွယ်သည့် လူငယ်များအနေဖြင့် ဘောလုံးကစားနိုင်ခြင်းမရှိသည့် အခြေအနေနှင့် အခွင့်အလမ်းများ နည်းပါးနေခြင်းကြောင့်လည်း မျိုးဆက်သစ်ကစားသမားများ ရှားပါးနေပြီး အသက်ကြီးသည့် ကစားသမားများအနေဖြင့် မိမိအသက်မှန်ကို လိမ်ညာကာ သက်တမ်းအလိုက်ပြိုင်ပွဲများကို ဝင်ရောက်ကစားခွင့်ရရှိရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြန်မာ့အားကစားလေ့လာသူများက ဆိုသည်။

“ပြောရမယ်ဆိုရင်တော့ ခုကျောင်းတွေမှာလည်း ကစားတာပျောက်ကုန်ပြီ။ ပြည်နယ်၊ တိုင်းတွေမှာလည်း ပျောက်ကုန်ပြီ။ ဘယ်လိုလုပ်ကြမလဲ။ ကစားသမားတစ်ဦးအနေနဲ့ အသက် (၁၆) နှစ်လောက်မှ ဘောလုံးစကစားရင် အဆင်မပြေနိုင်ဘူး။ ဘောလုံးအဖွဲ့ချုပ်ကတော့ အကယ်ဒမီသက်တမ်းအလိုက် ပြိုင်ပွဲတွေလုပ်ပေးနေတာ တွေ့ရတယ်။ များလာရင်တော့ကောင်းလာမယ်။ အားကစားတိုးတက်ချင်ရင် နိုင်ငံတော်ကအစ အားလုံးဝိုင်းလုပ်မှရမယ်” ဟု မြန်မာ့အားကစားလေ့လာသူတစ်ဦးက သုံးသပ်သည်။

ကစားသမားများ အသက်စိစစ်ရေးကော်မတီသည် ပထမအဆင့်တွင် စစ်ဆေးတွေ့ရှိမှုကြောင့် လူငယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ကစားခွင့်မရတော့သည့် ကစားသမားများ နေရာတွင် အသက်မီသည့် ကစားသမားများကို ထပ်မံမှတ်ပုံတင်ခွင့် ပေးခဲ့သည်။ ပထမအဆင့်၏ နောက်ဆုံးအဆင့်တွင် ကလပ်အသင်းများ၏ ပြိုင်ပွဲဝင်ကစားသမားများကို မေလ ၁၂ ရက်မှစတင်ကာ ဆက်လက်စစ်ဆေးနေပြီဖြစ်သည်။

“ပြိုင်ပွဲဝင်ကလပ်အသင်းတွေကိုလည်း တကယ်အသက်အမှန်နဲ့ ကစားသမားတွေကိုပဲ စာရင်းသွင်းဖို့ အကြောင်းကြားထားပါတယ်။ ပထမအဆင့်ရဲ့ နောက်ဆုံးအဆင့် စစ်ဆေးပြီးသွားရင်တော့ လက်ရှိအဆင့်အထိ အသက်လိမ်ညာမှု စစ်ဆေးတွေ့ရှိမှုမတွေ့ရတဲ့ ကစားသမားတွေကို ပြိုင်ပွဲမှာ ဝင်ရောက်ကစားခွင့်ပေးသွားမှာဖြစ်ပါတယ်” ဟု ဦးရဲမျိုးဟိန်းက ပြောသည်။

အဖွဲ့ချုပ်သည် ၂၀၁၄ ခုနှစ် မြန်မာလိဂ်–၁ လူငယ်ဘောလုံးပြိုင်ပွဲကို မေလ ၂၀ ရက်တွင်လည်းကောင်း၊ မြန်မာလိဂ်–၂ လူငယ်ဘောလုံးပြိုင်ပွဲကို မေလ ၂၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ သို့သော် ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ပြိုင်ပွဲဝင်ကစားသမားများ၏ အသက်မှန်ကန်မှုအတွက် စစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးရဲမျိုးဟိန်းက ဆိုသည်။

“ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်မှာ ကစားသမားတွေကို ဒုတိယအဆင့်အနေနဲ့ ထပ်မံစစ်ဆေးသွားမှာဖြစ်ပြီး ဒီအဆင့်မှာ အသက်လိမ်ညာထားတာတွေ့ရရင်တော့ ၂ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်သွားမှာဖြစ်ပါတယ်။ တတိယအဆင့်အနေနဲ့က လ.ဝ.ကရုံးကိုပို့ပြီး ထပ်စစ်မှာပါ။ ဒီအဆင့်မှာ အသက်လိမ်ညာထားတာတွေ့ရင်လည်း ကစားသမားကို ၂ နှစ်ပွဲပယ် ပြစ်ဒဏ်ချသွားမှာပါ။ နောက်ဆုံးအဆင့်ကတော့ တစ်နိုင်ငံလုံးကို အသက်စစ်ဆေးပြီးတဲ့ ကစားသမားများကို ကြေညာသွားမှာဖြစ်ပြီး ကန့်ကွက်သူရှိလို့ အသက်လိမ်ညာထားတာတွေ့မယ်ဆိုရင်လည်း ၂ နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်သွားမှာပါ” ဟု အသက်စစ်ဆေးစိစစ်ရေးကော်မတီ၏ လုပ်ဆောင်မည့် အဆင့်ဆင့်ကို ဦးရဲမျိုးဟိန်းက ရှင်းပြသည်။

ကော်မတီအနေဖြင့် ပထမအဆင့်တွင် စစ်ဆေးတွေ့ရှိသည့် အသက်လိမ်ညာထားသော ကစားသမားများအား ပြစ်ဒဏ်ချမှတ်သွားမည်မဟုတ်သော်လည်း အနာဂတ် ၎င်းကစားသမား ဝင်ရောက်ယှဉ်ပြိုင်မည့် ဘောလုံးပြိုင်ပွဲများတွင် မူရင်းအသက်အမှန်နှင့် မှတ်ပုံတင်အစစ် အထောက်အထားပြမှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးသွားမည်ဖြစ်သည်။

ကစားသမားများ၏အသက်မှန်ကန်မှုစစ်ဆေးခြင်းကို တင်းကျပ်စွာ ပြုလုပ်ခြင်းမှာ နောက်ကျသည်ဟု ဝေဖန်မှုများရှိနေသော်လည်း အကောင်အထည်ဖော်ခြင်းအတွက် ကြိုဆိုရမည်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။


“ဒီစီမံကိန်းကြီး အကောင်အထည်ဖော်တာကို နောက်ကျတယ်လို့တော့ မမြင်တော့ဘူး။ မလုပ်တာထက်စာရင်တော့ လုပ်တာကောင်းတာပေါ့။ ဒီလိုမှမလုပ်ရင် မြန်မာ့ဘောလုံးလောကကြီးက စမ်းတဝါးဝါးနဲ့ အရင်လို လိမ်နေဦးမှာပဲ” ဟု အားကစားကလောင်ရှင် အလင်းဖြူက ပြောသည်။

ကစားသမားများ အသက်မှန်ကန်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပါက နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းများအနေဖြင့် လတ်တလောအောင်မြင်မှု မရနိုင်သော်လည်း စိတ်ရှည်စွာ ဆက်လက်ပြုစုပျိုးထောင် လေ့ကျင့်ပါက အနာဂတ်မြန်မာ့ဘောလုံးလောက တိုးတက်ရန်သာရှိကြောင်း ရေဝတီအသင်းနည်းပြချုပ် ဦးဆန်းဝင်းက ပြောသည်။

အကြောင်းမှာ ကစားသမားများက အသက်လိမ်ထားသည့်အတွက် စာရွက်ပေါ်တွင် ငယ်နေပြီး အကောင်းဆုံးကစားနိုင်ရမည့် အချိန်တွင် အသက်အမှန်မှာ ကြီးရင့်နေကာ အရွယ်လွန်နေ၍ လက်ရွေးစင်အသင်းတွင် ဒုက္ခရောက်နေသော ကစားသမားများစွာ ရှိနေသည်။ ယခင်ကလည်း ထိုအတိုင်းပင် ဖြစ်သည်။

“ရှုံးတဲ့ဒဏ်ကိုတော့ ခံနိုင်ရည်ရှိဖို့ လိုပါမယ်။ အရင်က လူငယ်အသင်းတွေက နိုင်ဖို့ပဲ အဓိကလုပ်ခဲ့ကြတော့ ခုတကယ်အသက်အမှန်နဲ့ ယှဉ်ပြိုင်ကြမယ်ဆိုရင် အောင်မြင်မှုချက်ချင်းရချင်မှရမယ်လေ။ ဒါပေမဲ့ အရင်က မှားခဲ့ကြလို့ အာဆီယံမှာ လက်ရှိမြန်မာ့လက်ရွေးစင်အသင်း ရုန်းကန်နေရတဲ့အခြေအနေဖြစ်နေတာပါ။ နောက်ဆယ်နှစ်လောက်ဒီအတိုင်းသွားရင် မြန်မာဘောလုံးလောကတောင် ပျောက်သွားနိုင်ပါတယ်။ ဒါကြောင့် အသက်မှန်ကန်ရေး စစ်ဆေးမှုဟာ ရေရှည်တိုးတက်ဖို့အတွက် ကောင်းတဲ့လုပ်ဆောင်ချက်ဖြစ်ပါတယ်” ဟု ဦးဆန်းဝင်းက ဆိုသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အသက် (၁၆) နှစ်အောက် ခြသေ့်မြို့တော်ဖလား ဘောလုံးပြိုင်ပွဲ၌ မြန်မာလူငယ်အသင်း ချန်ပီယံဆုရရှိခဲ့သော်လည်း အရွယ်လွန်ကစားသမားများပါဝင်မှုကြောင့် ဆုဖလားပြန်အပ်ခဲ့ရမှု၊ အာရှ ယူ–၂၂ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင် မြန်မာအသင်း၌ အသက်ကြီးကစားသမားများ ပါဝင်နေသည်ဟု မလေးရှားနည်းပြ၏ စွပ်စွဲမှုများက မြန်မာဘောလုံးလောကအတွက် မျက်နှာပျက်စရာများဖြစ်ခဲ့သော်လည်း အနာဂတ် မြန်မာ့ဘောလုံးကစားသမားများ၏အသက်မှန်ကန်မှုအရေး အထောက်အပံ့များ ဖြစ်ခဲ့သည်ဆိုပါက ယင်းအဖြစ်အပျက်များအား မြန်မာဘောလုံးပရိသတ်များက ကျေးဇူးတင်နေဦးမည်သာဖြစ်သည်။



7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# နျူကမ့်ကွင်းမှ ဘာစီလိုနာ-အက်သလက်တီကိုတို့၏ ဗိုလ်လုပွဲ




**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပထိပ်တန်းလိဂ်တွေထဲမှာ ဂျာမန်ဘွန်ဒက်စ်လီဂါနဲ့ ပြင်သစ်လီဂူးဝမ်း၊ ပရီးမီးယားလိဂ်တွေ ပြီးဆုံးသွားခဲ့ပြီး အီတာလျံ စီးရီးအေနဲ့ စပိန်လာလီဂါတို့က နောက်ဆုံးတစ်ပွဲစီ ကျန်နေပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ စီးရီးအေ တန်းဆင်းဇုန်တိုက်ပွဲတွေနဲ့ လာလီဂါချန်ပီယံ အဆုံးအဖြတ်နဲ့ တန်းဆင်းဇုန်တိုက်ပွဲ တချို့ကို ရွေးချယ်ခန့်မှန်းလိုက်ပါတယ်။ စီးရီးအေပွဲတွေက တစ်ချိန်တည်း ပြိုင်တူကန်သွားမှာ ဖြစ်ပါတယ်။

**စီးရီးအေ**

**၁၉၊ မေ၊ တနင်္လာ**

**ကာတာနီးယား-အတ္တလန်တာ**

**ပကျော့ရလဒ် ၁-၂**

အိမ်ကွင်းမှာ ကာတာနီးယား အခြေအနေကောင်းနိုင်တယ်။ ရိုးမားကို လတ်တလော အနိုင်ရထားတဲ့ ခြေစွမ်းမျိုးနဲ့ ကာတာနီးယား အနည်းဆုံးတစ်ဂိုးအသာနဲ့ ကပ်နိုင်သွားမယ့်ပွဲပါ။

**လာဇီယို-ဘိုလော့ဂ်နာ**

**ပကျော့ရလဒ် ၀-၀**

လာဇီယိုအိမ်ကွင်းမှာ နိုင်ခြေများတယ်။ လာဇီယိုတိုက်စစ်ပိုင်းကောင်းနေပြီး ဘိုလော့ဂ်နာကလည်း တန်းဆင်းဇုန်တိုက်ပွဲအတွက် ခံကစားနိုင်တယ်။ လာဇီယို တစ်ဂိုးအသာနဲ့ ကပ်နိုင်ခြေရှိပါတယ်။

**ချီယေဗို-အင်တာမီလန်**

**ပကျော့ရလဒ် ၁-၁**

ချီယေဗိုခံကစားနိုင်ပြီးအနိုင်အတွက် ဖွင့်ကစားနိုင်တယ်။ ဒါပေမဲ့ အင်တာတို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ အနိုင်ရသွားမှာပါ။

**လာလီဂါ**

**၁၈၊ မေ၊ တနင်္ဂနွေ**

**ဆိုစီဒက်-ဗီလာရီးရဲလ်**

**ပကျော့ရလဒ် ၁-၅**

ဆိုစီဒက် ဥရောပဝင်ခွင့်အတွက် အကောင်းဆုံးတုံ့ပြန်ကစားရမယ့်ပွဲ ဖြစ်ပါတယ်။ ဆိုစီဒက် ကပ်နိုင်ခြေရှိပြီး သရေလည်းဖြစ်နိုင်တယ်။

**ဘာစီလိုနာ-အက်သလက်တီကို**

**ပကျော့ရလဒ် ၁-၁**

နှစ်သင်းလုံး အနိုင်ကစားရမယ့်ပွဲဖြစ်ပါတယ်။ ချန်ပီယံအဆုံးအဖြတ်အတွက် အလေးပေးမှုမှာ ဘာကာတို့ အိမ်ကွင်းဖြစ်တာကြောင့်အနည်းငယ်အသာပေးနိုင်တယ်။ ဒီနှစ်သင်း နောက်ဆုံးငါးကြိမ် တွေ့ဆုံမှုမှာ လေးကြိမ်သရေကျထားပြီးအက်သလက်တီကိုက နောက်ဆုံးအကြိမ်တွေ့တဲ့ ကိုပါဒယ်ရေးဖလားမှာ ၁–၀ ဂိုးနဲ့ နိုင်ထားတယ်။ အက်သလက်တီကို ခံစစ်ကစားပုံသိပ်သည်းပြီး တိုက်စစ်ပိုင်းမှာလည်းအုပ်စုလိုက်တွဲကစားနိုင်တာကြောင့် ဘာကာတို့ သတိထားရမယ်။ ဘာကာ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိပြီး သရေပွဲလည်း ဦးတည်နိုင်တယ်။ အချိန်ပိုအထိ ဖြစ်သွားနိုင်တယ်။

**အယ်မာရီယာ-ဘီလ်ဘာအို**

**ပကျော့ရလဒ် ၁-၆**

ပထမအကျော့ကထက် ပိုကြည့်ကောင်းမယ့်ပွဲပါ။ အယ်မာရီယာ တန်းဆင်းဇုန်ကလွတ်အောင် ဖိကစားနိုင်ပြီး ဘီလ်ဘာအိုက နိုင်နိုင်ရှုံးရှုံး ဥရောပဝင်ခွင့်သေချာနေတာကြောင့် အားထည့်မှာမဟုတ်ဘူး။ အယ်မာရီယာ ကပ်အနိုင် (သို့မဟုတ်) သရေပဲ မှန်းပါတယ်။




## လာမည့်ရာသီတွင် ဇီဒန်း ဂျူဗင်တပ်နည်းပြသစ် ဖြစ်လာရန် ရေပန်းစား

**မီလန်၊ မေ-၁၁**

စပိန်ရီးရဲလ်မက်ဒရစ် လက်ထောက်နည်းပြ ဇီဒန်းသည် လာမည့်ရာသီတွင် ဂျူဗင်တပ်မှ နည်းပြ အန်တိုနီယိုကွန်တီ ထွက်ခွာပါက ဂျူဗင်တပ်နည်းပြဖြစ်လာရန် ရေပန်းစားနေကြောင်း အီတာလျံ အားကစားသတင်းစာ ဂေဇက်တာဒယ်လိုစပို့တ်က ဖော်ပြသည်။

ဂျူဗီနည်းပြ ကွန်တီသည် လက်ရှိတွင် အသင်းနှင့် လာမည့်ရာသီ၌ မည်သို့ရှိမည်ကို တရားဝင်ထုတ်မပြောသေးဘဲ ဥက္ကဋ္ဌ အက်ဂနယ်လီနှင့်တွေ့ဆုံကာအပြောင်းအရွှေ့ မဟာဗျူဟာများ ဆွေးနွေးမည်ကိုသာ ပြောထားသည်။ ထို့ကြောင့် သတင်းစာက ကွန်တီ ထွက်ခွာပါက အစားထိုးမည့် နည်းပြများထဲတွင် ဇီဒန်းမှာ ထိပ်ဆုံးမှ ဖြစ်နေကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဇီဒန်းသည် လက်ရှိတွင် ရီးရဲလ်နည်းပြ အန်ဆယ်လော့တီ၏ လက်ထောက်နည်းပြလုပ်နေပြီး အသင်း၏ အားကစားဒါရိုက်တာလည်းဖြစ်သည်။ ၎င်းကို ပြင်သစ်သတင်းစာတစ်စောင်ဖြစ်သည့် L'Equipe ကလည်း ဘော်ဒိုးအသင်းက ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း မကြာမီက ဖော်ပြခဲ့သည်။ ဇီဒန်း ရီးရဲလ်သို့ မပြောင်းမီ အသင်းဟောင်းဖြစ်သည့် ဂျူဗင်တပ်သည် ယခုရာသီ စီးရီးအေ စကူဒက်တိုဖလားကို ဗိုလ်စွဲထားပြီးဖြစ်ရာ အသင်းကို လာမည့်နှစ် ချန်ပီယံလိဂ်၌ မြင်တွေ့ရမည်ဖြစ်သည်။

—*Ref: Football Italia*

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# နိုင်ဂျီးရီးယားကျောင်းသူများကို ပြန်ပေးဆွဲမှု ကုလလုံခြုံရေးကောင်စီ အပြင်းအထန် ပြစ်တင်ရှုတ်ချ

**ကုလသမဂ္ဂ၊ မေ-၁၀**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နိုင်ဂျီးရီးယားကျောင်းသူ ၂၀၀ ကျော် ပြန်ပေးဆွဲခံရခြင်းကို အပြင်းအထန် ပြစ်တင်ရှုတ်ချခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ကျောင်းသူများကို ရှာဖွေရာတွင် အကူအညီပေးမည့် သံတမန်တစ်ဦးကို နိုင်ဂျီးရီးယားနိုင်ငံသို့ စေလွှတ်ခဲ့သည်။


လူများစွာကို ပြန်ပေးဆွဲခြင်းသည် နိုင်ငံတကာဥပဒေအရ လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုနှင့် သဘောတရားတူညီသည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေလ ၉ ရက်တွင် တညီတညွတ်တည်း ထုတ်ပြန်ကြေညာခဲ့သည်။

လုံခြုံရေးကောင်စီသည် ပြန်ပေးဆွဲဖြစ်စဉ် အခြေအနေအရပ်ရပ်ကို နားစိုက်ထောင်သွားမည်ဖြစ်ပြီး ဘိုကိုဟာရမ်အစ္စလာမ်မစ်အဖွဲ့ကို အရေးယူရန် သင့်လျော်သော အစီအစဉ်များကို စဉ်းစားသွားမည်ဟုယင်းကောင်စီကပြောကြားသည်။

ဧပြီ ၁၄ ရက်တွင် ချီဘွတ်ခ်မြို့ရှိ စာသင်ကျောင်းမှ ကျောင်းသူ ၂၇၆ ဦးနှင့် မေလ ၅ ရက်တွင် ဝါးရက်ဘီကျေးရွာမှ မိန်းကလေးရှစ်ဦးတို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းအပေါ် အပြင်းအထန် ပြစ်တင်ရှုတ်ချခဲ့ပြီး ၎င်းတို့ကို ချက်ချင်းပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီက တိုက်တွန်းခဲ့သည်။

ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည် နိုင်ဂျီးရီးယားအစိုးရအား အကူအညီပေးရန် အနောက်အာဖရိကဆိုင်ရာ ၎င်း၏ အထူးသံတမန် ဆက်ဒီဂျင်းနစ်ကို နိုင်ဂျီးရီးယားမြို့တော်အဘူဂျာသို့ စေလွှတ်ထားသည်။

အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များသည် ယင်းကျောင်းသူများကို ရှာဖွေရာတွင်ကူညီရန် နိုင်ဂျီးရီးယားနိုင်ငံတွင် ရောက်ရှိနေပြီဖြစ်သည်။ —*Ref: AFP*



ဖမ်းဆီးခေါ်ဆောင်သွားသော ကျောင်းသူများကို လွှတ်ပေးရေး လူငယ်များ၏ကန့်ကွက်ဆန္ဒပြပွဲတွင် ကြွေးကြော်သံစာတန်းကိုင်ဆောင်ထားသူတစ်ဦး
AKINTUNDE AKINLEYE/REUTERS





OSSERVATORE ROMANO/AFP

# ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်ရန် ပုပ်ရဟန်းမင်းကြီးအား ဘန်ကီမွန်းဖိတ်ကြား

**ဗာတီကန်စီးတီး၊ မေ-၉**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဆင်းရဲချို့တဲ့သူများအား အကူအညီပေးရေးကြိုးပမ်းနေမှုများကို ဆွေးနွေးရန် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်သို့ ပုပ်ရဟန်းမင်းကြီး လာရောက်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေလ ၉ ရက်တွင် ဖိတ်ကြားခဲ့သည်။

ပုပ်ရဟန်းမင်းကြီးအနေဖြင့် ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်ချီးမြှင့်ပေးရန်နှင့် ယင်းသို့ ပြုလုပ်ခြင်းဖြင့် ပုပ်ရဟန်းမင်းကြီး၏ အမြင်များကို ထုတ်ဖော်ပြောကြားနိုင်သည်ဟု ဘန်ကီမွန်းက ပြောကြားသည်။

ဘန်ကီမွန်းသည် ပုပ်ရဟန်းမင်းကြီးနှင့်ဗာတီကန်စီးတီး၌တွေ့ဆုံစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

“တည်ငြိမ်မှု၊ စာနာရိုင်းပင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရဲရင့်မှုတို့အတွက် လိုအပ်ချက်ကို ကျွန်တော် နားလည်ပါတယ်။ ပုပ်ရဟန်းမင်းကြီးဟာ အဲဒီစည်းမျဉ်းတွေကိုပုံဖော်ပေးပါတယ်”ဟုဘန်ကီမွန်းက ပြောကြားခဲ့ပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းမှုများကို ချီးကျူးခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် ကိုယ်ဝန်ဖျက်ချမှုပြဿနာကိုဆွေးနွေးရန် ကြိုးပမ်းခဲ့သည်။

ဗာတီကန်သည် သန္ဓေတားခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ ကွာရှင်းခြင်းနှင့် အမျိုးသမီးများ အခွင့်အရေးကိစ္စများနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့နှင့် အကြိမ်ကြိမ် အငြင်းပွားလျက်ရှိသည်။

ဗာတီကန်သည် ကောင်းစွာမထောက်ပံ့နိုင်သော လူမှုအသိုင်းအဝိုင်းများတွင် ကလေးမွေးဖွားနှုန်း မြင့်တက်စေရန် အားပေးလျက်ရှိပြီး ကွန်ဒုံးအသုံးပြုခြင်းကို တားမြစ်ခြင်းအားဖြင့် အေအိုင်ဒီအက်စ်ရောဂါပျံ့နှံ့မှုကို ဖြေရှင်းရန် ပျက်ကွက်စေသည်ဟုကုလသမဂ္ဂက စွပ်စွဲထားသည်။ —*Ref: AFP*

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# အယ်လ်စီစီသည် အီဂျစ်ပြဿနာကို ပိုမိုဆိုးရွားစေဟု ဘာသာရေးခေါင်းဆောင်ပြောကြား

**ဒိုဟာ၊ မေ-၁၂**

အီဂျစ်နိုင်ငံ သမ္မတရာထူးအတွက် တစ်ပြေးနေသော အယ်လ်စီစီသည် နိုင်ငံအတွက် ပျက်စီးခြင်းသာ ဆောင်ကြဉ်းပေးလိမ့်မည်ဟု ပြင်းထန်သော ဟောပြောမှုများကြောင့် ပင်လယ်ကွေ့နိုင်ငံများကြား တင်းမာမှုဖြစ်ပေါ်စေခဲ့သူ ကာတာနိုင်ငံအခြေစိုက် ဩဇာတိက္ကမကြီးသော ဘာသာရေးခေါင်းဆောင် ရှိတ်ယူဆွတ်ဖ် အယ်လ်ကာရာဒါဝီက ပြောသည်။

စစ်ဘက်ဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ယူစဉ်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပွားပြီးနောက် အစ္စလာမ်မစ်သမ္မတ မိုဟာမက် မော်စီကို ရာထူးမှ ဖြုတ်ချခဲ့သူ အယ်လ်စီစီနှင့် အီဂျစ်နိုင်ငံ၏ စစ်အုပ်ချုပ်ရေးတို့ကို မွတ်စလင်ဘရားသားဟုဒ်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် အီဂျစ်နိုင်ငံဖွား ကာရာဒါဝီက အမြဲပင်ဝေဖန်လေ့ရှိသည်။

အယ်လ်စီစီမှာ အစ္စရေးနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပေးသူဖြစ်ပြီး ပါလက်စတိုင်းကိစ္စနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံကို ထိပ်တိုက်တွေ့ဆုံမည်မဟုတ်ဟု ကာရာဒါဝီကပြောသည်။

အယ်လ်စီစီမှာ မေလ ၂၆ ရက်မှ ၂၇ ရက်အတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် အလွယ်တကူ အနိုင်ရမည်ဟု မျှော်လင့်ထားသည်။

အခြားတစ်ဦးတည်းသော သမ္မတလောင်းမှာ မော်စီ အနိုင်ရခဲ့သည့် ၂၀၁၂ ရွေးကောက်ပွဲတွင် တတိယနေရာရရှိခဲ့သူ လက်ဝဲစွန်း နိုင်ငံရေးသမား ဟမ်ဒင်းဆာဘာဟီ ဖြစ်သည်။

"အယ်လ်စီစီအတွက် မဲပေးကြ။ အယ်လ်စီစီက ငါတို့လူ၊ သူက ငါတို့ရဲ့ အယ်လ်စီစီ၊ မင်းတို့ရဲ့ အယ်လ်စီစီမဟုတ်ဘူးလို့ ပြောနေတဲ့ အစ္စရေးကာကွယ်ရေးဝန်ကြီးလို လူတွေရှိတယ်"ဟု ကာရာဒါဝီက မေလ ၁၁ ရက်တွင်သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

"အယ်လ်စီစီ အီဂျစ်နိုင်ငံရေးထဲ ပါဝင်လာတဲ့နေ့ကစလို့ ကျွန်တော်တို့မြင်ရတွေ့ရတာကတော့ လူသတ်တာတွေ၊ သွေးချောင်းစီးတာတွေ၊ ဖမ်းဆီးထိန်းသိမ်းတာတွေနဲ့ အမျိုးသမီးတွေ မုဒိမ်းကျင့်ခံရတာတွေချည်းပဲ"ဟု ကာရာဒါဝီက ပြောသည်။

ကာရာဒါဝီ၏ မှတ်ချက်များကြောင့် ကာတာနိုင်ငံနှင့် အိမ်နီးချင်း ပင်လယ်ကွေ့နိုင်ငံများကြား အဓိက သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေသည်။

—*Ref: Reuters*

# ယီမင်နိုင်ငံတောင်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံး

**ဆန်နား၊ မေ-၁၂**

ယီမင်နိုင်ငံတောင်ပိုင်းမုကယ်လာ ပင်လယ်ဆိပ်ကမ်းမြို့ရှိ တပ်မတော် လုံခြုံရေးအဆောက်အအုံ တစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သော မေလ ၁၁ ရက် အသေခံကားဗုံးခွဲမှုတစ်ခုတွင် ယီမင်စစ်သား ၁၀ ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့သည်ဟု ယီမင်နိုင်ငံပိုင် သတင်းဌာန ဆာဘာက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ ယီမင်အစိုးရ၏ အစ္စလာမ်မစ်စစ်သွေးကြွများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို အယ်လ်ကိုင်ဒါတို့က ပြန်လည် ကလဲ့စားချေ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

မေလ ၁၁ ရက်တွင် စစ်သားများ နေ့လယ်စာ စားနေစဉ် အသေခံကားဗုံးပေါက်ကွဲခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု လုံခြုံရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ဆာဘာသတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

မေလ ၁၁ ရက်တွင် ယီမင်နိုင်ငံ မြို့တော်ဆန်နား၌လည်း တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

သေနတ်သမားများသည် လုံခြုံရေးစစ်ဆေးသည့် ဂိတ်တစ်ခုကို တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ပြီးနောက် သုံးဦး သေဆုံးခဲ့သည်။

စစ်ဆေးရေးဂိတ်ကို တိုက်ခိုက်ရန်ကြိုးပမ်းမှုမှာ အယ်လ်ကိုင်ဒါအဖွဲ့ဝင်များက အစိုးရ၏ ယခင်ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ကလဲ့စားချေခြင်း ဖြစ်နိုင်သည်။

အာရေဗျကျွန်းဆွယ်ဒေသမှ အယ်လ်ကိုင်ဒါများသည် ၎င်းတို့၏ နောင်အနာဂတ်နိုင်ငံတကာတိုက်ခိုက်မှုများအတွက် ယီမင်နိုင်ငံကို အခြေစိုက်စခန်းအဖြစ် အသုံးချမည်ကို အနောက်နိုင်ငံများက စိုးရိမ်လျက်ရှိသည်။

ယီမင်စစ်တပ်သည် မကြာသေးမီအချိန်တွင် အယ်လ်ကိုင်ဒါခေါင်းဆောင်များစွာကို ချေမှုန်းခဲ့ပြီး လက်နက်များ၊ တိုက်ခိုက်ရေးပစ္စည်းများနှင့် ဗုံးလုပ်သောဝပ်ရှော့များကို သိမ်းယူနိုင်ခဲ့သည်ဟု ဆာဘာသတင်းက ဖော်ပြသည်။

—*Ref: Reuters*

# နယူးယောက်မြို့တော်ရဲတပ်ဖွဲ့ မွတ်စလင်သတင်းပေးများ စုဆောင်းနေဟုဆို

**နယူးယောက်၊ မေ-၁၂**

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများအပြီး ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဗလီများတွင် ထောက်လှမ်းရာ၌ သတင်းပေးများအဖြစ် ဆောင်ရွက်ရန် မွတ်စလင်အများစုပါဝင်သော နိုင်ငံခြားမှ အခြေချနေထိုင်သူများကို နယူးယောက်စီးတီးမြို့ရဲတပ်ဖွဲ့က နှစ်ပေါင်းများစွာ စုဆောင်းထားသည်ဟု နယူးယောက်တိုင်းမ်သတင်းဌာနက မေလ ၁၁ ရက်တွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံမှ အစားအသောက် တွန်းလှည်းဖြင့် ရောင်းသူများ၊ အီဂျစ်နိုင်ငံဖွား သူဌေးကားယာဉ်မောင်းများနှင့် ပါကစ္စတန်နိုင်ငံမှ စာရင်းကိုင်ကျောင်းသားများ၊ အသေးစားဥပဒေချိုးဖောက်မှုဖြင့် ထိန်းသိမ်းထားသူများကဲ့သို့ နိုင်ငံခြားမှ အခြေချနေထိုင်သူများ၏ အကူအညီရယူရန် ကြိုးပမ်းနေသည်ဟု ၎င်းတို့ရရှိထားသော အချက်အလက်များ၊ ထိပ်တန်းရဲအရာရှိဟောင်းများ၊ အရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများကို ကိုးကား၍ ယင်းသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် အစောပိုင်းက မြို့တော်တစ်ဝန်း မေးမြန်းစစ်ဆေးရေးအဖွဲ့ဟုခေါ်သော စုံထောက်အဖွဲ့က အလားတူ တွေ့ဆုံမေးမြန်းမှုပေါင်း ၂၂၀ ပြုလုပ်ခဲ့သည်ဟု နယူးယောက်တိုင်းမ်က ဖော်ပြသည်။

—*Ref: Reuters*

စာမျက်နှာ ၄၈ မှ

## တရုတ်နိုင်ငံထုတ် တန်ဖိုးနည်းစမတ်ဖုန်း Xiaomi အက်ပဲလ်နှင့် လီနိုဗိုကိုကျော်၍ ရောင်းအားကောင်း

စမတ်ဖုန်းများအား အဓိက ထုတ်လုပ်ပြီး ဈေးကွက်ကို ထိုးဖောက်လာနိုင်ခြင်းဖြစ်သည်။

အခြားသုတေသနကုမ္ပဏီတစ်ခုဖြစ်သည့် Euromonitor International ကလည်း အာရှဈေးကွက်များတွင် လူငယ်များမှာ နောက်ဆုံးပေါ် နည်းပညာများ သုံးထားသော်လည်း ဈေးမများသည့် ဖုန်းအမှတ်တံဆိပ်များကို ရွေးချယ်ဝယ်ယူမှု ပိုများလာကြောင်း အေအက်ဖ်ပီအား ပြောသည်။

Xiaomi သည် ယခုနှစ်အတွင်း စင်ကာပူ အပါအဝင် အခြားကိုးနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်ရန် ပြင်ဆင်နေသည်။ —*Ref: CNA*

စာမျက်နှာ ၄၈ မှ

## ဘိုကိုဟာရမ်အရေး အာဖရိကထိပ်သီးဆွေးနွေးပွဲကျင်းပရန် ပြင်သစ်ကမ်းလှမ်း

ယင်းအစည်းအဝေးကို တက်ရောက်လိမ့်မည်ဟု မျှော်မှန်းကြောင်း သမ္မတဟော်လန်ဒီ၏ လက်ထောက်များက ပြောကြားသည်။ ယင်း အစည်းအဝေးသို့ ဗြိတိန်၊ အီးယူနှင့် အမေရိကန်နိုင်ငံများ တက်ရောက်လိမ့်မည်ဟုလည်း ယူဆထားသည်။

ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်နှင့် အခြားသော နိုင်ငံများသည် နိုင်ဂျီးရီးယားအစိုးရ၏ ကျောင်းသူများ ရှာဖွေရေးနှင့် လွတ်မြောက်ရေးတို့တွင် အကူအညီပေးလိုကြောင်း ပြောကြားသည်။

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျွန်နသန်၏ အစိုးရသည် ကျောင်းသူများ လွတ်မြောက်ရေးကို ပိုမိုလျင်မြန်စွာ မဆောင်ရွက်နိုင်သောကြောင့် ဝေဖန်မှုများနှင့် ကြုံတွေ့နေရပြီး နိုင်ဂျီးရီးယားစစ်တပ်သည် ကျောင်းသူများ ရှာဖွေရန် အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှုပ်ရှားနေသည်။

—*Ref: Reuters*







# ဖုံးကြဲခံခဲ့ရသော ဆာရာယေဗိုမြို့တော်ဝန်ရုံး ပြန်လည်ဖွင့်လှစ်

**ဆာရာယေဗို၊ မေ-၁၀**

ဘော့စနီးယားစစ်ပွဲအတွင်း ဗုံးထိမှန်ခဲ့၍ ပျက်စီးသွားခဲ့သော အမျိုးသားစာကြည့်တိုက် ထည့်သွင်းတည်ဆောက်ထားသော ဆာရာယေဗိုမြို့၏အထင်ကရအဆောက်အအုံကို (၂၂)နှစ်ကြာမြင့်ပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၁၉၉၂ ခုနှစ်က ဘော့စနီးယားဆာ့ဘ်လူမျိုးများဆာရာယေဗိုမြို့ကို သိမ်းပိုက်ခဲ့စဉ်က ယင်းအဆောက်အအုံမှာမော်တာကျည်ဆန်များ ထိမှန်ခဲ့ပြီး မီးရှို့ခံခဲ့ရသည်။

ယခုအခါ ပထမကမ္ဘာစစ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အမီ ယင်းအဆောက်အအုံကို မူလအတိုင်း ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်မှာ ဩစတြီးယားအိမ်ရှေ့မင်းသား ဖရန်စစ်ဖာဒီနန် လုပ်ကြံခံရခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။

မြို့တော်ဝန်ရုံးကို သောကြာနေ့က အခမ်းအနားများဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ၁၉ ရာစုမှ အဆောက်အအုံ၏ သမိုင်းတွင် အရေးပါသော အခိုက်အတန့်များကို သုံးဘက်မြင် ပရိုဂျက်တာဖြင့် အဆောက်အအုံမျက်နှာစာပေါ် ထင်ဟပ်ပြသခဲ့သည်။

ယင်းအဆောက်အအုံမှာ စစ်ရေးအရ အရေးပါခြင်းမရှိခဲ့သော်လည်း ၁၉၉၂ ခုနှစ်တွင် ဖျက်ဆီးခံရမှုကြောင့် ရှားပါးလက်ရေးမူများ အပါအဝင် စာအုပ်ပေါင်းနှစ်သန်းခန့် ဆုံးရှုံးခဲ့သည်။

၁၈၉၆ ခုနှစ်က ဖွင့်လှစ်ခဲ့သော အဆောက်အအုံကို ၁၉၄၉ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်အဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ *—Ref: BBC*



FEHIM DEMIR/EPA

*ဆာရာယေဗိုမြို့၊ မြို့တော်ဝန်ရုံးဖွင့်လှစ်ပွဲအခမ်းအနားတွင် မြို့တော်ဝန်ရုံးပြင်ပ၌ ဂုဏ်ပြုတပ်ဖွဲ့များ စောင့်ကြပ်နေသည်ကို တွေ့ရစဉ်*

# လေယာဉ်များကို အခမဲ့ခြေရာခံပေးရန် ဗြိတိန်ဂြိုဟ်တုလုပ်ငန်းကုမ္ပဏီ ကမ်းလှမ်း

**လန်ဒန်၊ မေ-၁၂**

ကမ္ဘာပေါ်ရှိ ခရီးသွားလေကြောင်းလိုင်း လေယာဉ်များအားလုံးကို အခမဲ့ခြေရာခံပေးသောဝန်ဆောင်မှုပေးရေး ဗြိတိန်နိုင်ငံမှ ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ အင်မာဆက် (Inmarsat)က ကမ်းလှမ်းသွားရန်ရှိသည်။

မလေးရှားလေကြောင်းလိုင်းမှ MH370 လေယာဉ် မတ်လ ၈ ရက်ကမည်သည့်အစအနမှမကျန်ဘဲ ပျောက်ဆုံးသွားခဲ့ပြီးနောက် ယခုဗြိတိန်ကုမ္ပဏီ၏ ကမ်းလှမ်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပျောက်ဆုံးသွားသော လေယာဉ်ပေါ်တွင် တပ်ဆင်ထားသော အင်မာဆက်၏ ပစ္စည်းကိရိယာမှ ထုတ်လွှတ်သည့် တိုတောင်းသော အီလက်ထရွန်နစ် အချက်ပြမှုများကို အခြေခံ၍ စုံစမ်းစစ်ဆေးရေးမှူးများက အိန္ဒိယသမုဒ္ဒရာတွင် လေယာဉ်ပျက်ကို ရှာဖွေရေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မိမိတို့ ကမ်းလှမ်းနေသော အခမဲ့ဝန်ဆောင်မှုတွင် တိကျမှန်ကန်သော တည်နေရာဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်မည်ဖြစ်ကြောင်း အင်မာဆက်ကုမ္ပဏီက ပြောကြားသည်။

ယင်းစနစ်အရ လေယာဉ်တစ်စီးက ဂျီပီအက်စ်စနစ်ကိုသုံး၍ ၎င်း၏တည်နေရာကို ဆုံးဖြတ်ကာ ဦးတည်ချက်၊ အမြန်နှုန်းနှင့် အမြင့်ပေ စသော အချက်အလက်များနှင့်အတူ အင်မာဆက်ကုမ္ပဏီ၏ ကမ္ဘာလုံးဂြိုဟ်တုကွန်ရက်ထံ ၁၅ မိနစ် တစ်ကြိမ် အချက်အလက်များ ပေးပို့မည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ စက်ပစ္စည်းကိရိယာတွေကို ကိုယ်ထည်ကျယ် ဂျက်လေယာဉ် ၉၀ ရာခိုင်နှုန်းမှာ အသုံးပြုနေပြီ ဖြစ်ပါတယ်။ ဒါဟာ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအပေါ် ကုန်ကျစရိတ်မရှိဘဲ လတ်တလော ပြုပြင်နိုင်မှုဖြစ်ပါတယ်"ဟု Inmarsat ဒုတိယဥက္ကဋ္ဌ ခရစ်မက်လောလင်က ပြောကြားသည်။ *—Ref: BBC*



7 DAY NEWS JOURNAL
# International
Vol.13, No.10 • MAY 14 , 2014

## တောင်ကိုရီးယားကူးတို့သင်္ဘောနစ်မြုပ်မှုတွင် အသက်ပေး၍ ကူညီခဲ့သူ ဝန်ထမ်းသုံးဦး သူရဲကောင်းအဖြစ် သတ်မှတ်ခံရ

**ဆိုးလ်၊ မေ-၁၂**

တောင်ကိုရီးယားအစိုးရသည် ပြီးခဲ့သည့်လက နစ်မြုပ်ခဲ့သည့် တောင်ကိုရီးယား ဆူဝိုးလ်ကူးတို့သင်္ဘောပေါ်တွင် အခြားလူများအား ကယ်ဆယ်ရန် ကြိုးပမ်းရင်း သေဆုံးသွားသူသုံးဦးကို အမျိုးသားသူရဲကောင်းများအဖြစ် သတ်မှတ်ဂုဏ်ပြုလိုက်သည်။

အဆိုပါလူသုံးဦးမှာ သင်္ဘောတွင် အချိန်ပိုင်းဝန်ထမ်းအဖြစ် လုပ်ကိုင်သူများဖြစ်ပြီး နှစ်ဦးမှာ စေ့စပ်ထားသည့်စုံတွဲများ ဖြစ်ကြသည်။

ကင်မ်ကီဝန်းနှင့် ဂျန်ယွန်ဆွန်းအမည်ရ ထိုစုံတွဲသည် သင်္ဘောနစ်မြုပ်ချိန်တွင် ထွက်သွားနိုင်သော်လည်းအခြားသူများကို ကယ်ဆယ်ရန် သင်္ဘောထဲ၌ နေခဲ့ကြသူများဖြစ်သည်။

တတိယတစ်ဦးမှာ (၂၁)နှစ်အရွယ် ပက်ဂျီယောင်ဆိုသူ အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး ၎င်းသည် သင်္ဘောတွင်း ပိတ်မိနေသူများကို ကယ်ဆယ်နေချိန်တွင် အခြားသူတစ်ဦးအား ၎င်းကိုယ်ပိုင် ဝတ်ထားသော အသက်ကယ်အင်္ကျီကို ချွတ်ပေးခဲ့သူဖြစ်သည်။

ထိုသုံးဦးအား အမျိုးသားသူရဲကောင်းများအဖြစ် သတ်မှတ်လိုက်သောကြောင့် ၎င်းတို့၏ ရုပ်အလောင်းကို နိုင်ငံတော်သင်္ချိုင်းတွင်လည်း သင်္ဂြိုဟ်ပေးခြင်းခံရမည် ဖြစ်သလို ကျန်ရစ်သူမိသားစုများသည် သင့်လျော်သော ဘဏ္ဍာရေး အထောက်အပံ့များ၊ ဆေးကုသခွင့်များနှင့် အခြားထောက်ပံ့မှုများ ရရှိမည်ဖြစ်သည်။

တောင်ကိုရီးယား ကူးတို့သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးသူ စုစုပေါင်းမှာ ယနေ့အထိ ၂၇၈ ဦး ရှိခဲ့ပြီး သင်္ဘောမှ အသက်ရှင် ကျန်ရစ်သူ ကပ္ပတိန်နှင့် အခြားသင်္ဘောသားများ စုစုပေါင်း ၁၅ ဦးကို လူသေစေမှု၊ ပေါ့လျော့မှုဖြင့် တရားစွဲဆိုကာ ဖမ်းဆီးထားသည်။

—Ref: AP




RUNGROJ YONGRIT/EPA

*လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များ ရဲခွေးတစ်ကောင်နှင့်အတူ ဘေဂျင်းမြို့ စီးပွားရေးရပ်ကွက်တစ်ခုတွင် ကင်းလှည့်နေသည်ကို မေလ ၁၂ ရက်က တွေ့ရစဉ်။ တရုတ်အစိုးရသည် မြို့တော်ဘေဂျင်းတွင် အကြမ်းဖက်မှုဖြစ်ရပ်များ ကိုင်တွယ်ထိန်းချုပ်ရန် လက်နက်ကိုင်ရဲတပ်ဖွဲ့များကို မေလ ၁၂ ရက်က စတင်ချထားလိုက်သည်။*

## ဘိုကိုဟာရမ်အရေး အာဖရိကထိပ်သီး ဆွေးနွေးပွဲကျင်းပရန် ပြင်သစ်ကမ်းလှမ်း

**ဘာကူ၊ မေ-၁၂**

ပြင်သစ်အစိုးရသည် အစ္စလာမ်မစ် ဘိုကိုဟာရမ်သူပုန်အဖွဲ့အရေးနှင့် ပတ်သက်၍ နိုင်ဂျီးရီးယား အပါအဝင် ယင်း၏အိမ်နီးချင်းနိုင်ငံများနှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပရန် ကမ်းလှမ်းထားသည်ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီက မေလ ၁၁ ရက်တွင် ပြောကြားသည်။

ဘိုကိုဟာရမ် သူပုန်များသည် ပြီးခဲ့သည့်လတွင် နိုင်ဂျီးရီးယား ကျောင်းသူ ၂၀၀ ကျော်ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ရာမှ ကမ္ဘာတစ်ဝန်းတွင် ပြစ်တင်ဝေဖန်ရှုတ်ချမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းသူပုန်အဖွဲ့အပေါ် ပို၍အာရုံစိုက်လာကြသည်။

"နိုင်ဂျီးရီးယားအိမ်နီးချင်းတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့ တင်ပြထားပါတယ်။ အဲဒီနိုင်ငံတွေအားလုံးက သဘောတူတယ်ဆိုရင် ဆွေးနွေးပွဲကို မေလ ၁၇ ရက်မှာ ကျင်းပပါမယ်"ဟု ပြင်သစ်သမ္မတ ဟော်လန်ဒီက ပြောကြားသည်။

နိုင်ဂျီးရီးယား၊ ဘီနင်၊ ကင်မရွန်း၊ ချဒ်နှင့် နိုင်ဂျာနိုင်ငံများမှ ခေါင်းဆောင်များသည်

စာမျက်နှာ ၄၆ »

## တရုတ်နိုင်ငံထုတ် တန်ဖိုးနည်းစမတ်ဖုန်း Xiaomi အက်ပဲလ်နှင့် လီနိုဗိုကိုကျော်၍ ရောင်းအားကောင်း

**စင်ကာပူ၊ မေ-၁၂**

တရုတ်နိုင်ငံထုတ် တန်ဖိုးနည်း စမတ်ဖုန်း တစ်မျိုးဖြစ်သည့် Xiaomi သည် နိုင်ငံပြင်ပတွင် လူသိနည်းသေးသော်လည်း ပြည်တွင်းဈေးကွက်တွင် ရောင်းအားတိုးတက်လာပြီး အက်ပဲလ်နှင့် ဆမ်ဆောင်းကဲ့သို့ နာမည်ကြီး အမှတ်တံဆိပ်များကို စိန်ခေါ်လာနိုင်ကြောင်း စစ်တမ်းတစ်ရပ်က ဖော်ပြသည်။

ဈေးကွက်သုတေသနကုမ္ပဏီ Counterpoint Technology ၏ စစ်တမ်းအရ တရုတ်နိုင်ငံတွင် ဇန်နဝါရီမှ မတ်လအထိ သုံးလတာ ကာလအတွင်း အာရှ၌ လူကြိုက်များပြီး ရောင်းအားကောင်းသည့် အမှတ်တံဆိပ်များဖြစ်သော ဟွာဝေးနှင့် ဆိုနီတို့ကို ကျော်ဖြတ်ကာ တတိယနေရာသို့ ရောက်လာသည်။

၎င်းရှေ့တွင် ပထမနေရာမှ ဆမ်ဆောင်းမှာ ဈေးကွက်ဝေစု ၁၈ ရာခိုင်နှုန်းနှင့် ဒုတိယနေရာမှ လီနိုဗိုမှာ ဈေးကွက်ဝေစု ၁၂ ရာခိုင်နှုန်းဖြင့် ရှိနေသည်။

ဘေဂျင်းအခြေစိုက် Xiaomi သည် ၂၀၁၃ တွင် ဖုန်းအလုံးရေ ၁၈ ဒသမ ၇ သန်း ရောင်းချခဲ့ရပြီး ယခုနှစ်အတွင်းအလုံးရေသန်း၆၀ ခန့် ရောင်းချနိုင်ရန် ရည်မှန်းထားသည်။

Xiaomi သည် ဝင်ငွေနည်းသူများအတွက် ဒေါ်လာ ၁၀၀ အောက်

စာမျက်နှာ ၄၆ »




DEVELOPED BY
UNITED
WE DEFINE LIFESTYLE
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
❖ ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SERVICED RESIDENCE ❖
❖ ဘိုးဘွားပိုင်မြေ တစ်ကေပေါ်ရှိ အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၆၉)ခန်း ❖
❖ နိုင်ငံတော်မှ CONDOMINIUM LAW ထွက်ရှိလာလျှင် ထို CONDOMINIUM LAW အရ
မြေပိုင်ဆိုင်မှုကို အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းပိုင်ဆိုင်နိုင်မည့် အခွင့်အရေး ❖
❖ လူကြီးမင်းများအတွက် အလွန်ခိုင်မာသော ရင်းနှီးမြှုပ်နှံမှု ❖
စင်္ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်မည့် 68 RESIDENCE အကြိုရောင်းချခြင်း
အခမ်းအနားသို့ ကြွရောက်ကြပါရန်မိတ်ဆွေများအားလုံးကိုဖိတ်ကြားအပ်ပါသည်။
❖ 2014, MAY 24 - 25 (SAT & SUN) ❖
❖ 10AM - 8PM ❖
❖ FOUR SEASONS HOTEL ❖
LEVEL 20, WINDOW EAST ROOM
190 ORCHARD BOULEVARD,SINGAPORE 248646
• ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
• တမူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး SMART ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
• ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
• 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
• အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
FULLY FINISHED FACILITIES
❖ MARBLE/GRANITE FLOOR
❖ INTERNATIONAL STANDARD PARQUET
❖ LOW E-GLASS
❖ BUILT IN KITCHEN WITH CABINET AND OVEN
❖ FULLY FITTED BATH ROOM
❖ DOWNLIGHT LIGHTING FOR WHOLE UNIT
❖ SPLIT TYPE AIRCON
❖ FULLY PAINTED WITH INTERNATIONAL QUALITY PAINT
❖ WARDROBE IN ALL BEDROOMS
❖ HOT & COLD WATER SYSTEM
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4350 - 5400 Sqft
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။
ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး
မိမိကြိုက်နှစ်သက်သည့်အခန်း ရွေးချယ်နိုင်ပါသည်။
7th JUNE တွင် 5%, JULY တွင် 10%, AUGUST တွင် 10% ပေးသွင်းပြီး
ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍(2%ဝန်းကျင်စီ) ပေးသွင်းရပါမည်။ နောက်ဆုံးကျန်ငွေ
5%ကို အခန်းဝယ်ယူသူများမှ DEVELOPER အား သော့အပ်ချိန်၌
ပေးသွင်းရပါမည်။
SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513,
09 4500 21758, 09 540 7541, 09 2501 41060

7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## မကွေးတိုင်းဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ရာထူးမှ နုတ်ထွက်ပေးရန် စာရေးသားတောင်းဆို

သတင်းမီဒီယာများကို တရားစွဲဆိုခြင်း၊ စာပေဟောပြောပွဲများနှင့် ဆန္ဒထုတ်ဖော်ပွဲများကို ပိတ်ပင်ခြင်းအပါအဝင် ဝေဖန်မှုမျိုးစုံခံနေရသည့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ ရာထူးမှ နုတ်ထွက်ပေးရန် မကွေးမြို့အတွင်းရှိ နေရာအချို့တွင် စာရေးသားတောင်းဆိုမှုများ မေလဒုတိယပတ်က ပြုလုပ်ခဲ့ကြသည်။ “ဘုန်းမော်ရွှေ မကွေးတိုင်းမှ နုတ်ထွက်ပေး”ဟူ၍ မကွေးမြို့အတွင်းရှိ လူစည်ကားသောနေရာအချို့တွင် ရေးသားဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဝေဖန်မှုများရှိနေသော်လည်း ဦးဘုန်းမော်ရွှေလက်ထက်တွင် မကွေးမြို့နယ်သည် နိုင်ငံတော်သမ္မတက ပေးအပ်သည့် ၂၀၁၄ အတွက် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု ရရှိခဲ့သည်။

## သန်းခေါင်စာရင်း ကောက်ယူရန်ကျန်နေသော ဘင်္ဂါလီများကို လူမျိုးအမည်မဖော်ပြဘဲ စာရင်းကောက်မည်

ရခိုင်ပြည်နယ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိနေသော ဘင်္ဂါလီများကို လူမျိုးအမည်မဖော်ပြဘဲ စာရင်းရေးသွင်းသည့် နည်းလမ်းဖြင့် ဆက်လက်ကောက်ယူရန် အစိုးရက ဘာသာရေးခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ခရိုင်ကြီး ငါးခုအနက် နှစ်ခုမှာ ကောက်ယူပြီးစီးသွားသော်လည်း ကျန်သုံးခုမှာ ရိုဟင်ဂျာအမည် ထည့်သွင်းပေးရန် တောင်းဆိုသဖြင့် အစိုးရက သန်းခေါင်စာရင်းကောက်ယူမှုကို ချန်လှပ်ထားခဲ့ခြင်းဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိနေသေးသော ကချင်ပြည်နယ်ရှိ ကျေးရွာ ၉၇ ရွာကို ကောက်ယူရေးနှင့် ပတ်သက်ပြီး ကေအိုင်အိုနှင့် ဆက်လက်ညှိနှိုင်းမည်ဟု ဆိုသည်။

## မဟနနှင့် မဘသအမျိုးဘာသာကိစ္စများ ပူးပေါင်းဆောင်ရွက်

မျိုးစောင့်ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဦးစီးဆောင်ရွက်နေသော အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မ.ဘ.သ)ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (မ.ဟ.န)က အသိအမှတ်ပြုလက်ခံပြီး အမျိုးဘာသာကိစ္စရပ်များကို လက်တွဲဆောင်ရွက်ရန် သဘောတူခဲ့သည်။ သံဃာစည်းမျဉ်းများအရ ယခင်က အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ကို လုံးဝအသိအမှတ်မပြုခဲ့သော်လည်း သံဃာတော်များဆောင်ရွက်သည့် သီးခြားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုကာ လက်တွဲဆောင်ရွက်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ မ.ဟ.န ကို အတိုက်အခံပြုလုပ်၍ ဖျက်ဆီးရန်မဟုတ်ဘဲ သံဃမဟာနာယကအဖွဲ့အနေဖြင့် ဆောင်ရွက်ရန် မသင့်သောကိစ္စများတွင်ဝင်ရောက်ကူညီဆောင်ရွက်ပေးရန် မ.ဘ.နကို ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ဆိုသည်။

## မြန်မာယူနန်ကုမ္ပဏီ ညောင်တုန်းတွင် စက်မှုဇုန်တည်ထောင်ရန် ကွင်းဆင်းလေ့လာ

ရောဝတီတိုင်းညောင်တုန်းမြို့နယ်ရှိ လယ်မြေဧက ၁၂၀၀ ကျော်တွင် အထည်ချုပ်စက်ရုံများအပါအဝင် စက်မှုဇုန်တစ်ခု တည်ထောင်ရန် တရုတ်ကုမ္ပဏီ တစ်ခုဖြစ်သော မြန်မာယူနန်ကုမ္ပဏီက မြေနေရာကွင်းဆင်း လေ့လာမှုများလုပ်ဆောင်နေသည်။ မြန်မာယူနန်ကုမ္ပဏီသည် လှိုင်သာယာမြို့နယ်တွင် အထည်ချုပ် စက်ရုံတစ်ရုံရှိပြီး ပုသိမ်မြို့နယ်တွင်လည်း အထည်ချုပ်စက်ရုံ တစ်ရုံကို ၂ နှစ်အတွင်းအပြီး တည်ဆောက်လျက်ရှိသည်။




ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## အာဆီယံထိပ်သီးအစည်းအဝေး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပ

အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသော မြန်မာမြေပေါ်တွင် မေလ ၁၀၊ ၁၁ ရက်၌ ပထမဆုံးအကြိမ် ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အစည်းအဝေးပေါင်း ၂၀ ကျော် ကျင်းပခဲ့ပြီး အချက် ၂၈ ချက်ပါသည့် နေပြည်တော်ကြေညာ စာတမ်းတစ်ခုရေးဆွဲနိုင်ခဲ့သည်။ အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အရေးကို အဓိကဆွေးနွေးကြပြီး အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေး ကိစ္စများလည်း ဆွေးနွေးခဲ့ကြသည်။

## ဂျာမန်လေကြောင်းလိုင်းဖွင့်ပွဲတွင် ရွှေတိဂုံစေတီပုံတူကိတ်မုန့်လှီးခဲ့ခြင်းကို သာသနာရေးဝန်ကြီးဌာန ကန့်ကွက်

ဂျာမနီနိုင်ငံမှ Condor လေကြောင်းလိုင်းဖွင့်ပွဲတွင် ရွှေတိဂုံစေတီပုံတူကိတ်မုန့်လှီးခဲ့မှုနှင့် ယင်းကိစ္စတွင် ပါဝင်ခဲ့သူ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်တို့အား သာသနာရေးဝန်ကြီးရုံးက ကန့်ကွက်ခဲ့သည်။ အဆိုပါအပြုအမူသည် ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားရာ ကမ္ဘာကျော်စေတီတော်တစ်ဆူကို စော်ကားသည့်အပြုအမူဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကန့်ကွက်ရခြင်းဖြစ်ကာ တရားစွဲဆိုမှုပြုလုပ်မည်မဟုတ်ဟု သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ကားတင်သွင်းခွင့်မူဝါဒအပြောင်းအလဲ ထပ်မံမလုပ်တော့ဟု ဦးဝင်းမြင့်ပြော

ကားတင်သွင်းခွင့်မူဝါဒနှင့် ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ၎င်း၏လက်ထက်တွင်အပြောင်းအလဲ ထပ်မံပြုလုပ်တော့မည်မဟုတ်ဟု ပြောကြားသည်။အစိုးရသစ်လက်ထက်တွင် ကားတင်သွင်း ခွင့်မူဝါဒရှစ်ကြိမ်တိတိ ပြောင်းလဲခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက ကျန်ရှိသည့် အစိုးရကာလအတွင်း ထပ်မံပြောင်းလဲတော့မည်မဟုတ်ဟု မာစီးဒီးကား အရောင်းပြခန်းဖွင့်ပွဲ၌ ကတိပေးပြောဆိုခဲ့သည်။

## SNLD ကျေးရွာပါတီဥက္ကဋ္ဌဖမ်းဆီးခံရမှုနှင့် ရှမ်းပြည်နယ်တွင် ဖြစ်သည့်ကိစ္စများကို သမ္မတထံ ပြောကြားပေးမည်ဟုဆို

ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကျေးရွာပါတီဥက္ကဋ္ဌကို လက်နက်ကိုင်အဖွဲ့နှင့်ဆက်သွယ်မှုကြောင့် ဖမ်းဆီးခံထားရမှု အပါအဝင် ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များအတွက် နိုင်ငံတော်သမ္မတထံ တိုက်ရိုက်ပြောကြားပေးမည်ဟုနိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအားပြောကြားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးထားပြီးဖြစ်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော်(RCSS/ SSA)နှင့် ဆက်သွယ်မှုဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နမ့်လင်းမိုင်ကျေးရွာပါတီဥက္ကဋ္ဌကို စစ်တပ်က ဝင်ရောက်ဖမ်းဆီးပြီးနောက် ကျိုင်းတုံမြို့နယ်ရဲစခန်းတွင် အမှုဖွင့် တရားစွဲဆိုထားခြင်းနှင့် ကျိုင်းတုံမြို့ရှိ RCSS ဆက်ဆံရေးရုံးကို ဝင်ရောက်ရှာဖွေခြင်းအတွက် အမြန်ဆုံးဖြေရှင်းပေးရန် RCSS နှင့် SNLD တို့က အစိုးရထံ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

## ပထမဆုံးမြန်နှုန်းမြင့် အပေါ့စား တိုက်ရေယာဉ် ရေချ

မြန်မာ့တပ်မတော်(ရေ) ၏ ပထမဆုံး Torpedo Boat ဖြစ်သော မြန်နှုန်းမြင့်အပေါ့စား တိုက်ရေယာဉ်တစ်စီးကို မေလ ၉ ရက်က ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် ရေချခဲ့သည်။ အဆိုပါတိုက်ရေယာဉ်မှာ ပေ ၇၀ ခန့်ရှည်ပြီး တစ်နာရီရေမိုင် ၃၅ မိုင်အထိ မောင်းနှင်နိုင်သည်။ သင်္ဘောပုံစံကို ထောင့်ချိုးပုံစံအများဆုံး အသုံးပြုကာ အလူမီနီယံသတ္တုကိုယ်ထည်ဖြင့် တည်ဆောက်ထားသောကြောင့် ရေဒါဖြင့် ဖမ်းယူကြည့်ရှုရန်မလွယ်ကူကြောင်း တပ်မတော်(ရေ)မှ အရာရှိတစ်ဦးကပြောသည်။

## ရောဝတီမြစ်ရေ ရုတ်တရက်ကြီးနိုင်

မေလ ဒုတိယပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးအားကောင်းနေသောကြောင့် ဧရာဝတီမြစ်ရေ ရုတ်တရက်တိုးနိုင်ကြောင်း မိုး/ဇလဌာနက မေလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် အထက်ပိုင်းဒေသ မြစ်ကြီးနားမြို့မှစတင်ကာ အောက်ပိုင်းဟသ်တမြို့အထိဧရာဝတီမြစ်ဖြတ်သန်းစီးဆင်းရာ မြစ်ကြောင်း တစ်လျှောက်ရှိမြစ်ကမ်းနံဘေးနေသူများနှင့် ရေယာဉ်များ သတိပြုနေထိုင်သင့်ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများမှ တစ်ဆင့်သတိပေးမှုများ ပြုလုပ်ခဲ့သည်။

## မိုးသက်ကုမ္ပဏီ ပဲအကြွေး ကျပ်သန်း ၁၇,၀၀၀ ခန့် ဆပ်ရန်ရှိ

ပဲလောကတွင် ငွေကြေးဆိုင်ရာပြဿနာဖြစ်နေသော မိုးသက်ကုမ္ပဏီသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း ၂၀ ကျော်အား ပေးဆပ်ရန် အကြွေးကျပ်သန်း တစ်သောင်းခုနစ်ထောင်ခန့်ရှိသည်။ ပြည်ပကုမ္ပဏီ ၁၆ ခု၊ ပြည်တွင်းကုမ္ပဏီ ငါးခုခန့်အား အကြွေးဆပ်ရန်ရှိပြီး စာချုပ်ဖြင့် ပဲရောင်းဝယ်ထားသည့် ကုမ္ပဏီများရှိသည့်အပြင် ပစ္စည်းအပ်စနစ်ဖြင့် ရောင်းချထားပြီး ငွေရရန်ရှိသော ကုမ္ပဏီများလည်းရှိသည်။

7 DAY NEWS JOURNAL
Vol.13, No.10 ▪ MAY 14 , 2014



စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

ရှေးအိမ်ကြီး တစ်ခု အတွင်းသို့ ရောက်နေသည့် အငွေ့အသက်ကို ခံစားရသည်။ ညှော့ခန်းက ဘေးနံရံကြီးတစ်ချပ်မှာ အင်္ဂတေသားများ ကွာကျလျက်ရှိရာ အတွင်းမှ အုတ်ချပ်များကို လှမ်းမြင်နေရသည်။ ညှော့ခန်းအလယ်တွင် စန္ဒရားဟောင်းကြီး တစ်လုံးရှိ၏။ အဆိုပါ စန္ဒရားအိုကြီးနှင့် မလှမ်းမကမ်းတွင် မီးခံသေတ္တာဟောင်း ခပ်စုတ်စုတ်တစ်လုံးနှင့် ဆိုနီတံဆိပ်ရေဒီယိုဟောင်းကြီးတို့ကို တွေ့နေရပြန်သည်။

အခြားနံရံတစ်ခုပေါ်တွင်မူ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က ဖူးခက်မြို့ထုတ်ဝါကြန့်ကြန့်နေ့စဉ်သတင်းစာ အစုတ်အပြဲလေးငါးရွက်ကို မှန်ဘောင်သွင်း၍ တရိုတသေ ချိတ်ဆွဲပြသထားပြန်သည်။ ဂျိုး၏ရှင်းလင်းချက်မှာ စိတ်ဝင်စားဖွယ် ဖြစ်၏။

“ဒီနံရံဟောင်းကြီးကို မျက်နှာဖြူတွေ သိပ်သဘောကျကြတယ် ကိုသက်ခိုင်။ ဒီနံရံကြီးကိုမှီပြီး ဓာတ်ပုံတွေ စွတ်ရိုက်ကြတော့တာပဲ။ ရေဒီယို အဟောင်း၊ မီးခံသေတ္တာအဟောင်းတွေကိုလည်း အထူးအဆန်းအဖြစ် တအံ့တသြကြည့်ကြ၊ ဓာတ်ပုံ ရိုက်ယူကြတယ်ဗျ။ ဒီဟိုတယ်ရဲ့ အပေါ်ထပ်ကြမ်းခင်းတွေကို ကျွန်တော်ပြင်ဆင်အစားထိုးဖို့ တာဝန်ယူရတုန်းက သက်တမ်းအနီးစပ်ဆုံးဖြစ်တဲ့ သစ်သားချောင်းတွေ ပင်ပင်ပန်းပန်းလိုက်ရှာရသေးတယ်။ သစ်အဟောင်းဈေးက အသစ်ထက် အများကြီး ဈေးပိုပေးရတယ်။ အဲဒီလို ရှေးလက်ရာမပျက်ပြင်ဆင်ထားတာကြောင့် ဒီဟိုတယ်ရဲ့ အကြီးစားမွမ်းမံစရိတ်ဟာဘတ်သန်းငါးဆယ်ကျော်ကုန်တယ်ဆိုရင် ယုံနိုင်စရာတောင် မရှိဘူးကိုသက်ခိုင်”

ကျွန်တော်နှင့်တွေ့လေတိုင်း သူကချည်းဦးဆောင်ကာ စကားဖောင်ဖွဲ့နေတတ်သော ကိုသက်ခိုင်သည် သည်တစ်ကြိမ်တွင် နားထောင်သူ သက်သက်ဖြစ်နေပြန်လေ၏။ ဂျိုးက ကျွန်တော်တို့ကို ဟိုတယ်အပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားချိန်တွင် အတက်လှေကားအနီးမှ ညှော့ကြိုကောင်တာ၏ရှေ့၊ အောက်ဘက်ကြမ်းပြင်တွင် ခရီးဆောင် လက်ဆွဲအိတ်ဟောင်းနှစ်လုံးကို တွေ့ရပြန်သည်။ အိတ်နှစ်လုံးကားတချို့နေရာများတွင် သံချေးပင်တက်စပြုနေချေပြီ။ အဆိုပါ အိတ်နှစ်လုံး၏လက်ကိုင်တွင်အဖြူရောင်စက္ကူကတ်ပြားနှစ်ချပ်ကို တွေ့ရှိသဖြင့် ကျွန်တော် ဖတ်ရှုမိရာ Phuket AirPort 23Oct; 1942 Phuket AirPort Dec;12, 1944ဟူသော စာတန်းတို့ကို ရေးထိုးထား၏။ ကျွန်တော်က အံ့ဩသည့်လေသံဖြင့် ဂျိုးကို လှမ်းမေးမိသည်။ သူ့အဖြေကြောင့် ကျွန်တော်ဆတ်ခနဲ တွန့်သွားမိသည်။

“ဒီခရီးဆောင်အိတ်တွေက ညှော့သည်တွေ မေ့ကျန်ခဲ့တာ ထင်ပါရဲ့”

“ဟာ ပေါက်ပေါက်ရှာရှာ ကိုမင်းဒင်ရာ။ ဈေးကြီးပေးပြီး ရှာဝယ်ထားတာခင်ဗျ။ တစ်လုံးကို ဗမာငွေ ဆယ့်ငါးသိန်းလောက်တန်တယ်”

အွန်အွန်ဟိုတယ်၏ အပေါ်ထပ်သည်လည်း ကျွန်တော်မျှော်လင့်ထားသလို ကြီးကျယ်ခမ်းနားသည့် ခေတ်မီသစ်လွင်မှုကို မတွေ့ရချေ။ ဂျိုးနှင့်ကိုသက်ခိုင်ကား လီယိုနာဒိုဒီကာပရီယိုတည်းခိုခဲ့ရာ အခန်းနံပါတ်(၂၀၄)ရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက်နေကြသည်။ အပေါ်ထပ် စင်္ကြံလမ်းတစ်ခု၏ ဘေးနေရာ ကျယ်သောကွက်လပ်တစ်ခုတွင် မျက်နှာပြင်ကို သားရေဖြင့် ကျပ်ထားသည့် အချင်းငါးပေခန့်ရှိသော ရောမစည်ကြီးတစ်လုံးကို တွေ့ရသည်။ ဟိုဟိုသည်သည် လျှောက်ကြည့်နေရင်း လွန်ခဲ့သော နှစ်လခန့်က ဂျိုးတစ်ယောက် ကျွန်တော့်ထံမှ အထူးအဆန်းပစ္စည်းတစ်မျိုး ရန်ကုန်မှ ဝယ်ယူပေးရန်မှာယူခဲ့ဖူးသည်ကို ကျွန်တော်ပြေးသတိရမိပြန်သည်။

“ဟော့၊ ဂျိုးကိုယ်အခုမှ တွေးမိတယ်။ ဟိုတစ်လောက မှာတဲ့ ကျောက်သင်ပုန်းနဲ့ ကျောက်တံဟာ ဒီဟိုတယ်မှာ သုံးဖို့ထင်ပါရဲ့”

“ဟုတ်တယ် ကိုမင်းဒင်၊ စားသောက်ခန်းတွေ၊ ညှော့ခန်းတွေမှာ သူတို့မှာချင်တဲ့ စားသောက်ဖွယ်ရာတွေရဲ့ နာမည်တွေကို ကျောက်သင်ပုန်းနဲ့ ကျောက်တံသုံးပြီး ရေးခိုင်းမယ်လို့ စိတ်ကူးခဲ့တာ။ ဘားမားအိုင်ပက်ဆိုပါတော့။ အဆင်မပြေပါဘူးဗျာ။ သစ်သားဘောင်တွေက လက်ရာအရမ်းညံ့တယ်။ ဘောင်တွေမှာ မညီမညာဖြစ်နေတဲ့ သစ်သားစတွေစူးမိရင် လျော်လို့ဆုံးမှာ မဟုတ်ဘူး။ ဗမာပြည်က ကျောက်သင်ပုန်းတွေမှာယူပြီး ဘောင်တွေဖြုတ်၊ လှွင့်ပစ်၊ နောက်ထိုင်းလုပ်ဘောင်လှလှလေးတွေ တပ်ထားတဲ့ ကျောက်သင်ပုန်းတွေ ဘန်ကောက်မှာရောင်းတယ်ဗျ။ ဈေးကတော့ အော်ပုံနေတာပေါ့”

ကိုဇော်ခိုင်ခေါ် ဂျိုးတာဝန်ယူစီမံခန့်ခွဲလျက်ရှိသည့် အွန်အွန်ဟိုတယ်၏ အခန်းအားလုံးနီးပါးညှော့သည်များဖြင့် ပြည့်လျက်ရှိရာ အတွင်းခန်းတော်တော်များများကို ဝင်ရောက်ကြည့်ရှုရန် အခွင့်မသာ။ နမူနာအဖြစ် ကျွန်တော်တို့ဝင်ရောက်ကြည့်ရှုခဲ့ရသည့် အခန်းအတွင်းပိုင်းဖွဲ့စည်းပုံမှာလည်း ခေတ်မီအသုံးအဆောင်များထက် လွန်ခဲ့သောနှစ် ကိုးဆယ်ဝန်းကျင်က ရှေးဟောင်းအသုံးအဆောင်များသာဖြစ်၍ ထိုသည်ပင် ညှော့သည်တို့ကို ဆွဲဆောင်လျက်ရှိဟန်တူ၏။ လူ့သဘာဝသည် ထူးဆန်းပေစွ။ အတိတ်ခြေရာတို့ကို ပြန်လည်တမ်းတလိုသော ခံမင်သောသဘောရှိလေသည်တကား။ ကိုသက်ခိုင်ကား ထူးထူးခြားခြား နှုတ်ဆိတ်ကာ သူသိလိုသမျှ ဂျိုးကို မေးခွန်းဆက်တိုက်ထုတ်လျက်ရှိ၏။

“ကိုယ့်လူဟိုတယ်က ရိုးရိုးလေးနဲ့ ဆန်းနေတဲ့ ဟိုတယ်ပါကလား။ တို့နိုင်ငံက ဟိုတယ်ပိုင်ရှင်တွေကို ခေါ်ပြချင်ပါရဲ့”

“အာ၊ ဟိုတယ်ပိုင်ရှင်တွေကိုတင်ခေါ်ပြရမှာမဟုတ်ဘူး ကိုသက်ခိုင်။ ကျွန်တော်က အစိုးရတာဝန်ရှိပုဂ္ဂိုလ်တွေကိုပါ ခေါ်ပြချင်တာ။ တကယ့်တော့ ဟိုတယ်ခရီးသွားလုပ်ငန်းဆိုတာ ကိုယ့်နိုင်ငံကိုယ့်ဒေသမှာ ရှိတာလေးနဲ့ အံဝင်အောင် စဉ်းစားပြီး နိုင်ငံတကာညှော့သည်တွေလာချင်အောင် ဆွယ်ရတာမျိုးဗျ။ ထင်ရှားတဲ့ ဥပမာပေးရရင် အင်တာနက်လိုင်းမရတဲ့ နယ်မြေဆိုပါတော့။ အင်တာနက်ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ပြီး အင်တာနက်ဒုက္ခကနေ ဝေးဝေးနေချင်တဲ့သူတွေကို မြူဆွယ်ရမှာ။ ခုတော့ဗျာ တန်ဖိုးကြီးရှေးဟောင်းအမွေတွေတစ်ပုံကြီးရှိနေတာတောင် စီးပွားဖြစ်အောင် မဖန်တီးနိုင်ရုံတင်မက လျှောက်ဖျက်ဆီးနေကြသလိုပဲ။ စဉ်းစားကြည့်လေ၊ နဝတ၊ နအဖခေတ်တွေတုန်းက နှစ်ပေါင်းထောင်ချီပြီး အထင်ကရသမိုင်းဝင်ခဲ့တဲ့ ပုဂံဘုရားတွေကို ဝန်ကြီးတွေ၊ စစ်တပ်အရာရှိကြီးတွေ တစ်ယောက်စေတီ ဘယ်နှဆူမွမ်းမံကြဆိုပြီး သမဝါယမအသင်းခွဲတမ်းချသလို ချတယ်ဗျာ။ စေတီမှန်သမျှ ထုံးသင်္ကန်းတွေ ကပ်၊ ပုထိုးနံရံတွေမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးပန်းချီလက်ရာတွေကို အင်္ဂတေနဲ့ အပေါ်ကနေ အချောကိုင်ကြတယ်တဲ့ဗျာ။ အံ့သြစရာအကောင်းဆုံးကတော့ သူဌေးမင်းဦးတေဇဟာ ပုဂံရှေးဟောင်းနယ်မြေမှာ မျှော်စင်အသစ်ကြီးဆောက်သတဲ့။ ကိုသက်ခိုင်ရယ်။ ပုဂံနယ်မြေမှာ သူ့တန်ဖိုးနဲ့ သူကြီးကျယ်တဲ့ သမိုင်းကြောင်းရှိပြီးသားပါ။ ပုဂံကို ပဲရစ်က အီဖယ်မျှော်စင်ကြီးရွှေ့လာရင်တောင် မူလသမိုင်းတန်ဖိုးထပ်တက်လာမှာမဟုတ်ပါဘူး။ နောက်တစ်ခုရှိသေးဗျာ။ ဦးပိန်တံတားရဲ့ အောက်ခြေကို သစ်သားတိုင်တွေကို ဖြုတ်ထုတ်ပြီး ကွန်ကရစ်တိုင်တွေနဲ့ အစားထိုးသတဲ့။ သီတဂူဆရာတော်ကြီးဟောတဲ့ လူမိုက်အင်္ကျီလေးပါးနဲ့တော့ အံကိုက်ပဲဗျာ”

“လူမိုက်အင်္ကျီလေးပါးတဲ့လား လုပ်စမ်းပါအုံးဂျိုးရာ”

“ကိုသက်ခိုင်ကတော့ သိသိကြီးနဲ့ လုပ်ပြီ။ နည်းမှားတွေကို လုပ်တယ်။ သူတစ်ပါးကိုလည်း အဲဒီနည်းမှားတွေကို လုပ်ခိုင်းတယ်။ အဲဒီနည်း အမှားကြီးကိုလည်း သိပ်တန်ဖိုးထားတယ်။ မှားနေပြီလို့ ပြောရင် ပြောတဲ့သူကို ရန်ရှာတယ်တဲ့ဗျာ။ ဆရာတော်ကြီးရဲ့ နောက်ဆုံးမှတ်ချက်ကတော့ အဲဒီလေးချက်မှာ အဆိုးတကာ့အဆိုးဆုံးကတော့ ကိုယ်လုပ်နေတဲ့ အမှားတွေကို သိပ်တန်ဖိုးထားတယ်ဆိုတာပဲ။ အမှားကို တန်ဖိုးသိပ်ထားတယ်ဆိုမှတော့ အမှန်ကို တန်ဖိုးရှိတယ်လို့ ဘယ်ထင်တော့မလဲ။ သိပ်ကြောက်ဖို့ကောင်းတယ်။ တစ်ဘဝလုံးသွားရောတဲ့”

ဂျိုးကား ဟိုတယ်အပေါ်ထပ် စင်္ကြံလမ်းတစ်လျှောက် ခပ်ဖြည်းဖြည်းလျှောက်နေရင်း ကိုသက်ခိုင်ကို လက်ချာပေးလျက်ရှိ၏။ ဟိုတယ်ကြမ်းခင်းမှာ သစ်သားကြမ်းခင်းဖြစ်သော်ငြား ထိန်းသိမ်းမှုနည်းစနစ်ကောင်းမွန်သောကြောင့် သေသပ်ခိုင်ခံ့လှသည်။ ကျွန်တော်ကမူ သစ်သားဗီရိုတစ်ခုမှာ ဘူးသီးနှင့် ခရမ်းသီးပုံလက်ကိုင်ဘုကလေးနှစ်ခုကို ကိုင်ကြည့်ရင်း သဘောကျနေမိသည်။ ဟိုတယ်နေရာအနှံ့တွင် အိုးကြီးအိုးငယ်တို့ဖြင့် စနစ်တကျပြုစု ပျိုးထောင်ထားသော ပန်းမန်မျိုးစုံ မှာ မျက်စိပသာဒဖြစ်စေသည်မက စိတ်ကိုပါ ကြည်နူးစေသည်ကား အမှန်ဖြစ်၏။ တစ်ခုသော နေရာတွင်ကား ဈေးနှုန်းချိုသာစွာ တည်းခိုသူတို့အတွက် စုပေါင်းစပ်ပေါင်းတည်းခိုနိုင်သည့် အခန်းများကို မီးဖိုချောင်နှင့် တွဲလျက်တွေ့ရပြန်သည်။ ဂျိုး၏အဆိုအရ ဤအခန်းတို့သည် ဆင်းရဲသားငွေကြေးချို့တဲ့သူတို့ချည်းလာရောက် တည်းခိုကြသည်မဟုတ်ဘဲ သာမန်လူမှုပတ် ဝန်းကျင်တွင် စိတ်အပန်းဖြေလိုသည့် ဂုဏ်သရေရှိကျိုကျိုတက်ချမ်းသာကြသူများနှင့် လူမှုဘဝမျိုးစုံကို လေ့လာလိုသော ကမ္ဘာ့နာမည်ကျော်စာရေးဆရာများ၊ ကဗျာဆရာများ ပါဝင်နေသည်ဟူသတတ်။ ကိုသက်ခိုင်ကား ဂျိုး၏တရားကိုဆက်နာလိုဟန်ဖြင့်တွန်းအားပေးနေပြန်သည်။

“ကိုရင့်သုံးသပ်ချက်တွေတယ်ကောင်းကွာ။ ကိုယ်သာ အာဏာရရင် ဂျိုးကို ဟိုတယ်ခရီးဝန်ကြီးခန့်ရမယ်ထင်ပါရဲ့”

“မဟုတ်သေးဘူး ကိုသက်ခိုင်။ ဗမာပြည်မှာ ဟိုတယ်ခရီးသွားလုပ်ငန်းကို ကျွန်တော်ထက် အပြန်တစ်ရာတတ်တဲ့သူတွေ တစ်ပြုံကြီးပါ။ ခက်နေတာက အစိုးရမင်းများဟာ တတ်သိနားလည်သူတွေကနေ စောစောကပြောတဲ့ လူမိုက်အင်္ကျီလေးပါးထဲကလို အမှားကို ထောက်ပြရင် ဒေါကန်ကြတာဗျ။ ပြောလက်စနဲ့ မထူးပါဘူးဗျာ။ လွန်ခဲ့တဲ့ရက်ပိုင်းက ဖတ်ရတဲ့ သတင်းတစ်ပုဒ်မှာ ပုဂံရွှေစည်းခုံနဲ့ အာနန္ဒာဘုရားမှာ ရှိနေတဲ့ ရှေးမူလက်ရာပန်းချီတွေကို နေပြည်တော်အမျိုးသားပြတိုက်မှာ ထားဖို့ ယဉ်ကျေးမှုဝန်ကြီးကတောင်းတာကြောင့်ဘယ်နှချပ်ဆိုလား ဖြုတ်ပေးလိုက်ရသတဲ့။ တန်ဖိုးမဖြတ်နိုင်တဲ့ ပုဂံဒေသကို ဘယ်လိုထိန်းသိမ်းမလဲဆိုတာတော့မစဉ်းစားဘူး။ သူ့တာသာ နေရာမှန်မှာ ရှိနေတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ဖြုတ်ပြီး နေရာရွှေ့မတဲ့။ ဒီကိစ္စအပေါ် ရှေးဟောင်းသုတေသနပညာရှင်ဒေါက်တာဖြိုးကျော်ရဲ့ မှတ်ချက်ဟာ မှတ်သားစရာပဲဗျ။ ရှေးဟောင်းပစ္စည်းဆိုတာ နေရာမရွှေ့ရဘူး။ သူ့နေရာနဲ့ သူထားရမယ်။ ဥပဒေအရ မရွှေ့ရဘူး။ နိုင်ငံတကာမှာလည်းလက်မှတ်ထိုးထားရတယ်။ ရွှေ့မယ်ပြောင်းမယ်ဆိုရင် အထောက်အထားခိုင်ခိုင်လုံလုံ ရှိရမယ်။ ပုဂံက အမွေအနှစ်လက်ရာတွေကို ယူဆောင်တာဟာ အာဏာရှင်ဆန်တယ်တဲ့။ မကြာခင်ကမှ နေအိမ်အကျယ်ချုပ်ဘဝက လွတ်လာတဲ့ ဗိုလ်ချုပ်ခင်ညွန့်လည်း ရှေးဟောင်းအမွေအနှစ်တွေနဲ့ ပတ်သက်ပြီး အခုထက်ထိဘာဗဟုသုတမှ ရှိသေးပုံမရဘူး။ ဟိုတစ်လောက သတင်းထောက်ကလေးမလေးတစ်ယောက်ကနေ ရှေးဟောင်းစေတီတွေ ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး အင်တာဗျူးတော့ အန်ကယ်တို့က ထေရဝါဒဗုဒ္ဓဘာသာဝင်တွေလေ။ ဘုရားတွေဟောင်းနေရင် ပြင်ရမယ်တဲ့။ ရွှေတိဂုံအနောက်ဘက်မုခ်စောင်းတန်းကြီးကို ရွှေဉာဏ်တော်စူးရောက်ပြီး ပြုပြင်ခဲ့တာကို ဂုဏ်ယူစရာလို့ မှတ်နေတုန်း ကိုသက်ခိုင်ရေ”

“ဂျိုးပြောခါမှ နားထဲမှာ မဟာဂီတ ဦးပြုံးချိုရဲ့ သီချင်းတောင်ကြားယောင်မိသလိုပဲ။ ဘာတဲ့ ယခုလည်း မိုက်ဆဲမှန်စွာ ရှေ့ကို တိုးလို့ တပိုးမိုက်ဦးမှာ ဆိုလား။ တို့တိုင်းတို့ပြည်မှာ ဘယ်ကိစ္စမဆို ရှေ့နောက်မျှော်ခေါ်စဉ်းစားပြီး လုပ်တတ်တဲ့ ဓလေ့ခေါင်းပါးနေသေးတာတော့ အမှန်ပဲကွာ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အဲပုဂံလေကြောင်းလိုင်းက နေဖူးခက်–ရန်ကုန် တိုက်ရိုက်လေယာဉ်ခရီးစဉ်ပျံသန်းခဲ့ဖူးတာ သွားသတိရမိတယ်။ လေကြောင်းလိုင်းမပြေးဆွဲခင် ထူးကုမ္ပဏီပိုင်ဆိုင်လုပ်ကိုင်နေတဲ့ ဟိုတယ်ပေါင်းမြောက်မြားစွာကို ရောမနံရံကြီးပေါ်မှာ ပရိုဂျက်တာနဲ့ ထိုးပြီးပြလိုက်တာ ဖူးခက်က ထိပ်ဆိုတဲ့ ဟိုတယ်သူဌေးတွေတောင် ပါးစပ်အဟောင်းသားနဲ့ တအံ့တသြဖြစ်ကြရတယ်ဂျိုးရေ။ ဒါပေမဲ့ကွာ။ ဗမာပြည်ဝင်ခွင့် ဗီဇာအတွက် ဘန်ကောက်ကို တကူးတကသွားရတာမို့ တစ်လကျော်လောက်နဲ့ပဲ ဖူးခက်ရန်ကုန်လေကြောင်းလိုင်းဟာ တစ်စခန်းရပ်သွားရပါရောလား။ ဒီခရီးစဉ် မပြေးဆွဲခင်ကတည်းက ဖူးခက်မှာ ဗမာကောင်စစ်ဝန်ရုံးထားမှ ဖြစ်မယ်ဆိုတာလောက်တောင် မတွေးတော၊ မစဉ်းစားခဲ့ကြတာ အံ့ပါရဲ့”

စင်စစ်ဂျိုးနှင့် ကိုသက်ခိုင်တို့၏ စကားသံများကို ကျွန်တော်နားမှ ကြားနေရသော်လည်း ကျွန်တော်စိတ်ကား ကမ္ဘာကျော် ဟောလိဝုဒ်မင်းသားလီယိုနာဒိုဒီကာပရီယိုသရုပ်ဆောင်ခဲ့သည့် တိုင်တန်းနစ်ရုပ်ရှင်ဇာတ်ကားကြီးဆီသို့ ရောက်ရှိနေလေ၏။ ဘယ်သောအခါမှ မနစ်မြုပ်နိုင်ဟု ကြွေးကြော်ခဲ့သော ဂုဏ်သရေရှိ ကြေးရတတ်ခရီးသည်အများစုကို တင်ဆောင်ခုတ်မောင်းခဲ့သည့် တိုက်တန်းနစ်သင်္ဘောကြီးကား ညဥ့်အချိန်မတော် ဘွားခနဲပေါ်လာသော ရေခဲတောင်ကြီးကြောင့် နှစ်ပိုင်းကျိုးလျက်နစ်မြုပ်ခဲ့ရသည်။ ခရီးသည်အချို့ ကံကောင်းထောက်မစွာ အသက်ရှင်ခွင့်ရကြ၏။အချို့ကားရေအောက်တွင် ထာဝရလဲလျောင်းကြ၏။ ချစ်ခြင်း၊ မုန်းခြင်း၊ လောကဓံတရား၏ ပြက်ရယ်ပြုမှု၊ သင်္ခါရ၏ သဘောတို့ကို ကျွန်တော်တွေးတောစောကြောနေဆဲမှာပင်ကို သက်ခိုင်တစ်ယောက် အဆင်းလှေကာဆီသို့ ဦးတည်နေသည်ကို ဖျတ်ခနဲ သတိပြုမိသည်။ ဟိုတယ်အောက်ထပ်သို့ ပြန်ဆင်းလာကြရင်း အပြင်ဘက်သို့ ကျွန်တော်လှမ်းကြည့်လိုက်သည့်အခါတောင်ဆီမှာ မိုးတွေညို့နေလေပြီ။ ဖူးခက်မှာ ညိုသည်မိုးကြောင့် ပျို့ဦးရင် ကျွန်တော်တို့တစ်သိုက် အပြန်ခက်ပြန်ချေဦးတော့မည်။

**(ဆက်လက်ဖော်ပြပါမည်)**

# PYI HTUN AUNG TRADING CO.,LTD

## BRIDGESTONE တာယာ၏ မိုးရာသီအတွက် အထူးဈေးရောင်းပွဲတော်

ပြည်ထွန်းအောင်ကုမ္ပဏီ၏ Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် BRIDGESTONE တံဆိပ် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt နှင့် ကျပ်(15000)တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။

Promotion ကာလ (10.5.2014 မှ 30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏မိတ်ဟောင်း မိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။

ပြည်ထွန်းအောင်ကုမ္ပဏီ၏Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များတွင် BRIDGESTONE တာယာဝယ်ယူ၍ T-shirt နှင့် ဆီကူပွန်ကို ထုတ်ယူပါ။

ဆီထည့်ပြီးလျှင် ဆီဘောက်ချာနှင့်တကွ ကူပွန်နှင့်မိမိဝယ်ယူခဲ့သောဆိုင်တွင်ငွေသားထုတ်ယူပါ။

**Universal တာယာအရောင်းဆိုင်များ**

Universal (မြေနီကုန်း) - အမှတ်(260)၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-01 2304116

Universal (အောင်မင်္ဂလာအဝေးပြေးဝင်း)-အခန်း(ယ-13)၊ပဒုမ္မာလမ်း၊ ယ-ဝင်းအသစ်၊ အောင်မင်္ဂလာအဝေးပြေးမင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73143283

Universal (မြို့ရတနာမြို့သစ်)- အမှတ်(1)၊ အမှတ်(3)လမ်းမကြီးနှင့်ကာယ(12)လမ်းထောင့်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73142042

(အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း - 09 421103088)

**အရောင်းကိုယ်စားလှယ်ဆိုင်များ**

[illegible]




Promotion ကာလအတွင်း အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပါက ပြည်ထွန်းအောင်ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

# သင့်ကလေး ဘယ်ကျောင်းမှာ ထားမလဲ.....

▪ နေလင်းထွန်း

**အခြေခံ** ပညာကျောင်းများ ဖွင့်လှစ်မည့်အချိန်နီးကပ်လာသည်နှင့်အမျှ ကျောင်းသားမိဘများတွင် ကိုယ်စီပူပန်မှုများမြင့်တက်လာသည်။ ငွေကြေးတတ်နိုင်သော မိဘများအကြားမိမိရင်သွေးကိုအစိုးရကျောင်းအပ်မည်လား၊ ကိုယ်ပိုင်ကျောင်းတက်စေမည်လား၊ အင်တာနေရှင်နယ်ကျောင်းထားမည်လား ဒွိဟစိတ်များဖြင့်ဗျာများနေကြသလို အခြေခံလူတန်းစားများအတွက်ကုန်ဈေးနှုန်းကြီးမြင့်ချိန်ကျောင်းစရိတ်အတွက် ရင်ပူနေကြရခြင်းဖြစ်သည်။

ယခင်က ပညာရေးအခွင့်အလမ်းအတွက် အစိုးရကျောင်းများကိုသာ အားထားနေခဲ့ရာမှ ယခုနှစ်အနည်းငယ်အတွင်း ကိုယ်ပိုင်ကျောင်း အရေအတွက်ပိုမိုများပြားလာသလို အင်တာနေရှင်နယ်ကျောင်းများ၏ ဈေးကွက်လည်းကြီးမားကျယ်ပြန့်လာနေသည်။

ဦးသိန်းစိန်အစိုးရသက်တမ်းသုံးနှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း အခြေခံပညာအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများမရှိသေးပေ။ ပညာရေးဥပဒေနှင့်မူဝါဒများ တိတိကျကျထွက်လာမှုမရှိသေးပေ။ ယင်းအချက်က ပြည်သူများ၏ အစိုးရကျောင်းပညာရေးအပြောင်းအလဲမျှော်လင့်ချက်ကိုမှေးမှိန်စေသည်။ ပုဂ္ဂလိကပညာရေးအခွင့်အလမ်းကို ရွေးချယ်ရန်တွန်းအားပေးနေသလို အစိုးရကျောင်းများသည် ကျောင်းသား၊ ဆရာအချိုးကွာဟချက်ကြီးမားနေခြင်း၊ သင်ထောက်ကူပစ္စည်းလုံလောက်မှုမရှိခြင်းနှင့်သင်ကြားမှုနည်းစနစ်ပိုင်းဆိုင်ရာအားနည်းချက်များရှိနေသည်။ ၂၁ရာစု၏ ပညာရေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အခက်အခဲများစွာရှိနေသည်။

အစိုးရ၏ ကောင်းမွန်သောပညာရေးဥပဒေသစ်ကို စောင့်မျှော်နေသောကျောင်းသားမိဘအများအပြားရှိနေသည်။ သို့သော်လက်ရှိ လွှတ်တော်တွင်ဆွေးနွေးနေဆဲအမျိုးသားပညာရေးဥပဒေကိုကြည့်၍ ကျောင်းသားမိဘနှင့်ပညာရေးလေ့လာသူများအားမလိုအားမရဖြစ်နေသည်။

နိုင်ငံတော်က ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းများသည် ၂၀ရာစုက ရေးဆွဲထားခြင်းကြောင့်ခေတ်နောက်ကျကျန်နေခြင်းနှင့် ဆရာ၊ဆရာမများလစာငွေနည်းပါး၍ ကျောင်းသားအပေါ် အာရုံစိုက်မှုအားနည်းနိုင်ခြင်းတို့အပေါ် ဖခင်တစ်ဦးဖြစ်သူကိုအောင်အောင်ထွန်းကစိုးရိမ်နေသည်။

"ပုဂ္ဂလိကကျောင်းမှာ ထားချင်ပေမယ့် ကိုယ့်ရဲ့ဝင်ငွေနဲ့ ကလေးကို အဆုံးတိုင်ထားနိုင်မှာလားဆိုတဲ့ အချက်ကအရေးကြီးဆုံးပဲ။ အခုချိန်မှာ ထားနိုင်တယ်ဆိုပေမယ့် မနက်ဖြန်ဘာဖြစ်မလဲဆိုတာက အရေးကြီးဆုံးမေးခွန်းပါ"ဟု မိမိရင်သွေးပညာရေးကိုအစိုးရကျောင်းတွင် စတင်စေရန်ဆုံးဖြတ်ထားသော ကိုအောင်အောင်ထွန်းကပြောသည်။

အစိုးရကျောင်းများသည်ပုဂ္ဂလိကကျောင်းများထက်ပညာသင်ယူစရိတ်သက်သာခြင်း၊ ကျယ်ဝန်းသော ကျောင်းပရဝဏ်တွင် လူတန်းစားမျိုးစုံနှင့် ထိတွေ့ဆက်ဆံခွင့်ရရှိခြင်းကဲ့သို့သော အားသာချက်များရှိနေသည်။ ထိုနည်းတူအလွတ်ကျက်မှတ်ရသောအလေ့အထ၊ ကျူရှင်ယူရသောစနစ်ဆိုးကြီးလည်းရှိသည်။

ယခုနှစ်ပိုင်းတွင် ငွေကြေးအတော်အသင့်တတ်နိုင်သော လူလတ်တန်းစားမိဘများသည် မိမိရင်သွေးကို အစိုးရကျောင်းတွင် ပညာသင်ယူစေပြီး ကျောင်းပိတ်ချိန်၌ အင်တာနေရှင်နယ်ကျောင်းများတွင် တက်ရောက်စေသောအလေ့အထခေတ်စားလာနေသည်။

"အစ်မကတော့ ကလေးကို အစိုးရကျောင်းပဲထားမှာပါ။စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ အင်္ဂလိပ်စာကျောင်းတွေကိုပို့မယ်။ ကလေးပညာရေးအပေါ် စိတ်ပူမှုရှိတယ်။ အစ်မစိတ်ထင် ကလေးတွေရဲ့ အခွင့်အရေးကို ပိတ်ထားသလိုပဲ။ ဥပမာ မာလ်တီမီဒီယာအခန်းတွေရှိနေပေမယ့်ကလေးတိုင်း မသုံးရဘူး။ ပြီးတော့ကလေးတွေကို အိမ်စာအရမ်းပေးတယ်။အဲဒါကို မကြိုက်ဘူး"ဟု တစ်နှစ်ခွဲအရွယ်သားဦးမိခင်ဖြစ်သူဒေါ်ကလျာအောင်ကပြောသည်။

ဆရာ၊ ဆရာမများအနေဖြင့် ကလေး၏ အားနည်းချက်၊အားသာချက်များကို ဂရုပြုကြည့်ရှုပေးစေရန် ဆန္ဒရှိနေပြီး ကလေးများကျောင်းစာ၊ အိမ်စာ၊ ကျူရှင်စာများဖြင့် ပင်ပန်း၍ အားလပ်ချိန်နည်းပါးဖိအားများနေသည်ကို မလိုလားကြောင်း သူမကဆိုသည်။

အလွတ်ကျက်စနစ်နှင့် စာမေးပွဲဦးတည်သောပညာရေးထွန်းကားလာမှုကို စိတ်ကုန်လာကြသော မိဘများအတွက် ပုဂ္ဂလိကပညာရေးကအားကိုးစရာကောက်ရိုးတစ်မျှင်ဖြစ်လာသည်။ သို့သော်ပုဂ္ဂလိကပညာရေးသည်လည်း ပညာရေးအရည်အသွေး အာမခံမှုနှင့် မူဝါဒပိုင်းဆိုင်ရာလိုအပ်ချက်များရှိနေပြီး ကျောင်းသားမိဘများအတွက် စွန့်စားခန်းတစ်ခုဖြစ်နေသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"မနှစ်က ၃၈ ရာခိုင်နှုန်းကျောင်းလခတက်ဖို့လုပ်တာ ဆန္ဒပြလိုက်လို့ ၁၈ရာခိုင်နှုန်းပဲ တိုးလိုက်တယ်။ အခုဒီနှစ် ၁၁ရာ ခိုင်နှုန်းထပ်တိုးမယ်ပြောတယ်။ မနှစ်က အမေရိကန်ဒေါ်လာ ၉၈၀၀ သွင်းရတယ်။ ဒီနှစ် တစ်သောင်းကျော်သွားမယ်။ အဲဒီကျောင်းကထွက်လိုက်ပြီ။ တခြားကျောင်းပြောင်းအပ်ထားတယ်။ကျောင်းစရိတ်တိုးယူရင် ပညာရေးလည်းမြင့်လာရမှာပေါ့။ ပညာရေးက ဒီအတိုင်းပဲ"ဟု လှိုင်မြို့နယ်ရှိအင်တာနေရှင်နယ်ကျောင်းတစ်ခုမှ ကျောင်းသားမိခင်တစ်ဦးကပြောသည်။

အင်တာနေရှင်နယ်ကျောင်းများ၏ ကျောင်းလခကောက်ခံနေမှုနှင့် ပညာအရည်အသွေးအာမခံမှုတို့အပေါ် အစိုးရက ဥပဒေနှင့်မူဝါဒများချမှတ်၍ ကျောင်းသားများနှင့်မိဘများ၏အခွင့်အရေးကိုကာကွယ်ပေးစေလိုကြောင်းသူမကဆိုသည်။

အင်တာနေရှင်နယ်ကျောင်းများသည် အစိုးရက အသိအမှတ်ပြုထားခြင်းမရှိသောကြောင့်ပညာရေး (သို့မဟုတ်) ငွေကြေးပြဿနာအခက်အခဲပေါ်ပေါက်ပါက မိမိတို့ဘာသာရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှအကြီးအကဲတစ်ဦးက ပြောထားဖူးသည်။

အင်တာနေရှင်နယ်ကျောင်းများတွင် အခြေခံပညာသင်ယူပြီးဆုံးသောကျောင်းသားများသည် ပြည်တွင်းအစိုးရတက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်ခွင့်မရရှိပေ။

အင်တာနေရှင်နယ်ကျောင်းများသည် အင်္ဂလိပ်ဘာသာစကားကို အသုံးပြု၍ ယူကေနှင့်အမေရိကန်နိုင်ငံတို့၏ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပို့ချခြင်းဖြစ်သည်။ ယင်းအချက်က မြန်မာကလေးငယ်များကို မြန်မာဘာသာစကား၊ မြန်မာ့ယဉ်ကျေးမှုတို့နှင့်အလှမ်းဝေးသွားသည်။ မိမိနေထိုင်ကြီးပြင်းသောနိုင်ငံ၏ မိခင်ဘာသာစကား နားလည်တတ်ကျွမ်းမှုအားနည်းစေပြန်သည်။

"အဲဒီတစ်ချက်က ကျွန်မတို့နိုင်ငံအတွက် အရမ်းအရေးကြီးတဲ့ကိစ္စပါ။ နိုင်ငံတကာမှာတောင် သင်ကြားရေးကိုမိခင်ဘာသာစကားနဲ့ သင်ကြားတာကိုအားပေးနေကြတယ်။ မိခင်ဘာသာစကားအခြေပြုသင်ကြားမှုကလည်း အအောင်မြင်ဆုံးပါပဲ။ ဘာသာစကားမူဝါဒကိုပြန်ပြောင်းသင့်တယ်လို့ထင်တယ်"ဟု အင်တာနေရှင်နယ်ကျောင်းများတွင် အင်္ဂလိပ်ဘာသာစကားအခြေပြုသင်ကြားမှုနှင့်ပတ်သက်၍ Thinking Class–room Foundation မှ ဒေါ်သူသူမာကပြောသည်။

အင်တာနေရှင်နယ်ကျောင်းများသည် သင်ရိုးညွှန်းတမ်းအားကောင်းမှု၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်မှုတို့ကြောင့် အားသာချက်များရှိနေသည်။ သို့သော်လူနည်းစုသာလက်လှမ်းမီသောအခွင့်အရေးဖြစ်သည်ကို သတိပြုစေလိုကြောင်း ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER) အဖွဲ့ဝင် ဒေါ်သူသူမာကဆိုသည်။

ပညာသင်နှစ်၊သုံးနှစ်မြောက်ပြီဖြစ်သော ကိုယ်ပိုင်ကျောင်းများသည်လည်း အောင်ချက်မြင့်မားရေး ဦးတည်ဆောင်ရွက်နေခြင်းကြောင့် ပညာရေးအရည်အသွေးအားနည်းချက်ရှိဆဲဖြစ်သည်။

"ပတ်ဝန်းကျင်ပြောင်းသွားတာပဲရှိမယ်။ တကယ့်အရည်အသွေးပိုင်းက သိပ်ကွာမယ်မထင်ဘူး။ဖတ်စာအုပ်ကိုအခြေခံတဲ့နည်းကိုပဲ သွားနေတာလေ။ ကိုယ်ပိုင်ကျောင်းကတော့စာသင်ခန်းမှာလူနည်းနည်းနဲ့ သင်နိုင်မယ်။ ပိုဂရုစိုက်နိုင်မယ်"ဟု ကိုယ်ပိုင်ကျောင်းများနှင့်ပတ်သက်၍ ဒေါ် သူသူမာက သူမ၏အမြင်ကိုပြောသည်။

ကိုယ်ပိုင်ကျောင်းများအနေဖြင့်လည်း ဂုဏ်ထူးရကျောင်းသားများများမွေးထုတ်ခြင်းနှင့် အောင်ချက်မြင့်မားရေးဝဲဂယက်မှ ရုန်းမထွက်နိုင်သေးပေ။ယင်းမှာကျောင်းသားမိဘများ၏ သဘောထားအမြင်များအပေါ်တွင်လည်း မူတည်နေကြောင်း ကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူတစ်ဦးကဆိုသည်။

တက္ကသိုလ်ဝင်ခွင့်စနစ်သည် တက္ကသိုလ်စာမေးပွဲတွင်အမှတ်အများဆုံးရရှိမှုပေါ်တွင် အခြေခံနေခြင်းကြောင့်ကျောင်းသားမိဘများအနေဖြင့် အောင်ချက်မြင့်မား၍ ဂုဏ်ထူးအထွက်များသောကိုယ်ပိုင်ကျောင်းများကို ဦးစားပေးရွေးချယ်နေခြင်းဖြစ်သည်။

အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် အင်တာနေရှင်နယ်ကျောင်းများ၏ အားနည်းချက်၊ အားသာချက်များနှင့်ပတ်သက်၍ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပညာရေးစိတ်ပညာဌာန၊ အငြိမ်းစားပါမောက္ခဌာနမှူး ဒေါ်နုနုဝင်းတင်က"ကျောင်းသားတွေအပေါ်မှာ စစ်မှန်တဲ့ မေတ္တာ၊ စေတနာထားတဲ့၊ အရည်အချင်းပြည့်စုံတဲ့ဆရာများများရှိတဲ့ကျောင်းက အကောင်းဆုံးပါ။ ကျောင်းသုံးမျိုးလုံးမှာ အားနည်းချက်၊ အားသာချက်တွေအများကြီးရှိတယ်။ ကိုယ်ပိုင်ကျောင်းတို့၊ အင်တာနေရှင်နယ်ကျောင်းတို့ဆိုတိုင်းလည်းအထင်ကြီးလို့မရသလို အစိုးရကျောင်းတိုင်းလည်း အထင်သေးလို့မရပါဘူး။ သက်ဆိုင်ရာကျောင်းရဲ့ စီမံခန့်ခွဲမှုနဲ့ ဆရာတွေအပေါ်မှာများစွာမူတည်နေပါတယ်"ဟု သုံးသပ်သည်။

မည်သို့ဆိုစေ အစိုးရကျောင်းထက် ပုဂ္ဂလိကကျောင်းများတွင် မိမိရင်သွေးပညာရေးအပ်နှံလိုသောကျောင်းသားမိဘအရေအတွက်မှာ မြို့ပြတွင်သာမက ကျေးလက်ဒေသတွင်ပါမြင့်တက်လာသည်။ တအိအိနှင့် ကျဆင်းလာနေသောပညာရေးအရည်အသွေးကို ပုဂ္ဂလိကပညာရေးဖြင့် ကျားကန်ထားလိုသူများပြားလာသည်။

"အဓိကက ပံ့ပိုးမှုမလုံလောက်ဘူး။ ကျွန်တော့်သားကို အမြင်ကျယ်စေချင်၊သွားတတ်လာတတ်ဖြစ်စေချင်တယ်။ ပြိုင်ဆိုင်မှုများလာတဲ့အတွက် တော်ရုံသင့်ရုံမရတော့ဘူး။ အဲဒါကြောင့် ကြိုတင်ပြင်ဆင်ပေးတာပါ"ဟုပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာမှ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်တွင် ၎င်း၏သားကို ဘော်ဒါကျောင်းအပ်နှံထားသော ဦးမင်းသန့်ကပြောသည်။

ပြည်သူ့လွှတ်တော်သည် အမျိုးသားပညာရေး ဥပဒေကြမ်းကိုအတည်ပြုထားပြီး ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများကလည်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှုလုပ်ငန်း (CESR) ဖြင့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရန် အစီအစဉ်များ ရေးဆွဲနေသည်။

စစ်အစိုးရလက်ထက်တွင် ချမှတ်ခဲ့သော ပညာရေးစနစ်ဆိုးကြောင့် ဆယ်စုနှစ်ငါးခုကျော် အတွင်း အဘက်ဘက်မှ နိမ့်ကျခဲ့သော မြန်မာ့ပညာရေးကဏ္ဍကို လက်ကျန်သမ္မတသက်တမ်းတွင် ဦးသိန်းစိန်အစိုးရက ကောင်းမွန်သော ပညာရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ လမ်းကြောင်းမှန်ပေါ်ပြန်ရောက်စေမည်လားဆိုသည်က မိသားစုများ၏ အနာဂတ်၊ နိုင်ငံ့အနာဂတ်အတွက် အရေးကြီးလှသည်။

7 DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014

# သတိ . . . အယ်လ်နီညို လာမည်

အောင်သစ်လွင်

ပူပြင်းခြောက်သွေ့မှုကို ဖြစ်စေသော အစွန်းရောက်ရာသီဥတု ဖြစ်စဉ်ဖြစ်သည့် အယ်လ်နီညို ရာသီဥတုသည် လာမည့် ဇွန်လမှစတင်ကာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ စတင်ရင်ဆိုင်ရနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ဩစတြေးလျမိုးလေဝသဌာနတို့ကလည်း ၂၀၁၄ ခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နိုင်မှုအခြေအနေ ပိုမိုမြင့်တက်လာပြီး ရာသီဥတုခန့်မှန်းချက်ပုံစံအများစုသည် ယခုနှစ်ဇူလိုင်လမှစကာ အယ်လ်နီညိုအဆင့်သို့ ရောက်ရှိနိုင်သည်ဟုသတင်းထုတ်ပြန်ထားပါသည်။

"ဒီလထဲမှာတင် အယ်လ်နီညို ရာသီဥတုက ၅၀ ရာခိုင်နှုန်းလောက်ကို ရောက်နေပြီ။ အစွန်းရောက်ပြီး မူမမှန်တဲ့ရာသီကို သေချာပေါက်ရင်ဆိုင်ရမှာမို့လို့ ပြင်ဆင်မှုတွေ လုပ်ထားဖို့ လိုကိုလိုအပ်တယ်"ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်မိုးဦးက ပြောပါသည်။

စိုက်ပျိုးရေးကို အဓိကထားသည့် မြန်မာနိုင်ငံအနေဖြင့် နဂိုရှိရင်းစွဲ ဖောက်ပြန်နေသည့် ရာသီဥတုအပြင် အစွန်းရောက်ရာသီကို သယ်ဆောင်လာမည့် အယ်လ်နီညိုကို ရင်ဆိုင်ရန် အကောင်းဆုံးပြင်ဆင်ထားရန် လိုသည်။

"အယ်လ်နီညိုဆိုတာ အရှင်းဆုံးပြောရရင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်ပဲ။ မိုးရွာတာတွေ၊ မိုးနည်းတာတွေ၊ ပူတာ၊ အေးတာတွေက မျှမျှတတမဟုတ်ဘဲ အလွန်အကျွံဖြစ်တတ်တဲ့ ရာသီဥတုပုံစံပါ။ သဘာဝဘေးအန္တရာယ်အတွက်ရော သီးနှံစိုက်ပျိုးရေးအတွက်ပါ အရင်ထက်ပို သတိထားဖို့ လိုအပ်တယ်"ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

ပုံမှန်ရင်ဆိုင်နေရသည့် ရာသီဥတုဖြစ်စဉ်ကိုပင် စနစ်တကျ တုံ့ပြန်ရန် အားနည်းချက်များစွာရှိနေသည့်အခြေအနေတွင်အယ်လ်နီညိုကို ရင်ဆိုင်ရန်မှာမူ အစိုးရနှင့် ပြည်သူလူထု လက်တွဲညီညီ တုံ့ပြန်ရင်ဆိုင်နိုင်မှသာ သန်း ၆၀ ကျော်သော နိုင်ငံသားများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို အစိုးရအနေဖြင့် အကာအကွယ်ပေးရာ ရောက်ပေမည်။



*အယ်လ်နီညိုရာသီဥတုကြောင့် ပျက်စီးနေသော သီးနှံခင်းများကို ဖြတ်သန်းကာ ထင်းခွေလာသူတစ်ဦးကို တွေ့ရစဉ်*

သို့သော် လိုအပ်သော ပညာပေးမှုအလုံအလောက်မရှိခဲ့ဘဲမိရိုးဖလာ စိုက်ပျိုးနည်း (သို့မဟုတ်) ခေတ်အဆက်ဆက် အစိုးရများ၏ စီမံချက်ဖြင့် အတင်းအကျပ်ပုံစံချ စိုက်ပျိုးစေသော နည်းများဖြင့် နေသားကျနေသော တောင်သူလယ်သမားများအဖို့တော့ အယ်လ်နီညိုဟူသည် မည်သည့်အရာနည်းဟု ပြန်၍မေးခွန်းထုတ်နေသည်အထိ ရာသီဥတုဆိုင်ရာ ဗဟုသုတနည်းပါးလွန်းနေပါသည်။

"သတင်းတွေအရ အယ်လ်နီညိုလာဖို့က သေချာသလောက်ရှိနေပြီ။ ဒါကြောင့် တောင်သူတွေအနေနဲ့ သီးနှံတွေ စိုက်ပျိုးတဲ့အခါ အပင်အမြန်ဆုံးဖြစ်တဲ့ မျိုးစေ့ကို ရွေးစိုက်ဖို့လိုတယ်။ ပျိုးထောင်တာထက် တိုက်ရိုက်စိုက်ပျိုးတဲ့ နည်းကို အသုံးပြုသင့်တယ်။ ကိုယ်က လက်ဦးမှုရှိဖို့လိုတယ်"ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက အကြံပြုသည်။

တောင်သူလယ်သမားများအနေဖြင့် ယခင်အစဉ်အလာများအတိုင်း ဘေးအန္တရာယ်ကျရောက်ပြီးနောက် အစိုးရထံမှ အကူအညီစောင့်ဆိုင်း၍ အချိန်လင့်မှ ပြန်လည်စိုက်ပျိုးခြင်းထက် ချက်ချင်းပြန်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့ကို အဆင်သင့်ဆောင်ထားရန် လိုအပ်ကြောင်း ဒေါက်တာထွန်းဝင်းက ဆိုသည်။

"ကိုယ့်အိမ် သန့်ရှင်းရေးအတွက် ကိုယ်ကိုယ်တိုင် တာဝန်ယူရသလိုမျိုးပဲ။ ကိုယ့်အကျိုးစီးပွားအတွက် ကိုယ်တိုင်ပြင်ဆင်ထားဖို့လိုတယ်။ ဖြစ်လာမှတော့ နိုင်ငံတော်ကို အလုံးစုံအားကိုးလို့မရဘူး"ဟု ပြောသည်။

စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရဲတင်ထွန်းက အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာပါက အကောင်းဆုံးရင်ဆိုင်နိုင်ရန်အတွက် သီးနှံရွေးချယ်စိုက်ပျိုးမှုမှသည် အရန်သင့်သိုလှောင်ထားနိုင်မှုအထိ တောင်သူများနှင့် အနီးကပ်ဆောင်ရွက်ရန် သက်ဆိုင်ရာ ဒေသစိုက်ပျိုးရေးဝန်ထမ်းများမှတစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ထားကြောင်း ဆိုသည်။

"တောင်သူအများစုကတော့ သူများညိုဆို လိုက်ညိုတယ်။ နီဆို လိုက်နီတယ်။ သူတို့ဒေသမှာ အစဉ်အလာအတိုင်း ဖြစ်လေ့ရှိတဲ့ သဘာဝအတိုင်း စိုက်ကြပျိုးကြတာပဲ။ ဦးတို့လုပ်ငန်းအတွေ့အကြုံအရ တောင်သူ ၉၀ ရာခိုင်နှုန်းလောက်က ရာသီဥတုသတင်းထုတ်ပြန်ချက်တွေအတိုင်း လိုက်မလုပ်နိုင်ကြတော့ဘူး။ နှစ်တိုင်းအရှုံးနဲ့ ရင်ဆိုင်နေရတော့ ကိုယ်ဖြစ်ကိုယ်ခံဆို ချနေကြတာ"ဟု ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ ဆန်စပါးလုပ်ငန်းရှင် ဦးတင်ရီက ပြောသည်။

ဦးတင်ရီက ပုံမှန်ရင်ဆိုင်ရလေ့ရှိသည့် ရာသီဥတုဖြစ်စဉ်များကို နှစ်စဉ်အတွေ့အကြုံအရ တောင်သူလယ်သမားများရင်ဆိုင်ရန် အခက်အခဲကြီးကြီးမားမား မရှိနိုင်သော်လည်း ပညာရှင်များကိုယ်တိုင် သေချာပေါက်ခန့်မှန်းထားသည့် အယ်လ်နီညိုရာသီဥတု အကြောင်းကိုမူ ဒေသဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် နားလည်အောင် ရှင်းပြထားသင့်ကြောင်း ပြောသည်။

"မိုးများလည်း ဒီအတိုင်း ထိုင်ကြည့်နေရတယ်။ မိုးနည်းလည်း ဒီအတိုင်းပဲ။ ရာသီဥတုက တစ်မျိုးမဟုတ်တစ်မျိုး နှောင့်ယှက်နေတာ။ အစွန်းရောက်တဲ့ အယ်လ်နီညိုဆိုတာကိုတော့ ကျွန်တော်တို့ဆီ ရောက်မလာသေးဘူးဆိုရင်လည်း ကြိုတင်ပြင်ဆင်နိုင်မယ့် နည်းလမ်းတွေ သိချင်ပါတယ်"ဟု ဓနုဖြူမြို့မှ တောင်သူဦးစိုးညွှန့်က ပြောသည်။

အယ်လ်နီညိုရာသီဥတုဖြစ်နေမှုမှာ ၅၀ ရာခိုင်နှုန်းအထိ ခံစားနေရပြီဖြစ်ပြီး ယခုနှစ် မိုးရာသီအတွင်း စတင်သက်ရောက်နိုင်ကာ ဒီဇင်ဘာလတွင် အမြင့်ဆုံးအဆင့်သို့ ရောက်မည်ဖြစ်ကြောင်း မိုး/ဇလဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက အတည်ပြုထားပြီး မိုးတွင်းကာလသည် ရာသီဥတုဖြစ်စဉ်များအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အယ်လ်နီညိုရဲ့ အဓိကသက်ရောက်မှုကို ဒီဇင်ဘာမှ အများဆုံးခံစားရမှာ။ ဒါပေမဲ့ ရှေ့ပြေး အယ်လ်နီညိုမှာတင် ပုံမှန်အတိုင်း မုတ်သုံဝင်ပါ့မလားဆိုတာ စိုးရိမ်နေရပြီ။ ထူးခြားမှုတိုင်းကိုတော့ ဌာနဆိုင်ရာအသီးသီးကို အမြန်ဆုံး သတင်းပေးပို့နေတယ်။ စနစ်တကျပူးပေါင်းဆောင်ရွက်ပြီး ကြိုတင်ပြင်ဆင်မှုကောင်းကောင်း လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဦးကျော်မိုးဦးက ပြောပါသည်။

အယ်လ်နီညိုရာသီဥတု၏ သဘာဝမှာ နေရာဒေသအလိုက် ရာသီဥတုမျှတမှုမရှိဘဲ မိုးရွာပါက နေရာကွက်၍ မိုးကြီးလေ့ရှိသလို မိုးခေါင်ခြင်းမျိုးလည်း ရင်ဆိုင်ရတတ်ကြောင်း MM Weather Page အမည်ဖြင့် မိုးလေဝသဝက်ဘ်ဆိုက် တည်ထောင်ကာ နိုင်ငံတကာမိုးလေဝသဌာနများ၏ ခန့်မှန်းချက်ကို သတင်းထုတ်ပြန်ပေးနေသည့် ဦးဝင်းနိုင်ကပြောပါသည်။ ထို့အပြင် မုန်တိုင်းဖြစ်ပါကလည်း အားကောင်းသည့် မုန်တိုင်းများဖြစ်လေ့ရှိပြီး ကျွမ်းကျင်ပညာရှင်များပင် ခန့်မှန်းရခက်လေ့ရှိကြောင်း ဦးဝင်းနိုင်က ပြောသည်။

ငါးနှစ်တစ်ကြိမ်ခန့် ရင်ဆိုင်ရလေ့ရှိသည့် အယ်လ်နီညိုရာသီဥတုကို ၂၀၀၉ ခုနှစ်က နောက်ဆုံးရင်ဆိုင်ခဲ့ရပြီး ရာသီဥတုဖောက်ပြန်မှုကိုလည်း ထူးထူးခြားခြား ခံစားခဲ့ရကြောင်း မိုး/ဇလဌာန မှတ်တမ်းများအရ သိရသည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လက စတင်ခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် နေရာကွက်၍ မိုးကြီးခဲ့သည့် ဖြစ်စဉ်များရှိခဲ့ပြီး အပူချိန်လည်း အာရှတိုက်တစ်တိုက်လုံးတွင် အဆင့်(၉)အထိ ရောက်ခဲ့သည်အထိ စံချိန်တင်ခဲ့သည်။

အာရှအဆင့် အပူချိန်စံချိန်သစ်တင်ခဲ့သည့်မြို့မှာ မြင်းမူမြို့ဖြစ်ပြီး အပူချိန် ၄၇ ဒီဂရီစင်တီဂရိတ်ဖြင့် အဆင့်(၉)အထိ မြင့်ခဲ့ခြင်းဖြစ်သည်။ မိုးတွင်းကာလ နေရာကွက်ပြီး ကြီးခဲ့သည့်မိုးကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆုံးရှုံးမှုများခဲ့သလို နွေကာလတွင်လည်း စံချိန်တင်အပူကြောင့် လူနှင့် တိရစ္ဆာန် သေဆုံးမှုနှုန်းများခဲ့ ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှအရာရှိတစ်ဦးကပြောသည်။

မိုးလေဝသပညာရှင် ဦးထွန်းလွင်ကမူ နိုင်ငံတကာမိုးလေဝသဌာနများ၏ ခန့်မှန်းချက်များအရ လာမည့်ဇူလိုင်လတွင် အယ်လ်နီညို အဆင့် ၇၀ ရာခိုင်နှုန်းအထိ မြင့်မားနေကြောင်း သတိပေးပါသည်။ ထို့အပြင် အယ်လ်နီညိုနှင့်ပတ်သက်၍ အသေးစိတ် သတင်းထုတ်ပြန်မှုများလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ဖြစ်ပေါ်ပြီး ဇွန်၊ ဇူလိုင် များတွင် စတင်၍ ဒီဇင်ဘာတွင် အပြင်းထန်ဆုံး ဖြစ်တတ်သောကြောင့် သတိထားကြရန် ပညာရှင်များအားလုံးက တိုက်တွန်းသည်။ ။

# တောင်တရ





*သမ္မတ ဦးသိန်းစိန်၏ ဂုဏ်ပြုညစာစားပွဲ တ*

အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရန် သုံးရက်အလိုတွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့တင်းမာမှုဖြစ်ပွားခဲ့သည်။ ထိုတင်းမာမှုမှာတစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်မှုမဖြစ်ပွားခဲ့သော်လည်းသမိုင်းတစ်လျှောက်အဆိုးရွားဆုံးတင်းမာမှုဖြစ်သည်။

ပြဿနာကို ဖြေရှင်းရန် ခေါင်းဆောင်အဖြစ် တာဝန်ကျသောနိုင်ငံမှာ တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေပြီး မိတ်ဆွေနိုင်ငံဖြစ်သော မြန်မာနိုင်ငံဖြစ်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပမည့် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍အထူးစိတ်ဝင်စားခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးသဘာပတိအာဆီယံဥက္ကဋ္ဌတာဝန်ကိုပထမဆုံးရရှိထားသော သမ္မတဦးသိန်းစိန်၏ အစည်းအဝေးဖွင့်ပွဲမိန့်ခွန်းတွင် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ထည့်သွင်းပြောကြားလိမ့်မည်ဟုမျှော်လင့်ခဲ့ကြသည်။

သို့သော် သမ္မတဦးသိန်းစိန်၏ အဖွင့်မိန့်ခွန်းတွင် "ကျွန်တော့်အနေနဲ့ ဒီထိပ်သီးအစည်းအဝေးကြီးမှာ ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်ရေးကိစ္စကို အထူးတလည်ပြောကြားလိုပါတယ်"ဟု သာပြောကြားခဲ့ပြီးတောင်တရုတ်

# ရုတ်ပင်လယ်အရေးလွှမ်းမိုးခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး

အောင်သူရ၊ အေးသူစံ




က်ရောက်လာသော ဗီယက်နမ်ဝန်ကြီးချုပ်ကို ကြိုဆိုစဉ်

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

ပင်လယ်အရေးနှင့်ပတ်သက်၍ လုံးဝထည့်မပြောသွားသဖြင့်အားလုံးက အံ့သြခဲ့ရသည်။

သမ္မတဦးသိန်းစိန်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့ သီးသန့်တွေ့ဆုံမှုအပြီးသတင်းထုတ်ပြန်ချက်တွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို မြှင့်တင်နိုင်ရေး၊စီးပွားရေးကိုသာဆွေးနွေးခဲ့ကြောင်းသာဖော်ပြပါရှိသည်။

"တရုတ်ပြည်က မြန်မာပြည်အစိုးရရဲ့ မိတ်ဆွေ။ ဒီဘက်ကပါတဲ့ နိုင်ငံတွေကလည်း အာဆီယံညီအစ်ကိုတွေဖြစ်နေကြတယ်။ ဒီကိစ္စဟာ အိမ်ရှင်နိုင်ငံအပေါ်အင်မတန်မှ ကိုင်တွယ်ရခက်တဲ့သံတမန်ရေးအကျပ်အတည်းတစ်ခုပဲ" ဟုရိုက်တာသတင်းဌာနမြန်မာနိုင်ငံသတင်းထောက်ဦးအောင်လှထွန်းကသုံးသပ်သည်။

တောင်တရုတ်ပင်လယ်အတွင်းရေပိုင်နက်အငြင်းပွားမှုနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့ကြားမကျေမလည်ရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အငြင်းပွားနေသောနိုင်ငံများက အာဆီယံအနေဖြင့် ဖြေရှင်းရန်တောင်းဆိုနေကြခြင်းဖြစ်သည်။

သို့သော် တောင်တရုတ်ပင်လယ်အတွင်းဖြစ်ပွားနေသော ရေပိုင်နက်အငြင်းပွားမှုမှာ တရုတ်နှင့် အာဆီယံနိုင်ငံတို့ကြားဖြစ်ပွားသော ပြဿနာမဟုတ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကယခု အာဆီယံအစည်းအဝေးကျင်းပနေစဉ်အတွင်း သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့်သာတိုက်ရိုက်ဖြေရှင်းချင်သည်။ အာဆီယံအတွင်းနိုင်ငံများမှာလည်းတရုတ်နိုင်ငံနှင့်ဆက်ဆံရေးကောင်းမွန်သောနိုင်ငံများရှိကြသည်။ ထို့ကြောင့်လည်း အာဆီယံဥက္ကဋ္ဌအလှည့်ကျတာဝန်ယူခဲ့ကြသောနိုင်ငံအချို့မှာ တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ လက်ရှောင်ခဲ့ကြသည်။

"ဒါက တစ်စိတ်တစ်ပိုင်းတော့ မှန်ပါတယ်။ အခုဖြစ်သွားတဲ့ နှစ်နိုင်ငံကိစ္စဆိုလည်း တစ်နိုင်ငံက အာဆီယံထဲကဖြစ်နေတော့ ဒါကို ဒေသတွင်းခေါင်းဆောင်တွေ ဆွေးနွေးကြပါတယ်။ ဒါကြောင့် COC ကိုလည်း အမြန်ဆုံးပြီးအောင် ရေးဆွဲနေပါတယ်။ ဘယ်တော့ပြီးမလဲ ဆိုတာတော့ ကျွန်တော်လည်းမသိပါဘူး"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနအာဆီယံရေးရာညှိနှိုင်းရေးမှူးချုပ် ဦးအောင်လင်းကပြောသည်။

ထိုပြဿနာနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ်က သာ ကုလသမဂ္ဂက ချမှတ်ထားသော ပင်လယ်ပြင်ဆိုင်ရာဥပဒေနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းဥပဒေများကို လိုက်နာရန် တရုတ်နိုင်ငံကို သတိပေးခဲ့မှုတစ်ခုသာ လုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အနေဖြင့် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ လုံးဝလက်ရှောင်နေသည့်တော့ မဟုတ်ပေ။ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသော မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အလွတ်သဘောကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်လည်း တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံတွင် သဘောတူညီခဲ့သည့်အတိုင်း ပြန်လည်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ နေပြည်တော်တွင် ကျင်းပသော အာဆီယံနိုင်ငံရေးဝန်ကြီးများ အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်ကိစ္စ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီး ထုတ်ပြန်သောကြေညာချက်တွင် လက်ရှိ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ အာဆီယံအနေဖြင့် စိုးရိမ်ကြောင်းနှင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန် တိုက်တွန်းခဲ့သည်ဟု ဖော်ပြပါရှိသည်။ ထိုကဲ့သို့ ထုတ်ပြန်ခြင်းသည် အာဆီယံသမိုင်းတစ်လျှောက် အပြင်းထန်ဆုံးထုတ်ပြန်ချက် ဖြစ်ကြောင်း အာဆီယံ ဥက္ကဋ္ဌ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောသည်။

ထို့ကြောင့် တောင်တရုတ်ပင်လယ်ရေပိုင်နက်အငြင်းပွားမှုဖြေရှင်းရန် နိုင်ငံတကာဥပဒေများနှင့် ကုလသမဂ္ဂ၏ ပင်လယ်ပြင်ဆိုင်ရာဥပဒေကို အခြေခံ၍ ကျင့်ဝတ်စည်းကမ်း(Code of Con–duct)တစ်ခုရေးဆွဲလျက်ရှိသည်။

"အခု ကျင့်ဝတ်စည်းကမ်း (Code Of Condact) လုပ်နေတယ်။ အဆင်သင့်မဖြစ်သေးဘူး။ ဒီအတောအတွင်းမှာ စောင့်ကြည့်နေတယ်။ ထုတ်ပြန်ချက်ကို ကြည့်ခြင်းအားဖြင့် တိုးတက်မှုတော့ရှိပါတယ်"ဟု အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ကပြောသည်။

သို့သော် ထိုရေးဆွဲသော အခြေအနေမှာ မည်သည့်အချိန်တွင် ပြီးစီးမည်မသိရသော်လည်း (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီးထုတ်ပြန်သောကြေညာချက်များတွင်ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်တို့ကို ထည့်သွင်းဖော်ပြထားသည်။ အစည်းအဝေးပြီးအာဆီယံ၏ ရှေ့ဆက်လုပ်မည့် လုပ်ငန်းစဉ်အားရည်ညွှန်းသည့်အချက် ၂၈ ပါ နေပြည်တော်ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်။

ထိုကြေညာစာတမ်းတွင်မူ တောင်တရုတ်ပင်လယ်သဘောတူညီချက်ဆိုင်ရာ ကြေညာချက်ကို နိုင်ငံတကာအသိအမှတ်ပြုစည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီ အကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ပေးရန်တို့ ပါရှိသည်။ လက်ရှိဥက္ကဋ္ဌရယူထားသောမြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အရေး ဖြေရှင်းရမည့် အခြေအနေဖြစ် နေပေသည်။

"ဒါကို မဖြေရှင်းရင် မြန်မာကိုအပြစ်တင်ကြလိမ့်မည်။ မြန်မာပြည်ရဲ့အခန်းကဏ္ဍက တိုက်ရိုက်မပတ်သက်ပေမဲ့ မြန်မာပြည်ရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ ဒါကို အခွင့်အရေးတစ်ခုအနေနဲ့ ဖြေရှင်းရင် အာဆီယံမှာ မြန်မာဂုဏ်သိက္ခာတက်မယ်"ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အကြံပြုပြောကြားသည်။ တောင်တရုတ်ပင်လယ်ကိစ္စမှာ အရေးကြီးသောကိစ္စဖြစ်သော်လည်းအာဆီယံ၏ ရည်မှန်းချက်မှာ အာဆီယံအသိုက်အဝန်းဖော်ဆောင်ရေးသာဖြစ်ပေသည်။

## အာဆီယံထိပ်သီး အစည်းအဝေးမှတ်တမ်း

**၁၀.၅.၂၀၁၄ (အစည်းအဝေးပထမရက်)**

■ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အကြိုအစည်းအဝေးပြုလုပ်၊ ၂၀၁၅ အလွန်ပေါ်ပေါက်ရန်ရည်ရွယ်ထားသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင်ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းကြောင့်မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအို လေးနိုင်ငံတို့ကိုအချိန်သုံးနှစ်ထပ်တိုးပေးကြောင်း ဆုံးဖြတ်။

■အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပ။ တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက်အငြင်းပွားမှုကြောင့် ဗီယက်နမ်နှင့် တရုတ်တို့ကြား ဖြစ်ပေါ်နေသည့် အခြေအနေများကို အလေးအနက်စိုးရိမ်ပူပန်ပြီး ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်တိုက်တွန်းကြောင်းကြေညာချက်ထုတ်ပြန်။

■မြန်မာနိုင်ငံ အင်ဒိုနီးရှားနှစ်နိုင်ငံကြားသာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ နှစ်ပတ်ဗီဇာမလိုဘဲ အပြန်အလှန်သွားလာခွင့်ကို နှစ်နိုင်ငံ ဝန်ကြီးများက လက်မှတ်ရေးထိုး။

■ အာဆီယံခေါင်းဆောင်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦးတို့ တွေ့ဆုံပွဲကို မူလက စီစဉ်ထားသော်လည်း ကမ္ဘောဒီးယား၊ မလေးရှားနှင့် စင်ကာပူတို့မှ ကိုယ်စားလှယ် သုံးဦးကို သက်ဆိုင်ရာ နိုင်ငံအစိုးရက အသိအမှတ်ပြု၍ တက်ရောက်ခွင့်မရသဖြင့် ကျန်ခုနစ်နိုင်ငံကိုယ်စားလှယ်များကပါ မတက်ရောက်တော့သဖြင့် အစီအစဉ်ပျက်။

■ သမ္မတဦးသိန်းစိန်က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် ခေါင်းဆောင်များကို ဂုဏ်ပြုညစာဖြင့် ကြိုဆို၊ ဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဒေသတွင်း လူနေမှုအဆင့်အတန်းမြင့်မားရန် အဓိကဆောင်ရွက်မည်ဟု ကတိပြု။

**၁၁.၅.၂၀၁၄ (အစည်းအဝေးဒုတိယရက်)**

■ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် သမ္မတဦးသိန်းစိန်က မြန်မာအာဆီယံဥက္ကဋ္ဌတာဝန်ယူထားသည့် သက်တမ်းတစ်နှစ်အတွင်း စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရေးပေါ်တုံ့ပြန်မှုဗဟိုဌာန(AHA)ကို စွမ်းရည်မြှင့်တင်ရေး၊ ရာသီဥတု ဒဏ်ခံသီးနှံလယ်ယာထွက်ကုန်များစိုက်ပျိုးနိုင်ရန် သုတေသနများထူထောင်ရေးအချက်သုံးချက်ကို အဆိုပြုခဲ့။

■နိုင်ငံတော်သမ္မတဦးသိန်းစိန်အားဗီယက်နမ်ဝန်ကြီးချုပ်နှင့် စင်ကာပူဝန်ကြီးချုပ်တို့သီးသန့်တွေ့ဆုံ။တောင်တရုတ်ပင်လယ်အရေးအပါအဝင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ဘဏ်လုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းလုပ်ဆောင်ရန် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် ဆွေးနွေး။ စင်ကာပူဝန်ကြီးချုပ်နှင့် ၁၅ မိနစ်ခန့် တွေ့ဆုံမှုတွင် မြန်မာနိုင်ငံအတွင်း အသက်မွေးဝမ်းကျောင်းပညာရေးများ တိုးမြှင့်လုပ်ကိုင်ရေး၊ ပညာတော်သင်စေလွှတ်ရေးကိစ္စရပ်များ ဆွေးနွေး။

■မလေးရှားဝန်ကြီးချုပ် နိုင်ငံရေးပါတီကိစ္စရပ်များကြောင့် အစည်းအဝေးမပြီးဆုံးမီ နေ့လယ် ၁၂ နာရီခွဲတွင် အစောဆုံးပြန်သွားခဲ့။

■ ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကြေညာချက် တစ်စောင်ထုတ်ပြန်။ နိုင်ငံရေးအခက်အခဲကို တွေ့ဆုံဆွေးနွေးခြင်း၊ ဒီမိုကရေစီစံနှုန်းများဖြင့် တရားဥပဒေစိုးမိုးရေးနည်းလမ်းများအတိုင်း ဖြေရှင်းရန် တိုက်တွန်း။

■ အချက် (၂၈) ချက်ပါဝင်သော နေပြည်တော် ကြေညာချက်ကို ထုတ်ပြန်ခဲ့။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.10 • MAY 14 , 2014



၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံတစ်ခု၌ မဲရေတွက်နေစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ရွေးကောက်ပွဲကော်မရှင် ဒီချုပ်မနိုင်အောင် ညစ်မှာလား

**ရန်မျိုးနိုင်**

လာမည့် ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးသော ကာလ၌ ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ မဲဆန္ဒနယ်တွင် ပါတီခေါင်းဆောင်အပါအဝင် အခြားသူတစ်ဦးဦးက သွားရောက်မဲဆွယ်စည်းရုံးမည်ဆိုပါက ခွင့်ပြုချက် တောင်းခံရမည်ဆိုသော ညွှန်ကြားချက်တစ်စောင်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများထံ မေလ ဒုတိယပတ်အတွင်း ဖြန့်ဝေလိုက်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့်တို့နှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်မည့် ညွှန်ကြားချက်အမှတ် ၁/၂၀၁၄ မူကြမ်းကို လေ့လာနိုင်ရန် နိုင်ငံရေးပါတီများထံ ဖြန့်ဝေထားခြင်းလည်းဖြစ်သည်။

မူကြမ်းအရ ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မဲဆန္ဒနယ်ကို ပါတီခေါင်းဆောင်က သွားရောက်မဲဆွယ်စည်းရုံး ဟောပြောပေးမည်ဆိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ စာတင်ကာ ခွင့်ပြုချက်တောင်းခံရမည့်သဘောဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

ထိုသို့ ခွင့်ပြုချက်တောင်းခံရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာ ကိုယ်စားလှယ်တို့က လာရောက်ဟောပြောမည့်သူအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ စာဖြင့် တင်ပြရမည်ဟုလည်း ၎င်းကဆိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်မူကြမ်းတွင် ယင်းသို့ထည့်သွင်းထားခြင်းသည် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးထက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ပြည်သူလူထု၏ ထောက်ခံမှုအားကို ထိန်းချုပ်လိုခြင်းဖြစ်သည်ဟု ဒီမိုကရက်တစ်အင်အားစု ခေါင်းဆောင်အချို့က သုံးသပ်ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်းပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များသို့သွားရောက်ဟောပြောမည်ဆိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ထိုအချက်အရ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီခေါင်းဆောင် ဦးအေးသာအောင်ကပြောသည်။

"လူပုဂ္ဂိုလ်တစ်ယောက်အတွက် ရည်ရွယ်ပြီး လုပ်တာဆိုရင်တော့ မလုပ်သင့်ပါဘူး။ ရွေးကောက်ပွဲဆိုတာ ဘယ်သူမဆို လွတ်လပ်စွာ မဲဆွယ်စည်းရုံးဖို့ လိုအပ်ပါတယ်။ ဘယ်သူက ပိုစည်းရုံးရေးကောင်းလဲဆိုတာကို ပြိုင်ကြတာပါ။ ကြောက်နေစရာ မလိုပါဘူး"ဟု ဦးအေးသာအောင်က ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က လစ်လပ်မဲဆန္ဒနယ်များရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သွားရောက်ပြီး မဲဆွယ်စည်းရုံးရေးခရီးစဉ်များ ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူများ၏ ထောက်ခံမှုကို ရာနှုန်းပြည့်နီးပါး ရရှိခဲ့သည်။

"ခွင့်ပြုချက်နဲ့ ကန့်သတ်ထားတော့ ပါတီခေါင်းဆောင်တစ်ဦးက မြို့နယ်ပေါင်းစုံကို သွားပြီးတော့ ဟောပြောလို့ မရတော့ဘူးလေ။ စာတင်တဲ့ရက်တွေကို ဖြတ်သန်းရမှာ ရှိသေးတယ်"ဟု ဦးခင်မောင်ဆွေက ခွင့်ပြုချက်တောင်းခံရမည့် အချက်ပေါ် ဝေဖန်ထောက်ပြသည်။

နိုင်ငံတကာတွင်လည်း မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်ပြီး လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်ကို ပေးထားသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆွယ်စည်းရုံးခွင့် ကန့်သတ်ခြင်းကို မလုပ်ဆောင်သင့်ကြောင်း ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးက 7Day News ဂျာနယ်အား ပြောကြားထားသည်။

သို့သော် ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်ပြီး ဟောပြောမည့်နေရာ၊ အချိန်နှင့် လူပုဂ္ဂိုလ်တို့ကို တင်ပြစေခြင်းမှာ တစ်ချိန်တည်း၊ တစ်နေရာတည်း၊ တစ်ပြိုင်နက်တည်း မဲဆွယ်စည်းရုံးရာတွင် ပြဿနာတစ်စုံတရာ ပေါ်ပေါက်လာခြင်းကို ရှောင်ရှားစေလိုခြင်း၊ ဟောပြောမည့်သူများ၏ လုံခြုံရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရခြင်းတို့ကြောင့် ဖြစ်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဌာန ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်က ပြောသည်။

"ဒီဟာက အတည်မပြုရသေးပါဘူး။ ကျွန်တော်တို့ချည်းပဲလည်း မလုပ်ပါဘူး။ အကြမ်းပဲရှိပါသေးတယ်။ နိုင်ငံရေးပါတီတွေဆီက အကြံပြုချက်တွေ ယူနိုင်အောင် ပေးထားတာပါ။ သူတို့တင်ပြချက်တွေက သင့်မြတ်တယ်ဆိုရင် လက်ခံမှာပါ"ဟု ၎င်းကဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက် မထုတ်ပြန်မီကပင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးသည်လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်ကို ကန့်သတ်မည့် အရိပ်အခြေရှိသော စကားတို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

"လာမယ့်ရွေးကောက်ပွဲမှာ Election Campaign (ရွေးကောက်ပွဲမဲဆွယ်မှု) ကာလသတ်မှတ်ပေးပါမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ပြောပါ။ မဆိုင်တဲ့လူ လာမပြောပါနဲ့။ ဝင်ချင်ဝင် မဝင်ချင်နေ။ ကျွန်တော် ဒီမြို့ဒီရွာမှာ အရွေးခံမယ်ဆို ကျွန်တော် ပြောဖို့ပဲလိုတာပေါ့။ အခြားလူ လာပြောလို့ ဘာလုပ်မတုံး။ ဒါကြောင့် ကျွန်တော်က အချိန်၊ လူ၊ နေရာ ကန့်သတ်ပါမယ်။ ဒါ ကျွန်တော့်လုပ်ပိုင်ခွင့်ထဲမှာ ရှိနေပါတယ်"ဟု ဧပြီ ၇ ရက် ပုသိမ်ခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ပြောကြားခဲ့သည်။

ယင်းသို့လွတ်လပ်စွာမဲဆွယ်စည်းရုံးရေးကို ထိခိုက်လာနိုင်မည့် ကန့်သတ်ချက်များ ရှိလာပါက ဥပဒေကြောင်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည် တုံ့ပြန်သွားမည်ဟုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဉာဏ်ဝင်းက ပြောထားသည်။

"ကျွန်တော်တို့ သတင်းစာတွေမှာ ဖတ်လိုက်ရကတည်းက ၉၀ ရွေးကောက်ပွဲလို ၂၀၁၅ မှာ အင်န်အယ်လ်ဒီကို မနိုင်စေချင်လို့ လုပ်တော့မယ်ဆိုတာ သိလာရတယ်။ ဘယ်လိုပဲလုပ်လုပ်ဗျာ။ ပြည်သူတွေကလည်း ဘယ်သူ့ကို မဲပေးရမလဲဆိုတာကို သိပါတယ်"ဟု ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူ အစိုးရအငြိမ်းစားဝန်ထမ်း ဦးမြသိန်းက ပြောသည်။

သို့သော် ရွေးကောက်ပွဲဆိုသည်မှာ ပြိုင်ပွဲတစ်ခု ဖြစ်သည့်အတွက် ဒိုင်လူကြီးဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် စည်းမျဉ်းများကို လိုက်နာသင့်သည်ဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသာဝင်းက သုံးသပ်သည်။

ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ပွဲကို ဦးစီးကျင်းပရသည့် ရွေးကောက်ပွဲများ၏ ဒိုင်လူကြီးသဖွယ်ဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ခံစရာမလိုဘဲ လွှတ်တော်တွင်းနေရာအလိုအလျောက်ရနေသည့် တပ်မတော်သားများဘက်မှ ကာကွယ်ပြောဆိုခဲ့မှုသည် ၎င်း၏ ရပ်တည်ချက်အပေါ် မေးခွန်းထုတ်စရာဖြစ်သည်ဟု 7Day Daily သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင်ရဲမိုးကလည်း ရေးသားဝေဖန်ခဲ့ဖူးသည်။

"ရွေးကောက်ပွဲကော်မရှင်က ဒိုင်လူကြီးဖြစ်တယ်။ ရွေးကောက်ပွဲကော်မရှင်က ဒီဟာတွေ ဒီဟာတွေ စည်းကမ်းထုတ်တယ်။ အဲဒါတွေကို လိုက်နာနိုင်ကြမလား။ လိုက်နာနိုင်ကြတဲ့သူတွေက ပြိုင်ကြဆိုတာပါပဲ"ဟု လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်မူကြမ်းနှင့် ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သူ ဦးသာဝင်းက ပြောသည်။

ယခုလ ၁၅ ရက်တွင် ရန်ကုန်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံရန် ရှိနေပြီး ယင်းတွေ့ဆုံပွဲတွင် မဲဆွယ်စည်းရုံးရေးကိစ္စရပ်များအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက တင်ပြဆွေးနွေးကြမည်ဖြစ်သည်။

မဲဆွယ်စည်းရုံးရေးစည်းမျဉ်းများအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဆင့်အသီးသီးတွင်စစ်ဗိုလ်ဟောင်းများအများစုဖြင့် ဖွဲ့စည်းထားသည့်အတွက်ရွေးကောက်ပွဲများတွင်ဘက်လိုက်မှုရှိလာနိုင်ခြင်းနှင့်လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ မဖြစ်လာမည်ကို စိုးရိမ်နေကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ၎င်း၏ စိုးရိမ်မှုကို ပြောပြသည်။

လွတ်လပ်တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်၊ မဖြစ်ဆိုသည်မှာ မဲပေးသည့်ရက်ကို ကြည့်ရုံဖြင့် မလုံလောက်ဘဲ ရွေးကောက်ပွဲအကြိုကာလများတွင် ပါတီများမှ လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့် ရှိ၊ မရှိမှာလည်း တိုင်းတာရမည့် အချက်တစ်ချက်အဖြစ် ပါဝင်သည်ဟု ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများက ပြောသည်။

နိုင်ငံတော်သမ္မတ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု ပြောထားသည့် စကားများရှိနေသည့်အတွက် ၎င်းတို့ကတိတည်၊ မတည်ကို ယခုနှစ်ပွင့်လင်းရာသီတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမှ စတင်ကာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ ။